# မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံပညာရေးစနစ်

## မြန်မာနိုင်ငံပညာရေးမူဝါဒဆိုင်ရာ စဉ်းစားချက်များ



# မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံပညာရေးစနစ်

## မြန်မာနိုင်ငံပညာရေးမူဝါဒဆိုင်ရာ စဉ်းစားချက်များ

**တိုင်းရင်းသားလူမျိုးများရေးရာစင်တာ**
Ethnic Nationalities Affairs Center – ENAC

၂၀၁၈ ခုနှစ် မေလ

**ပုံနှိပ်မှတ်တမ်း**

ပထမအကြိမ် - ၂၀၁၈ ခုနှစ် မေလ

Photo - ENAC

Design & Layout - Ying Tzarm

ထုတ်ဝေသူ - တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (ပြည်ထောင်စု မြန်မာနိုင်ငံ)
Ethnic Nationalities Affairs Center (Union of Burma)

လိပ်စာ - P.O. Box 5, Chang Puak, A. Mueang
Chiang Mai 50302, Thailand

# ကျေးဇူးတင်လွှာ

မြန်မာနိုင်ငံတွင် ဗမာမဟုတ်သော တိုင်းရင်းသားလူမျိုးများသည် အခြေခံပညာရေးအဆင့်တိုင်း၌ သင်ကြားရေးမဏ္ဍိုင်ဘာသာစကား (Medium of Instruction) အဖြစ် မိမိတို့ နားမလည်သော ဘာသာစကား၊ စာပေဖြင့် သင်ကြားနေရသည့်အတွက် စိန်ခေါ်ချက်များ ကြုံတွေ့နေရပါသည်။ ကျောင်းပညာရေးအဆင့်တိုင်းတွင် မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံပညာရေး (Mother Tongue Based - Multilingual Education - MTB-MLE) စနစ်ကို အနိမ့်ဆုံး မူလတန်းအဆင့်မှ စတင်၍ အဆင့်ဆင့် အသုံးပြုသင်ကြားရန် လိုအပ်နေသည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများ ရေးရာစင်တာ - ENAC မှ အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရာတွင် အခြေခံသင့်သော ကဏ္ဍအလိုက် မူဝါဒအကြံပြုချက်များ (မူကြမ်းများ) စာအုပ်မှ ပညာရေး မူဝါဒများ (မူကြမ်း)၊ အထွေထွေ မူဝါဒများ - အမှတ် (၁၃) ကို အဓိကထားအသေးစိတ် သုတေသန ပြုစုရခြင်း ဖြစ်သည်။ ၎င်းပညာရေး မူဝါဒများ (မူကြမ်း)အား ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ် ကောင်စီ (UNFC) မှ အတည်ပြုထားပြီး၊ စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများ မဟာမိတ် (UNA) အနေဖြင့်လည်း မူအရ လက်ခံအတည်ပြုထားပါသည်။

မွန်အမျိုးသားကျောင်းပညာရေး၌ MTB-MLE စနစ်အား ယနေ့အချိန်ထိတိုင်အောင် လက်တွေ့ကျင့်သုံး အကောင်အထည်ဖော်ဆောင်နိုင်ခြင်းမှာ ၁၉၉၅ ခုနှစ်၌ မွန်ပြည်သစ်ပါတီသည် နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအစိုးရနှင့် အပစ်အခတ်ရပ်စဲရေး စာချုပ်ချုပ်ဆိုခဲ့ခြင်းမှ ရရှိခဲ့သော ရလဒ်ဟု သုံးသပ်မိပါသည်။ ထို့ကြောင့် မွန်အမျိုးသား ကျောင်းပညာရေးစနစ်သည် စိန်ခေါ်ချက်များစွာ ရှိနေသည့် ကြားမှပင် ယခုအချိန်ထိတိုင် MTB-MLE စနစ်ဖြင့် ကျင့်သုံးနိုင်ခြင်းမှာ ဗမာမဟုတ်သော တိုင်းရင်းသားလူမျိုးများအတွက် လေးစားအားကျ၊ အတုယူဖွယ်ရာကောင်းသော ပုံသက်သေသာဓက တစ်ခုပင်ဖြစ်သည်ဟု မှတ်ယူနိုင်ပါသည်။

သုတေသနခရီးစဉ်အတွင်း ENAC သုတေသနအဖွဲ့ကို လက်ခံတွေ့ဆုံပေးခဲ့သော မွန်အမျိုးသား ပညာရေးကော်မတီ (ညီစာရုံးချုပ်နှင့် မော်လမြိုင်ရုံးခွဲ)၊ မွန်အမျိုးသားကျောင်း တာဝန်ရှိသူများ (မူလတန်း၊ မူလတန်းလွန်၊ အလယ်တန်းနှင့် အထက်တန်းအဆင့်)၊ ဆယ်တန်းလွန် (Post-ten) ဘောက်ထော် ပညာရေးတာဝန်ရှိသူများ၊ မွန်ပြည်သစ်ပါတီ၊ မွန်အမျိုးသားပါတီ၊ UNICEF မော်လမြိုင် ရုံးခွဲ၊ အရပ်ဖက် လူမှုရေးအသင်းအဖွဲ့များ၊ မွန်အမျိုးသားကျောင်းကော်မတီဝင်များနှင့် ဒေသခံ မိဘ ပြည်သူများအပေါ်တွင် အထူးကျေးဇူးတင်ရှိပါသည်။ ဤစာတမ်းတွင် ပါရှိသော မွန်အမျိုးသားကျောင်း ပညာရေးအခန်းကဏ္ဍကို စီစစ်ပေးသော နိုင်ဟံသာ (ဒု-ဥက္ကဋ္ဌ၊ မွန်ပြည်သစ်ပါတီ) အား အထူး ကျေးဇူးတင်ရှိပါသည်။

မြန်မာနိုင်ငံပညာရေးစနစ်၌ MTB-MLE စနစ်ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ပါက ရလဒ် အနေဖြင့် ကျောင်းသား/သူများ၏ ပညာသင်ကြားမှု တိုးတက်လာမည့်အပြင်၊ တိုင်းရင်းသားလူမျိုး များ၏ ဘာသာစကား၊ စာပေနှင့် ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းကာကွယ်သကဲ့သို့ ဖြစ်နေမည်။ ထို့အပြင် နှစ်ပေါင်း (၆၀) ကျော် ဖြစ်ပွားနေသည့် ပြည်တွင်း စစ်လက်နက်ကိုင်ပဋိပက္ခ (ငြိမ်းချမ်းရေး) ဖြစ်စဉ်ကို MTB-MLE စနစ်မှ အထောက်အကူဖြစ်စေနိုင်မည်ဟု ယုံကြည်ပါသည်။ ထို့ကြောင့် MTB-MLE စနစ်ကို ရေးသားပြုစုထားသော ဤစာတမ်းသည် မြန်မာနိုင်ငံတွင် ရေရှည် တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးနှင့် အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ပေါ်ပေါက်လာရေး အတွက် အကျိုးပြုမည်ဟု မျှော်လင့်ပါသည်။

ဖိုသုန်းမွန်
အမှုဆောင်ဒါရိုက်တာ
တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (ပြည်ထောင်စုမြန်မာနိုင်ငံ)

# အမှာစာ

လူတစ်ဦးတစ်ယောက်၏ တန်ဘိုးသည် ၎င်းတတ်မြောက်နားလည်ထားသော ပညာအပေါ်တွင် တည်သည်။ ၎င်းတတ်မြောက်နားလည်ထားသော ပညာသည် ထိုပုဂ္ဂိုလ်အတွက် ဖွဲ့၊ သတ္တိ၊ ဝိရိယ၊ တာဝန်စွမ်းဆောင်မှုနှင့် ယဉ်ကျေးသိမ်မွေ့မှုတို့ကို ဖန်တီးပေးပါသည်။ လူ့လောကကြီးကို လူသားများဖြင့် စုစည်းထားသဖြင့် အသိပညာနှင့် စွမ်းရည်ပြည့်ဝသော လူသားနည်းပါးနေပါက သာယာချမ်းမြေ့ဖွယ်ကောင်းသော လောကကြီး ဖြစ်တော့မည် မဟုတ်ပါ။ အသိပညာ၊ အတတ်ပညာ လုံးဝမရှိသော လူသားသည် တိရစ္ဆာန်နှင့် မခြားသော သတ္တဝါတစ်မျိုးသာလျှင် ဖြစ်နေပါလိမ့်မည်။ ပညာသင်ကြားရာတွင် ကလေးသူငယ်များအား ၎င်းတို့ သိတတ်နားလည်ထားသော မိခင်ဘာသာစကားဖြင့် စတင်သင်ကြားပေးခြင်းသည် ၎င်းတို့အတွက် အခက်အခဲများစွာ မရှိဘဲ၊ သိတတ်နားလည်ရန် လွယ်ကူသဖြင့် ပိုမိုထိရောက် အောင်မြင်မှုရှိကြောင်းကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အပါအဝင် နိုင်ငံတကာပညာရှင်များက လက်ခံထားကြသည်။ ၎င်းတို့ နားလည်ထားခြင်းမရှိသော ဘာသာစကားတစ်ရပ်ကို နားလည်သိရှိလာရန်မှာ အချိန်များစွာ ယူရန်လိုသည်။

ထို့ကြောင့် ဗမာမဟုတ်သော တိုင်းရင်းသားလူမျိုးစု ကလေးငယ်တို့အား ၎င်းတို့ နားမလည်သော ဗမာစာဖြင့် စတင်သင်ကြားပေးခြင်းသည် ၎င်းတို့အတွက်မည်မျှ ခက်ခဲနစ်နာစေသည်ကို ချင့်ချိန်သုံးသပ်ရန် လိုအပ်ပါသည်။ အချို့တို့က မိခင်ဘာသာစကားတစ်ခု ပိုလာသဖြင့် ကလေးများအတွက် ပိုမိုခက်ခဲ ဦးနှောက်လေးလံစေသည်ဟု အကြောင်းပြပြီး ငြင်းပယ်နေကြသည်။ ထို့ကြောင့် ကျောင်းတွင်း ပညာသင်ကြားရေးစနစ်ကို ဘာသာစကားမတူသော လူမျိုးများအတွက် ၎င်းတို့၏ မိခင်ဘာသာစကားဖြင့် စတင်သင်ကြားစေပြီး၊ နောင်နှစ်အနည်းငယ်အကြာတွင် နိုင်ငံသုံး ဘာသာစကား၊ နောက်နှစ်အနည်းငယ်အကြာတွင် ကမ္ဘာသုံး ဘာသာစကား တို့ဖြင့် သင်ကြားရေးစနစ်ကို ဖော်ထုတ်ကျင့်သုံးရန် လိုအပ်နေပါသည်။ နိုင်ငံများစွာတွင် ဤစနစ်ကို ကျင့်သုံးနေကြပြီဖြစ်သည်။ မိမိတို့ အိမ်နီးချင်းနိုင်ငံများဖြစ်ကြသော ထိုင်း (အဓိကတောင်ပိုင်း)၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့တွင်လည်း ကျင့်သုံးလာကြပြီဖြစ်သည်။

နိုင်ငံရေး အမြော်အမြင်ရှိသော နိုင်ငံခေါင်းဆောင်များနှင့် အာဏာရ အစိုးရအဖွဲ့ဝင်များ အနေဖြင့် မိမိတို့ နိုင်ငံ အေးချမ်းတည်ငြိမ် ဖွံ့ဖြိုးတိုးတက်ပြီး၊ ရေရှည်တည်တံ့ခိုင်မြဲလိုပါက မတူညီသော လူမျိုးများအကြား ပြဿနာမရှိစေရန်နှင့် ချစ်ကြည်ညီညွတ်ရေးကို ဖော်ဆောင်နိုင်ရန်အတွက် တိုင်းရင်းသားတို့၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုနှင့် သမိုင်းအမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်သွားနိုင်ရေးအတွက် အားပေးကူညီ၊ စီစဉ်ပေးရန်လိုသည်။ ထို့ကြောင့် ကလေးလူငယ်များအတွက် မိခင်ဘာသာစကားအပေါ်အခြေခံပြီး ဘာသာစကားစုံပညာရေးစနစ် ဖော်ဆောင်ပေးခြင်းသည် ပညာသင်ယူရာတွင် အကျိုးရှိရုံသာမက မိမိတို့ နိုင်ငံတွင် ဖြစ်ပေါ်နေသော လူမျိုးရေးအရ ပဋိပက္ခနှင့် အမုန်းပွားမှုများကို ပယ်ရှားပေးနိုင်မည်ဖြစ်ပြီး တန်ဘိုးရှိသော သဘာဝသယံဇာတမျိုးစုံကို ပိုင်ဆိုင်ထားသည့် မိမိတို့ နိုင်ငံအတွက် အေးချမ်းတည်ငြိမ် ဖွံ့ဖြိုးတိုးတက်ရေးကို အမြန်ဖေါ်ဆောင်ပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ၎င်းစနစ် ဖြစ်ပေါ်လာရန်အတွက် ဝိုင်းဝန်းကူညီအားပေးကြပါရန် မွန်မြတ်သော စေတနာဖြင့် တိုက်တွန်းပန်ကြားအပ်ပါသည်။

နိုင်ဟံသာ
ဥက္ကဌ/ဘုတ်အဖွဲ့
တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (ပြည်ထောင်စုမြန်မာနိုင်ငံ)

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အကျဉ်းချုပ်** | ၁ |
| အခန်း(၁) | **နိဒါန်းနှင့် ရည်ရွယ်ချက်** | ၃ |
| အခန်း(၂) | **သုတေသန နည်းလမ်းများ** | ၇ |
| အခန်း(၃) | **မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေများပါ** "တိုင်းရင်းသားဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု" ပြဋ္ဌာန်းချက်များ | ၉ |
| | ၃.၁. အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၅) ၌ MTB-MLE အခန်းကဏ္ဍ သုံးသပ်ခြင်း | ၁၁ |
| အခန်း(၄) | **တိုင်းရင်းသားဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုဆိုင်ရာ လှုပ်ရှားမှုများ** | ၁၃ |
| အခန်း(၅) | **အပြည်ပြည်ဆိုင်ရာ ဘာသာစကား၊ စာပေနှင့်သက်ဆိုင်သော ဥပဒေများ** | ၁၇ |
| အခန်း(၆) | **မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံပညာရေးနှင့် ကျား-မရေးရာ တန်းတူညီတူအခွင့်အရေး** | ၂၃ |
| အခန်း(၇) | **နိုင်ငံတကာ အခြေအနေ** | ၂၇ |
| | **၇.၁. အမေရိကန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေမှ ပညာရေးအခြေအနေ** | ၂၈ |
| | ၇.၁.၁. ပညာရေးစနစ် | ၂၉ |
| | ၇.၁.၂. ပညာရေးရံပုံငွေ အသုံးစရိတ် | ၂၉ |
| | ၇.၁.၃. ပြည်နယ်အဆင့် | ၃၀ |
| | ၇.၁.၄. ဒေသန္တရအဆင့် | ၃၀ |
| | ၇.၁.၅. နယူးမက္ကဆီကိုပြည်နယ် ပညာရေးအခြေအနေ | ၃၁ |
| | **၇.၂. အိန္ဒိယနိုင်ငံ** | **၃၅** |
| | ၇.၂.၁. အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှုများဆိုင်ရာ ပြဋ္ဌာန်းချက်များ | ၃၆ |
| | ၇.၂.၂. အိန္ဒိယပညာရေးစနစ် | ၃၈ |
| | ၇.၂.၃. မီဇိုရမ်ပြည်နယ် ပညာရေး | ၄၀ |
| | **၇.၃. ဆွစ်ဇာလန်နိုင်ငံ** | **၄၂** |
| | ၇.၃.၁. ဖက်ဒရယ်ပြည်ထောင်စုအဆင့် | ၄၂ |
| | ၇.၃.၂. ပြည်နယ်အဆင့် | ၄၃ |
| | ၇.၃.၃. ပညာရေးစနစ်အခြေအနေ | ၄၃ |
| | ၇.၃.၄. ဘာသာစကားဆိုင်ရာမူဝါဒ | ၄၄ |
| | ၇.၃.၅. ပထမနိုင်ငံခြားဘာသာစကား | ၄၅ |
| | ၇.၃.၆. ဘာသာစကား (၃) မျိုး အသုံးပြုသင်ကြားနည်း | ၄၅ |
| | **၇.၄. ပါပူဝါနယူးဂီနီနိုင်ငံ** | **၄၅** |
| | ၇.၄.၁. တိုင်းရင်းသားဘာသာစကားဆိုင်ရာ ပညာရေး | ၄၇ |

၇.၄.၂.သင်ကြားရေးမဏ္ဍိုင်ဘာသာစကား (Medium of Instruction)..................... ၄၇
၇.၄.၃.မိခင်ဘာသာစကားအခြေပြုနှင့် ဘာသာစကားနှစ်မျိုး အသုံးပြုသင်ကြားနည်း ၄၈

**၇.၅. နိုင်ငံတကာဖြစ်ရပ်များအပေါ် ခြုံငုံသုံးသပ်ခြင်း**........................................................ **၄၉**

**အခန်း(၈) ပြည်တွင်းအခြေအနေ**................................................................................. **၅၁**
**၈.၁. ပညာရေးနှင့် နိုင်ငံရေး (ငြိမ်းချမ်းရေး) ဆက်နွယ်မှုများ**........................................... **၅၁**
၈.၁.၁. ကချင်........................................................................................................ ၅၂
၈.၁.၂. ကရင်........................................................................................................ ၅၃
၈.၁.၃. ကရင်နီ...................................................................................................... ၅၃
၈.၁.၄. ရှမ်း........................................................................................................... ၅၅
၈.၁.၃. မွန်............................................................................................................ ၅၅
**၈.၂. မွန်အမျိုးသားကျောင်းပညာရေးစနစ် ကွင်းဆင်းလေ့လာခြင်း**.................................. **၅၆**
၈.၂.၁.မွန်အမျိုးသားကျောင်းဖြစ်ပေါ်လာပုံ (နောက်ခံသမိုင်း)................................ ၅၈
၈.၂.၂.မွန်တိုင်းရင်းသား စာပေလှုပ်ရှားမှုများ.......................................................... ၅၉
၈.၂.၃.မွန်အမျိုးသားကျောင်း ပညာရေးစနစ်............................................................ ၆၁
၈.၂.၄.စာမေးပွဲဖြေဆိုသည့် စနစ်............................................................................. ၆၃
၈.၂.၅.မွန်အမျိုးသားကျောင်း အုပ်ချုပ်/စီမံခန့်ခွဲမှု.................................................... ၆၄
၈.၂.၆.ငွေကြေး..................................................................................................... ၆၄
၈.၂.၇.ဆရာ/မများ အရည်အသွေး စီစစ်ခြင်းနှင့် ခန့်အပ်ခြင်းများ.................................. ၆၆
၈.၂.၈.သင်ရိုးညွှန်းတမ်းနှင့် သင်ကြားမှု နည်းစနစ်များ.......................................... ၆၈
၈.၂.၉.ကျောင်းအဆောက်အအုံ............................................................................... ၇၄
၈.၂.၁၀. မွန်အမျိုးသား ပညာရေးစနစ်၏ အားသာချက်နှင့် အားနည်းချက်များ........ ၇၇
၈.၂.၁၁. နိဂုံး.......................................................................................................... ၇၉

**အခန်း(၉) စဉ်းစားချက်များ**.......................................................................................... **၈၁**
၉.၁. ပြည်နယ်အခြေခံသောနည်း............................................................................ ၈၂
၉.၂. လူမျိုးအခြေခံသောနည်း................................................................................ ၈၂
၉.၃. ကျောင်းအခြေခံသောနည်း............................................................................. ၈၃
၉.၄. ခြုံငုံသုံးသပ်ခြင်း.............................................................................................. ၈၃

**အခန်း(၁၀) မူဝါဒပိုင်းဆိုင်ရာ ဆွေးနွေးချက်များ**......................................................... **၈၅**
**အခန်း(၁၁) MTB-MLE စနစ် အခြေခံသင့်သော မူဝါဒအကြံပြုချက်များ**.......................... **၈၇**
၁၁.၁. MTB-MLE စနစ်ကို အောင်မြင်စေနိုင်သော ကိရိယာတန်ဆာပလာများ............... ၈၇

**အခန်း(၁၂) နိဂုံး**.......................................................................................................... **၈၉**

ကိုးကားသည့်အရင်းအမြစ်များ...................................................................................... ၉၁
အချပ်ပို (၁) ပညာရေးမူဝါဒများ (မူကြမ်း)................................................................... ၉၅

# အတိုကောက်ဝေါဟာရများ

| | |
|---|---|
| BHEEP | Bop Htaw Empowerment and Education Program |
| BMEP | Bilingual Multilcutual Education Program |
| CCA | Child Center Approach |
| CESR | Comprehensive Education Sector Review |
| CLD | Chin League for Democracy |
| CNF | Chin National Front |
| EAOs | Ethnic Armed Organizations |
| EMNEC | Extended Mon National Education Committee |
| GW | Generation Wave |
| ICCPR | International Covenant on Civil and Political Rights |
| INGOs | International Non-Government Organizations |
| JRS | Jesuit Refugee Service |
| KED | Karen Education Department |
| KIA | Kachin Independence Army |
| KIC | Kachin Independence Council |
| KIO | Kachin Independence Organization |
| KnED | Karenni Education Department |
| KNPP | Karenni National Progressive Party |
| MNEC | Mon National Education Committee |
| MTB-MLE | Mother Tongue Based-Multilingual Education |
| NCA | Nationwide Ceasefire Agreement |
| NGOs | Non-Government Organizations |
| NLD | National League for Democracy |
| NNER | National Network for Education Reform |
| RCSS | Restoration Council of Shan State |
| SDG | Sustainable Development Goals |
| SIL | Summer Institue of Linguistics |
| SLORC | State Law and Order Restoration Council |
| TCF | Thinking Classroom Foundation |
| UNDP | United Nations Development Program |
| UNESCO | United Nations Educational, Scientific and Cultural Organization |
| UNICEF | United Nations International Children’s Emergency Fund |

# အကျဉ်းချုပ်

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ (၁၂) ရက်နေ့၌ ချုပ်ဆိုခဲ့သော ပင်လုံစာချုပ်ကြောင့်သာ မြန်မာနိုင်ငံသည် ပြည်ထောင်စု အနေဖြင့် ပေါ်ထွက်လာခြင်းဖြစ်သည်။ ပင်လုံစာချုပ် ချုပ်ဆိုချိန်၌ တိုင်းရင်းသားလူမျိုးများမှာ ကိုယ်ပိုင်အုပ်ချုပ်ပိုင်ခွင့်၊ ပြဋ္ဌာန်းပိုင်ခွင့်နှင့် တန်းတူရည်တူ အခွင့်အရေးဖြင့် ရရှိစေမည်ဟူသော အာမခံချက်မျိုးဖြင့် ပင်လုံစာချုပ်ကို လက်မှတ်ထိုးခဲ့ခြင်းဖြစ်သည်။ ပင်လုံစာချုပ်ကြောင့်သာ ပြည်ထောင်စုကြီးတစ်ခု ပေါ်ထွက်လာခြင်းနှင့်အတူ လက်ရှိမြန်မာနိုင်ငံ အခြေခံကျောင်းပညာရေး၌ တိုင်းရင်းသားလူမျိုးများသည် အတန်းပညာများ တက်ရောက်သင်ကြားခွင့်ရရှိသော်လည်း၊ ကျောင်းသင်ခန်းစာများ၌ သင်ကြားအသုံးပြုသော သင်ကြားရေးမဏ္ဍိုင်ဘာသာစကား (Medium of Instruction) သည် မြန်မာဘာသာစကားဖြစ်နေသည်။

မြန်မာနိုင်ငံ၏ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၃) ခု၌ မြန်မာဘာသာစကားသည် နိုင်ငံတော်၏ တရားဝင် ရုံးသုံးဘာသာစကားဖြစ်သည်ဟု အတိအလင်း ပြဋ္ဌာန်းထားသည်။ ဗမာမဟုတ်သော တိုင်းရင်းသားလူမျိုးများသည် အခြေခံကျောင်းပညာ သင်ကြားခြင်း၌ မိမိတို့၏ မိခင်ဘာသာစကား (သို့) အိမ်သုံး ဘာသာစကားဖြင့် သင်ကြား/ယူပိုင်ခွင့်များ ဆုံးရှုံးနေရသည်။ တိုင်းရင်းသားလူမျိုးများအတွက် ပညာသင်ကြားခြင်း၌ မိမိတို့ မိခင်ဘာသာစကားဖြင့် သင်ကြားခြင်းသည် လူသားတိုင်း၏ အခြေခံအခွင့်အရေးတစ်ခုဖြစ်သည်။ ပုံနှိပ်ဖတ်စာအုပ်များမှာ မြန်မာဘာသာစကားဖြင့်သာ ပုံနှိပ်ထားပြီး၊ သင်ခန်းစာများမှာလည်း တိုင်းရင်းသားလူမျိုးများ၏ ဒေသနှင့်ကိုက်ညီသော သင်ရိုးညွှန်းတမ်းများကို ရေးဆွဲပြဋ္ဌာန်းပေးထားခြင်းမဟုတ်ပေ။ အကျိုးဆက်ရလဒ်အနေဖြင့် တိုင်းရင်းသားနယ်မြေများ၌ ကျောင်းပညာရေး ဆက်လက်သင်ယူလိုချင်သော စိတ်ဆန္ဒမှာ တဖြည်းဖြည်း လျော့နည်းလာပြီး ကျောင်းထွက်ရာခိုင်နှုန်းများ ပိုမိုတိုးပွားလာသည်။ ယင်းသို့ တိုးပွားလာရသည့် အကြောင်းအရင်းတစ်ရပ်မှာ ဗမာမဟုတ်သော တိုင်းရင်းသားလူမျိုးများသည် မိမိတို့ နားမလည်သော မြန်မာဘာသာစကား၊ စာပေဖြင့် သင်ကြားနေရသည့်အတွက်ကြောင့်ပင် ဖြစ်သည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ဘာသာစကားနှင့် စာပေအသီးသီးရှိနေသည့်အတွက် ကျောင်းပညာရေးသင်ကြားခြင်းဖြစ်စဉ်၌ **မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံပညာရေးစနစ် (MTB-MLE)** မှာ အသင့်လျော်ဆုံးနှင့် ကောင်းမွန်သော ပညာရေးစနစ်ဖြစ်နေသည်။ ယူနက်စကိုလ် (UNESCO) မှ ကလေးသူငယ်များအနေဖြင့် ပညာသင်ကြားခြင်း၌ ၎င်းတို့ နားလည်တတ်ကျွမ်းမှုရှိနှင့်ပြီးသော မိခင်ဘာသာစကား (သို့) အိမ်သုံးဘာသာစကားဖြင့် သင်ကြားရန် အားပေးထောက်ခံသည့်အပြင်၊ အကျိုးအမြတ်များစွာရှိနေကြောင်း ဘာသာစကားဆိုင်ရာ သုတေသီများမှလည်း ပုံသက်သေသာဓကများစွာ ဖော်ထုတ်ပြီးဖြစ်သည်။

၁၉၇၂ ခုနှစ်အချိန်ကတည်းမှ စတင်၍ မြန်မာနိုင်ငံရှိ မွန်အမျိုးသားကျောင်းပညာရေးစနစ်သည် MTB-MLE စနစ်ကို လက်တွေ့ကျင့်သုံးနေသည်မှာ လက်ရှိအချိန်ထိပင်ဖြစ်နေသည်။ မွန်အမျိုးသားကျောင်းပညာရေးစနစ်သည် ပညာရေးဆိုင်ရာ တာဝန်ရှိသူများနှင့် တိုင်းရင်းသားလူမျိုးများအတွက် စံနမူနာထားထိုက်သော အမျိုးသားကျောင်းပညာရေးစနစ်ဖြစ်သည်။ မွန်အမျိုးသားကျောင်း ပညာရေးစနစ်၏ ထူးခြားချက်မှာ MTB-MLE စနစ်ဖြစ်နေသည့်အပြင်၊ အစိုးရပညာရေးစနစ်နှင့် အပြန်အလှန်ချိတ်ချက်နိုင်သည့် ပေါင်းကူးပညာရေးစနစ်ဖြစ်နေသည်။ မွန်အမျိုးသားကျောင်း ပညာရေးစနစ် ဆက်လက်ရှင်သန် ရပ်တည်နေနိုင်ခြင်းနှင့် အောင်မြင်နေရခြင်း အဓိကအကြောင်းအရာများထဲတွင် ဒေသခံရပ်ရွာပြည်သူလူထု၏ ပါဝင်မှုအင်အားမှာ အဓိကအခန်းကဏ္ဍ၌ ရှိနေခြင်းကြောင့်ပင် ဖြစ်သည်။

နိုင်ငံတကာအတွေ့အကြုံများကို လေ့လာရာ၌ ပညာရေးအခန်းကဏ္ဍသည် သက်ဆိုင်ရာ ပြည်နယ်အစိုးရလက်အောက်၌သာ ထားရှိသည်။ ပြည်ထောင်စုအစိုးရမှ ဝင်ရောက်စွက်ဖက်ခြင်း မပြုဘဲ၊ လိုအပ်သော နည်းပညာ

အထောက်အပံ့ကိုသာ ပံ့ပိုးကူညီပေးသည်။ အမေရိကန်ပြည်ထောင်စု၊ နယူးမက္ကဆီကိုပြည်နယ် အစိုးရသည် (BMEPs) အစီအစဉ် လည်ပတ်နိုင်ရန် သီးသန့်ဌာန ထားရှိသည့်အပြင်၊ လိုအပ်သော ရံပုံငွေများကိုလည်း ထားရှိသည်။ လူနည်းစုများ၏ ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှုများကို အတန်းပညာရေး၌ သင်ကြားရေး မဏ္ဍိုင်ဘာသာစကား (Medium of Instruction) အဖြစ် သင်ကြားခွင့် ရရှိနေသည်။ အိန္ဒိယနိုင်ငံ၏ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြည်နယ်နှင့် လူမျိုးအလိုက် အသုံးပြုများသော ဘာသာစကား၊ စာပေသည် ၎င်းတို့ နေထိုင်သည့် ဒေသများ၏ တရားဝင် ရုံးသုံးဘာသာစကားနှင့် စာပေဖြစ်လာခြင်းသာမက အတန်းပညာရပ်များ သင်ကြားရာ၌ သင်ကြားရေးမဏ္ဍိုင်ဘာသာစကား ဖြစ်လာသည်။ ဘာသာစကား အမျိုးအစားပေါင်း (၈၀၀) ကျော် ပြောဆိုကျင့်သုံးနေသော ပါပူဝါနယူးဂီနီ (Papua New Guinea) နိုင်ငံသည် MTB-MLE စနစ်ဖော်ဆောင်ရန် အဆင်သင့် ဖြစ်နေသော ပြည်နယ်ဒေသများ၌ အဆိုပါစနစ်အား လက်တွေ့ကျင့်သုံးနေသည်။ MTB-MLE စနစ် ဖော်ဆောင်ရန် အဆင်သင့် မဖြစ်သေးသော ပြည်နယ်ဒေသများ၌ နိုင်ငံတော်အစိုးရ၊ ပြည်နယ်အစိုးရနှင့် သက်ဆိုင်ရာ လူမျိုးအသီးသီး၏ တာဝန်ရှိသူများမှလည်း အားထုတ်ကြိုးပမ်းလျက်ရှိသည်။ ဤစာတမ်း၌ နိုင်ငံတကာအတွေ့အကြုံ ရလဒ်များအရ တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှု အရေးအတွက် မည်မျှပင် များပြားနေလင့်ကစား၊ MTB-MLE စနစ်ကို အနိမ့်ဆုံး မူလတန်းအဆင့်မှ စတင်၍ ပညာရေးအဆင့်ဆင့်အထိ အမှန်တကယ် လက်တွေ့အကောင်အထည် ဖော်ဆောင်နိုင်ကြောင်း တွေ့ရသည်။

MTB-MLE စနစ်သည် တနိုင်ငံလုံး လွှမ်းခြုံနိုင်သည့် ပညာရေးစနစ် မဖြစ်နိုင်သော်လည်း၊ ဗမာမဟုတ်သော တိုင်းရင်းသားလူမျိုးများအတွက် ဖြစ်နိုင်သောနည်းလမ်း (သို့မဟုတ်) စဉ်းစားချက်များမှာ ပြည်နယ် အခြေခံသော နည်း၊ လူမျိုးအခြေခံသောနည်းနှင့် ကျောင်းအခြေခံသောနည်းဟူ၍ အမျိုးအစား (၃) မျိုး သတ်မှတ်နိုင်သည်။ အဆိုပါနည်းလမ်း (၃) လမ်းမှာ စိတ်ကူးယဉ်ဆန်ဆန်အဖြစ်သာ မဟုတ်ဘဲ လက်တွေ့ကျကျ ဖော်ဆောင်နိုင်သည်။ အဆိုပါတွေ့ရှိချက်များကို မြန်မာနိုင်ငံရှိ တိုင်းရင်းသားပြည်နယ်များ၌သာမက ဗမာမဟုတ်သော တိုင်းရင်းသား လူမျိုးများ နေထိုင်သော တိုင်းဒေသကြီးများ၌လည်း မိမိတို့၏ ရေခံမြေခံနှင့် ဆီလျော်စွာ လက်တွေ့ဖော်ဆောင် နိုင်သည်။ UNESCO မှလည်း မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံပညာရေးစနစ် (MTB-MLE) ကို အားပေးလျက်ရှိသည်။

MTB-MLE စနစ်ကို လက်တွေ့ဖော်ဆောင်ပါက ဗမာမဟုတ်သော တိုင်းရင်းသားလူမျိုးများအနေဖြင့် မိမိတို့ မိခင် ဘာသာစကားဖြင့် အတန်းပညာများကို သင်ကြားရလျှင် ရုပ်ပိုင်းနှင့် စိတ်ပိုင်းများသာမက မိမိတို့ ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှုများကို တပါတည်းဖြင့် ထိန်းသိမ်းကာကွယ်၊ မြှင့်တင်သကဲ့သို့ ဖြစ်နေမည်။ ထို့အပြင် တိုင်းရင်သားလူမျိုးများ ဘာသာစကားမှ တရားဝင် နိုင်ငံသုံး (မြန်မာ) ဘာသာစကားသို့ ကူးပြောင်းမှုနှင့် နားလည် တတ်မြောက်မှုဖြစ်စဉ်အား အဆင်ပြေချောမွေ့စေသည်။ အဆိုပါစနစ်ကြောင့် မိမိတို့ နေထိုင်ရာ နယ်မြေ ဒေသများ၌ ဒေသနှင့် ဆီလျော်နိုင်သည့် ကိုယ်ပိုင်ဆန်းသစ်တီထွင်မှုများမှာ လူမှုဘဝဖွံ့ဖြိုးရေးအပိုင်းအပေါ်တွင် များစွာ သိသာတိုးတက်လာမည့်အပြင်၊ လက်ရှိမြန်မာနိုင်ငံ၌ ဖြစ်ပေါ်နေသည့် လက်နက်ကိုင်ပဋိပက္ခဖြစ်စဉ်မှ ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ်၌ အကျိုးသက်ရောက်မှု ဖြစ်ပေါ်စေသည်။

မြန်မာနိုင်ငံ၌ တိုင်းရင်းသားလူးမျိုးများ၊ ဘာသာစကားနှင့် စာပေအရေအတွက် မည်မျှပင် များပြားနေလင့်ကစား၊ မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံပညာရေးစနစ်ကို လက်တွေ့ကျင့်သုံးနိုင်သည်။ မြန်မာနိုင်ငံ၏ အရည်အသွေးနှင့် အရည်အချင်းရှိသော ပညာရေးဖြစ်စေရန်အတွက် ပညာရေးဆိုင်ရာ နည်းလမ်းများထဲ၌ MTB-MLE စနစ်မှာ တစ်ခုအပါအဝင်ဖြစ်သည်။ ဗမာလူမျိုးနှင့် တိုင်းရင်းသားများ နှစ်ဦးနှစ်ဖက်အကြား အပြန် အလှန်နားလည်မှု၊ အပြန်အလှန်ယုံကြည်မှုများကိုလည်း ပိုမိုတည်ဆောက်နိုင်မည်ဖြစ်သည်။ နိုင်ငံ၏ ပညာရေး မူဝါဒများ ချမှတ်ရာတွင်လည်းကောင်း၊ အနာဂတ် ဖက်ဒရယ်ပြည်ထောင်စုနှင့် ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေ များတွင်လည်းကောင်း ပြဋ္ဌာန်းရန်လိုပါသည်။ ယင်းကဲ့သို့ ပြဋ္ဌာန်းပြီးနောက် MTB-MLE စနစ်ကို လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်နယ်ရှိ ပညာရေး လိုအပ်ချက်များကို ပြည်ထောင်စု အစိုးရထက် ပြည်နယ်အစိုးရမှ ပိုမိုသိရှိနေသည့်အတွက်ကြောင့်ပင်ဖြစ်သည်။ ပြည်နယ်အစိုးရမှ MTB-MLE စနစ်ကို ဖော်ဆောင်ခြင်းဖြင့် မြန်မာနိုင်ငံသားများအားလုံး လိုလားတောင့်တသော စစ်မှန်ပြီး ရေရှည်တည်တံ့ခိုင်မြဲသော ပြည်တွင်ငြိမ်းချမ်းရေးနှင့် အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ဖော်ဆောင်ရာတွင် တနည်းတလမ်းဖြင့် အထောက်အကူပြုနေမည်ဖြစ်သည်။

## အခန်း(၁)

# နိဒါန်း

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် ချုပ်ဆိုခဲ့သော ပင်လုံစာချုပ်အား အခြေပြု၍ ပြည်ထောင်စုစနစ်ဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ပေါ်ပေါက်လာခဲ့သည်။ ထို့ကြောင့် သမိုင်းကြောင်းအရ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် လူမျိုးတစ်မျိုးတည်းဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်မဟုတ်ဘဲ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ မတူညီကွဲပြားခြားနားသော ရေခံမြေခံသဘာဝ (ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု) အခြေခံမှုဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင် ဦးနေဝင်းအစိုးရအဖွဲ့၏ (၁၉၇၄) ခုနှစ် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၃၁) ပြဋ္ဌာန်းချက်အရ ပြည်နယ် (၇) နယ်နှင့် တိုင်း (၇) တိုင်းဟူ၍ သတ်မှတ်ခဲ့သည်။ မြန်မာနိုင်ငံသည် ပြည်နယ်နှင့် တိုင်း (၁၄) ခုဖြင့် ဖွဲ့စည်းတည်ဆောက်ထားပြီး၊ မတူညီကွဲပြားသော တိုင်းရင်းသားလူမျိုးနွယ်စုများဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော်လည်း၊ နိုင်ငံတစ်ခုလုံး၏ အဓိက ရုံးသုံးဘာသာစကားမှာ ဗမာဘာသာစကားဖြစ်သည်။ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုများ မတူညီကြသော်လည်း ဗမာလူမျိုးများ၏ ဗမာမှုပြုနေခြင်း (Burmanization) များကို ယနေ့အထိတိုင် တိုင်းရင်းသားလူမျိုးများ၏ နေထိုင်ရာ ဒေသဖြစ်သော ပြည်နယ်များ၌သာမက၊ တိုင်းဒေသကြီးများ (တိုင်းရင်းသားများ နေထိုင်ရာ) တွင်လည်း ခွဲခြားဆက်ဆံမှုများကို တနည်းတဖုံ ပုံစံအမျိုးမျိုးဖြင့် ကြုံတွေ့နေရသည်။

တိုင်းရင်းသား လူမျိုးနွယ်စုအသီးသီး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုများသည် ဦးစားပေး အဆင့်တွင် မပါဝင်ခဲ့ပေ။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများသည် ခေတ်အဆက်ဆက် အုပ်ချုပ်ခဲ့သော အစိုးရများ၏ ပညာရေးအခန်းကဏ္ဍတွင် မိခင်ဘာသာစကားဖြင့် သင်ကြားပေးရာတွင် ဦးစားပေးခံရမှု အလွန်အင်မတန် နည်းပါးနေသည်ကို တွေ့ရှိရသည်။ အထူးသဖြင့် အခြေခံပညာရေး၌ တိုင်းရင်းသားများသည် မိမိတို့၏ ရိုးရာစာပေ၊ ယဉ်ကျေးမှုများကို သင်ရိုးညွှန်းတမ်းများတွင် မိခင်ဘာသာစကားဖြင့်သော်လည်းကောင်း၊ စာပေအားဖြင့်သော်လည်းကောင်း သင်ကြားခွင့်မရရှိသောကြောင့် ပညာရေး၌ တိုးတက်မှု အားနည်းနေသည်ကို တွေ့ရှိနေရပါသည်။ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများ၌ (၁၉၄၇၊ ၁၉၇၄ နှင့် ၂၀၀၈) မြန်မာဘာသာစကားကို ရုံးသုံးဘာသာစကားအဖြစ် ပုံနှိပ်ပြဋ္ဌာန်းထားသည်ကို လေ့လာတွေ့ရှိရပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအများစုတွင် တိုင်းရင်းသားလူမျိုးများ၏ စာပေ၊ ယဉ်ကျေးမှုများကို ထိန်းသိမ်းပေးနိုင်သော အဆင့်အထိသာ ဖော်ပြထားသည်။ လက်တွေ့အားဖြင့် ပညာရေးအခန်းကဏ္ဍတွင် ဗမာဘာသာစကားဖြင့် ပုံနှိပ်ပြဋ္ဌာန်းသင်ကြား လျက်ရှိနေပါသည်။

ခေတ်အဆက်ဆက် အစိုးရများအား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများနှင့် တိုင်းရင်းသားနိုင်ငံရေးပါတီများသည် ပညာသင်ကြားနေသော တိုင်းရင်းသားများအတွက် မိခင်ဘာသာစကားဖြင့် သင်ကြားခွင့်ရရှိရေးအတွက် အတိတ်ကာလများတွင်သာမက၊ ယခုပစ္စုပ္ပန်ကာလ နိုင်ငံရေးအခြေအနေထိတိုင်အောင် အကြိမ်ကြိမ် အဆိုပြုလျက်ရှိနေပါသည်။ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် (ဗဟို) အစိုးရအနေဖြင့် တိုင်းရင်းသားလူမျိုးများကို မိမိတို့ စာပေများအား တရားဝင်အသိအမှတ်ပြု သင်ကြားခွင့်ပြုခြင်းသာမက၊ နယ်စပ်ဒေသများ၌ တိုင်းရင်းသားလူမျိုးများမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဖွင့်လှစ်လျက်ရှိသော စာသင်

ကျောင်းများကိုလည်း တရားဝင်အသိအမှတ်ပြုခြင်း[၁] လိုအပ်သည်။ ယင်းသို့ ပြုလုပ်ခြင်းဖြင့် လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုရရှိစေရုံသာမက မိမိတို့၏ ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုနိုင်ခြင်းစသော အကျိုးကျေးဇူးများကိုလည်း ရရှိခံစားနိုင်မည် ဖြစ်ပါသည်။ အကျိုးရလဒ်မှာ လက်ရှိပြည်ထောင်စု တမျိုးသားလုံးမှ လိုလားလျက်ရှိသော ပြည်တွင်းငြိမ်းချမ်းရေး ရရှိရန်မှာလည်း အလှမ်းမဝေးနိုင်တော့ပေ။

## သုတေသန၏ ရည်ရွယ်ချက်

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ အတူတကွ နေထိုင်ကြသည်နှင့်အညီ၊ မြန်မာပညာရေးစနစ်သည် မတူညီကွဲပြားနေသော တိုင်းရင်းသားများနှင့်ကိုက်ညီသော ပညာရေးစနစ် ဖော်ဆောင်ပေးသင့်ပါသည်။ လက်ရှိ မြန်မာပညာရေး အခြေအနေသည် မတူညီကွဲပြားသော တိုင်းရင်းသားလူမျိုးများနှင့် ကိုက်ညီမှုရှိမနေခြင်း၊ ကျောင်းများတွင် တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကားနှင့် စာပေဖြင့် သင်ကြားမှုများ ကန့်သတ်ပိတ်ပင် တားဆီးခံနေချိန်၊ သင်ကြားရေးမဏ္ဍိုင်ဘာသာစကားမှာလည်း မြန်မာဘာသာစကား တစ်မျိုးတည်းသာဖြစ်နေသည်။ ထို့ကြောင့် မတူညီကွဲပြားမှုရှိနေသော တိုင်းရင်းသားလူမျိုးနှင့် ကိုက်ညီနိုင်သော ပညာရေးစနစ်ဖြစ်ရန်၊ မြန်မာနိုင်ငံ၌ မိခင်ဘာသာစကား အခြေပြု ဘာသာစကားစုံပညာရေး (MTB-MLE) စနစ် လိုအပ်နေသည်။ ဤစာတမ်း၌ MTB-MLE စနစ်ကို အသေးစိတ် လေ့လာသုတေသနပြုလုပ်ခြင်းတွင် အဆိုပါစနစ်အား လက်တွေ့ကျင့်သုံးနေသော ပြည်တွင်းနှင့် နိုင်ငံတကာအတွေ့အကြုံဖြစ်ရပ်များနှင့် မြန်မာနိုင်ငံတွင် ပညာရေးမူဝါဒကျင့်သုံးရာ၌ မတူညီသော MTB-MLE စနစ်နည်းလမ်း (သို့မဟုတ်) စဉ်းစားချက်များကို တင်ပြသွားမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံ ပညာရေး (MTB-MLE) စနစ်သည် အလုံးစုံပါဝင်နိုင်သော ပညာရေးစနစ်တစ်ခု မဟုတ်သော်လည်း၊ အဆိုပါစနစ်အား လက်တွေ့ကျင့်သုံးခြင်းဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် သဟဇာတ (လိုက်လျောညီထွေမှု) ဖြစ်စေရန် အကူအညီများစွာ ဖြစ်စေနိုင်သည်။ ဥပမာ - မြန်မာနိုင်ငံ၌ အတူတကွ ယှဉ်တွဲနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ အချင်းချင်း ကျောင်းတွင်း ပညာရေးနှင့် ကျောင်းပြင်ပ လူမှုအသိုင်းအဝိုင်းနယ်ပယ်များ ပေါင်းသင်းဆက်ဆံရာတွင် ဆက်သွယ်ပြောဆိုပေးနိုင်သော ကြားခံဘာသာစကားအဖြစ် MTB-MLE စနစ်မှများစွာ အထောက်အကူဖြစ်စေမည်ဖြစ်သည်။

ဗမာမဟုတ်သော တိုင်းရင်းသား လူမျိုးများနေထိုင်သော တိုင်းရင်းသားပြည်နယ်ဒေသများနှင့် ဗမာမဟုတ်သော တိုင်းရင်းသားလူနည်းစုများ နေထိုင်သော တိုင်းဒေသကြီးများ၌ ၎င်းတို့အတွက် အတန်းပညာများ သင်ကြားရာတွင် လွယ်ကူရိုးရှင်းသော နည်းလမ်းမှာ မိခင်ဘာသာစကား အခြေပြု ဘာသာစကားစုံပညာရေးစနစ်ဖြစ်သည်။ ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေး ရည်မှန်းချက် (၄) (UNDP Sustainable Development Goal - 4) အရ၊ လူသားတိုင်းအတွက် အကျုံးဝင်သော သာတူညီမျှမှုနှင့် အရည်အသွေးရှိ ပညာရေးကို တစ်သက်တာလုံး သင်ယူနိုင်ခွင့် ပိုမိုရရှိအောင် စီမံကိန်းများ ဆောင်ရွက်ရာ၌ မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံ ပညာရေးစနစ်သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ အဆိုပါ MTB-MLE[၂] စနစ်သည် ကျောင်းသား/သူများကို ကိုယ်ပိုင်စဉ်းစားတွေးခေါ်မှု၊ အတွေးအခေါ် အယူအဆများ မြှင့်တင်ရာတွင် များစွာအထောက်အကူပေးနိုင်ခြင်း၊ ကျောင်းတက်ရာခိုင်နှုန်း မြင့်မားလာခြင်းစသော အကျိုးကျေးဇူးရလဒ်များကို ဖော်ထုတ်ပေးနိုင်မည့် ပညာရေးစနစ်တစ်ခု ဖြစ်သည်။ ယင်းအပြင် တိုင်းရင်းသားလူမျိုးများ အနေဖြင့် မိမိတို့၏ ကိုယ်ပိုင်ဘာသာစကား၊ စာပေနှင့် ရိုးရာဓလေ့ယဉ်ကျေးမှုများကို နေအိမ်နှင့် ပတ်ဝန်းကျင်ဒေသများတွင်သာ အသုံးပြုနေခြင်းမှတဆင့် ကျောင်းအတန်းပညာရေးစနစ်အထိ လက်တွေ့သင်ကြား/သင်ယူ အသုံးပြုနိုင်ရန် မရှိမဖြစ်လိုအပ်သည်။ MTB-MLE (Mother Tongue Based - Mulitilingual Education) စနစ်သည် တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှုများကို ထိန်းသိမ်းကာကွယ်ရာရောက်နေခြင်းနှင့် ဆက်လက်မြှင့်တင်ပေးရာရောက်နေသကဲ့သို့၊ အခြားသော တစ်ဖက်တွင်လည်း နိုင်ငံတော်နှင့် တိုင်းရင်းသားလူမျိုးများအတွက် စဉ်ဆက်မပြတ် လိုအပ်နေသော လူ့စွမ်းအားအရင်းအမြစ်များ (Human Resources) ကို မွေးထုတ်ပေးနေသကဲ့သို့ ဖြစ်နေမည်ဖြစ်သည်။ ထို့အပြင် တိုင်းရင်းသားလူမျိုးများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ဖွင့်လှစ်ထားသော အမျိုးသားကျောင်းပညာရေး (မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံပညာရေးစနစ်) စနစ်ကို တရားဝင် အသိအမှတ်ပြုခြင်းနှင့် ဆက်လက်အားပေး ထောက်ခံပေးခြင်းဖြင့် လက်ရှိမြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်တွင်လည်း များစွာအထောက်

၁ တရားဝင်အသိအမှတ်ပြုခြင်းဆိုရာ၌ တိုင်းရင်းသားလူမျိုးများမှ ဖွင့်လှစ်ထားသော ကျောင်းများကို နိုင်ငံတော် အစိုးရမှ အသိအမှတ်ပြုပေးရန်နှင့် ၎င်းအမျိုးသားကျောင်းများကို ပညာရေးဝန်ကြီးဌာနလက်အောက်၌ ထားရှိသည် မဟုတ်ဘဲ၊ လိုအပ်သော နည်းပညာအထောက်အကူများကို ကူညီပံ့ပိုးပေးရန်ဖြစ်သည်။

၂ MTB-MLE စနစ် ဆိုသည်မှာ မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံပညာရေးစနစ်ဟု ခေါ်သည်။

အကူဖြစ်စေမည်ဖြစ်သည်။ အနာဂတ် မြန်မာနိုင်ငံ၏ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ထောင်ရာတွင်လည်း အဆိုပါ MTB-MLE စနစ်သည် အရေးကြီးသော အခန်းကဏ္ဍတစ်နေရာ၌ အမြဲအစဉ်တစိုက် ဆက်လက် ပါဝင်နေမည်ဖြစ်သည်။

## ဤသုတေသနစာတမ်းတွင် အခန်း (၁၂) ခန်း ပါရှိသည်။

အခန်း (၁) နိဒါန်း - မြန်မာနိုင်ငံသည် ပင်လုံစာချုပ်ကြောင့် ပြည်ထောင်စု ဖြစ်ပေါ်လာပုံနှင့် လွတ်လပ်ရေးရပြီးနောက် ပိုင်းကာလ ဗမာမဟုတ်သော တိုင်းရင်းသားလူမျိုးများသည် ပညာသင်ကြားရာ၌ မိမိတို့ မိခင်ဘာသာစကား၊ စာပေဖြင့် သင်ကြားရန် အဆိုပြုနေမှုများနှင့် ဤသုတေသနစာတမ်း ပြုစုရေးသားရခြင်း ဦးတည်ချက်များ

အခန်း (၂) ဤသုတေသနစာတမ်း ပြုစုရေးသားခဲ့သည့် သုတေသနနည်းလမ်းများ

အခန်း (၃) မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများ (၁၉၄၇၊ ၁၉၇၄နှင့် ၂၀၀၈) ၌ တိုင်းရင်းသားလူမျိုးနှင့် သက်ဆိုင်သော ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှု ပြဋ္ဌာန်းချက်များအပြင်၊ ပြဋ္ဌာန်းခဲ့သော ပညာရေးမူဝါဒအသီးသီးနှင့် ပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၅) အပါအဝင် လေ့လာချက်များ

အခန်း (၄) ဗမာမဟုတ်သော တိုင်းရင်းသားများသည် မိမိတို့၏ အမျိုးသားရေး လက္ခဏာ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လှုပ်ရှားဆောင်ရွက်နေမှုများ

အခန်း (၅) အပြည်ပြည်ဆိုင်ရာ ဘာသာစကား၊ စာပေနှင့်သက်ဆိုင်သော ပဋိညာဉ်စာချုပ်များ

အခန်း (၆) MTB-MLE စနစ်သည် ကျား-မရေးရာ တန်းတူညီမျှမှုအခွင့်အရေးနှင့် မည်သို့ မည်ပုံ ဆက်စပ်ပတ်သက် နေပုံများ

အခန်း (၇) MTB-MLE စနစ်ကျင့်သုံးနေသာ နိုင်ငံတကာအခြေအနေများ

အခန်း (၈) ပြည်တွင်းအခြေအနေ အခန်းကဏ္ဍတွင် ပညာရေးနှင့် နိုင်ငံရေး (ငြိမ်းချမ်းရေး) ဆက်နွယ်မှုများအပြင် MTB-MLE စနစ် လက်တွေ့ကျင့်သုံးနေသော မွန်အမျိုးသား ကျောင်း ပညာရေးစနစ် (အသေးစိတ်) ကွင်းဆင်းလေ့လာ ဆောင်ရွက်ခဲ့မှုများ

အခန်း (၉) သုတေသန လေ့လာတွေ့ရှိချက်များထဲမှ မြန်မာနိုင်ငံ ပညာရေးစနစ်၌ တိုင်းရင်းသား လူမျိုးများနှင့် ကိုက်ညီနိုင်သော MTB-MLE စနစ်ဆိုင်ရာ စဉ်းစားချက်များ

အခန်း (၁၀) MTB-MLE ဖော်ဆောင်ရာတွင် မူဝါဒပိုင်းဆိုင်ရာ ဆွေးနွေးချက်များ

အခန်း (၁၁) MTB-MLE စနစ်၌ အခြေခံသင့်သော မူဝါဒ အကြံပြုချက်များနှင့်

အခန်း (၁၂) နိဂုံးချုပ်တို့ကိုတင်ပြထားသည်။



မွန်အမျိုးသားကျောင်း ကျောင်းသား/သူများ၏ မိဘများနှင့် တွေ့ဆုံမေးမြန်းနေမှု
*Photo by ENAC*



မွန်အမျိုးသားကျောင်း  ကျောင်းအကျိုးတော်ဆောင် ကော်မတီဝင်များနှင့် တွေ့ဆုံမေးမြန်းခြင်း
*Photo by ENAC*

# အခန်း (၂)

# သုတေသန နည်းလမ်းများ

ဤစာတမ်းရေးသားရာတွင် တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (ပြည်ထောင်စု မြန်မာနိုင်ငံ) သည် တိုင်းရင်းသား မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံပညာရေးစနစ်ကို ဦးစားပေးရာ၌ လက်ရှိကျင့်သုံးနေသော မွန်အမျိုးသားပညာရေးကျောင်းများသို့ သွားရောက်လေ့လာကွင်းဆင်းသုတေသန ပြုလုပ်မှုများကို အခြေခံ၍ ပြုစုရေးသားထားပါသည်။ သုတေသနကွင်းဆင်းသော ဧရိယာများတွင် မွန်အမျိုးသားပညာရေးဌာန (MNEC)၊ မွန်ပြည်သစ်ပါတီ (NMSP)၊ မွန်အမျိုးသားပါတီ (MNP)၊ မွန်အမျိုးသားပညာရေးဌာန လက်အောက်တွင် ဖွင့်လှစ်သင်ကြားနေသော မူလတန်းကျောင်းများ၊ မူလတန်း (လွန်) ကျောင်းများ၊ အလယ်တန်းကျောင်းများနှင့် အထက်တန်းကျောင်း၊ Post-ten ကျောင်း၊ မွန်လူငယ်များသို့ သွားရောက်လေ့လာခဲ့သည်။ ယင်းသို့ ကွင်းဆင်းလေ့လာရာတွင် သုတေသနအဖွဲ့သည် ဆရာနိုင်ဟံသာ၊ ဆရာအောင်ဆန်းမြင့်၊ ဒေါက်တာသိန်းလွင် (NNER)၊ ဒေးဗစ်ဝိုင်ဆတ်ခ် (CLD - ဉက္က၅)၊ ဆရာနိုင်ဌေးသိန်း (မြန်မာ့ပညာရေး ကျွမ်းကျင်ပညာရှင်)၊ UNICEF (မော်လမြိုင်ရုံး) မွန်အမျိုးသားကျောင်း အသီးသီးရှိ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသား/သူ မိဘများ၊ ကျောင်းသား/ကျောင်းသူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။ နိုင်ငံတကာသုတေသီများမှ မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံပညာရေးစနစ်နှင့်ပတ်သက်သော စာတမ်းများ၊ နိုင်ငံတကာ လူ့အခွင့်အရေးကြေညာစာတမ်းများ၊ ကလေးသူငယ်ဆိုင်ရာအခွင့်အရေးများ၊ UNESCO မှ မိခင်ဘာသာစကားအပေါ် ထုတ်ပြန်ထားသော မူဝါဒများအပြင် မိခင်ဘာသာ စကားကို အခြေပြု၍ လက်တွေ့ကျင့်သုံးနေသော နိုင်ငံတကာဖြစ်ရပ်များနှင့် ပြည်တွင်းပညာရေး ပညာရှင်များမှ ရေးသားပြုစုထားသော စာတမ်းများကို ကိုးကား၍ လက်ရှိမြန်မာနိုင်ငံနှင့် ကိုက်ညီနိုင်သည့်၊ အကောင်အထည်ဖော်ဆောင်နိုင်မည့် နည်းလမ်းများကို စုစည်းတင်ပြပါမည်။



ENAC သုတေသနအဖွဲ့နှင့် ကျောင်းသား/သူများနှင့် တွေ့ဆုံမေးမြန်းနေမှု၊
*Photo by ENAC*

# အခန်း (၃)

# မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများပါ

## "တိုင်းရင်းဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု" ပြဋ္ဌာန်းချက်များ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပြဋ္ဌာန်းခဲ့သော (၁၉၄၇ နှင့် ၁၉၇၄) ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့်တကွ လက်ရှိကျင့်သုံးပြဋ္ဌာန်း လျက်ရှိနေသော (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေများထဲမှ တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုများနှင့် ပတ်သက်သော ဥပဒေများကို တင်ပြပါမည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေများ၌ တိုင်းရင်းသားဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုနှင့်ပတ်သတ်သော ဥပဒေများ**

| ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ | ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ | ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ |
|---|---|---|
| **ပုဒ်မ(၂၁၆)။**<br>မြန်မာဘာသာသည် ရုံးသုံးဘာသာ ဖြစ်ရမည်။ သို့ရာတွင် အင်္ဂလိပ်ဘာသာ ကိုလည်း သုံးစွဲခွင့်ပြုနိုင်သည်။ | **ပုဒ်မ(၂၁)။(ခ)**<br>တိုင်းရင်းသား လူမျိုးများသည် မိမိတို့ ကိုးကွယ်သည့် ဘာသာနှင့် ချစ်မြတ်နိုးသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းတို့ကို ဥပဒေများနှင့်ဖြစ်စေ၊ အများ အကျိုးနှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင် လွတ်လပ်စွာ ကိုးကွယ်ခွင့်၊ ပြုစုပျိုးထောင်ခွင့် ပြောဆိုရေးသား ကျင့်သုံးခွင့်ရှိသည်။<br><br>**ပုဒ်မ-၁၅၂။(ခ)**<br>မြန်မာစာသည် အများသုံး စာဖြစ်သည်။ ကျန်တိုင်းရင်းသား များ၏ စာများကိုလည်း သင်ကြားခွင့်ရှိသည်။ | နိုင်ငံတော်သည်<br><br>**၂၂။(က)**<br>တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီ ဆောင်ရွက်မည်။<br><br>**၄၅၀။**<br>မြန်မာစာသည် ရုံးသုံးစာဖြစ်သည်။ |

(၁၉၄၇) ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေများထဲတွင် တိုင်းရင်းသားလူမျိုးအသီးသီး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုများအတွက် တရားဝင်ပြဋ္ဌာန်းပေးခြင်း မရှိသည်ကို တွေ့ရှိရပါသည်။ ယင်းအစား အခန်း (၁၃)၊ အရပ်ရပ်ဆိုင်ရာ ပြဋ္ဌာန်းချက်များအပိုင်း အခန်းကဏ္ဍတွင် ပုဒ်မ (၂၁၆) အရ "မြန်မာဘာသာအား ရုံးသုံးဘာသာ ဖြစ်ရမည်။ သို့ရာတွင် အင်္ဂလိပ်ဘာသာကိုလည်း သုံးစွဲခွင့်ပြုနိုင်သည်။"[၃] တစ်နည်းအားဖြင့် နိုင်ငံတော် (တနိုင်ငံလုံး အတိုင်းအတာ) ရုံးသုံးအနေဖြင့် ပြဋ္ဌာန်းထားပြီး၊ တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကားများကို မိမိတို့ သက်ဆိုင်ရာပြည်နယ် အသီးသီး၏ ဒုတိယရုံးသုံး ဘာသာစကား (Second Option) အနေဖြင့် အသုံးပြုခွင့် မပြဋ္ဌာန်းဘဲ၊

၃ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (၁၉၄၇ခုနှစ်): အခန်း(၁၃) အရပ်ရပ်ဆိုင်ရာ ပြဋ္ဌာန်းချက်များ ပုဒ်မ -၂၁၆၊ စာမျက်နှာ-၅၉။

ယင်းအစား အင်္ဂလိပ်ဘာသာကို အသုံးပြုလိုက သုံးနိုင်ကြောင်းကို အတိအလင်း ဖော်ပြထားပါသည်။ ပင်လုံစာချုပ်သည် တိုင်းရင်းသားများအနေဖြင့် ပင်လုံစာချုပ် မချုပ်ဆိုမီ တန်းတူညီတူ အခွင့်အရေးများဖြင့် ဆွေးနွေးခဲ့ခြင်းကြောင့် ဖြစ်ပေါ်လာခဲ့သော စာချုပ်ဖြစ်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရမှ ၁၉၄၈ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၏ ပညာသင်ကြားရေး စီမံကိန်း ခေါင်းစဉ်ဖြင့် ပညာရေးမူဝါဒ သဘောထား ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ ယင်းကြေညာချက် (၇) ချက်များထဲတွင် နံပါတ် (၆) ခုမြောက်၌ စာပေသင်ကြားရာတွင် အသုံးပြုသော ဘာသာစကား (Medium of Instruction)[၄] အား ဖော်ပြထားပါသည်။ သို့ရာတွင် မြန်မာနိုင်ငံအစိုးရအနေဖြင့် အလုံးစုံသောကျောင်းများ၌ သင်ကြားနေသော ဘာသာရပ် ပညာများကို မြန်မာဘာသာစကားဖြင့် သင်ကြားရန် လက်ခံခြင်းအပြင်၊ (၆.၁) တွင်

> “ဗမာမဟုတ်သော တိုင်းရင်းသားကလေးများ တက်ရောက်သော ကျောင်းများ၏ မူလတန်းဌာန (Primary Department) တွင် ပညာရပ်များကို သင်ကြားရာ၌ မြန်မာဘာသာစကားအစား မိမိတိုင်းရင်း သားလူမျိုးတို့၏ မိရိုးဖလာစကားဖြင့် သင်ကြားနိုင်ရန်” ဖော်ပြထားသည် သာမက

ယင်းအပြင် (၆.၂) ၌

> “မိရိုးဖလာဘာသာကို သုံးရန်အခွင့်ပြုသည့် ယာယီစနစ်အရ သင်ကြားသော ကျောင်းများ၌ အလယ်တန်းနှင့် အထက်တန်း သင်တန်းများ၌ ငါးနှစ်တာအတွင်း မြန်မာစာပေစကားကို အဆင့်ဆင့် တိုးတက်ကာ အစားထိုး သင်ကြားနိုင်ရန်”[၅]
>
> ကြေညာခဲ့သည်။

ထို့ကြောင့် တိုင်းရင်းသား မိခင်ဘာသာစကား သင်ကြားခြင်း ခွင့်ပြုမှုသည် ယာယီစနစ်ဖြင့်သာဖြစ်ပြီး၊ အလယ်တန်းနှင့် အထက်တန်းအဆင့်များတွင် မြန်မာဘာသာ စာပေများကို အဆင့်ဆင့် တိုးမြှင့်သင်ကြားနိုင်ရန် ဖော်ပြထားသည်။ ၁၉၄၈ ခုနှစ် ပညာရေးမူဝါဒ ထုတ်ပြန်ချက်များတွင် အထူးသဖြင့် တိုင်းရင်းသားလူမျိုးအတွက် ပညာသင်ကြားရာတွင် တရားဝင်အနေဖြင့် တိုင်းရင်းသားလူမျိုးများ၏ စာပေများဖြင့် သင်ကြားခွင့်မူမျိုး အားမပေးဘဲ ဘာသာစကားအဆင့်၌သာ အားပေးခြင်း စသောအကန့်အသတ်ဖြင့်သာ သင်ကြားခွင့်ရရှိခဲ့သည်။ (၁၉၄၈) ခုနှစ် ပညာရေးမူဝါဒ အကြောင်းအရာ (၇)ရပ်ပါထုတ်ပြန်ချက်များကိုလက်တွေ့အကောင်အထည်ဖော်ရာတွင် (၁၉၅၀-၅၁) ပညာသင်နှစ်၏ အစဖြစ်သော (၁၉၅၀) ပြည့်နှစ်၊ ဇွန်လ (၁) ရက်နေ့၌ စတင် အကောင်အထည်ဖော်ဖြစ်ခဲ့သည်။ အကြောင်းအရာ (၇) ရပ်များမှ လက်တွေ့အကောင်အထည်ဖော်ရာတွင် (၆) ချက်မြောက်ဖြစ်သော စာပေသင်ကြားရာတွင် အသုံးပြုသော ဘာသာစကားကို ကျောင်းအဆင့်အတန်း[၆] အားလုံးလိုလိုတွင် ဘာသာရပ်ပညာ အသီးသီးသင်ကြားရာတွင် မြန်မာဘာသာစကားဖြင့် သင်ကြားပို့ချခြင်း၊ ပဉ္စမတန်းအဆင့်မှ စတင်၍ အင်္ဂလိပ်ဘာသာစကားသည် မလွဲမသွေ သင်ကြားရမည့် ဒုတိယဘာသာစကားအဖြစ် သတ်မှတ်ပြဌာန်းခဲ့သည်။ ယင်းအပြင်၊ (၁၉၄၅) ခုနှစ်တွင် ရေးဆွဲပြဌာန်းခဲ့သော ကျောင်းစာသင်ခန်းစာ သင်ရိုးများကိုလည်း အသစ်တဖန် ပြန်လည်ရေးဆွဲပြီး၊ (၁၉၅၀) ခုနှစ်၌ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းဟူ၍ ပြန်လည်သင်ယူစေခဲ့သည်။ ဧကန်စင်စစ်အားဖြင့် ကြည့်ရှုပါက (၁၉၄၈) ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ပညာရေးမူဝါဒ ကြေညာချက်တွင် **“ဗမာမဟုတ်သော တိုင်းရင်းသားများအတွက် မိမိတို့ မိခင်ဘာသာစကားဖြင့် သင်ကြားနိုင်ရန်”** ဟူ၍ အတိအလင်း ရေးသားထားပြီး၊ လက်တွေ့၌ မြန်မာမှုပြု (Burmanization) နေသည်မှာ သက်သေသာဓကပင်ဖြစ်သည်။ တိုင်းရင်းသား ဘာသာစကား၊ စာပေကို တိုင်းရင်းသား ပြည်နယ်များတွင် တရားဝင်သင်ကြားခွင့် ရှိခဲ့ဖူးသည်။ (၁၉၄၈) ခုနှစ်မှ (၁၉၇၄)ခုနှစ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မတိုင်မီအထိ ရှိခဲ့သည်ဟု သိရသည်။ (၁၉၆၂) ခုနှစ် ဦးနေဝင်းမှ နိုင်ငံတော်အာဏာသိမ်းပြီး နောက်ပိုင်း၌ တိုင်းရင်သားစာပေများကို အစိုးရကျောင်းများ၌ တရားဝင် သင်ကြားခွင့်များ ပိတ်ပင်လိုက်ပြီး၊ ယနေ့အထိ ပြန်လည် သင်ကြားခွင့်ရရေး အဆိုပြုနေရကြောင်း တိုင်းရင်းသားပါတီများက ပြောဆိုသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီသည် (၁၉၆၆) ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ အခြေခံပညာရေး ဥပဒေ - ၂[၇] ဖြင့် ပြဋ္ဌာန်းပေးခဲ့သည်။ ယင်းဥပဒေ - ၂ တွင်လည်း တိုင်းရင်းသားလူမျိုးအသီးသီး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုများအတွက် ပြဋ္ဌာန်းဖော်ပြထားခြင်းမရှိပါ။ ထို့နောက် (၁၉၇၃) ခုနှစ်၊ အောက်တိုဘာလ၊ ၂၉ ရက်နေ့

၄ ဦးသန်းဦး၊ မြန်မာနိုင်ငံ ပညာရေးဌာနသမိုင်း - လွတ်လပ်ရေးရပြီးကာလ၊ ပထမပိုင်း (၁၉၄၈-၁၉၅၂) (ရန်ကုန်မြို့- ပညာရိပ်စာစဉ်၊ ၂၀၁၄)၊ စာမျက်နှာ - ၁၉၇။

၅ ဦးသန်းဦး၊ မြန်မာနိုင်ငံ ပညာရေးဌာနသမိုင်း - လွတ်လပ်ရေးရပြီးကာလ၊ ပထမပိုင်း (၁၉၄၈-၁၉၅၂) (ရန်ကုန်မြို့- ပညာရိပ်စာစဉ်၊ ၂၀၁၄)၊ စာမျက်နှာ - ၁၉၇။

၆ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း အဆင့်အားလုံးကို ဆိုလိုသည်။

၇ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့၊ [၁၉၆၆ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ အခြေခံပညာရေး ဥပဒေအမှတ် ၂] ၁၉၆၆ ခုနှစ် ဧပြီလ ၂၈ ရက်နေ့တွင် ထုတ်ပြန်သည်။

တွင် ထုတ်ပြန်ကြေညာသော (၁၉၇၃) ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၄ - ပြည်ထောင်စုမြန်မာနိုင်ငံ အခြေခံပညာရေးဥပဒေ၌ တိုင်းရင်းသားလူမျိုးနွယ်အသီးသီးတို့၏ စာပေ၊ ယဉ်ကျေးမှုစသည်များအား ပြဋ္ဌာန်းပေးခြင်း မရှိကြောင်း တွေ့ရသည့်အပြင်၊ ပုဒ်မ - ၁၁[၈] အားဖြင့် (၁၉၆၆) ခုနှစ် အခြေခံပညာရေး ဥပဒေအမှတ် (၂) ကိုလည်း ယင်းဥပဒေဖြင့် ရုပ်သိမ်းပြီးနောက်၊ (၁၉၇၃) ခုနှစ် အခြေခံပညာရေးဥပဒေသည် (၁၉၉၂) ခုနှစ်ထိတိုင်အောင် တည်ဆဲဥပဒေအနေဖြင့် ပြဋ္ဌာန်းလာခဲ့သည်။ (၁၉၇၄) ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ - (၂၁)/(ခ)[၉] အရ တိုင်းရင်းသားလူမျိုးများကို မိမိတို့၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုနှင့် ပတ်သက်၍ လွတ်လပ်စွာ ပြောဆိုရေးသားခွင့် ပြုထားသော်လည်း၊ သို့ရာတွင် ဥပဒေအားဖြင့်သော်လည်းကောင်း၊ အများအကျိုးအားဖြင့်သော်လည်းကောင်း မသွေဖီဘဲ ရေးသားမှသာလျှင် ခွင့်ပြုထားသည်ဟု အဓိပ္ပါယ်သက်ရောက်နေသည်။ ပုဒ်မ - ၁၅၂/(ခ)[၁၀] အရ မြန်မာစာသည် အများသုံး၊ ရုံးသုံးစာအနေဖြင့် ပြဋ္ဌာန်းထားပြီး၊ တိုင်းရင်းသားလူမျိုးများ၏ စာပေများကိုလည်း အတိအလင်း အနေဖြင့် သင်ကြားမှု ခွင့်ပြုထားသည်။

(၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ - ၂၂/(က) တွင် နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားလူမျိုးများ၏ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုများကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်ဟု ရေးသားဖော်ပြထားသည်။ သို့ရာတွင် "ပုဒ်မ - ၄၅၀ ၌ မြန်မာစာသည် ရုံးသုံးစာဖြစ်သည်" ဟု အတိအလင်း ရေးသားပြဋ္ဌာန်းထားသည်။[၁၁]

## ၃.၁။ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် (၂၀၁၅) ၌ MTB-MLE အခန်းကဏ္ဍ သုံးသပ်ခြင်း

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၅) ၌ တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုများကို အမျိုးသားပညာရေး[၁၂] အနက် အဓိပ္ပါယ်ဖွင့်ဆိုချက်တွင် ထည့်သွင်းထားသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးသို့ ဦးတည်ရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ ဒေသအသီးသီးတွင် ဒေသလိုအပ်ချက်များနှင့် ကိုက်ညီသော ပုံစံများကို အခြေခံ၍ အတူတကွ ဖော်ဆောင်မည့် မူဝါဒတစ်ရပ်ဖြစ်သည်။ ယင်းသို့ ဖော်ဆောင်ရာတွင် တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုများအတွက် အခြေခံလိုအပ်လျက်ရှိသော ဆရာ၊ ဆရာမများကိုလည်း မွေးထုတ်ပေးရန်မှာလည်း မရှိမဖြစ် အရေးကြီးသော အချက်ပင် ဖြစ်သည်။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ - ၄၃၊ ပုဒ်မခွဲ (ခ) ၌ ဗမာစကားတတ်ကျွမ်းမှု အားနည်းသော တိုင်းရင်းသားလူမျိုးများကို မိမိတို့၏ တိုင်းရင်းသားဘာသာစကားဖြင့်လည်း တွဲဖက်အသုံးပြုနိုင်ကြောင်း ဖော်ပြထားသော်လည်း၊ အခြေခံပညာ အဆင့်တိုင်း၌ ပုံနှိပ်ဖတ်စာအုပ်များ အများစုသည် ဗမာစာပေဖြင့် ပြဋ္ဌာန်းသည့်အပြင်၊ တိုင်းရင်းသားလူမျိုးများ၏ ဒေသနှင့်ကိုက်ညီသော သင်ရိုးညွှန်တမ်းများကို မပြဋ္ဌာန်းခြင်းကြောင့် တိုင်းရင်းသားလူမျိုးများ၏ ဒေသစကား အသုံးအနှုန်း ဝေါဟာရများနှင့် မကိုက်ညီနိုင်သော အရာများလည်း ရှိပါသည်။

ပြင်ဆင်သည့် ဥပဒေ (၂၀၁၅) ပုဒ်မ၂၀/(ဂ)၌ အတိအလင်း ဖော်ပြထားသည်။ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့စွဲ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် - ၄၁ ဖြင့် အတည်ပြု ပြဋ္ဌာန်းခဲ့သော အမျိုးသားပညာရေး ဥပဒေ - ပုဒ်မ (၄၄) ၌ ဖော်ပြချက်အရ၊ တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကားနှင့် စာပေသင်ကြားမှုများကို သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အခြေခံပညာရေး မူလတန်းအဆင့်မှတဆင့် စတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ပြုထားသော်လည်း ပကတိ

---

၈ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ၊ ၁၉၇၃ ခုနှစ်၊ပြည်ထောင်စုမြန်မာနိုင်ငံ အခြေခံပညာရေး ဥပဒေအမှတ် ၁၄ - အခန်း(၅) အခြေခံပညာရေး စီမံခန့်ခွဲမှု (ရန်ကုန်မြို့ - ၁၉၇၃ ခုနှစ်၊ အောက်တိုဘာ ၂၉ ရက်)၊ စာမျက်နှာ - ၁၃၈။

၉ တိုင်းရင်းသားလူမျိုးများသည် မိမိတို့ကိုးကွယ်သည့်ဘာသာနှင့် ချစ်ခင်မြတ်နိုးသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ ထုံးတမ်းတို့ကို ဥပဒေများနှင့်ဖြစ်စေ၊ အများအကျိုးနှင့်ဖြစ်စေ မဆန့်ကျင်လျှင် လွတ်လပ်စွာ ကိုးကွယ်ခွင့်၊ ပြုစုပျိုးထောင်ခွင့်၊ ပြောဆိုရေးသားကျင့်သုံးခွင့်ရှိသည်။

၁၀ မြန်မာစာသည် အများသုံးစာဖြစ်သည်၊ ကျန်တိုင်းရင်းသားများ၏ စာများကိုလည်း သင်ကြားခွင့်ရှိသည်။

၁၁ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) - အခန်း(၁၅) အထွေထွေ ပြဋ္ဌာန်းချက်များ၊ (ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ၂၀၀၈)၊ စာမျက်နှာ - ၁၇၉။

၁၂ "အမျိုးသားပညာရေး" အမျိုးသားဥပဒေကို ပြင်ဆင်သည့် ဥပဒေ - ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၈ (နေပြည်တော် - ပြည်ထောင်စုလွှတ်တော်၊ ၂၀၁၅ ခုနှစ် ဇွန်လ ၂၅ ရက်)၊ စာမျက်နှာ-၁။

လက်ရှိ နိုင်ငံရေးအခြေအနေ (၂၀၀၈) ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရ အဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့ (ဗဟို) ၏ လက်အောက် ၌သာ ရှိနေသောကြောင့် လက်တွေ့အကောင်အထည်ဖော် ဆောင်မှုအပိုင်းတွင် အင်မတန်ပင် အားနည်းနေသေးသည်။ ယင်းသို့ အကောင်အထည်ဖော်ဆောင်ရာတွင် အချို့သော တိုင်းရင်းသားနယ်မြေများ၏ အစိုးရ စာသင်ကျောင်းများ၌ ဘာသာစကား၊ စာပေသင်ကြားမှု အပိုင်းတွင် လက်တွေ့၌ ဆရာ/ဆရာမများ၏ လစာများကို အချိန်မှီ မပေးနိုင်ခြင်း၊ လိုအပ်သော သင်ထောက်ကူပစ္စည်းများကို အလုံအလောက် မထောက်ပံ့ပေးနိုင်ခြင်း၊ တိုင်းရင်းသား စာပေသင်ကြားရာ တွင် သီးသန့်စာသင်ချိန် တစ်ချိန်အနေဖြင့် တရားဝင် မရေး ဆွဲပေးနိုင်ခြင်းစသော စိန်ခေါ်မှုများ ကြုံတွေ့နေရပါသည်။ ၂၀၁၆ ခုနှစ်၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အစိုးရ၏ ပညာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော အမျိုးသား ပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆ - ၂၀၂၁) အနှစ်ချုပ် တွင် တိုင်းရင်းသားလူမျိုးများအနေဖြင့် ပညာသင်ကြားရာ တွင် မိမိတို့၏ မိခင်ဘာသာစကား၊ စာပေများဖြင့် ပညာ သင်ကြားမှုဆိုင်ရာ အခွင့်အလမ်းများ ဖော်ပြထားခြင်းမရှိ သောကြောင့် ဆုံးရှုံးနေရပါသည်။

**ဒေးဗစ် ငိုင်ဆတ်(ခ်)၊ တရားလွှတ်တော်ရှေ့နေမှ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် ချင်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၏ သုံးသပ်ချက်နှင့် အမျိုးသား ပညာရေးဥပဒေအပေါ် ဆွေးနွေးတင်ပြချက်မှာ**

"နောက်အထူး တင်ပြချက်အနေနဲ့ မိခင်ဘာသာ စကားပါ၊ မိခင်ဘာသာစကားဆိုတာ ကျနော့်အနေနဲ့ ဒီမှာတင်ပြရရင် ဖွဲ့စည်းပုံ အခြေခံဥပဒေမှာကော ပုဒ်မ (၂၂ - က) နောက်တစ်ခုက ပညာရေးဥပဒေ ရည်မှန်း ချက်မှာကော အတိအလင်း တိုင်းရင်းသားလူမျိုးများ တွေရဲ့ ဒီဘာသာစကားကို ပျိုးထောင်မြှင့်တင်ပေးရန် ဆိုတာကို အတိအလင်းပါပါတယ်။ ဒါပေမယ့် အဲဒီလို အချက်သာပါပြီးတော့၊ ဥပဒေအဟောင်းထဲမှာ တိုင်းရင်းသား မိခင်ဘာသာစကားရဲ့ အခန်းကဏ္ဍကို မတွေ့သလောက် ဖြစ်ပါတယ်။ ရည်မှန်းချက်မှာသာ ကြီးကြီးကျယ်ကျယ် တစ်ခါတည်း ထည့်ထားတယ်၊ နောက်ပိုင်းမှာ ဒီတိုင်းရင်းသားလူမျိုးတွေရဲ့ မိခင် ဘာသာစကားအနေနဲ့ ဘယ်လိုဖော်ဆောင်မလဲ ဆိုတာကို မပါဘူး၊ ဆိုတော့ ရှေ့က ရည်မှန်းချက်နဲ့ နောက်က ပြဋ္ဌာန်းချက်က မလိုက်ဘူးဖြစ်နေတယ်"[၁၃] ဟု တင်ပြဆွေးနွေးခဲ့သည်။

၁၃ David Ngai Sak, CLD's Democratic opinon and perspective on current National Education Law https://www.youtube.com/watch?v=R2eZjqHSpmY (accessed on October 24, 2017).

# အခန်း (၄)

# တိုင်းရင်းသားဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုဆိုင်ရာ လှုပ်ရှားမှုများ

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပညာရေးအခန်းကဏ္ဍ၌ တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေဖြင့် သင်ကြားခြင်းကို ဖော်ပြထားခြင်းမရှိပါ။ ၎င်းအစား ပုဒ်မ - ၄၅၀ တွင် ဖော်ပြထားသည်မှာ မြန်မာဘာသာစကားသည်သာ တရားဝင် ရုံးသုံးဘာသာစကားဖြစ်သည်ဟု ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးနွယ်စုများသည် မိမိတို့၏ မိခင်ဘာသာစကားနှင့် စာပေများကို ဘုန်းတော်ကြီးကျောင်းများ၊ ခရစ်ယာန်အသင်းတော်များနှင့် လူမျိုးနွယ်စုအသီးသီးမှ ဖွဲ့စည်းတည်ထောင်ထားသော စာပေ၊ ယဉ်ကျေးမှု အသင်းအဖွဲ့များ၌သာလျှင် သင်ယူရရှိနိုင်ပါသည်။ တိုင်းရင်းသားလူမျိုးများသည် ၎င်းတို့၏ ဘာသာစကား၊ စာပေသင်ကြားရာတွင် နွေရာသီကျောင်းပိတ်ရက်များ (Summer School Program) တွင်သာ သင်ကြားခွင့် ရရှိသည်။ အချို့သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသည် ပညာရေးမူဝါဒများ ပြုပြင်ပြောင်းလဲပေးရန်နှင့် အတူ ကျောင်းစာသင်ချိန် အတန်းများတွင် တိုင်းရင်းသားဘာသာစကား၊ စာပေသင်ကြားမှု ခွင့်ပြုနိုင်ရန်အတွက် အဆိုပြုချက်များရှိနေသည်။ ကလေးများအနေဖြင့်လည်း ၎င်းတို့၏ မိခင်ဘာသာစကားဖြင့် အတန်းပညာရပ်များကို သင်ကြားခြင်းသည် ပိုမိုနားလည်မှုရရှိအောင် မြှင့်တင်ပေးခြင်းဖြစ်သည်။

လက်ရှိ မွန်အမျိုးသားကျောင်း ပညာရေးစနစ်သည် ပုံသက်သေသာဓကတစ်ခုအဖြစ် ရှိနေသည်။ မွန်အမျိုးသား ပညာရေးစနစ်ကို (၁၉၇၂) ခုနှစ်တွင် မွန်ပြည်သစ်ပါတီမှ စတင်အကောင်အထည်ဖော်ဆောင်ခဲ့သည်။ မွန်အမျိုးသားကျောင်း ပညာရေးစနစ်သည် မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံပညာရေးစနစ်ဖြစ်ပြီး အခြေခံပညာ မူလတန်းအဆင့်မှ စတင်၍ အလယ်တန်းအဆင့်အထိ သင်ကြားလျက်ရှိသည်။

စစ်တပ်အုပ်ချုပ်မှု (ဝါ) စစ်အာဏာရှင်စနစ် အုပ်ချုပ်မှုလက်အောက်တွင် တိုင်းရင်းသားဘာသာစကား၊ စာပေသင်ကြားခွင့်ကို မည်မျှပင် ပိတ်ပင်တားဆီးထားသော်လည်း မွန်၊ ကရင်၊ ကချင်နှင့် အခြားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသည် မိမိတို့ နယ်မြေဒေသအတွင်း၌ မိမိတို့ ကိုယ်ပိုင်ပညာရေးစနစ်ဖြင့် ရှင်သန်ရပ်တည်လာခဲ့သည်။ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ၌ အမျိုးသားလွှတ်တော်သည် ပုဂ္ဂလိက ကိုယ်ပိုင်ကျောင်းများ၌ တိုင်းရင်းသားဘာသာစကား၊ စာပေသင်ကြားမှုအား စာသင်ခန်းများတွင် ထပ်ပေါင်းဘာသာရပ် တစ်ခုအနေဖြင့် ခွင့်ပြုလာခဲ့ သည်။ သို့ရာတွင် ဒေသဆိုင်ရာ ပညာရေးဌာနများမှ ထောက်ခံချက် လိုအပ်ကြောင်းကို လွှတ်တော်ကိုယ်စားလှယ်များမှ ပြောကြားခဲ့သည်။ ယင်းသို့ သင်ကြားခြင်းကို ခွင့်ပြုရာ၌ ဒို့…တာဝန်အရေး (၃) ပါးကို[၁၄] အထူးဂရုပြု လေးစားလိုက်နာရမည်ဟု ထည့်သွင်းထားသည်။ တိုင်းရင်းသားခေါင်းဆောင်များနှင့် မြန်မာအစိုးရ တာဝန်ရှိသူများအကြား တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ပြီးနောက်၊ အစိုးရသည် တိုင်းရင်းသား လူမျိုးများ၏ ဘာသာစကား၊ စာပေသင်ကြားမှုကို အစိုးရကျောင်းများ၌ သင်ကြားခွင့်ပြုရာတွင် ကျောင်းချိန်ပြင်ပ၌သာ သင်ကြားရန်ခွင့်ပြုခဲ့သည်။

---

၁၄ ဒို့…တာဝန်အရေး (၃) ပါးမှာ (၁) ပြည်ထောင်စု မပြိုကွဲရေး၊ (၂) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် (၃ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး စသည့်အချက်များဖြစ်သည်။

၂၀၁၂ ခုနှစ်၊ ဩဂုတ်လတွင် မွန်တိုင်းရင်းသားခေါင်းဆောင်များသည် သမ္မတဦးသိန်းစိန်နှင့် တွေ့ဆုံခဲ့ရာ၌ အစိုးရစာသင်ကျောင်းများ၏ စာသင်ချိန်များတွင် တိုင်းရင်းသားဘာသာစကား၊ စာပေသင်ကြားခြင်းကို ခွင့်ပြုပေးရန် တဖန်ပြန်လည်အဆိုပြုခဲ့သည်။ မွန်ကိုယ်စားလှယ်တစ်ဦးဖြစ်သော နိုင်ကျော်ဝင်းမှ "ကျနော်တို့ သင်ရိုးညွှန်းတမ်းကို အစိုးရကျောင်း စာသင်ချိန်အတွင်း၌ သင်ကြားခွင့်ပြုရန်အတွက် သမ္မတကြီးအား ပြောကြားခဲ့ကြောင်း ပြောဆိုခဲ့သည်။ ကျနော်တို့သင်ရိုးညွှန်းတမ်း (မွန်စာ) ကိုကျောင်းစာသင်ချိန်ပြင်ပအချိန်၌သာ သင်ကြားခွင့်ရခြင်းသည် ကျောင်းသားများကို ပိုမိုပင်ပန်းစေပါသည်၊ အဘယ်ကြောင့်ဆိုသော် အစိုးရပုံမှန်ကျောင်းချိန် ပြီးဆုံးချိန်မှသာ ကျောင်းသား/သူများက မွန်စာသင်ချိန်များသို့ ထပ်မံပြန်လည် သွားတက်ရောက်ရခြင်းကြောင့်ဖြစ်သည်။[၁၅] အစိုးရမှ မွန်ဆရာ၊ ဆရာမသင်တန်းများနှင့် သင်ရိုးညွှန်းတမ်း ဖွံ့ဖြိုးရေးအတွက် ရံပုံငွေအမေရိကန်ဒေါ်လာ တစ်သန်း ထောက်ပံ့ပေးမည်ဟု ကတိကဝတ်ပြုခဲ့သည်။ သို့သော်လည်း ရံပုံငွေကို ဘယ်သောအခါမျှ ထောက်ပံ့စီစဉ်ပေးခဲ့ခြင်းမရှိခဲ့ပေ။

၂၀၁၄ ခုနှစ်၌ မွန်ပြည်နယ်လွှတ်တော် အဌမပုံမှန်အစည်းအဝေးမှ[၁၆] မွန်စာပေသင်ကြားရေးအား လွှတ်တော်မှ သတ်မှတ်ပေးခဲ့သည်။ (၂၀၁၄-၁၅) စာသင်နှစ်တွင် ကျောင်းစာသင်ချိန်ဖြစ်သည့် ဖွံ့ဖြိုးရေးအချိန်အစား မွန်စာပေသင်ကြားချိန်အဖြစ် သတ်မှတ်ပေးခဲ့သည်။ ယင်းသို့ ပြဌာန်းရာတွင် မွန်ဘာသာစာပေ သင်ကြားပေးမည့် ဆရာ၊ ဆရာမများ၏ လစာမှာ အစိုးရ ကျောင်းဆရာ/ ဆရာမများကဲ့သို့ လစာအပြည့်အဝရရှိနိုင်မည်မဟုတ်ဘဲ၊ အစိုးရအနေဖြင့် တတ်နိုင်သလောက်သာ ပံ့ပိုးပေးနိုင်မည်ဟု လွှတ်တော်တွင် ဆွေးနွေးတင်ပြခဲ့သည်။ လက်ရှိအနေအထားတွင် အစိုးရကျောင်းများ၌ မွန်စာပေ သင်ကြားပေးနေသည့် ဆရာ/ဆရာမများကို တစ်လလျှင် (၃၀,၀၀၀) ကျပ်နှုန်းဖြင့် ပေးနေကြောင်းသိရသည်။ မွန်စာပေသင်ကြားသည့် ဆရာ၊ ဆရာမများ၏ တစ်နှစ်၏ လစာသက်တမ်း ကာလမှာ (၉) လအထိသာ အကျုံးဝင်သည်။

၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ရန်ကုန်တွင်ပြုလုပ်သော ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီမှ ဒေါက်တာ စိုင်းဆိုင်အိုက် ဦးဆောင်ကျင်းပသော ရှမ်းလူမျိုးများ အလုပ်ရုံဆွေးနွေးပွဲ၌ ထင်ရှားသော နိုင်ငံရေးခေါင်းဆောင် ခွန်ထွန်းဦး (ရှမ်းအမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်)၊ ပညာရေးတက္ကသိုလ်မှ ပါမောက္ခများ၊ ဆရာ/ဆရာမများ၊ ဘုန်းတော်ကြီးများနှင့် ရှမ်းတိုင်းရင်းသားလက်နက်ကိုင် ခေါင်းဆောင်များ (အစိုးရနှင့် လက်မှတ်ရေးထိုးထားသောအဖွဲ့) စသော တက်ရောက်သူ ကိုယ်စားလှယ်စုစုပေါင်း (၂၀၀) ကျော်ဦးရေ ပါဝင်တက်ရောက်ခဲ့သည်။ ရှမ်းလူမျိုးများအနေဖြင့်လည်း မိမိတို့ကိုယ်ပိုင် ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုများအတွက် ကိုယ်ပိုင်ဘာသာစကားသင်ရိုးညွှန်းတမ်း ရှိနေပြီး၊ ၎င်းသင်ရိုးညွှန်းတမ်းသည် အချိန်ကာလ သက်တမ်းလွန်နေသဖြင့် သင်ရိုးညွှန်းတမ်း အသစ်အား မည်သို့မည်ပုံ တိုးတက်အောင် ရေးဆွဲပြီး၊ အစိုးရကျောင်းများ၌ သင်ကြားနိုင်ရန်အတွက် ဆွေးနွေးခဲ့သည်။ ရှမ်းလူမျိုးလူဦးရေသည် (၆) သန်းကျော်ရှိပြီး၊ မြန်မာ နိုင်ငံ၌ တိုင်းရင်းသားလူမျိုးနွယ်များထဲမှ အကြီးမားဆုံးသော လူမျိုးနွယ်စု တစ်ခုဖြစ်သည်။ ရှမ်းလူမျိုးနွယ်စုများ၏ ဘာသာစကား (ဗျည်း၊ သရ၊ အက္ခရာများ) သည် စစ်အာဏာရှင်များ၏ စည်းမျဉ်းစည်းကမ်းများကြောင့် ဆယ်စုနှစ်များ ကြာသည်အထိ တားမြစ်ခြင်း ခံခဲ့ရသည်။[၁၇] ယင်းအစား၊ အစိုးရကျောင်းများတွင် ဗမာဘာသာစကားကိုသာ အဓိကထား ဦးတည် သင်ကြားပေးနေသည်။

၂၀၁၂ ခုနှစ်၊ အောက်တိုဘာလတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပညာရေးဆိုင်ရာ ပညာရှင်များအဖွဲ့၊ တက်ကြွလှုပ်ရှားသူများ၊ ဆရာ/ဆရာမများနှင့် ဘာသာရေးခေါင်းဆောင်များ၊ ၈၈ မျိုးဆက်ကျောင်းသားများနှင့် ဒီမိုကရက်တစ်အသိုင်းအဝိုင်းများ၊ Thinking Classroom Foundation၊ ဆရာများသမဂ္ဂ၊ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ၊ တိုင်းရင်းသားပညာရေး အဖွဲ့အစည်းများနှင့် ခရစ်ယာန်အသင်းတော်များ အပါအဝင် အစိုးရ၏ ပညာရေးပေါ်လစီကို အကြံပြုရန်အတွက် ပညာရေး ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ဆွေးနွေးပွဲ တစ်ရပ် ပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲ တက်ရောက်သူ (၃၀၀) ကျော် ပါဝင်သည့် အဆိုပါပညာရေး ဆွေးနွေးပွဲတွင် ဦးဆောင် ပါဝင်ခဲ့ကြသော ပညာရှင်များ၊ ကျောင်းသားသမဂ္ဂများ (ဗ.က.သ၊ တ.က.သ၊ က.သ.ဖ)၊ တက္ကသိုလ်ဆရာ၊ ဆရာမအသင်းများ၊ ပုဂ္ဂလိကဆရာ၊ ဆရာမအသင်းများ၊ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးသင်ကျောင်းများ၊ ခရစ်ယာန်အခြေပြု ဓမ္မတက္ကသိုလ်နှင့် ကျောင်းများ၊ တိုင်းရင်းသားပညာရေး စာပေနှင့် ယဉ်ကျေးမှု အဖွဲ့အစည်းများ။ မသန်စွမ်းပညာရေး အဖွဲ့အစည်းများ၊ ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း၊ လူဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ Generation Wave (GW)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပညာရေးကွန်ရက်၊ Educationalist Network နှင့်

၁၅ Pon Nya Mon, “Education Reform and National Reconciliation in Burma” (Western Conference Association for Asian Studies, Arizona Sate University, 2014).

၁၆ Pon Nya Mon, “Education Reform and National Reconciliation in Burma” (Western Conference Association for Asian Studies, Arizona Sate University, 2014).

၁၇ Lawi Weng/ The Irrawaddy, July 23, 2012, Shan Push for Native Language, http://www.irrawaddy.org/z_on/shans-push-for-native-language.html (accessed on October 8, 2017).

Thinking Classroom Foundation (TCF) စသည့် အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များတို့သည် "ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာကွန်ရက်" (NNER) ဖွဲ့စည်းခဲ့သည်။ ၂၀၁၃ ခုနှစ်၊ ဖွန်လ (၈ - ၉) ရက်နေ့များတွင် NNER မှ ပညာရေးဆိုင်ရာ အမျိုးသားညီလာခံ တစ်ခုအား (၁,၂၀၀) ဦးရေကျော် တက်ရောက်သူများဖြင့် မရမ်းကုန်း မြို့နယ်၊ ရန်ကုန်မျက်မမြင်ကျောင်း (ခဝဲခြံ)၌ ကျင်းပပြုလုပ် ခဲ့သည်။[၁၈] ၎င်းဆွေးနွေးပွဲမှ ထောက်ခံချက်များသည် ပညာရေးစနစ်တွင် ဗဟိုချုပ်ကိုင်မှု လျှော့ချရေး၊ အစိုးရ ကျောင်းများတွင် တိုင်းရင်းသား ဘာသာစကား၊ စာပေ သင်ကြားမှုကို ထောက်ခံ (အားပေးခြင်း)၊ အခြေခံပညာရေး မူလတန်းအဆင့်၌ မိခင်ဘာသာစကားကို သင်ကြားရေး မဏ္ဍိုင်အဖြစ် (Medium of Instruction) အသုံးပြုရန် စသော အချက်များပါဝင်သည်။

တိုင်းရင်းသားမိခင်ဘာသာစကား သင်ကြားမှုကို CESR (Comprehensive Education Sector Review) ၌ ဘယ်လို (မည်သို့မည်ပုံ) အဆိုပြုနိုင်ကြောင်း တိုင်းရင်းသား လူမျိုးစုများထဲတွင်လည်း ဆွေးနွေးခဲ့ပြီးဖြစ်သည်။ (၂၀၁၃ - ၁၄) ပညာသင်နှစ်၌ အစိုးရမှ မွန်ဘာသာစကား၊ စာပေကို မွန်ပြည်နယ်တွင်ရှိသော အချို့သော ကျောင်းများ၌ သင်ကြားခွင့်ပြုမည်ဟု ကတိကဝတ်ပြုထားသော်လည်း၊ တစ်စုံတစ်ခုမျှ ပြီးစီးအောင် ဆောင်ရွက်ခဲ့ခြင်းမရှိပေ။ သို့ရာတွင် ၂၀၁၄ ခုနှစ်၌ မွန်ပြည်နယ်လွှတ်တော် အဌမ ပုံမှန်အစည်းအဝေးမှ[၁၉] မွန်စာပေ သင်ကြားရေးအား လွှတ်တော်မှ သတ်မှတ်ပေးခဲ့သည်။ (၂၀၁၄ - ၁၅) စာသင် နှစ်တွင် ကျောင်းစာသင်ချိန်ဖြစ်သည့် ဖွံ့ဖြိုးရေးအချိန်အစား မွန်စာပေ သင်ကြားချိန်အဖြစ် သတ်မှတ်ပေးခဲ့သည်။ ယင်းသို့ ပြဋ္ဌာန်းရာတွင် မွန်ဘာသာ စာပေသင်ကြားပေး မည့် ဆရာ၊ ဆရာမများ၏ လစာမှာ အစိုးရကျောင်း ဆရာ/ ဆရာမများကဲ့သို့ လစာအပြည့်အဝ ရရှိနိုင်မည်မဟုတ်ဘဲ၊ အစိုးရအနေဖြင့် တတ်နိုင်သလောက်သာ ပံ့ပိုးပေးနိုင်မည် ဟု လွှတ်တော်တွင် ဆွေးနွေးတင်ပြခဲ့သည်။ လက်ရှိ အနေ အထားတွင် အစိုးရကျောင်းများ၌ မွန်စာပေသင်ကြားပေး နေသည့် ဆရာ/ဆရာမများကို တစ်လလျှင် (၃၀,၀၀၀) ကျပ်နှုန်းဖြင့် ပေးနေကြောင်းသိရသည်။ မွန်စာပေသင်ကြား သည့် ဆရာ၊ ဆရာမများ၏ တစ်နှစ်၏ လစာသက်တမ်း ကာလမှာ (၉) လအထိသာ အကျုံးဝင်သည်။

မကွေးတိုင်းအတွင်းရှိ အခြေခံပညာကျောင်းများတွင် အရှိချင်း တိုင်းရင်းသားစာပေ သင်ကြားပေးနေသော ဆရာ၊ ဆရာမ များအား ပညာရေးဝန်ကြီးဌာနမှ နေ့စားလပေး အစိုးရ ဝန်ထမ်းများအဖြစ် တရားဝင် ခန့်အပ်မည်ဖြစ်ကြောင်း တိုင်းအစိုးရအဖွဲ့ဝင် ချင်းတိုင်းရင်းသားရေးရာ ဝန်ကြီး ဦးလှထွန်းမှ ပြောကြားခဲ့သည်။ တိုင်းရင်းသား စာပေ သင်ကြားပေးနေသော ဆရာ၊ ဆရာမ ဝန်ထမ်းအင်အား စာရင်းကို ကောက်ယူနေသည်ဟု ဝန်ကြီးမှ ပြောသည်။ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာ ၃၀ ရက်နေ့တွင် မကွေးတိုင်း၊ အောင်လံမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ရုံးခန်းမတွင် ကျင်းပပြုလုပ်သော အရှိချင်းတိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှု ကော်မတီဖွဲ့စည်းခြင်း အခမ်းအနား၌ ပြောဆိုခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် မကွေးတိုင်းအတွင်းရှိ မြို့နယ် (၁၁) မြို့နယ်၊ မင်းလှမြို့နယ်မှ လွဲပြီး ကျန်ရှိသော မြို့နယ်များရှိ အခြေခံပညာ ကျောင်းများတွင် အရှိချင်း စာပေကို ဆရာ၊ ဆရာမဝန်ထမ်း (၁၁၉) ဦးရေဖြင့် ကျောင်းသား၊ ကျောင်းသူပေါင်း (၆,၀၀၀) ကျော်အား သင်ကြားပေးခဲ့သည်။ လက်ရှိ ၂၀၁၇ ပညာသင်နှစ်တွင် ဆရာ၊ ဆရာမ (၅၅၄) ဦးရေဖြင့် ကျောင်းသား၊ ကျောင်းသူ ပေါင်း (၈,၀၀၀) ကျော်ကို သင်ကြား ပေးနေသည်။ အရှိချင်း တိုင်းရင်းသားစာပေ သင်ကြားပေးနေသော ဆရာ၊ဆရာမ များကို အစိုးရဝန်ထမ်းအဖြစ် နေ့စားလပေးအဖြစ် တရားဝင် ခန့်အပ်ပြီးပါက သက်ဆိုင်ရာ အခြေခံပညာကျောင်းများတွင် အရှိချင်းစာပေ သင်ကြားမှုကို ကျောင်းချိန် အတွင်း၌ပင် တစ်ပတ်လျှင် အနည်းဆုံး (၃) ချိန် သင်ကြားပေးမည်ဟု အရှိချင်းတိုင်းရင်းသားရေးရာဝန်ကြီးမှ ပြောကြားခဲ့သည်။ လက်ရှိ သင်ကြားပေးနေသော အရှိချင်းတိုင်းရင်းသား စာပေသင်ကြားချိန်သည် အခြားသော ဒေသများနည်းတူ ကျောင်းချိန်ပြင်ပတွင်သာ သင်ကြားခွင့်ရနေသည်။[၂၀]

မြန်မာပြည်အခြေစိုက် အစိုးရမဟုတ်သော အဖွဲ့အစည်း ဖြစ်သော ငြိမ်းဖောင်ဒေးရှင်းမှ ၂၀၁၁ ခုနှစ် ဧပြီလမှ ဖွန်လ အထိ စစ်တမ်းများကို ပြည်နယ် (၆) ခု[၂၁] တွင်ရှိသော ကျေးရွာ (၂၁) ရွာရှိ ဗမာမဟုတ်သော ကျောင်းသား/သူ များကို ဘာသာစကား တတ်ကျွမ်းမှု ကောက်ယူချက်များ အရ၊ ပညာရေးနှင့်ပတ်သတ်ပြီး ကွင်းဆင်း သုတေသနပြုရာ တွင် ဗမာလူမျိုး ကျောင်းသား/သူများနှင့် ဗမာလူမျိုးမဟုတ် သော ကျောင်းသား/သူများအကြား ဗမာပုံနှိပ်ဖတ်စာအုပ်

---

၁၈ ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေး နိုင်ငံရေးဆိုင်ရာ ကွန်ရက် (NNER)၊ ပြည်သူလူထုထံမှ ဆင်းသက်သော အမျိုးသားပညာရေး မူဝါဒ၊ ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၂၇။

၁၉ Pon Nya Mon, "Education Reform and National Reconciliation in Burma" (Western Conference Association for Asian Studies, Arizona Sate University, 2014).

၂၀ လင်းသက်နိုင်၊ မကွေးတိုင်းအတွင်းရှိ အရှိချင်းတိုင်းရင်းသား စာသင်ဆရာများကို နေ့စားလပေး အစိုးရဝန်ထမ်းအဖြစ် ခန့်အပ်မည်၊ http://www.7daydaily.com/story/109057 (accessed on October 5, 2017).

၂၁ ပြည်နယ် (၆) ခုမှာ ကချင်၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်နှင့် ရှမ်းပြည်နယ်များဖြစ်သည်။

စာပိုဒ်များ ဖတ်ကြားရာတွင် ၆၈% ကျောင်းသားများသည် စာပိုဒ်ကို ဖတ်နိုင်ပြီး၊ ၁၈% ကျောင်းသားများသည် အချို့သော ပုံနှိပ်ဖတ်စာကို ဖတ်နိုင်ပြီး၊ ၁၄% ကျောင်းသားများသည် စာပိုဒ်အားလုံးလိုလို နားမလည်ကြောင်း တွေ့ရှိရသည်။[၂၂] ထွက်ပေါ်လာသော ရလဒ်များအရ၊ သုတေသနအဖွဲ့သည် နိုင်ငံသားများ အားလုံး အနေဖြင့် ပညာသင်ကြားရာ၌ တန်းတူရည်တူ အခွင့်အရေးများကို အစိုးရအနေဖြင့် စီစဉ်ပေးသင့်ကြောင်း အဆိုပြုခဲ့သည်။ တိုင်းရင်းသာပြည်နယ်များရှိ အစိုးရကျောင်း များတွင် သင်ကြားနေသည့် တိုင်းရင်းသားများသည် သင်ရိုးညွှန်းတမ်းများကို ဖတ်ရှုလေ့လာရာ၌ ဘာသာစကား အခက်အခဲများစွာ ကြုံတွေ့နေရသည်။ ထို့ကြောင့် ပညာရေးကဏ္ဍနှင့်ပတ်သက်၍ ပြည်နယ်နှင့် တိုင်းဒေသအသီးသီးကို နှိုင်းယှဉ်လေ့လာရာတွင် တိုင်းရင်းသား ပြည်နယ်များသည်များစွာ နောက်ကျ ကျန်နေသေးသည်။

ငြိမ်းဖောင်ဒေးရှင်းမှ ၂၀၁၁ ခုနှစ်အတွင်း ပြည်နယ် (၆) ခုရှိ ကျေးရွာ (၂၁) ရွာတွင် ဘာသာစကား တတ်ကျွမ်းမှု ကောက်ယူချက်များအရ ဗမာလူမျိုး ကျောင်းသား/သူများနှင့် ဗမာလူမျိုးမဟုတ်သော ကျောင်းသား/သူများအကြား ဗမာပုံနှိပ်ဖတ်စာအုပ် စာပိုဒ်များ ဖတ်ကြားရာတွင်

**၆၈%** ကျောင်းသားများသည် စာပိုဒ်ကို ဖတ်နိုင်၊

**၁၈%** ကျောင်းသားများသည် အချို့သော ပုံနှိပ်ဖတ်စာကို ဖတ်နိုင်၊

**၁၄%** ကျောင်းသားများသည် စာပိုဒ်အားလုံးလိုလို နားမလည်

၂၂ ငြိမ်းဖောင်ဒေးရှင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ မူလတန်းအဆင့် ပညာသင်ကြားရေးတွင် အသုံးပြုသင့်သော ဘာသာစကား နှင့်ပတ်သက်သည့် ပညာရေးမူဝါဒစာတမ်း (၂၀၁၂ ခုနှစ် မတ်လ) http://www.nyeinfoundation.org/books (accessed on December 5, 2017).

# အခန်း (၅)

# အပြည်ပြည်ဆိုင်ရာ ဘာသာစကား၊ စာပေနှင့်သက်ဆိုင်သော ဥပဒေများ

**ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့အစည်းကြီးမှလည်း လူမျိုးပေါင်းစုံနေထိုင်သော နိုင်ငံများတွင် ပညာသင်ကြားရာတွင် မိခင်ဘာသာစကားအခြေပြု ပညာရေးစနစ်ကို လက်တွေ့အသုံးပြုရန် ထောက်ခံမှုများရှိသည်။**

ဤအခန်းကဏ္ဍတွင် နိုင်ငံတကာ ဥပဒေများ၊ လူ့အခွင့်အရေး ကြေညာစာတမ်းများ၊ ကလေးသူငယ်ဆိုင်ရာအခွင့်အရေးများ၊ ဌာနေတိုင်းရင်းသားလူမျိုးများ၏ မူလရပိုင်ခွင့်အခွင့်အရေးများစသော စာတမ်းများဖြင့် ယှဉ်တွဲဖော်ပြမည့်အပြင်၊ လက်ရှိနိုင်ငံတကာ၌ မိခင်ဘာသာစကားအခြေပြု ပညာရေးစနစ် ကျင့်သုံးလာခြင်းမှ ရရှိလာသော အကျိုးကျေးဇူးများကိုလည်း စုစည်းရေးသားပါမည်။

ကုလသမဂ္ဂ လက်အောက်ရှိ အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် လူတစ်ဦးတစ်ယောက်၏ ကိုယ်ပိုင်ဘာသာစကားသင်ကြားမှု အခွင့်အရေးများ၊ ကျောင်းများတွင် မိခင်ဘာသာစကား အသုံးပြုမှု အခွင့်အရေးများနှင့် အဆင့်မြင့်ပညာရေး လက်ခံသင်ကြားမှု အခွင့်အရေးများအတွက် အာမခံချက်၊ ထောက်ခံပေးထားသည်။ သို့သော်လည်း နိုင်ငံတကာ ဥပဒေသည် အများပြည်သူလူထု ကျောင်းများတွင် မိခင်ဘာသာစကားကို သင်ကြားရေးမဏ္ဍိုင် ဘာသာစကား (Medium of Instruction) တရားဝင် အသုံးပြုရန်အတွက် ဖော်ပြထားခြင်းမရှိပါ။ ၁၉၉၆ ခုနှစ်၊ ဇွန်လ၊ ၆ - ၉ ရက်နေ့အထိ စပိန်နိုင်ငံ၊ ဘာစီလိုနာမြို့၌ ကျင်းပပြုလုပ်ခဲ့သော ဘာသာစကားအခွင့်အရေးဆိုင်ရာ ကမ္ဘာ့ညီလာခံ (World Conference on Linguistic Rights) တွင် အပြည်ပြည်ဆိုင်ရာ ဘာသာစကားအခွင့်အရေး ကြေညာစာတမ်း (Universal Decleration of Linguistic Rights) အပိုဒ် - ၃ ကို ဖော်ပြရာတွင်

> "ဘာသာစကားသည် ဖယ်ရှား/ငြင်းပယ်၍မရသော တစ်ဦးချင်းဆိုင်ရာ အခွင့်အရေးများ၊ ဘာသာစကား အစုအဖွဲ့ တစ်ခု၏ အဖွဲ့ဝင်တစ်ယောက်အနေဖြင့် အသိအမှတ်ပြုခံရမည့် အခွင့်အရေးများ၊ တစ်ဦးတစ်ယောက်၏ ကိုယ်ပိုင်ဘာသာစကားကို ပုဂ္ဂလိကနှင့် အများပြည်သူနှစ်ခုစလုံးတွင် အသုံးပြုနိုင်သော အခွင့်အရေးများနှင့် တစ်ဦးတစ်ယောက် (သို့မဟုတ်) ၎င်းတို့၏ ကိုယ်ပိုင်ဘာသာစကားနှင့် ယဉ်ကျေးမှုကို သင်ကြားခွင့်ဆိုင်ရာ အခွင့်အရေးများ"
> စသည်တို့ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ဘာသာစကားအခွင့်အရေး ကြေညာစာတမ်း၊ အပိုင်း (၂) ပညာရေးဆိုင်ရာ အခန်းကဏ္ဍ၌ အပိုဒ် - (၂၃.၂) တွင် ပညာရေးသည် ဘာသာစကားပြောဆိုသော ဘာသာစကား အသိုင်းအဝိုင်း နယ်မြေတွင် ထိန်းသိမ်းခြင်းနှင့် ဖွံ့ဖြိုးတိုးတက်စေရန် အကူအညီပေးရမည်။ အပိုဒ် (၂၃.၄) တွင် အယောက်စီတိုင်း၌ မည်သည့် ဘာသာစကားကိုမဆို သင်ယူရန် အခွင့်အရေးရှိသည်ဟု အတိအလင်း ဖော်ပြထားသည်။[၂၃] ထို့ကြောင့် ပညာရေး အခန်းကဏ္ဍရှိ ဆောင်းပါးများကို

---

၂၃ ယူနက်စကို (UNSECO) ၊ ကမ္ဘာ့ဘာသာစကားဆိုင်ရာအခွင့်အရေးညီလာခံ၊ အပြည်ပြည်ဆိုင်ရာ ဘာသာစကား အခွင့်အရေးကြေညာစာတမ်း - အပိုင်း(၂)၊ ပညာရေး (ဘာစီလိုနာ၊ စပိန် - ယူနက်စကို၊ ၁၉၉၆)၊ စာမျက်နှာ-၉။

လေ့လာရာတွင် မိမိတို့ နေထိုင်ရာ နယ်မြေများတွင် အယောက်စီတိုင်း၌ ပညာရေးအဆင့်အတန်း အားလုံး မူကြိုအဆင့်၊ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်စသော အဆင့်မြင့် ပညာရေးများအထိ အကျုံးဝင်နေသည်။ ပညာရေးအဆင့်အတန်းအားလုံးတွင် မိမိ နှစ်သက်သော ဘာသာစကားဖြင့် သင်ကြားပိုင်ခွင့် ရှိရမည့် အပြင်၊ ယင်းသို့ပညာ သင်ကြားရာတွင် ဘာသာစကားဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များဖြစ်သော ဆရာ/ဆရာမများနှင့် သင်ထောက်ကူ ပစ္စည်းများကို အသုံးပြုရာတွင်လည်း သင့်တင့်စွာ သင်တန်းပေးထားသည့် ဆရာ/ဆရာမများ၊ သင့်တော်သော သင်ကြားမှု နည်းစနစ်များ၊ ပုံနှိပ်စာအုပ်များ၊ ငွေကြေး၊ အဆောက်အဦးများနှင့် အသုံးအဆောင်များ၊ ရိုးရာအစဉ်အလာနှင့် အသစ်ဆန်းသစ်တီထွင်ထားသော နည်းပညာများ၊ ထို့အပြင် လူတစ်ဦးတစ်ယောက်၏ ကိုယ်ပိုင်ဘာသာစကား သင်ကြားမှုဆိုင်ရာ အခွင့်အရေးများသည် လူ့အခွင့်အရေးများနှင့် တိုင်းရင်းသားလူနည်းစု အခွင့်အရေးများနှင့်လည်း ဆက်စပ်နေသည်။

၁၉၄၈ ခုနှစ်၏ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း (1948 Universal Declaration of Human Rights - UDHR) ၌ ဘာသာစကားဆိုင်ရာ အခွင့်အရေးများကို အတိအကျ ဖော်ပြထားခြင်း မရှိသော်လည်း၊ တန်းတူရည်တူ အခွင့်အရေးခေါင်းစဉ်အောက်တွင် ဖော်ပြထားခြင်း ခံရသည်။ အပိုဒ် (၂) အရ၊

> "လူတိုင်းသည် လူ့အခွင့်အရေး ကြေညာစာတမ်းတွင် ဖော်ပြထားသည့် အခွင့်အရေး အားလုံး၊ လွတ်လပ်ခွင့် အားလုံးတို့ကို ပိုင်ဆိုင်ခံစားခွင့်ရှိသည်။ လူမျိုးနွယ်အားဖြင့်ဖြစ်စေ၊ အသားအရောင်အားဖြင့်ဖြစ်စေ၊ ကျား/မ သဘာဝအားဖြင့်ဖြစ်စေ၊ ဘာသာစကားအားဖြင့် ဖြစ်စေ၊ ကိုးကွယ်သည့် ဘာသာအားဖြင့်ဖြစ်စေ၊ နိုင်ငံရေးယူဆချက်၊ သို့တည်းမဟုတ် အခြားယူဆချက်အားဖြင့်ဖြစ်စေ၊ နိုင်ငံနှင့်ဆိုင်သော၊ သို့တည်းမဟုတ် လူ့အဆင့်အတန်း နှင့်ဆိုင်သော ဇစ်မြစ်အားဖြင့်ဖြစ်စေ၊ ပစ္စည်းဉစ္စာဂုဏ်အားဖြင့်ဖြစ်စေ၊ မျိုးရိုးဇာတိအားဖြင့် ဖြစ်စေ၊ အခြားအဆင့်အတန်းအားဖြင့်ဖြစ်စေ ခွဲခြားခြင်းမရှိစေရ" ဟု ရေးသားဖော်ပြ ထားသည်။[၂၄]

ပြည်သူများ ရပိုင်ခွင့်နှင့် မြို့ပြအုပ်ချုပ်ခြင်းနှင့်ဆိုင်သော နိုင်ငံတကာ (ပဋိညာဉ်စာချုပ်) သဘော တူညီမှုစာချုပ် (International Covenant on Civil and Political Rights - ICCPR)[၂၅]၊ အပိုဒ် (၂၇) သည် လူနည်းစု တိုင်းရင်းသားဘာသာစကား အခွင့်အရေးကို အကာအကွယ်ပေးထားသော ပဋိညာဉ်စာချုပ်ဖြစ်သည်။

> *[I]n those States in which ethnic, religious or linguistic minorities exist, persons belonging to such minorities shall not be denied the right, in community with the other members of their group, to enjoy their own culture, to profess and practice their own religion, or to use their own language.*

၎င်းကြေညာချက်မှာ "တိုင်းရင်းသား၊ ဘာသာရေးနှင့်ဆိုင်သော လူနည်းစုများ သို့မဟုတ် ဘာသာ စကားနှင့်ဆိုင်သော လူနည်းစုများ တည်ရှိသော နိုင်ငံတစ်ခုတွင် လူတစ်ဦးတစ်ယောက်သည် ၎င်းလူနည်းစုအတွင်းတွင် ပါဝင်နေပါက ၎င်းလူတစ်ဦးနှင့်သက်ဆိုင်သော လူနည်းစု အခွင့်အရေးများ ဖြစ်သည့် ၎င်းနည်းစုများ၏ ကိုယ်ပိုင်ယဉ်ကျေးမှုကို လွတ်လပ်ပျော်ရွှင်စွာ ခံစားခွင့်၊ ၎င်းလူနည်းစု များ၏ ကိုယ်ပိုင်ဘာသာရေးကို အတိအလင်း ကြေညာပေးခြင်းနှင့် လိုက်နာကျင့်သုံး ခံစားခွင့်၊ သို့မဟုတ် ၎င်းနည်းစုများ၏ ကိုယ်ပိုင်ဘာသာစကားကို အသုံးပြုခံစားခွင့်များစသော အခွင့်အရေး များကို ငြင်းပယ်ခြင်း မပြုလုပ်ရ။[၂၆]

---

၂၄ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း: အပိုဒ်(၂) http://www.ohchr.org/EN/UDHR/Documents/UDHR_Translations/bms.pdf (accessed on November 2, 2017).

၂၅ ICCPR - International Covenant on Civil and Political Rights.

၂၆ International Covenant on Civil and Political Rights (ICCPR): Article-27, https://treaties.un.org/doc/publication/unts/volume%20999/volume-999-i-14668-english.pdf (accessed on November 2, 2017).

တိုင်းရင်သား လူနည်းစုများ၏ ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် ဘာသာစကားဆိုင်ရာ အခွင့်အရေး (Untied Nations Declareation on the Rights of Persons Belonging to National or Ethnic, Religious and Linguistic Minorities - 1992) နှင့်ပတ်သက်၍ ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလ (၁၈) ရက် အထွေထွေညီလာခံ ဆုံးဖြတ်ချက်များ အမှတ် (၄၇/၁၃၅) ဖြင့် အတည်ပြုခဲ့သည်။ အမျိုးသား (သို့မဟုတ်) တိုင်းရင်းသား၊ ဘာသာရေးနှင့် ဘာသာစကားနှင့်ဆိုင်သော လူနည်းစုများ၏ အခွင့်အရေးရပိုင်ခွင့်များ ကြေညာစာတမ်း၊ အပိုဒ် (၁.၁) နှင့် (၄.၃) အရ နိုင်ငံတော်သည်

***Article(1.1)*** *[s]tates shall protect the existence and the national or ethnic, cultural, religious and linguistic identity of minority with their respective territories, and shall encourage conditions for the promotion of that identity.*

***အပိုဒ် (၁.၁)*** *နိုင်ငံတော်သည် လူနည်းစုတို့၏ အမျိုးသားရေး (သို့မဟုတ်) တိုင်းရင်းသား လူမျိုးစု၊ ယဉ်ကျေးမှု၊ ကိုးကွယ်ယုံကြည်မှုနှင့် ၎င်းတို့၏ ဘာသာစကားဆိုင်ရာ အမှတ်လက္ခဏာတို့ကို ၎င်းတို့၏ သက်ဆိုင်ရာ နယ်မြေဒေသအသီးသီး၌ ဆက်လက်တည်ရှိစေရန် ကာကွယ်စောင့်ရှောက် ပေးရမည်။ ပြီးလျှင် ထိုသူတို့၏ အမျိုးသားလက္ခဏာများကို မြှင့်တင်ရန်အတွက် နည်းလမ်းများကိုလည်း ဖန်တီးပေးရမည်။*

***Article(4.3)*** *[s]tates should take appropriate measure so that, wherever possible, persons belonging to minorities have adequate opportunities to learn their mother tongue or to have instruction in mother tongue.*

***အပိုဒ် (၄.၃)*** *နိုင်ငံတော်သည် မည်သည့်နေရာ၌မဆို ဖြစ်နိုင်သမျှ လူနည်းစုမျိုးနွယ်စုတို့အား ၎င်းတို့ ပိုင်ဆိုင်သော မိခင်ဘာသာစကားကို လုံလောက်စွာ သင်ယူခွင့်ရရှိရန် (သို့မဟုတ်) မိခင်ဘာသာစကားဖြင့် (ကျောင်းသင်ခန်းစာများတွင်) သင်ကြားခွင့်ရရှိရန် သင့်လျော်သော တိုင်းတာမှုများ ပြုလုပ်ရမည်။*

ကလေးသူငယ်ဆိုင်ရာ အခွင့်အရေးပဋိညာဉ်စာချုပ်၊ အပိုဒ် (၃၀) (The United Nations Convention on the Rights of the Child: Article - 30) သည် တိုင်းရင်းသားလူနည်းစုများ (သို့မဟုတ်) ဌာနေတိုင်းရင်းသားလူမျိုးများသည် ၎င်းတို့၏ တိုင်းရင်းသားဘာသာစကားကို အသုံးပြုနိုင်ကြောင်း အတိအလင်းဖော်ပြထားသည်။ အပိုဒ် (၃၀) အရ

***Article (30)***

*[i]n those States in which ethnic, religious or linguistic minorities or persons of indigenous origins exists, a child belonging to such a minority or who is indigenous shall not be denied the right, in community with other member of his or her group, to enjoy his or her own culture, to profess and practice his or her own religion, or to use his or her own language.*[၂၇]

***အပိုဒ် (၃၀)***

*တိုင်းရင်းသား လူမျိုးစု၊ ကိုးကွယ်သည့် ဘာသာ (သို့မဟုတ်) လူနည်းစုသာ ပြောဆိုသည့် ဘာသာစကားများ (သို့မဟုတ်) မူလဌာနေ တိုင်းရင်းသားများရှိသည့် နိုင်ငံများတွင် - ထိုလူနည်းစုကလေးသူငယ် (သို့မဟုတ်) ဌာနေတိုင်းရင်းသားဒေသတွင် နေထိုင်သည့် ကလေးသူငယ်တစ်ယောက်သည် မိမိ၏ လူ့အဖွဲ့အစည်းတွင် မိမိ၏ အုပ်စုများနှင့်အတူ သူ၏ ယဉ်ကျေးမှု၊ ကိုယ်ကွယ်သည့် ဘာသာနှင့် မိမိ၏ ဘာသာစကားတို့ကို လွတ်လပ်စွာ ကျင့်သုံးပြောဆိုခွင့်ရမည်။*

၂၇ The United Nations Convention on the Rights of the Child: Article-30 http://www.ohchr.org/EN/ProfessionalInterest/Pages/CRC.aspx (accessed on October 24, 2017).

ဌာနေတိုင်းရင်းသားလူမျိုးများ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်း (Untied Nations Declaration on the Rights of Indegenous Peoples) တွင် ဌာနေတိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ရိုးရာယဉ်ကျေးမှုနှင့် သမိုင်းကဲ့သို့သော အချက်များကို ရေးသားပြဋ္ဌာန်းထားသည်။ အထူးသဖြင့် အပိုဒ်(၁၃.၁)နှင့် (၁၄.၃) များတွင် တွေ့ရှိနိုင်သည်။

***Article(13.1)***

*Indigenous People have the right to revitalize, use, develop and transmit to future generations their histories, languages, oral traditions, philosophies, writing systems and literatures, and to designate and retain their own names for communities, places and persons.*

***အပိုဒ် (၁၃.၁)***

*ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့၏ သမိုင်း၊ ဘာသာစကား၊ ရိုးရာအစဉ်အလာများ၊ အတွေးအခေါ်များ၊ စာပေနှင့် စာအရေးအသားစနစ်များကို ပြန်လည်အသက်သွင်းခြင်း၊ အသုံးပြုခြင်း၊ ပိုမိုကောင်းမွန်အောင်ပြုလုပ်ခြင်း၊ မျိုးဆက်သစ်များအား လက်ဆင့်ကမ်းခြင်း စသည့် အခွင့်အရေးများရှိသည်။ မိမိတို့၏ ရပ်ရွာအမည် နာမများ၊ နယ်မြေအခေါ်အဝေါ်များ၊ လူပုဂ္ဂိုလ်အမည် နာမများအား ဆက်လက်ထိန်းသိမ်း အသုံးပြုခွင့်စသည့် အခွင့်အရေးများ ရှိသည်။*

***Article(14.1)***

*Indigenous peoples have the right to establish and control their educational systems nad institutions providing education in their own languages, in a manner appropriate to their cultural methods of teaching and learning.*

***ပုဒ်မ (၁၄.၁)***

*ဌာနေတိုင်းရင်းသား လူမျိုးများသည် မိမိတို့၏ ပညာရေးစနစ်များ၊ ဌာနေ/အဆောက်အအုံများ ထူထောင်ခြင်း၊ ထိန်းချုပ်ခြင်း၊ မိမိတို့၏ ရိုးရာ ယဉ်ကျေးမှုနှင့် သင့်တင့်လျောက်ပတ်မှုရှိသော သင်ပြမှုစနစ်နှင့် သင်ယူမှုစနစ်များကို အသုံးပြုကာ မိမိတို့၏ ဘာသာစကားဖြင့် သင်ကြားခြင်းစသည့် အခွင့်အရေးများရှိသည်။*

***Article(14.3)***

*States shall, in conjunction with indigenous peoples, take effective measures, in order for indigenous individuals, particularly children, including those living outside their communities, to have access, when possible, to an education in their own culture and provided in their own language.*[၂၈]

***ပုဒ်မ (၁၄.၃)***

*နိုင်ငံတော်အနေဖြင့် ဌာနေတိုင်းရင်းသားလူမျိုးများ နှင့် လက်တွဲပူးပေါင်းပြီး မိမိတို့၏ လူမှုအသိုင်းအဝန်း ပြင်ပတွင် ရောက်ရှိသော ပုဂ္ဂိုလ်များအပါအဝင်၊ အထူးသဖြင့် ကလေးသူငယ်များအတွက် မိမိတို့၏ ယဉ်ကျေးမှုနှင့်အညီ မိမိတို့၏ ဘာသာစကားဖြင့် သင်ကြားပေးသော ပညာရေးစနစ်များအား အသုံးပြု နိုင်ရန်အတွက် ထိရောက်သော လုပ်ဆောင်မှုများ ပြုလုပ်ရမည်။*

---

၂၈ ချင်းလူ့အခွင့်အရေးအဖွဲ့ (CHRO) ဘာသာပြန်ဆိုထားခြင်း၊ ဌာနေတိုင်းရင်းသားလူမျိုးများ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်း (မြန်မာနိုင်ငံ၊ ရန်ကုန်: ချင်းလူ့အခွင့်အရေးအဖွဲ့၊ ၂၀၁၇)၊ စာမျက်နှာ ၁၃-၁၅။

အထက်ဖော်ပြပါ နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ ဥပဒေ ပြဋ္ဌာန်းချက်များသည် လူသားချင်း (သို့မဟုတ်) လူတစ်ဦး တစ်ယောက်၏ ဖြစ်တည်မှုကို အလေးအနက် ဖော်ပြထား သည်။ လူတစ်ဦးချင်း အယောက်စီတိုင်း၌ မိမိ၏ ဘာသာ စကား၊ စာပေ၊ ယဉ်ကျေးမှုများနှင့်ပတ်သက်၍ ထိန်းသိမ်း စောင့်ရှောက်ပေးနိုင်သော အခွင့်အရေးများကို ၎င်းဥပဒေ များက အတိအလင်း လမ်းညွှန်ဖော်ပြထားသည်။ ယင်းသို့ လမ်းညွှန်ဖော်ပြရာတွင် မိမိနေထိုင်သည့် လူမှုပတ်ဝန်းကျင် အား တစ်စုံတစ်ရာမျှ ထိခိုက်နစ်နာစေမှု မရှိစေဘဲ လုပ်ဆောင်ရန် ဖော်ပြထားသည်။ လူတစ်ဦး တစ်ယောက် သည် ပညာသင်ကြားရာတွင် မိမိနှစ်သက်ရာ ဘာသာစကား ဖြင့် သင်ကြားနိုင်ကြောင်းကို နိုင်ငံတကာလူ့အခွင့်အရေး ဥပဒေများက ပြဋ္ဌာန်းထားသည်။ နိုင်ငံတစ်နိုင်ငံ၏ အစိုးရ သည်လည်း ၎င်းနိုင်ငံ၏ ပညာရေးမူဝါဒများကို ချမှတ်ရာ တွင် လူအများစုများ၏ ရပိုင်ခွင့်များနှင့် လူနည်းစုများ၏ ရပိုင်ခွင့်များကို တန်းတူရည်တူ အလေးအနက်ထား၍ ပြဋ္ဌာန်းပေးရန် လိုအပ်သည်။ ပညာရေးအခန်းကဏ္ဍတွင် လူနည်းစုများ၏ ဘာသာစကား၊ စာပေများကို အလေးအနက် တန်ဖိုးထားရုံသာမက လက်တွေ့၌ အကောင်အထည် ဖော်ဆောင်ရမည်။ ယင်းသို့ ပြုလုပ်ခြင်းဖြင့် ရရှိလာသော အကျိုးရလဒ်သည် နိုင်ငံတော်၏ အမျိုးသား အကျိုးစီးပွား ဖြစ်ထွန်းရုံ သာမက၊ နိုင်ငံတော်နှင့် ဒေသခံပြည်သူများမှ လိုအပ်လျက်ရှိသော လူ့စွမ်းအားအရင်းအမြစ်များကိုပါ တပြိုင်နက်တည်း အကျိုးများ ဖြစ်ထွန်းစေသည်။

Skutnabb-Kangas ကဲ့သို့သော ပညာရှင်၏ သုတေသန လေ့လာချက်များအရ လူနည်းစုများ၏ ဘာသာစကားများ ကို ပိတ်ပင်တားဆီးမှု ပြုလုပ်ခြင်းသည် ၎င်းတို့၏ အသက် သွေးကြောများနှင့် အသိုက်အဝန်းကို ဖျက်ဆီး သကဲ့သို့ပင် ဖြစ်နေသည်။ မိခင်ဘာသာစကားအစား အင်အားကြီး (လွှမ်းမိုး) သော ဘာသာစကားကို သင်ကြားခံရသောအခါ တွင် ၎င်းအင်အားကြီး (လွှမ်းမိုး) သော ဘာသာစကားသည် ဘာဘာစကားများ၏ သတ်ဖြတ်သူ ဖြစ်လာသည်။ တစ်နည်း အားဖြင့် နိုင်ငံတော်အစိုးရ၏ ပညာရေးဆိုင်ရာမူဝါဒသည် အစိုးရကျောင်းများ၌ တိုင်းရင်းသားဘာသာ စကားများကို သင်ကြားခွင့် မပြုဘဲ၊ လွှမ်းမိုးမှု (အင်အားကြီး) ရှိသော ဘာသာစကားကို တရားဝင်ဘာသာစကားအဖြစ် သတ်မှတ် ထားပါက၊ ၎င်းပညာရေးမူဝါဒသည် ဘာသာစကားကို သတ်ဖြတ်သူ ဖြစ်လာသည်။ ဆိုလိုသည်မှာ လွှမ်းမိုးမှုရှိ သော ဘာသာစကားကြောင့် အခြားသော တိုင်းရင်းသား ဘာသာစကားများ ပျောက်ကွယ်ရုံသာမက၊ တိုင်းရင်းသား တို့၏ ကိုယ်စားပြုသော အမည်နာမများလည်း ပျောက်ကွယ် ပြီး အင်အားကြီးသော ဘာသာစကားများ၏ လွှမ်းမိုးမှုကို ခံနေရသည်မှာ မျက်မြင်ကိုယ်တွေ့ပင်ဖြစ်သည်။ ထို့အပြင် ၎င်းမူဝါဒအောက်၌ ကလေးသူငယ်များမှာ ကျောင်းများတွင် ကောင်းမွန်စွာ ပညာမသင်ကြားနိုင်သည့်အပြင် ကောင်းမွန်စွာ စာမဖတ်နိုင်ခြင်းနှင့် ၎င်းတို့၏ ကိုယ်ပိုင်မိခင်ဘာသာစကား ကို မရေးသားနိုင်ခြင်းများ ဖြစ်လာစေရုံသာမက ကလေး သူငယ်များအား စိတ်ပိုင်းဆိုင်ရာ ထိခိုက် နစ်နာစေခြင်းများ ဖြစ်ပေါ်စေသည်။ အဘယ်ကြောင့်ဆိုသော် ကလေးသူငယ် များ၏ ပညာရေးနှင့်သက်ဆိုင်သည့် တိုးတက်မှု အားနည်း စေခြင်းနှင့် ကလေးများ၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အသိ အမြင်များကို အားနည်းစေခြင်းများကို ဖြစ်ပေါ်စေသည်။[၂၉]

ထို့ကြောင့် ပညာရေးတွင် တိုင်းရင်းသားလူနည်းစုများ၏ ဘာသာစကား၊ စာပေဖြင့်သက်ဆိုင်ရာ အစိုးရကျောင်းများ၌ တရားဝင် သင်ကြားခြင်း ခွင့်ပြုသင့်ပါသည်။ ယင်းသို့ ပြုလုပ်ခြင်းအားဖြင့် တိုင်းရင်းသားလူနည်းစုများအနေဖြင့် ပညာသင်ကြားရာတွင် ကောင်းမွန်စွာ ပညာသင်ကြားနိုင်ရုံ သာမက တစ်ဖက်တစ်လမ်းတွင်လည်း ၎င်းတို့၏ ဘာသာ စကား၊ စာပေများကို အလိုလိုပင် ထိန်းသိမ်းရာ ရောက်နေ သည်။ ရေရှည်တွင် ၎င်းလူနည်းစုများသည် ဘာသာစကား နှစ်မျိုး (သို့မဟုတ်) နှစ်မျိုးထက် ပြောဆိုနိုင်သည့် ဘာသာ စကား တတ်ကျွမ်းသူများလည်း ဖြစ်လာမည်ဖြစ်သည်။ မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံပညာရေး စနစ်ကို ဖော်ဆောင်ခြင်းဖြင့် ကလေးများ၏ ပညာရေး ဆိုင်ရာ တတ်မြောက်/အောင်မြင်မှုများအတွက်သာမက ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ တိုးတက်အောင်မြင်မှုများကို လည်း ရရှိခံစားနိုင်မည့်အပြင်၊ ကျောင်းထွက် ရာခိုင်နှုန်းသည် သိသာစွာ လျော့ကျစေမည်ဖြစ်သည်။

---

၂၉ Pon Nya Mon, "Education Reform and National Reconciliation in Burma" (Western Conference Association for Asian Studies, Arizona Sate University, 2014) 26-27.

## အခန်း (၆)

# မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံပညာရေး နှင့် ကျား-မရေးရာ တန်းတူညီတူအခွင့်အရေး

ကျား-မရေးရာ တန်းတူညီတူအခွင့်အရေးသည် အခြေခံလူ့အခွင့်အရေးဖြစ်သည် သာမက ငြိမ်းချမ်းသော ကမ္ဘာ၊ ကြီးပွားတိုးတက်သော ကမ္ဘာနှင့် တည်တံ့ခိုင်မြဲသော ကမ္ဘာအတွက် လိုအပ်သော အခြေခံအုတ်မြစ်ဖြစ်သည်။ အမျိုးသမီးများကို အမျိုးသားများနည်းတူ တန်းတူညီတူဖြင့် အတန်းပညာများကို သင်ကြားခွင့်ပေးခြင်းသာမက ၎င်းတို့ပါဝင်သည့် အဆင့်တိုင်း၌ ဆုံးဖြတ်ချက်ပြုနိုင်သူများ (Decision Makers) အဖြစ် အသိအမှတ်ပြုခြင်းနှင့် လက်ခံသတ်မှတ်ရန်မှာလည်း အလွန် အင်မတန်ပင် အရေးကြီးသည်။

ကမ္ဘာပေါ်တွင် အမျိုးသမီးများနှင့် မိန်းကလေးအများစုသည် မတူညီကွဲပြားခြားသော ပုံစံအမျိုးမျိုးဖြင့် ခွဲခြားဆက်ဆံနေမှုများကို ကြုံတွေ့နေရသည်။ အတိတ်ကာလများတွင် လူမှုပတ်ဝန်းကျင် အသိုင်းအဝိုင်းများမှ အမျိုးသမီးများကို အတန်းပညာသင်ကြားမှုကို တိုက်တွန်းအားပေးမှု အားနည်းခဲ့ပြီး၊ သေစာ၊ ရှင်စာ သို့မဟုတ် အရေး၊ အတွက်နှင့် အဖတ် (အ၊အ၊အ) အဆင့်ထိသာ အားပေးခဲ့ပြီး၊ အမျိုးသမီးများကို အိမ်မှုကိစ္စလုပ်ဆောင်သည့်အဆင့် (မှီခို) ၌သာ ထားရှိခဲ့သည်။ ထိုအကြောင်းအရာများ၏ အရင်းခံများသည် ဘာသာတရားများ၏ အဆုံးအမများ၊ လူသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများမှ တားဆီးပိတ်ပင်မှုများကြောင့် အမျိုးသမီးများကို ဒုတိယအဆင့်နေရာ၌ ထားရှိခြင်းသာဖြစ်သည်။ Monotheism နှင့် Patriarchy စနစ် အားကောင်းသည့် အချိန်ကာလများ၌ အမျိုးသား (သို့မဟုတ်) ဖိုဝါဒများ လွှမ်းမိုးချိန်တွင် အမျိုးသမီးများမှာ တိတ်ဆိတ်စွာ (Silence) နေခဲ့ရသည်။

"လူတိုင်းသည် ပညာသင်ယူနိုင်ခွင့်ရှိသည်"[၃၀] ဟူသောစာသားကို လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ် - ၂၆/(၁)၌ အတိအလင်းဖော်ပြထားသည်။ ထို့ကြောင့် ပညာသင်ကြားရာ၌ လိင်အပေါ် အခြေခံ၍ ခွဲခြားမှု မရှိစေဘဲ၊ ကျား-မတန်းတူရေးဆိုင်ရာ အခြေခံရပိုင်ခွင့်များကို သာတူညီမျှရရှိရန် ဖြစ်သည်။ ကျား-မရေးရာ တန်းတူညီမျှမှု အခန်းကဏ္ဍသည် မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံပညာရေးနှင့် တိုက်ရိုက်နည်းဖြင့်လည်းကောင်း၊ သွယ်ဝိုက်နည်းဖြင့်လည်းကောင်း ဆက်စပ်ပတ်သက်နေသည်။ အထူးသဖြင့်၊ ပညာရေးအခန်းကဏ္ဍတွင် အခြေခံပညာရေးအဆင့်၊ တက္ကသိုလ်အဆင့် အသီးသီးတိုင်း၌ ပြဋ္ဌာန်းပုံနှိပ်ထားသော သင်ရိုးညွှန်းတမ်း စာအုပ်များကို ပြုစုပြဋ္ဌာန်းခြင်းများတွင် ကျား-မရေးရာ တန်းတူညီမျှမှု အကြောင်းအရာများကို ငယ်ရွယ်သော (သို့မဟုတ်) အခြေခံအဆင့်ဖြစ်သော မူလတန်းအဆင့်များမှ စတင်၍ သင်ကြားပေးရန် လိုအပ်သည်။

---

၃၀ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း http://www.ohchr.org/EN/UDHR/Documents/UDHR_Translations/bms.pdf (Accessed on March 7, 2018)

**လက်ရှိမြန်မာနိုင်ငံပညာရေးစနစ်၏ အရေးကိစ္စနှင့် ပတ်သတ်၍ ဒေါ်တင်တင်ညို[၃၁]မှ ပြောကြားရာ၌**

"ကျွန်မတို့က ပညာရေးမှာ ကျား၊မရေးရာ တန်းတူရေးနှင့်ပတ်သတ်ပြီး ပြောရမယ်ဆိုလျှင် အပိုင်း (၂) ပိုင်း ရှိပါသည်။ တပိုင်းကျတော့ ကျောင်းရဲ့ သင်ရိုးညွှန်းတမ်းနှင့်ဆိုင်တယ်။ ကျောင်းမှာ ဘာတွေသင်သလဲ။ အဲ့လိုသင်ကြားမှုအပိုင်းကျတော့ မူလတန်းကနေစပြီးတော့မှ တက္ကသိုလ်ထိပေါ့ သူ့ရဲ့ သင်ရိုးညွှန်းတမ်းတွေက ပြောရမယ်ဆိုလို့ရှိရင် ကျား-မရေးရာ အကဲဆတ်မှု (Gender Sensitivity) အလေးထားဖို့ လိုတယ်။ အထူးသဖြင့် အဲ့မှာဆိုရင် ကျောင်းနေခဲ့ရတာဆိုရင် သိတဲ့အတိုင်း ဆရာဝန်လို အင်ဂျင်နီယာလို နေရာမျိုးဆိုရင် အမျိုးသားကို အမြဲတမ်း ဥပမာပြပြီးတော့မှ၊ သူနာပြုတို့လို အမျိုးသမီးတွေကို ထည့်တတ်တဲ့ အကျင့်ရှိတာပေါ့။ အဲ့ဒီမှာ ကြည့်လိုက်မယ်ဆိုလို့ရှိရင် ကျား-မအခန်းကဏ္ဍကို ဒီလူမှုအသိုင်းအဝိုင်းက ခွဲထားတဲ့ဟာကို ကျောင်းပညာရေးကပါ တခါပြန်ပြီးတော့ ဒါကို အသိအမှတ်ပြုပြီးတော့ ပိုပြီး အားကောင်းအောင် လုပ်လိုက်သလို ဖြစ်သွားတယ်။ ဒါကြောင့် အဲ့ဒီကနေစပြီးတော့ စပြင်ဆင်ရမယ်။"[၃၂]

စီဒေါ (ခ) အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်၏ ပုဒ်မ - ၁၀/(ဂ)

*ပညာရေးနယ်ပယ်အသီးသီး၌ အမျိုးသမီးနှင့် အမျိုးသားတို့၏ အခန်းကဏ္ဍနှင့်ပတ်သက်၍ ပုံသေကားကျပြခြင်းများ ပပျောက်ရေးအတွက် အမျိုးသား၊ အမျိုးသမီး ယှဉ်တွဲပညာရေးနှင့် အခြားပညာရေး ပုံစံများကို အားပေးရန်၊ အထူးသဖြင့် ကျောင်းသုံးစာအုပ်များနှင့် ကျောင်းအစီအစဉ်များကိုပြန်လည်မွမ်းမံခြင်း၊ သင်ကြားရေး နည်းစနစ်များကို ဆီလျော်အောင် ပြန်လည်ပြင်ဆင်ခြင်းတို့အားဖြင့် ဤရည်ရွယ်ချက် အောင်မြင်စေရေးအတွက် အာမခံချက်ပေးရန်[၃၃] ဖော်ပြပါရှိသည်။*

ကမ္ဘာ့ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ် (UNDP) မှ ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးရည်မှန်းချက်များ (Sustainable Development Goals) - (၁၇) ချက်၌လည်း နံပါတ် (၄ နှင့် ၅) အချက်များသည် ပညာရေးနှင့် ကျား-မရေးရာ တန်းတူညီမျှမှုကို ဖော်ဆောင်ရန် အားပေးသည်။

### SDG-4 - Quality Education
### ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးအတွက် ပညာရေး ရည်မှန်းချက်များ

- Ensure inclusive and equitable quality education and promote lifelong learning opportunities for all.
- လူသားတိုင်းအတွက်အကျုံးဝင်သော သာတူညီမျှမှုနှင့် အရည်အသွေးရှိပညာရေးကို တစ်သက်တာလုံး သင်ယူနိုင်ခွင့် ပိုမိုရရှိအောင် လူတိုင်းအတွက် အခွင့်အလမ်းများကို ဖန်တီးပေးရန်။[၃၄]

### SDG - 5 - Gender Equality
### ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးအတွက် ကျား-မရေးရာ တန်းတူညီမျှမှု

- Achieve gender equality and empower all women and girls[၃၅]
- ကျား-မ အခွင့်အရေးတူမျှမှု ရရှိပြီး၊ ကြီးငယ်မဟူ အမျိုးသမီးတိုင်း၏ စွမ်းရည်များကို မြှင့်တင်ပေးရန်။

---

၃၁ ဒေါ်တင်တင်ညိုသည် မြန်မာ့အမျိုးသမီးသမဂ္ဂ၌ ဥက္ကဌအဖြစ် တာဝန်ထမ်းဆောင်နေသည်သာမက အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) - WLB တွင်လည်း မူဝါဒရေးရာ ဦးဆောင်အဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်ဆောင်ရွက်နေသူ တစ်ဦးဖြစ်သည်။

၃၂ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) - WLB ၏ မူဝါဒရေးရာ ဦးဆောင်အဖွဲ့ဝင်ဖြစ်သူ ဒေါ်တင်တင်ညိုအား ENAC မှ မတ်လ ၈ ရက်နေ့တွင် ရန်ကုန်မြို့၌ အင်တာဗျူးပြုလုပ်ထားသည်။

၃၃ အယ်နာမေစေးဖ၊ တိတ်ဆိတ်မှုကို ဖြိုခွင်းခြင်း - ဩဇာအာဏာ၊ ကျား-မ လူမှုရေးရာနှင့် အကြမ်းဖက်ခြင်း (မြန်မာနိုင်ငံမဲ့မှတက္ကသိုလ် - ရန်ကုန်မြို့၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် - အပိုင်း(၃)

၃၄ ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာကွန်ရက် (NNER)

၃၅ United Nations Development Program, Sustainable Development Goals: Article-(5), Gender Equality http://www.un.org/sustainabledevelopment/gender-equality/ (Accessed on March 7, 2018)

MTB-MLE စနစ်သည် ကျား-မရေးရာတန်းတူညီမျှမှု နှင့် လုပ်ပိုင်ခွင့် အခွင့်အာဏာများ အပ်နှင်းမှု အောင်မြင်စေရန် သိသာထင်ရှားစွာ ပါဝင်ကူညီပေးနေသည်။

**အောက်ပါအချက်များအား မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံ ပညာရေးစနစ်၌ အသုံးပြုခြင်းဖြင့် မိန်းကလေးများ၏ ကျောင်းပညာရေးပါဝင်မှုမှာ အပေါင်း လက္ခဏာဆောင်သော အကျိုးရလဒ်များကို ထုတ်ဖော်ပြ နေသည်။**

၁။ မိန်းကလေးများအနေဖြင့် ၎င်းတို့နှင့် ရင်းနှီး ကျွမ်းဝင်မှုရှိနေပြီးသော ဘာသာစကားဖြင့် သင်ကြားခွင့်ရရှိပါက ကျောင်းတက်ရာခိုင်နှုန်းမှာ သိသာစွာမြင့်တက်လာမည်ဖြစ်သည်။

၂။ စာသင်ကျောင်းများတွင် အိမ်သုံးဘာသာစကား အသုံးပြုခြင်းအားဖြင့် မိဘများ၏ ပါဝင်မှုအခန်း ကဏ္ဍနှင့် လွှမ်းမိုးမှုများ (စိတ်ဝင်စားမှုများ) မှာ တိုးတက်လာမည် ဖြစ်သည်။

၃။ ဘာသာစကား (၂) မျိုးအသုံးပြုသော စာသင်ခန်း များတွင် မိန်းကလေးများသည် ကျောင်း ကြာရှည်စွာ တက်ရောက်သည်။

၄။ မိန်ကလေးများသည် ၎င်းတို့၏ မိခင်ဘာသာ စကားဖြင့် သင်ယူပါက ပိုမိုစွမ်းဆောင်နိုင်ခြင်း နှင့် နားလည်သဘောပေါက်မှုကို ဖော်ပြနိုင်မည် ဖြစ်သည်။

၅။ သင်ယူမှုဖြစ်စဉ်တွင် ဘာသာစကား (၂) မျိုးဖြင့် သင်ကြားပေးသည့် ဆရာ/ဆရာမများသည် မိန်းကလေးများအပေါ်တွင် ထိတွေ့ဆက်ဆံရာ၌ ပိုမိုတရားမျှမှု ဖြစ်ပေါ်စေသည်။[၃၆]

သုတေသီများ၏ လေ့လာတွေ့ရှိချက်များအရ၊ (Bilingual Education) ဘာသာစကား (၂) မျိုး အသုံးပြုသင်ကြားသည့် ပညာရေးစနစ် ကျင့်သုံးသော အာဖရိကနှင့် လက်တင် အမေရိကနိုင်ငံများတွင် မိန်းကလေးများသည် ၎င်းတို့အနေ ဖြင့် တရင်းတနှီး ကျွမ်းဝင်မှုရှိပြီးသော ဘာသာစကားဖြင့် အချိန်ကာလကြာမြင့်စွာ သင်ကြားခံရသော သူများသည် ကောင်းမွန်သော/တော်သော ကျောင်းသူများဖြစ်နေကြောင်း သက်သေပြနိုင်ခဲ့သည်။ ဘာသာစကား (၂) မျိုးဖြင့် သင်ကြား ခြင်းသည် ၎င်းတို့၏ ပညာရေးဆိုင်ရာ ပိုမို အောင်မြင်မှုများ (Academic Achievements)၊ ကျောင်းတက် ရာခိုင်နှုန်း များ၊ မိမိကိုယ်ကို ယုံကြည်မှု ပိုမိုမြင့်လာခြင်း၊ ကျောင်းတက် ခြင်းနှင့် အသက်ရှင် ရပ်တည်ချက်ကို ပိုမိုဆန္ဒပြင်းပြမှု ရှိလာခြင်း စသောအသီးအပွင့်များကို ခံစားရရှိလာမည် ဖြစ်သည်။[၃၇]

ထို့ကြောင့် မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံ ပညာရေးစနစ်သည် ကျား-မရေးရာ တန်းတူညီမျှမှုကို များစွာ အထောက်အကူပြုစေနိုင်ပါသည်။ အဘယ်ကြောင့် ဆိုသော် အလုံးစုံပါဝင်သော ပညာရေးစနစ်၌ အဆိုပါ မိခင် ဘာသာစကားအခြေပြု ဘာသာစကားစုံပညာရေးစနစ် တစ်ခုကို အကောင်အထည်ဖော်ဆောင်ခြင်းဖြင့် အမျိုးသမီး များနှင့် မိန်းကလေး၊ ကလေးသူငယ်များ၏ ကျောင်းတက် ရာခိုင်နှုန်းသည် သိသာစွာ တိုးတက်လာခြင်းသာမက ၎င်းတို့၏ အသံများ (Women's Voices) သည် ကျောင်း စာသင်ခန်းနှင့် လူမှုပတ်ဝန်းကျင်များ၌ ပိုမိုပါဝင်ခွင့် ရှိလာ မည်ဖြစ်သည်။ MTB-MLE စနစ်မှသည် နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ လူမှုရေးနှင့် စီးပွားရေးစသော အဓိကကျသည့် အခန်းကဏ္ဍများ၌ ကျယ်ပြန့်စွာ ပါဝင်လာနိုင်မည်ဖြစ်သည်။ ယင်းအပြင်၊ တိုင်းရင်းသား လူမျိုးများ၏ ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှုများကို မိမိတို့ နေအိမ်မှတဆင့် ကျောင်းစာသင်ခန်းများသို့ သယ်သွားသင်ကြား/သင်ယူစေ ခြင်းအားဖြင့် အမျိုးသမီးများသည်လည်း အမျိုးသားများ နည်းတူ ပိုမိုပြောဆိုလာနိုင်သည့်အတွက် ကျား-မရေးရာ တန်းတူညီမျှဖြစ်စဉ်ကိုလည်း မလွဲကေန်ပင် (မုချ) များစွာ အထောက်အကူ ဖြစ်စေမည်ဖြစ်သည်။


၃၆ Carol Benson, Ibid, p-4 and 5.

၃၇ Carol Benson, Ibid, p-2.

## အခန်း (၇)

# နိုင်ငံတကာအခြေအနေ

နိုင်ငံတကာတွင်လည်း လူနည်းစုတိုင်းရင်းသားများ၏ မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံပညာရေးစနစ်ကို အစိုးရကျောင်းများ၌ အသုံးပြုနေသော နိုင်ငံများစွာ ရှိနေပြီဖြစ်သည်။ ယင်းနိုင်ငံများတွင် အမေရိကန်၊ အိန္ဒိယ၊ ဆွစ်ဇာလန်နှင့် ပါပူဝါနယူးဂီနီစသည့် နိုင်ငံများ ပါဝင်သည်။ အဆိုပါနိုင်ငံများသည် မတူညီသော နိုင်ငံဖွဲ့စည်းထားမှုစနစ်ရှိသော်လည်း၊ မတူညီကွဲပြားခြားနားသည့် တိုင်းရင်းသားလူမျိုးနွယ်စုများနှင့် ပညာရေးမူဝါဒများရှိသည်။ ပညာရေးမူဝါဒများ၌ နိုင်ငံသား/သူအားလုံးကို မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံပညာရေးစနစ်ဖြင့် သင်ကြားခွင့်ရှိသည်။ ဥပမာအားဖြင့် အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ပညာရေးဥပဒေများတွင် တိုင်းရင်းသားလူမျိုးများ၏ မိခင်ဘာသာစကားကို ကျောင်းသင်ရိုးညွှန်းတမ်းတွင် သင်ကြားရေးမဏ္ဍိုင်ဘာသာစကား (Medium of Instruction) အနေဖြင့် အစိုးရအခြေခံပညာရေး မူလတန်းကျောင်းများ၌ သင်ကြားရန် အာမခံပေးထားသည်။



# ၇.၁. အမေရိကန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေမှ ပညာရေးအခြေအနေ

အမေရိကန်ပြည်ထောင်စု၏ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်သည့် အမှတ် (၁၀) ၌ ပြည်နယ်များ၏ လုပ်ပိုင်ခွင့် အခွင့်အာဏာများနှင့် ပြည်သူလူထု၏ အခွင့်အာဏာများကို အတိအလင်းပြဋ္ဌာန်းထားသည်။ ထိုသို့ ပြဋ္ဌာန်းရာ၌ အမေရိကန်ပြည်ထောင်စု၏ လုပ်ပိုင်ခွင့် အခွင့်အာဏာသည် ဖွဲ့စည်းပုံအခြေခံဥပဒေမှ ဆင်းသက်လာသည်မဟုတ်ဘဲ၊ ပြည်နယ်အသီးသီးရှိ ပြည်သူလူထုထံမှ ဆင်းသက်လာသည်ဟု အဓိပ္ပါယ် သက်ရောက်နေသည်။ ထို့ကြောင့် ပြည်ထောင်စု၏ အခွင့်အာဏာသည် ဖက်ဒရယ်အစိုးရထံမှ ဆင်းသက်လာသည်မဟုတ်ဘဲ ပြည်ထောင်စုအတွင်းရှိ သက်ဆိုင်ရာ ပြည်နယ်အသီးသီးများ အထူးသဖြင့် ပြည်သူလူထုထံမှ ဆင်းသက်လာခြင်းဖြစ်နေသည်။ ထို့အပြင် သက်ဆိုင်ရာ ပြည်နယ်အသီးသီးများ၌ မိမိတို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်များကို ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် စီမံအုပ်ချုပ်ခန့်ခွဲခွင့်ရှိနေသည်။

အမေရိကန်နိုင်ငံ၏ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ထားသည့် အခြေအနေသည် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအပေါ် အခြေခံတည်ဆောက်ထားသော်လည်း ဇောန်စင်စစ်လေ့လာကြည့်ပါက ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုအသွင်ဖြင့် ဖွဲ့စည်းတည်ထောင်ထားခြင်းဖြစ်နေသည်။ အဘယ်ကြောင့်ဆိုသော် အမေရိကန်နိုင်ငံသည် မတူညီကွဲပြားသော လူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းထားပြီး ပြည်နယ်အသီးသီး၌ မိမိတို့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် သက်ဆိုင်ရာ ပြည်နယ်အသီးသီးအား ကိုယ်စားပြုသည့် ပြည်နယ်အစိုးရ (ပြည်နယ်အုပ်ချုပ်ရေး အစိုးရအဖွဲ့)၊ ယင်းအပြင်၊ သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် တစ်ရပ်လည်းရှိနေသည်။ ပြည်နယ်အစိုးရတစ်ရပ်အား သက်ဆိုင်ရာပြည်သူလူထုမှ ရွေးကောက်တင်မြှောက်ထားခြင်းဖြစ်သည့်အတွက် ဖက်ဒရယ်အစိုးရမှ တိုက်ရိုက်အုပ်ချုပ်၊ စီမံခန့်ခွဲနေခြင်း မဟုတ်ပေ။ ထို့ကြောင့် ပြည်နယ်အစိုးရ တစ်ရပ်သည် ၎င်းပြည်နယ်၏ ပြည်သူလူထုကို ကိုယ်စားပြုနေသည့်အတွက် တာဝန်ယူမှုနှင့် တာဝန်ခံမှုလည်း တပါးတည်း အပြည့်အဝ ရှိနေသည်။ ထို့ကြောင့် အမေရိကန်ပြည်ထောင်စုသည် လုပ်ပိုင်ခွင့် အခွင့်အာဏာနှင့်ပတ်သက်လျှင် ဖက်ဒရယ်အစိုးရ၌ ထားရှိရမည့် လုပ်ပိုင်ခွင့်အာဏာများနှင့်[၃၉] ပြည်နယ်အစိုးရတွင် ထားရှိရမည့် လုပ်ပိုင်ခွင့်အခွင့်အာဏာများကို ခွဲဝေပေးထားသည်။[၄၀] နိုင်ငံ၏ လုပ်ပိုင်ခွင့်အလုံးစုံများကို ဖက်ဒရယ် (ဗဟို) အစိုးမှ အပြည့်အဝ ချုပ်ကိုင်ထားသည်မဟုတ်ဘဲ (Division of Power) အာဏာခွဲဝေ ကျင့်သုံးသည့်စနစ်ကို ကျင့်သုံးနေခြင်းဖြစ်သည်။

သက်ဆိုင်ရာ ပြည်နယ်အသီးသီးသည် မိမိတို့၏ ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်လာလျှင် ပြဋ္ဌာန်းပေးထားသည့် လုပ်ပိုင်ခွင့်အခွင့်အာဏာများဖြင့် ဆောင်ရွက်နိုင်သည်။ ဥပမာ လက်တွေ့အားဖြင့် ပညာရေးသည် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ လက်အောက်၌သာ ထားရှိ၍၊ ပြည်နယ်အစိုးရအဖွဲ့သည် မိမိတို့ဒေသနှင့် ကိုက်ညီသည့် သင်ရိုးညွှန်းတမ်းများကို ပြုစုရေးဆွဲခြင်းသာမက ယင်းပြည်နယ်အတွင်း၌ နေထိုင်သော ဘာသာစကား၊ စာပေ မတူညီသည့် ပြည်သူများ၏ ရပိုင်ခွင့် အခွင့်အလမ်းများကို နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေမှ တန်းတူညီတူ အခွင့်အရေး ပေးထားသည်သာမက အတန်းပညာသင်ကြားရာ၌လည်း အခွင့်အရေး (သို့မဟုတ်) အခွင့်အလမ်းများလည်း ပေးထားပြန်သေးသည်။ ထို့ကြောင့်၊ ပညာရေးအခန်း ကဏ္ဍနှင့် ပတ်သက်ပြီး ဖက်ဒရယ်အစိုးရမှ ချုပ်ကိုင်ထားသည်မဟုတ်ဘဲ၊ ပြည်နယ်အစိုးရအဖွဲ့လက်ထဲ၌သာ အပ်နင်းထားပြီး၊ လိုအပ်သည့် နည်းပညာအထောက်အပံ့ကိုသာ ပံ့ပိုးပေးထားခြင်းဖြစ်သည်။ ဥပမာ - ပညာရေး ရံပုံငွေကိစ္စရပ်များ၌ ဖက်ဒရယ်အစိုးရသည် ပြည်နယ်အစိုးရအသီးသီးသို့ ခွဲဝေပေးထားပြီး၊ ပြည်နယ်အသီးသီး၏ နှစ်စဉ်ပညာရေး ဖြစ်ထွန်းမှု ရလဒ်များကို အကဲဖြတ်သုံးသပ်ပြီး ပညာရေးအားနည်းနေသည့် ပြည်နယ်များကို ပံ့ပိုးပေး၍၊ အားကောင်းနေသည့် ပြည်နယ်များကိုလည်း ဆက်လက်အားပေး မြှင့်တင်လျက်ရှိသည်။ ထို့ကြောင့် အမေရိကန်ပြည်ထောင်စု၏ ပညာရေးစနစ်သည် ကျဆင်းသွားနေသည် မဟုတ်ဘဲ၊ အခြားသော ပြည်နယ်များနည်းတူ နောက်ကောက်ကျမနေအောင် ဆက်လက်အားပေးနေခြင်းဖြစ်သည်။

---

၃၉ နိုင်ငံခြားရေးနှင့်ဘဏ္ဍာရေးများကို ဖက်ဒရယ်အစိုးရ၌ ထားရှိခြင်းဖြစ်သည်။

၄၀ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဖူလုံရေးစသည်တို့ကို သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့လက်အောက်၌သာ ထားရှိခြင်းဖြစ်သည်။

## ၇.၁.၁. ပညာရေးစနစ်

အမေရိကန် ပညာရေးစနစ်သည် ဗဟိုဦးစီးချုပ်ကိုင်မှုစနစ်ကို ကျင့်သုံးသည်မဟုတ်ဘဲ၊ အာဏာခွဲဝေ ကျင့်သုံးမှုစနစ် (Division of Power) ကျင့်သုံးသည့်အတွက် ပညာရေးအခန်းကဏ္ဍအား ပြည်နယ်အစိုးရအဖွဲ့ လက်အောက်၌သာထားရှိခြင်းဖြစ်သည်။ ပြည်နယ်အစိုးရသည် ပညာရေးနှင့်ပတ်သက်လျှင် ဒေသနှင့်ကိုက်ညီနိုင်သော သင်ရိုးညွှန်းတမ်းများ၊ အခြေခံအဆောက်အဦးများ၊ ပညာရေးဝန်ထမ်းများစသည်တို့ကို စံချိန်စံနှုန်း သတ်မှတ်ကာ ခန့်အပ်ခြင်းဖြစ်သည်။ အမေရိကန်ပြည်ထောင်စုအတွင်းရှိ ပြည်နယ်အသီးသီးများ၏ ပညာရေးစနစ်သည် မတူညီကွဲပြားမှုများနှင့် ရှုပ်ထွေးမှုများရှိနေသည်။ အမေရိကန် ပညာရေးစနစ်တွင် ကျောင်းအမျိုးအစား ပုံစံအမျိုးမျိုး ပါဝင်နေသည့်အပြင် အဆိုပါကျောင်းအမျိုးအစားများသည် နေရာဒေသအလိုက် မူတည်၍ကွဲပြားခြားနားမှုများရှိနေသည်။ အဓိကအားဖြင့် အမေရိကန်ပညာရေးစနစ်တွင် ကျောင်းအမျိုးအစား (၄) မျိုးရှိသည်။ ယင်းတို့မှာ အစိုးရမှ ဖွင့်လှစ်ထားသည့် အစိုးရကျောင်းများ၊ Charter Schools၊ ပုဂ္ဂလိကကျောင်းများ၊ အိမ်ကျောင်းများစသည်တို့ဖြစ်သည်။ ဖက်ဒရယ်အစိုးရမှ အဆိုပါကျောင်းများ၏ နှစ်စဉ် ရလဒ်များအပေါ် အကဲဖြတ်စစ်ဆေးသည့်နည်းဖြင့် ရံပုံငွေများ၊ စည်းမျဉ်းစည်းကမ်းများအပြင် လိုအပ်သည်များကို ကူညီပံ့ပိုးပေးခြင်းဖြစ်သည်။

အစိုးရမှ မတူညီကွဲပြားသည့် လူမှုပတ်ဝန်းကျင်၌ လိုက်လျောညီထွေမှု (သဟဇာတ) ရှိစေရန် အတွေးအခေါ်များ၊ ယဉ်ကျေးမှုများနှင့် ကိုးကွယ်ယုံကြည်မှုများကို နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သက်ဆိုင်ရာ ပြည်နယ်အသီးသီး၏ ဖွဲ့စည်းပုံအခြေခံဥပဒေလက်အောက်၌ တန်းတူညီတူ အသိအမှတ်ပြုရန် တာဝန်ဝတ္တရားရှိသည်။ အစိုးရအနေဖြင့် အဓိကသော့ချက် (၂) ချက်ဖြင့် ပညာရေးကို အရေးကြီးကြောင်း အသိအမှတ်ပြုထားသည်။[၄၁] ပထမအချက်သည် ပြည့်စုံသောပညာရေးစနစ် ရှိမည်မဟုတ်ပေ။ ဒုတိယအားဖြင့် သား/သမီးများ၏ ပညာရေးပြုစုပျိုးထောင်ရာ၌ မိဘများ၏ ပါဝင်မှုအခန်းကဏ္ဍသည် အခြေခံတာဝန် တစ်ရပ်ဖြစ်ကြောင်း အသိအမှတ်ပြုထားပေသည်။ ထို့ကြောင့် အစိုးရအနေဖြင့် ပညာရေးစနစ် လည်ပတ်ရာတွင် ပြည့်စုံသောစနစ်တစ်ခုကို ဖော်ဆောင်ပေးနိုင်ခြင်း မရှိသော်လည်း အကောင်းဆုံး ကြိုးစားအားထုတ်ပြီး၊ အားနည်းချက်များကို ပွင့်လင်းမြင်သာစွာ အရှိတရားများအပါအဝင် လက်ခံနိုင်သည်သာမက မိဘများ၏ ပါဝင်မှုအခန်းကဏ္ဍများကို အသိအမှတ်ပြုသည့်အပြင် အားတက်သရော ပါဝင်နိုင်စေရန် အခွင့်အလမ်းပေးထားသေးသည်။

## ၇.၁.၂. ပညာရေးရံပုံငွေ အသုံးစရိတ်

အမေရိကန်ပြည်ထောင်စု၏ ပညာရေးဘတ်ဂျက် အသုံးစရိတ်သည် အဓိကအရင်းအမြစ် (၃) ခု ဖြစ်သည့် ဖက်ဒရယ်အစိုးရ၊ ပြည်နယ်အစိုးရနှင့် ဒေသန္တရအစိုးရများထံ ရရှိခြင်းဖြစ်သည်။ ၂၀၁၄-၁၅ တနိုင်ငံလုံးအတိုင်းအတာ ပညာရေးဘဏ္ဍာငွေတွင် ပြည်နယ်အစိုးရမှ ၄၇% နှင့် ဒေသန္တရအစိုးရမှ ၃၈% ခန့် ပါဝင်ပေးနေစဉ်၊ ဖက်ဒရယ်အစိုးရမှ စုစုပေါင်းဘဏ္ဍာငွေ၏ ပျမ်းမျှ ၈% ခန့်မှာ ပါဝင်ကူညီပေးသည်။

သို့သော်လည်း၊ အမေရိကန်ပြည်ထောင်စု၏ ဖက်ဒရယ်အစိုးရမှ ပြည်နယ်များသို့ ခွဲဝေပေးသော ပညာရေး အသုံးစရိတ်မှာ တူညီမှုမရှိချေ။ ပြည်နယ်တစ်ခုနှင့်တစ်ခုအကြား ခွဲဝေရရှိသော ပညာရေး အသုံးစရိတ်မှာ ကွာခြားမှုများရှိနေသည့်အပြင်၊ ပြည်နယ်နှင့် ဒေသန္တရအစိုးရနှစ်ခုအကြား ရရှိသော အသုံးစရိတ်သည်လည်း ကွာခြားမှုရှိနေသည်။ အချို့သော ပြည်နယ်များမှ ရရှိသော အသုံးစရိတ်သည် ပြည်နယ်လက်အောက်ရှိ ဒေသန္တရအစိုးရများထက် အသုံးစရိတ်မှာ အနည်းငယ်နည်းပါးနေသည်။ သို့ရာတွင် အများအားဖြင့် ပြည်နယ်များ၏ ပညာရေးဆိုင်ရာ အသုံးစရိတ် ရရှိမှုသည် ဒေသန္တရအစိုးရများထက် အနည်းငယ် ပိုမိုရရှိသည်။ ဖက်ဒရယ်အစိုးရသည် မူလတန်းနှင့် Secondary School[၄၂] အတွက် ခွဲဝေရရှိသော ပညာရေးအသုံးစရိတ်ဘဏ္ဍာရေးနှစ် (၂၀၁၅)/ (Source of revenues and types of expenditure for public elementary and secondary education, by Sate or jurisdiction: Fiscal Year 2015) ၌ ပြည်နယ် (၅၀) အားလုံးအတွက် စုစုပေါင်းအသုံးစရိတ်မှာ အမေရိကန်ဒေါ်လာ (၆၄) ဘီလီယံအသုံးပြုခဲ့သည်။ ဥပမာ - အဆိုပါ အသုံးစရိတ်များထဲ၌ နယူးမက္ကဆီကိုပြည်နယ်၏ အသုံးစရိတ် အမေရိကန်ဒေါ်လာ (၃.၉) ဘီလီယံရှိသည်။ ထို့ကြောင့် ဒေသန္တရအစိုးရ အသုံးစရိတ် ၁၆.၅%၊ ပြည်နယ်အစိုးရအသုံးစရိတ် ၆၉.၅% နှင့် ဖက်ဒရယ်အစိုးရ အသုံးစရိတ် ၁၃.၉၈% အသီးသီးစသည်တို့ဖြစ်သည်။[၄၃]

၄၁ The Center for Public Justice, How are the Local, State and Federal Governments involved in Education? Is this involvement just? https://www.cpjustice.org/public/page/content/cie_faq_levels_of_government (accessed on December 4, 2017).

၄၂ Secondary Schools သည် အလယ်တန်းကျောင်းမဟုတ်ဘဲ၊ အလယ်တန်းကျောင်းနှင့် အထက်တန်း ကျောင်းများပေါင်းစည်းထားသည့် ကျောင်းများကို ဆိုလိုခြင်းဖြစ်သည်။

၄၃ Stephen Q. Cornman and Lei Zhou, Revenues and Expendiutures for Public Elementary and Secondary Educaation: School Year 2014-15 (Fiscal Year 2015) (Washington,DC 20202: U.S Department of Education, 2018), p-4.

## ၇.၁.၃. ပြည်နယ်အဆင့်

ပြည်နယ်အစိုးရသည် အခြေခံအားဖြင့် အစိုးကျောင်းများ အတွက် တာဝန်ယူပေးခြင်းနှင့် စောင့်ကြည့် လေ့လာခြင်း များကို ပြုလုပ်ပေးသည်။ အမေရိကန်ပြည်ထောင်စု၏ ပြည်နယ်အများစုများ ဖွဲ့စည်းပုံအခြေခံ ဥပဒေများ၌ ပြည်နယ် အစိုးရများကို ကိုယ်ပိုင်ကျောင်းများ ဖွင့်လှစ်မှုများဆိုင်ရာ ပညာရေးဌာနများနှင့် ကိုယ်ပိုင်ဥပဒေပြဋ္ဌာန်းခွင့် စသည့် လုပ်ပိုင်ခွင့် အခွင့်အာဏာကို ပေးထားသည်။ ထို့အပြင် ပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့် အခွင့်အာဏာကို ဒေသန္တရ ကျောင်းများထံသို့ ကိုယ်စားလှယ်လွှဲစာဖြင့် လုပ်ပိုင်ခွင့် အခွင့်အာဏာကို ပေးထားခွင့်ရှိနေသည်။ ထို့ကြောင့် ပညာရေးဌာနသည် ပြည်ထောင်စု၏ သက်ဆိုင်ရာ ပြည်နယ် အစိုးရအဖွဲ့ လက်အောက်၌သာ ထားရှိသည်။ ထို့အပြင် အာဏာခွဲဝေကျင့်သုံးသည့်စနစ် (Division of Power) ကို ပြည်နယ်အဆင့် (State Level) တွင် ကျင့်သုံးလျက်ရှိနေ သည်။ ပညာရေးဆိုင်ရာ ပြိုင်ဆိုင်မှု ထိပ်တန်းအဆင့်ရှိသည့် ပြည်နယ်ပညာရေးဌာန အများစုအနေဖြင့် ဖက်ဒရယ်မှ သတ်မှတ်သည့် စံနှုန်းကို အရည်အသွေးပြည့်မီ နေပါက ပြည်နယ်ပညာရေးဌာနသည် ဖက်ဒရယ် (ပြည်ထောင်စု) အစိုးရထံမှ အကူအညီများကို အဆိုပြုနိုင်သည်၊ တစ်နည်း အားဖြင့် အကူအညီများကို လက်ခံရရှိနိုင်ခွင့် (ဝါ) အကျိုး ခံစားခွင့်ရှိသည်။

ပြည်နယ်ပညာရေးဌာနသည် မိမိတို့၏ ပြည်နယ်အဆင့် အလိုက် ပညာရေး အဆင့်အတန်း ကောင်းမွန်စေရန်အတွက် သိပ္ပံဘာသာရပ်၊ လူမှုရေးဘာသာရပ်များ၊ အနုပညာ ဘာသာရပ်နှင့် နိုင်ငံခြားဘာသာရပ်များကို ထပ်မံထည့်သွင်း သင်ကြားပေးနေသည်။ ပြည်နယ်တစ်ခုချင်းစီတိုင်း၏ ပညာရေးဌာနသည် မိမိတို့ဒေသနှင့် ကိုက်ညီသည့် သင်ရိုးညွှန်းတမ်းများ၊ လက်တွေ့အသုံးပြုမှု သင်ကြား/ သင်ယူမှုဆိုင်ရာ နည်းစနစ်များကို ကိုယ်ပိုင်ဖန်တီးပိုင်ခွင့်ရှိ သည်။ ဥပမာအားဖြင့် ပြည်နယ်တစ်ခုအတွင်းရှိ ပညာရေး စနစ်ကောင်းမွန်သည့် ကျောင်းများသည် ယင်းပြည်နယ် အစိုးရအဖွဲ့၏ ကူညီပံ့ပိုးမှုများကို အကျိုးခံစားခွင့်ရှိနေသည်။ အစိုးရကျောင်းများအတွက် ပြည်နယ်အဆင့်ငွေကြေးသည် ပုံစံအမျိုးမျိုးဖြင့် ကျယ်ပြန့်စွာရှိသည်။ သို့ရာတွင် ပျမ်းမျှအား ဖြင့် ပြည်နယ်အဆင့် ပညာရေးဆိုင်ရာ ငွေကြေးအသုံးပြုမှု သည် ကျောင်းများ၏ လည်ပတ်မှု ကုန်ကျစရိတ်၏ ထက်ဝက်သာ အသုံးပြုစီမံခန့်ခွဲထားသည်။

ဥပမာ လက်တွေ့အားဖြင့် ပြည်နယ် (၄၂) ခုနှင့် ကိုလံဘီယာ ခရိုင်တို့၏ ပညာရေးဆိုင်ရာ ရံပုံငွေသည် ပြည်နယ်အစိုးရမှ တရားဝင် အသိအမှတ်ပြုထားသည့် အောင်ဘာလေ သိန်းဆုထီလုပ်ငန်းမှ ကောက်ခံရရှိသည့် အခွန်ငွေဖြင့် လည်ပတ်နေခြင်းဖြစ်သည်။ ထို့ကြောင့် ပြည်နယ်အဆင့် အစိုးရအဖွဲ့သည် မိမိတို့ပြည်နယ်ဒေသ ဖွံ့ဖြိုးရေးအတွက် ပြည်နယ်အဆင့်ဆိုင်ရာ လုပ်ပိုင်ခွင့် အခွင့်အာဏာများကို အပြည့်အဝရရှိထားသည်။ ကောက်ခံရရှိသည့် အခွန်ငွေ များသည် ပြည်နယ်အစိုးရ၏ ပညာရေးဘတ်ဂျက် လိုအပ် လျက်ရှိနေသော အခြားသော ဧရိယာများထံသို့ ပြန်လည် အသုံးပြု ဖြည့်ဆည်းပေးခြင်းဖြစ်သည်။

## ၇.၁.၄. ဒေသန္တရအဆင့်

ပြည်နယ်အစိုးရသည် ဒေသန္တရအဆင့်ဆိုင်ရာ ပညာရေး အခန်းကဏ္ဍတွင် လုပ်ပိုင်ခွင့်အခွင့် အာဏာများကို အစိုးရ ကျောင်းများ၏ တာဝန်ယူမှုနှင့် တာဝန်ခံမှုစသည့် စီမံခန့်ခွဲ၊ အုပ်ချုပ်မှုအပိုင်းတွင် ကိုယ်စားစီမံခန့်ခွဲပိုင်ခွင့်ပေးထားသည်။ အချို့သော ပြည်နယ်များသည် ပထဝီမြေပြင်အနေအထား အပေါ်မူတည်၍ မြို့များနှင့် school district[၄၄] ကို အဆင့် ဆင့်သတ်မှတ်ထားသည်။ ထူးခြားချက်မှာ school district ကျောင်းများသည် မိမိတို့ ကိုယ်ပိုင်သီးသန့် လွတ်လပ်စွာ စီမံခန့်ခွဲပိုင်ခွင့်ရှိနေသည်။ school district တစ်ကျောင်း စီတိုင်းအား ကျောင်းဘုတ်အဖွဲ့တစ်ခုကို ဖွဲ့စည်းပိုင်ခွင့် ရှိသည်။ အဆိုပါဘုတ် အဖွဲ့ဝင်များကို ပြည်သူလူထု (သို့မဟုတ်) မြို့တော်ဝန်မှ တိုက်ရိုက်ရွေးချယ်ခန့်ထား ပိုင်ခွင့်ရှိနေသည်။ ဒေသန္တရအဆင့် ကျောင်းဘုတ်အဖွဲ့ တာဝန်များသည် ကျောင်းသင်ရိုးညွှန်းတမ်းများကို ပြုစု ရေးသားခြင်း၊ ဝန်ထမ်းများကို အစမ်းခန့်ထားခြင်းနှင့် ကျောင်းဖွင့်ချိန်နှင့် ကျောင်းပိတ်ချိန်ကို ဆုံးဖြတ်ပေးခြင်း၊ ကျောင်းအဆောက်အဦးများ တည်ဆောက်ခြင်းနှင့် ပြုပြင် မွမ်းမံခြင်းများသာမက ကျောင်းရံပုံငွေများကို ရှာဖွေ စုဆောင်းခြင်းစသည့် တာဝန်များဖြစ်သည်။ ဖက်ဒရယ် အစိုးရနှင့် ပြည်နယ်အစိုးရမှ ထောက်ပံ့ပေးသည့် ငွေကြေး ပမာဏသည် အစိုးရကျောင်းများတွင် အသုံးပြုနေသည့် ထက်ဝက်ရံပုံငွေထက် မပြေပလောက်သော ပမာဏကိုသာ ခွဲဝေပေးထားခြင်းဖြစ်သည်။ ထို့ကြောင့် ဒေသန္တရကျောင်း ဘုတ်အဖွဲ့များသည် ကျန်ရှိနေသေးသည့် (သို့မဟုတ်) လိုအပ်လျက်ရှိနေသည့် ရံပုံငွေများကို မိမိတို့ ကိုယ်ပိုင် အစီအစဉ်ဖြင့် ရှာဖွေရန် တာဝန်ရှိနေသည်။ သို့ရာတွင် လိုအပ်နေသော ရံပုံငွေများကို ဒေသန္တရအစိုးရမှ ကောက်ခံပေးသည်။

---

၄၄ School district ၌ မူလတန်းအဆင့်နှင့် Secondary (အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းပေါင်း)များပါဝင်သည်။

## ၇.၁.၅. နယူးမက္ကဆီကို ပြည်နယ် ပညာရေး အခြေအနေ

၁၉၁၁-ခုနှစ်၌ နယူးမက္ကဆီကိုပြည်နယ်သည် အမေရိကန် ပြည်ထောင်စု (ဖက်ဒရယ်) ၏ (၄၇) ခုမြောက် ပြည်နယ် အဖွဲ့ဝင်ဖြစ်လာခဲ့သည်။ နယူးမက္ကဆီကိုပြည်နယ်၏ အဓိက သုံးဘာသာစကားသည် စပိန်ဘာသာစကားသာမက အင်္ဂလိပ်ဘာသာစကားစသည့် ဘာသာစကား (၂) မျိုးဖြင့် အသုံးပြုခြင်းဖြစ်သည်။ အဆိုပါဘာသာစကား (၂) မျိုးလုံးကို ကျောင်းများ၊ တရားရုံးများနှင့် ဥပဒေပြုရေး စသည့် နေရာများ၌ တရားဝင် အသုံးပြုနေသည်။ ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း (၁၂)၊ ပညာရေးအခန်းကဏ္ဍအပိုင်း၌ ပုဒ်မ - (၈) နှင့် (၁၀)[၄၅] များတွင် သင်ကြားပေးမည့် ဆရာ၊ ဆရာမများအနေဖြင့် အင်္ဂလိပ်နှင့် စပိန်ဘာသာစကား၊ စာပေ (၂) မျိုးလုံးကို မတတ်မနေရပုံစံဖြင့် ကျွမ်းကျင် တတ်မြောက်ရန် လိုအပ်ကြောင်းကို အတိအလင်း ပြဋ္ဌာန်း ထားသည်။ ထို့အပြင် ပုဒ်မ (၁၀) သည် စပိန်ကလေးသူငယ်များ၏ ပညာရေးဆိုင်ရာ အခွင့်အရေးများကို အတိအလင်း ပြဋ္ဌာန်းပေးထားသည်။ ထို့ကြောင့် ပြည်နယ်အတွင်းရှိ ကျောင်းများ၌ သင်ကြားရေးမဏ္ဍိုင်ဘာသာစကားအဖြစ် အင်္ဂလိပ်နှင့် ဒုတိယဘာသာစကား[၄၆] (၂) မျိုးလုံးကို လက်တွေ့အကောင်အထည်ဖော် သင်ကြားနေသည်။[၄၇]

နယူးမက္ကဆီကိုပြည်နယ် ယဉ်ကျေးမှုပေါင်းစုံသော ဘာသာစကား (၂) မျိုးဆိုင်ရာ ပညာရေးဥပဒေ (၂၀၀၄) / New Mexico Bilingual Multicultural Education Law (2004) နှင့် ယဉ်ကျေးမှုပေါင်းစုံသော ဘာသာစကား (၂) မျိုးဆိုင်ရာ ပညာရေးစည်းမျဉ်း(၂၀၀၅)/ New Mexico Bilingual Multicultural Education Regulation (2005) များကို အတည်ပြုပြဋ္ဌာန်းပေးခဲ့သည်။ အဆိုပါပြဋ္ဌာန်းပေးသည့် နည်းဥပဒေသများတွင် ဘာသာစကား (၂) မျိုး အသုံးပြု သင်ကြားမှုကို[၄၈] အလေးပေးပြဋ္ဌာန်းထားသည်။ ထို့အပြင် ပြည်နယ်အတွင်း၌ ဘာသာစကား၊ စာပေဆိုင်ရာ ယဉ်ကျေးမှုများ မတူညီကွဲပြားမှုများစွာ ရှိနေသောကြောင့် ပြည်နယ်အစိုးရအဖွဲ့၏ ပညာရေးဌာနသည် လက်တွေ့အားဖြင့် ပုံစံ (၅) မျိုးဖြင့် လက်တွေ့အကောင်အထည်ဖော် ကျင့်သုံးလျက် ရှိနေသည်။ ယင်းတို့မှာ -

### (က)။ ဘာသာစကား (၂) မျိုး အသုံးပြုသင်ကြားသည့်ပုံစံ (Dual Language Immersion Model)

အဆိုပါ အသုံးပြုသင်ကြားသည့် ပုံစံသည် အင်္ဂလိပ် ဘာသာစကားနှင့် အိမ်သုံးဘာသာစကားစသည့် ဘာသာစကား (၂) မျိုးသည် အင်္ဂလိပ်စကား ပြောနိုင်သည့် ကျောင်းသား/သူများနှင့် အင်္ဂလိပ်ဘာသာစကား အသုံးပြုနိုင်ခြင်း မရှိသေးသည့် ကျောင်းသား/ သူများအတွက် အခြေခံထားသည့် ပုံစံဖြစ်သည်။ အဓိက ရည်မှန်းချက်ပန်းတိုင်သည် ကျောင်းသား/ သူများအနေဖြင့် ဘာသာစကား၊ စာပေ (၂) မျိုးလုံး အား ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်ရန်/တိုးတက် စေရန်၊ ပညာရေးဆိုင်ရာ ကျွမ်းကျင်တတ်မြောက်မှု/ အောင်မြင်မှု ရရှိစေရန်နှင့် မတူညီကွဲပြားသော ယဉ်ကျေးမှုဆိုင်ရာ နားလည်မှုများ ဖြစ်ပေါ်လာစေ ရန်/ သိရှိလာစေရန် ဖြစ်သည်။

### (ခ)။ ထိန်းသိမ်းမှုပုံစံ (Maintenance Model)

အင်္ဂလိပ်ဘာသာစကား နောက်ခံအားနည်းသည့် ကျောင်းသား/သူများနှင့် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှု အားနည်းနေသေးသည့် ကျောင်းသား/ သူများအတွက် ထားရှိသည့် နည်းဖြစ်သည်။ ယင်းပုံစံ (မော်ဒယ်) ၌ ဘာသာစကား (၂) မျိုးဖြစ်သည့် အိမ်သုံးဘာသာစကားနှင့် အင်္ဂလိပ်ဘာသာစကား (၂) မျိုးလုံးအား မြှင့်တင်ပေးခြင်းဖြစ်သည်။ အင်္ဂလိပ် ဘာသာစကားနှင့်စာပေသည် ဒုတိယဘာသာစကား အဆင့်၌သာ ရှိနေမည်ဖြစ်သည်။ ယင်းနည်းကို အသုံးပြုမှုကြောင့် ထွက်ပေါ်လာသည့် ရလဒ်မှာ အပေါင်းလက္ခဏာဆောင်သည့် အကျိုးအမြတ် ဖြစ်ထွန်းမှုကို ဖြစ်ပေါ်စေသည်။

---

၄၅ The Constitution of the State of New Mexico: “Education” (Article XII: Section (8 and 10), p-157 http://www.sos.state.nm.us/nmconst2017.pdf (Accessed on January 22, 2018).

၄၆ ဒုတိယဘာသာစကားအဖြစ် စပိန်ဘာသာစကား သို့မဟုတ် မူလအမေရိကန်တိုင်းရင်းသား ဘာသာစကားကို ဆိုလိုသည်။

၄၇ Ginger C. Stull, Language, Borders and Education: Language Policy and The Making of New Mexico and Arizona (United State of America; University of Pennsylvania), p-24.

၄၈ ဘာသာစကား (၂) မျိုးဆိုင်ရာ ပညာရေးအစီအစဉ်၌ အင်္ဂလိပ်နှင့် အိမ်သုံး (ဝါ) ရိုးရာအမွေအနှစ် ဘာသာစကားများကို သင်ကြားခြင်းနှင့် သင်ယူမှုဖြစ်စဉ်တွင် သင်ကြားရေးမဏ္ဍိုင်တစ်ခု (Medium of instruction) အဖြစ် ဆိုလိုသည်။

### (ဂ)။ ပိုမိုတိုးတက်ကောင်းမွန်စေသည့်ပုံစံ (Enrichment Model)

အင်္ဂလိပ်ဘာသာစကား၊ စာပေ ကျွမ်းကျင်တတ်မြောက်မှု ရှိပြီးသော ကျောင်းသား/သူများအတွက် ပုံစံ ဆွဲထားခြင်းဖြစ်သည်။ ၎င်းပုံစံ၏ ရည်မှန်းချက်ပန်းတိုင်သည် စုံလင်သော ပညာရေးစနစ် (Pluralistic) ကို ဦးတည်ခြင်းဖြစ်သည်။ ထို့အပြင် ကျောင်းသား/သူများ၏ အိမ်သုံးဘာသာစကား ပိုမိုကျွမ်းကျင်တတ်မြောက်မှု ဖြစ်ပေါ်စေရန်နှင့် နယူးမက္ကဆီကိုပြည်နယ်၏ သမိုင်းနှင့် ယဉ်ကျေးမှု အချက်အလက်များကို ပေါင်းစည်းခြင်းကို အသားပေးခြင်းဖြစ်သည်။ အခြားသော ဘာသာစကား (၂) မျိုးဆိုင်ရာ မာတိကာဧရိယာ အစီအစဉ်များ၌ သင်္ချာ၊ သိပ္ပံ၊ လူမှုရေးဘာသာရပ်များ သို့မဟုတ် အနုပညာဘာသာရပ်များကို ထည့်သွင်းထားသည်။

### (ဃ)။ ရိုးရာအမွေအနှစ်ဘာသာစကားပုံစံ (Heritage Language Model)

မိသားစု/အိမ်သုံးဘာသာစကား (သို့မဟုတ်) မျိုးနွယ်စုလူမျိုးများ၏ ရိုးရာအမွေအနှစ် ဘာသာစကား သင်ကြားအသုံးပြုမှုကို ပြင်ဆင်အားပေးသည့် နည်းဖြစ်သည်။ ရည်မှန်းချက်ပန်းတိုင်သည် အိမ်သုံးဘာသာစကား ပျောက်ကွယ်သွားခြင်းနှင့် ဘာသာစကားဆိုင်ရာ ကျွမ်းကျင်မှုများဖြစ်သည့် အပြော၊ အဖတ်နှင့် အရေး စသည်တို့အား ရပ်တန့်မှုများမှ အဆုံးအစွန်အထိတိုင်အောင် အကာအကွယ်ပေးခြင်းဖြစ်သည်။ ရိုးရာအမွေအနှစ်ဘာသာစကား သင်ယူနေသော ကျောင်းသား/သူများသည် အင်္ဂလိပ်ဘာသာစကား သင်ယူနေသူများ ဖြစ်နေပါက၊ အင်္ဂလိပ်ဘာသာရပ်သည် ၎င်းတို့အတွက် ဒုတိယဘာသာစကား သင်ကြားရေးတစ်ခုအဖြစ် ပါဝင်ရမည်ဖြစ်ပြီး၊ သို့မှသာ ဘာသာစကား (၂) မျိုး ကျွမ်းကျင်တတ်မြောက်သော သူများကို မွေးထုတ်ပေးနိုင်မည်ဖြစ်သည်။

### (င)။ အသွင်ကူးပြောင်းမှုဆိုင်ရာပုံစံ (Transitional Model)

အင်္ဂလိပ်ဘာသာစကား နောက်ခံမဟုတ်သော ကျောင်းသား/သူများနှင့် ယခုတိုင်အောင် အင်္ဂလိပ်ဘာသာစကား မကျွမ်းကျင်နိုင်သော ကျောင်းသား/သူများအတွက် ရည်ရွယ်၍ ပြင်ဆင်ထားခြင်းဖြစ်သည်။ အသွင်ကူးပြောင်းမှုဆိုင်ရာ ပုံစံအစီအစဉ်များသည် ကနဦးသင်ကြားပေးသည့် ကျောင်းသား/သူများ၏ ပထမဘာသာစကား (သို့မဟုတ်) အိမ်သုံးဘာသာစကားကို တဖြည်းဖြည်းလျှော့ချလိုက်ခြင်းဖြစ်သည်။

ထို့ကြောင့် အထက်ပါဖော်ပြထားသည့် ပုံစံငယ်များသည် အကျိုးသက်ရောက်မှု ပမာဏရှိစေသည် သာမက အဆိုပါ အစီအစဉ်များသည် ရည်ရွယ်ချက်ရှိရှိဖြင့် ပုံစံဖော်ထားခြင်းနှင့် ကောင်းမွန်စွာ လက်တွေ့အသုံးပြုခြင်းဖြစ်သည်။ ခရိုင်အဆင့်၊ ကျောင်းအဆင့်နှင့် အစီအစဉ်အဆင့် (program) အဆင့်ရှိ ထိရောက်မှုရှိသော ခေါင်းဆောင်မှုနှင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ချက်များသည် ယဉ်ကျေးမှုပေါင်းစုံသော ဘာသာစကား (၂) မျိုးဆိုင်ရာ ပညာရေးအစီအစဉ်များသည် အခြေခံအုတ်မြစ်ဖြစ်သည်။[၄၉]

အမေရိကန်နိုင်ငံ၏ ကျောင်းများတွင် အများအားဖြင့် သင်ကြားရေးမဏ္ဍိုင်ဘာသာစကား (Medium of Instrutction) သည် အင်္ဂလိပ်ဘာသာစကားဖြင့် သင်ကြားနေသော်လည်း၊ အချို့သောကျောင်းများ၌ ဘာသာစကား (၂) မျိုး အသုံးပြုသော ပညာရေး (Bilingual Education) အသုံးပြုနေသည်။ နယူးမက္ကဆီကိုပြည်နယ် ပညာရေးသည် ဘာသာစကား (၂) မျိုး အသုံးပြုသင်ကြားသည့်ပုံစံ (Dual Language Immersion Model) ဟု ခေါ်ဆိုနိုင်သည်။ ကျောင်းများတွင် ဘာသာစကား (၂) မျိုး အသုံးပြု သင်ကြားပေးသည့် ဆရာ/ဆရာမများသည် ဘာသာစကား (၂) မျိုး ပြောဆိုတတ်ကျွမ်းသူများဖြစ်သည်။ ဘာသာစကား (၂) မျိုး အသုံးပြုသင်ကြားသော နည်းများမှာ ၎င်းတို့မှာ - (၁)၊ ၉၀/၁၀ပုံစံနှင့် (၂)၊ ၅၀/၅၀ပုံစံများကို အခြေခံပညာမူလတန်းအဆင့်တွင် လက်တွေ့နည်းကျကျ အကောင်အထည်ဖော် အသုံးပြုနေခြင်းဖြစ်သည်။

#### (၁) ၉၀-၁၀ ပုံစံ

၉၀/၁၀ ပုံစံဖြင့် အခြေပြုသင်ကြားသည့် နည်းစနစ် ၏ ၉၀% မှာ အိမ်သုံးဘာသာစကား သို့မဟုတ် မိခင်ဘာသာစကားဖြင့် အသုံးပြုသင်ကြားခြင်းဖြစ်၍၊ ကျန် ၁၀% မှာ အခြားသော ဘာသာစကားကို ဒုတိယဘာသာစကားအဖြစ် အသုံးပြုခြင်းဖြစ်သည်။ ၉၀-၁၀ ပုံစံနည်းအား သင်ကြားမည့် ဘာသာရပ်များကို ခွဲခြားသတ်မှတ်ပေးခြင်းဖြင့် အသုံးပြု သင်ကြားခြင်းဖြစ်သည်။ ဥပမာအားဖြင့် သူငယ်တန်းအဆင့် စာသင်ခန်း၌ စပိန်ဘာသာစကား ပြောဆိုသည့် ကျောင်းသား/သူ

[၄၉] Icela Pelayo Cervantes, Elisabeth Vanlenzuela, and Marilynm Newton-Wright, “Instructional Program Models”, New Mexico Bilingual Multicultural Education and Title III Programs: Technical Assistance Manual SY 2013-2014 (New Mexico State: Bilingual Multicultural Education Bureau New Mexico Public Education Department), P- 70-72.

များသည် အထူးပြု ဘာသာရပ်များ ဖြစ်သော ဂီတ၊ အနုပညာနှင့် P.E စသည့် ဘာသာရပ်များမှအပ၊ ကျန်ရှိသော ဘာသာရပ်များကို စပိန်ဘာသာစကားဖြင့် လေ့လာခွင့်ရသည်။ အင်္ဂလိပ်ဘာသာစကား ပြောဆိုသည့် ကျောင်းသား/သူများအနေဖြင့်လည်း Language Arts၊ သင်္ချာနှင့် အင်္ဂလိပ် အထူးပြုဘာသာရပ်များ အင်္ဂလိပ်ဖြင့် လေ့လာရသည်။ ယင်းအပြင် သိပ္ပံနှင့်လူမှုရေး ဘာသာရပ်များကို ပေါင်းစပ်/ရောနှောထားသော အတန်းများ၌ စပိန်ဘာသာစကားဖြင့် လေ့လာရသည်။

ပထမတန်းအဆင့်၌ သင်္ချာနှင့် အင်္ဂလိပ်ဘာသာရပ်များကို ပထမဘာသာစကား တနည်းအားဖြင့် အင်္ဂလိပ်ဘာသာစကားဖြင့် သင်ကြားခြင်းဖြစ်ပြီး၊ အခြားသော ဘာသာရပ်များကို ပေါင်းစပ်စာသင်ခန်း၌ ဘာသာစကား (၂) မျိုးဖြင့် ပြန်လည်သင်ကြားခြင်းဖြစ်သည်။ တတိယတန်းအဆင့်၌ (၅၀-၅၀) ပုံစံနည်းဖြင့် ဘာသာရပ်များအားလုံးကို သင်ကြားပေးခြင်းဖြစ်သည်။ သူငယ်တန်းနှင့် ပထမတန်းအဆင့်၌ ကျောင်းစာသင်ချိန်အများစုကို စပိန် ဘာသာစကားဖြင့် သင်ကြားပေးသည်။ ဒုတိယတန်းအဆင့်သို့ ရောက်ရှိချိန်တွင် အင်္ဂလိပ်ဘာသာစကားကို ထပ်မံထည့်သွင်း သင်ကြားပေးသည်။ တတိယတန်းအဆင့်တွင် ကျောင်းသား/သူများအားလုံးကို စာပေသင်ကြားရာ၌ ဘာသာစကား (၂) မျိုးလုံးဖြင့် သင်ကြားပေးသည်။ ပဉ္စမတန်းအဆင့်၌ ဘာသာစကား (၂) မျိုးဖြစ်သည့် အင်္ဂလိပ်နှင့် စပိန်ဘာသာစကားများကို နေ့တဝက်စီဖြင့် သင်ကြားပေးခြင်းဖြစ်သည်။

## (၂)။ ၅၀-၅၀ ပုံစံ


(၅၀-၅၀) ပုံစံ အသုံးပြု သင်ကြားနည်းသည် ဘာသာစကား (၂) မျိုးကို အချိန်ကာလအားဖြင့် အစီအစဉ်ရေးဆွဲသင်ကြားခြင်းဖြစ်သည်။ ဥပမာအားဖြင့် အင်္ဂလိပ်နှင့် စပိန်ဘာသာစကားများကို အလှည့်ကျ တစ်ပတ်တာအချိန်အားဖြင့်သော်လည်းကောင်း၊ နေ့ရက်သတ်မှတ်ပေးသင်ကြားပေးခြင်းဖြင့်လည်းကောင်း လက်တွေ့အသုံးပြု သင်ကြားနေခြင်းဖြစ်သည်။ ရံဖန်ရံခါ အချိန်အခါမျိုး၌ သင်ခန်းစာများ မပြီးဆုံးနိုင်သော အခြေအနေအပေါ် မူတည်၍ အလျဉ်းသင့်သလို အသုံးပြုသင်ကြားသည့် နည်းစနစ်ဖြစ်သည်။ ထို့အပြင် အင်္ဂလိပ်နှင့် စပိန်ဘာသာစကားဖြင့် သင်ကြားပေးသည့် ဆရာ/ဆရာမများမှ တူညီသော စာသင်ချိန်အတွင်း၌ ဘာသာစကားမတူညီသော ကျောင်းသား/သူများကို အဖွဲ့တစ်ဖွဲ့စီခွဲ၍ သင်ကြားပေးသည်။ ယင်းသို့ သင်ကြားပေးရာတွင် စာသင်ချိန်နှင့် ဘာသာရပ်များ တူညီနေသော်လည်း၊ အခန်းဖွဲ့စည်းပုံမှာ တူညီနေသည်မဟုတ်ပေ။ ထူးခြားချက် တစ်ရပ်အနေဖြင့် ဒုတိယတန်းအဆင့်၌ သင်္ချာဘာသာရပ်သည် အင်္ဂလိပ်ဘာသာစကား၊ စာပေဖြင့် ပြဋ္ဌာန်းထား၍၊ သိပ္ပံဘာသာရပ်သည် စပိန်ဘာသာစကား၊ စာပေဖြင့် ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် အင်္ဂလိပ်ဘာသာစကားဖြင့် ပြောဆိုနိုင်သော ကျောင်းသား/သူများအတွက် အင်္ဂလိပ်ဘာသာစကား အတတ်ပညာရပ်သည် ပထမနေရာတွင် တည်ရှိနေပြီး၊ စပိန်ဘာသာစကားမှာ ဒုတိယနေရာ၌ တည်ရှိနေသည်။ စပိန်ဘာသာစကားသည်လည်း ထိုနည်းအတိုင်းပင် ဖြစ်သည်။[၅၀]

အထက်ဖော်ပြသော အစီအစဉ်များကို လက်တွေ့ကျင့်သုံးနိုင်ရန် ပြည်နယ်အစိုးရသည် ပြည်နယ်အတွင်း၌ Bilingual Multicultural Education Bureau (BMEB) ဖန်တီးခြင်းနှင့် Bilingual Multicultural Education Program (BMEP) အစီအစဉ် တစ်ရပ်အား လက်တွေ့အကောင်အထည်ဖော်ကျင့်သုံးနေသည်။ ၎င်းအစီအစဉ်အား သီးသန့် ဌာနတစ်ခုဖြင့် ဖွဲ့စည်းပေးသည့်အပြင် (၂၀၁၅-၁၆) ပညာသင်နှစ်အတွက် သီးသန့် အသုံးစရိတ် အမေရိကန်ဒေါ်လာ (၃၆.၉) သန်းခွဲဝေအသုံးပြုခဲ့သည်။ နယူးမက္ကဆီကိုပြည်နယ် အစိုးရကျောင်းများ၏ ကျောင်းသား/သူအရေအတွက်မှာ (၃၃၈,၆၀၈) ဦးရေဖြစ်သည်။ (BMEPs) အစီအစဉ်၌ ပါဝင်နေသော ကျောင်းသား/သူအရေအတွက်မှာ (၅၂,၃၆၅) ဦးရေဖြစ်သည်။ အဆိုပါ အရေအတွက်သည် ပြည်နယ်၏ အစိုးရကျောင်းများ၏ ကျောင်းသား/သူဦးရေ ၁၅% ကိုယ်စားပြုနေသည်။ ပြည်နယ်အတွင်း၌ ကျောင်းအရေအတွက် (၄၆၅) ကျောင်းရှိနေပြီး၊ BMEPs အစီအစဉ်သည် (၆၅၃) အရေအတွက်ဖြင့်လည်ပတ်နေသည်။ စပိန်ဘာသာစကား (Hispanic) (သို့မဟုတ်) လက်တင်ဘာသာစကား (Latino) ပြောဆိုသော ကျောင်းသား/သူများ အရေအတွက်သည် ပြည်နယ်အတွင်းရှိ ကျောင်းသား/သူလူဦးရေ၏ ၆၁% ကိုယ်စားပြုနေသည်။ အဆိုပါအရေအတွက်ပါဝင်မှုသည် BMEPs ၌ အကြီးမားဆုံးသော တိုင်းရင်းသားလူမျိုးအဖွဲ့ဖြစ်သည်။ Native American ကျောင်းသား/သူ ဦးရေပါဝင်မှုမှာ ပြည်နယ်၏ စုစုပေါင်းလူဦးရေ ၁၀% ကိုယ်စားပြုနေခြင်းနှင့် BMEPs ၌ ၁၆% ကိုယ်စားပြုပါဝင်နေသည်။ နယူးမက္ကဆီကိုပြည်နယ်အတွင်းတွင် ကျောင်းပေါင်း (၄၅၀) ကျော်၌ (၅၀%) ကျော် ခရိုင်အဆင့် ကျောင်းများတွင် စပိန် (သို့မဟုတ်) Native American ဘာသာစကားဖြင့် BMEP’s အစီအစဉ်အားလည်ပတ်နေသည်။

၅၀ Yvonne S. Freeman, David E. Freeman, and Sandra P. Mercuri, Bilingual/Dual Language Education: Q&A 4 https://apps.ksbe.edu/olelo/sites/apps.ksbe.edu.olelo/files/08-02%20Dual%20Language%20Models.pdf (accessed on November 6, 2017).

**နယူးမက္ကဆီကိုပြည်နယ်အတွင်း ယဉ်ကျေးမှုပေါင်းစုံသော ဘာသာစကား (၂) မျိုးဆိုင်ရာ ပညာရေးနှင့် Title III လုပ်ငန်းအစီအစဉ် အသုံးပြုမှုများကို ခရိုင်အလိုက် ဖော်ပြသော မြေပုံ**

၂၀၁၅ - ၂၀၁၆ ခုနှစ် ပညာသင်နှစ်





- Bilingual Education and Title III Programs—Native American Languages
- Bilingual Education Only—Native American Languages
- Bilingual Education Program and Title III—Native American Languages and Spanish Language
- Bilingual Education and Title III—Spanish Language
- Bilingual Education Only—Spanish Language
- Title III Programs Only
- No Bilingual Program

***Source:*** *New Mexico Public Education Department. Bilingual Multicultural Education Annual Report SY 2015*-16, p.8.

ယဉ်ကျေးမှုပေါင်းစုံသော ဘာသာစကား (၂) မျိုးဆိုင်ရာ အစီအစဉ်များ (BMEPs) ခရိုင်နှင့် ကျောင်းပါဝင်မှုများသည် နယူးမက္ကဆီကိုပြည်နယ်အတွင်း၌ ပြည်နယ်ရုံပုံငွေဖြင့် ကျောင်းပေါင်း (၆၅၃) ကျောင်း ဖွင့်လှစ်နေပြီး၊ BMEPs အစီအစဉ်အား ကျောင်းအရေအတွက် (၄၆၅) ကျောင်း၌ အသုံးပြုနေခြင်းဖြစ်သည်။ ကျောင်းများတွင် ကျောင်းသား/သူများ၏ လိုအပ်ချက်များအလိုက် တစ်ခုထက်ပိုမိုသော BMEPs Models ကို အသုံးပြု သင်ကြားနေသည်။

၅၁ New Mexico Education Department. Bilingual Multicultural Education Annuanl Report for School Year 2015-2016 (January 2017), p-5.

**ယဉ်ကျေးမှုပေါင်းစုံသော ဘာသာစကား (၂) မျိုးဆိုင်ရာ ပညာရေး ပုံစံများ၏ အသုံးပြုမှု ရာခိုင်နှုန်း (၂၀၁၅ - ၂၀၁၆ ခုနှစ်)**




**Source:** New Mexico Public Education Deprtment.
Bilingual Multicultural Education Annual Report SY 2015-16, p-9.

## ၇.၂. အိန္ဒိယနိုင်ငံ




အိန္ဒိယနိုင်ငံ၏ အိမ်ထောင်စုသည် (၁.၁) ဘီလီယံခန့် ရှိနေပြီး၊ တစ်နှစ်လျှင် လူဦးရေတိုးပွားမှုနှုန်းသည် (၁.၆)% ဖြင့် တိုးပွားနေသည်။ ၂၀၀၁ ခုနှစ် လူဦးရေသန်းခေါင်စာရင်းအရ၊ အိန္ဒိယသည် (၃၅) မျိုးခေါင်းစဉ်အဖြစ်သို့ အုပ်ချုပ်ရေး ယန္တရားပုံစံဖြင့် ဖွဲ့စည်းထားပြီး၊ ပြည်နယ်အသီးသီးသည်လည်း လွတ်လပ်သော ကိုယ်ပိုင်အုပ်ချုပ်ပိုင်ခွင့်ရှိသည်။ အဆိုပါ လွတ်လပ်သော ပြည်နယ်များ၌ နေထိုင်သော လူမျိုးများတွင် မိမိတို့၏ ကိုယ်ပိုင်ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှု အသီးသီးရှိနေသည်။ အိန္ဒိယနိုင်ငံအား ပြည်နယ် (၂၈) ခုနှင့် ပြည်ထောင်စုနယ်မြေ (၇) ခုဖြင့် ဖွဲ့စည်းထားပြီး၊ အကြမ်းအားဖြင့် ဘာသာစကားဆိုင်ရာနိယာမ သို့မဟုတ် အခြေခံသဘောတရားများဖြင့် ဖွဲ့စည်းတည်ထောင်ထားခြင်းဖြစ်သည်။ လက်ရှိ အနေအထားတွင် အိန္ဒိယသည် မြို့ကြီး (၅၁) မြို့များနှင့် (၃၈၄) မြို့ပြနှင့်ဆိုင်သည့် စုပေါင်းထားသော မြို့နယ် (၅,၁၆၁) ရှိသည်။ ၁၉၅၁ ခုနှစ်တွင် မြို့နယ် အရေအတွက်သည် (၂,၈၄၃) မြို့နယ်ရှိခဲ့သည်။ သို့သော်လည်း၊ အိန္ဒိယလူမျိုး အများစုသည် များသောအားဖြင့် မတူညီကွဲပြားသော ဘာသာစကားများ၊ ဘာသာရေးများနှင့် ယဉ်ကျေးမှုဆိုင်ရာ ဓလေ့ထုံးတမ်းများရှိနေသော ကျေးလက်ဒေသဧရိယာများနှင့် သေးငယ်သော မြို့နယ်များတွင် နေထိုင်ကြသေးသည်။[၅၂] ၁၈၈၆ ခုနှစ်နှင့် ၁၉၂၇ ခုနှစ်ကာလအတွင်း၌ ဘာသာစကားဆိုင်ရာ ပညာရှင်ဖြစ်သည့် အိုင်းရင်းလူမျိုး (Irish)၊ ဆာဂျော့ အာဗြရဟံ ဂရီဆွန် (Sir George Abraham Grierson)[၅၃] မှ အိန္ဒိယ ဘာသာစကားဆိုင်ရာ စာရင်းကို ကွင်းဆင်းသုတေသနပြုရာ၌ ဘာသာစကား (၁၇၉) မျိုးနှင့် ဒေသသုံးဘာသာစကား (၅၄၄) မျိုး အသုံးပြုပြောဆိုကြောင်းကို သက်သေပြခဲ့သည်။ လွတ်လပ်ရေးရပြီးနောက် ပိုင်းကာလတွင် ၁၉၅၁ ခုနှစ် လူဦးရေ သန်းခေါင်စာရင်းအရ၊ ဒေသသုံး ဘာသာစကားအပါအဝင် စုစုပေါင်း ဘာသာစကား (၈၄၅) မျိုး ပြောဆိုကြောင်းကို စာရင်းပြုစုခဲ့သည်။

---

၅၂ Subhash, Three Language Education Formula in Multilingual India: Problems and Prospects, vol. 1 Issue 4: 2306-7063 ( India: International J. Educational Research, 2013), 150.

၅၃ Sir George Abraham Grierson (IRISH Linguist), https://www.britannica.com/ biography/ George-Abraham-Grierson (Accessed on November, 24, 2017).

အိန္ဒိယနိုင်ငံသည် လူမျိုးစုပေါင်းစုံ၊ မတူညီကွဲပြားနေသော ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု မျိုးစုံဖြင့် ဖွဲ့စည်းတည်ထောင်ထားသည့် နိုင်ငံဖြစ်သည်။ မတူညီကွဲပြားနေသော်လည်း အိန္ဒိယနိုင်ငံ၏ ပညာရေးစနစ်သည် ဘာသာစကား (၃) မျိုး အခြေပြုထားသည့် ပညာရေးစနစ်ဖြစ်နေသည်။ ဘာသာစကားဆိုင်ရာ မူဝါဒများနှင့်ပတ်သက်ပြီး၊ နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်း ဖော်ပြထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား (၈) ၌ အဓိကဘာသာစကား (၂၂) မျိုးကို အသိအမှတ်ပြုထားသည်။ လူနည်းစုများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုများနှင့်ပတ်သတ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုင်း (၁၇)၊ အခန်း (၁) ၌ ပြည်ထောင်စု ရုံးသုံးတရားဝင်ဘာသာစကားနှင့် တွဲဖက် ရုံးသုံးဘာသာစကားအပါအဝင် အတိအလင်း ပြဋ္ဌာန်းပေးထားသည်။ ထို့နောက်၊ အခန်း (၂) ရှိ ပုဒ်မများသည် ဒေသသုံးဘာသာစကားများနှင့် အခန်း (၄) ရှိ ပုဒ်မများသည်လည်း အခြေခံပညာရေး မူလတန်းအဆင့်၌ မိခင်ဘာသာစကားဖြင့် သင်ကြားပေးရန် အတိအလင်းပြဋ္ဌာန်းပေးထားသေးသည်။

## ၇.၂.၁. အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံ၌ ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှုများဆိုင်ရာ ပြဋ္ဌာန်းချက်များ

အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ - (၃၄၃.၁) တွင် ဟိန္ဒူဘာသာစကားသည် ပြည်ထောင်စု၏ တရားဝင်ဘာသာစကားအနေဖြင့် ပြဋ္ဌာန်းထားသည်။ ထို့အပြင် အင်္ဂလိပ်ဘာသာ စကားကိုလည်း ပြည်ထောင်စု၏ တရားဝင် တွဲဖက်ဘာသာ စကားအနေဖြင့် အသုံးပြုနိုင်ကြောင်းကိုလည်း ပြဋ္ဌာန်းပေးထားပြန်သည်။[၅၄] တဖက်တွင်လည်း ပုဒ်မ - ၃၄၅ ၌ ဒေသ သုံးဘာသာစကားနှင့်ပတ်သက်ပြီး ပြည်နယ်တစ်ခု၏ ဒေသသုံးဘာသာစကား (သို့မဟုတ်) ၎င်းပြည်နယ်၏ တရားဝင်ဘာသာစကားကို တရားဝင် ရုံးသုံးဘာသာစကားအဖြစ် သတ်မှတ်ပေးသည့်အပြင် ဟိန္ဒူဘာသာစကားကိုလည်း ရုံးသုံးဘာသာစကားအဖြစ် ပြဋ္ဌာန်းပေးသည်။ ထို့အပြင် ပြည်နယ်အဆင့်တွင် အင်္ဂလိပ်ဘာသာစကားကိုလည်း တရားဝင်ရုံးသုံးဘာသာ စကားအဖြစ် အသုံးပြုနိုင်ကြောင်း ပြဋ္ဌာန်းပေးထားပြန်သည်။[၅၅]

ပြည်နယ်တစ်ခုနှင့် အခြားသော ပြည်နယ် (သို့မဟုတ်) ပြည်နယ်တစ်ခုနှင့် ပြည်ထောင်စုအကြား ဆက်သွယ်ရေးအတွက် တရားဝင်ဘာသာစကားကို ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုင်း (၁၇)၊ အခန်း (၂) ဒေသသုံးဘာသာစကားများ၊ ပုဒ်မ - ၃၄၆ ၌ ဖော်ပြ ပြဋ္ဌာန်းထားသည်မှာ -

*မူရင်း အင်္ဂလိပ်ဘာသာကို မြန်မာဘာသာပြန်ဆိုခြင်း*

***Article (346)***
*The language for the time being authorized for use in the Union for official purpose shall be the official language for communication between one State and another State and between a State and the Union.*

*Provide that if two or more States agree that the Hindi languages should be the official language for communication between such States, that language may be used for such communication.*[၅၆]

***ပုဒ်မ (၃၄၆)***
*ပြည်နယ်တစ်ခုနှင့် တစ်ခုကြား၊ ပြည်နယ်နှင့် ပြည်ထောင်စုကြား ဆက်သွယ်ပြောဆိုရန်အတွက် တရားဝင်ဘာသာစကားဖြစ်သည်။ ပြည်ထောင်စုတွင် ဘာသာစကားတစ်ခုကို တရားဝင်ဘာသာစကားအဖြစ် အချိန်ကာလ ကြာမြင့်စွာ အသုံးပြုစေလျှင် ၎င်းဘာသာစကားကို ရုံးသုံးဘာသာစကားအဖြစ် အသိအမှတ်ပြုသည်။*

*ပြည်နယ် (၂) ခု (သို့မဟုတ်) (၂) ခုထက်ပိုသော ပြည်နယ်များသည် ဟိန္ဒီူဘာသာစကားကို ပြည်နယ်များအတွင်း တရားဝင်ဘာသာစကားအဖြစ် သဘောတူထောက်ခံပါက ၎င်းထောက်ခံသော ပြည်နယ်များအကြား ဆက်သွယ်ပြောဆိုသော ဘာသာစကားအဖြစ် အသုံးပြုနိုင်သည်။*

ပုဒ်မ - ၃၄၇ ၌ ပြည်နယ်အတွင်းတွင် နေထိုင်ကြသည့် လူမျိုးများအနေဖြင့် မိမိတို့၏ ဘာသာစကားများကို တရားဝင် အသုံးပြုခွင့်ရရှိရန် အဆိုပြုခွင့်ရှိနေသည်။ အဆိုပါ အဆိုပြုမှုများကို ပြည်နယ်မှ အသိအမှတ်ပြုပါက တရားဝင် ဘာသာစကားအနေဖြင့် အသုံးပြုနိုင်ကြောင်းကို ပြဋ္ဌာန်းထားသည်။

---

၅၄ The Constitution of India, Part-XVII Official Language: Chapter I- Language of the Union (Article-343) http://www.constitution.org/cons/india/p17.html (Accessed on November, 21, 2017).

၅၅ The Constitution of India, Part-XVII Official Language: Chapter II- Regional Languages (Article-345) http://www.constitution.org/cons/india/p17345.html (Accessed on November, 21, 2017).

၅၆ The Constitution of India, Part-XVII Official Language: Chapter II- Regional Languages (Article-346) http://www.constitution.org/cons/india/p17346.html (Accessed on November, 21, 2017).

*မူရင်း အင်္ဂလိပ်ဘာသာကို မြန်မာဘာသာပြန်ဆိုခြင်း*

***Article 347***

*On a demand being made in that behalf the President may, if he is satisfied that a substantial proportion of the population of a State desire the use of any language spoken by them to be recognized by that State, direct that such language shall also be officially recognized throughout that State or any part thereof for such purpose as he may specify.*[၅၇]

***ပုဒ်မ (၃၄၇)***

*ပြည်ထောင်စုသမ္မတ ကိုယ်စားအနေဖြင့် တောင်းဆိုရာတွင် အဆိုပါသမ္မတသည် ပြည်သူလူထု အများစုက နိုင်ငံတော်၏ ရုံးသုံးဘာသာအဖြစ် သတ်မှတ်ပေးရန် လိုလားသည့် ဘာသာစကားကို သဘောတူပါက ထိုဘာသာစကားကို နိုင်ငံတလွှား (သို့မဟုတ်) သမ္မတက သုံးစွဲရန် သတ်မှတ်သည့် နယ်မြေတွင် ရုံးသုံးဘာသာအဖြစ် သတ်မှတ်ပေးရန် ညွှန်ကြားရမည်။*

အိန္ဒိယပညာရေးစနစ်တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ -(၃၅၀/က)သည် အခြေခံပညာရေး မူလတန်းအဆင့်၌ မိခင်ဘာသာစကား အခြေပြုပညာစနစ်ကို ကျင့်သုံးရန် အတိအလင်း လမ်းညွှန်ပြဋ္ဌာန်းထားပေးသည်။ အဆိုပါမိခင်ဘာသာစကား အခြေပြုပညာစနစ် ကျင့်သုံးရာတွင်လည်း လူနည်းစု အဖွဲ့အစည်းများ၏ ဘာသာစကားများကို အသုံးပြုခွင့်ကိုလည်း ပေးနေသည်။ ထို့အပြင် ပုဒ်မ - (၃၅၀/ခ) တွင် လူနည်းစုများအတွက် ဘာသာစကားဆိုင်ရာ အထူးအရာရှိ (Special Officer for Linguistic Minorities) ကို နိုင်ငံတော်သမ္မတမှ ခန့်အပ်ထားပေးသေးသည်။

***Article 350/A***

*It shall be the endeavor of every State and of every local authority within the State to provide adequate facilities for instruction in the mother-tongue at the primary stage of education to children belonging to linguistic minority groups; and the President may issue such directions to any State as he considers necessary or proper for securing the provision of such facilities.*[၅၈]

***ပုဒ်မ ၃၅၀/က***

*မိခင်ဘာသာစကားအခြေပြု သင်ကြားရေးများ ပြုလုပ်နိုင်ရန်အတွက် လုံလောက်သည့် ဝန်ဆောင်မှုများကို လူနည်းစု ဘာသာစကား ပြောဆိုသည့် ကလေးသူငယ်များထံ အခြေခံပညာ မူလတန်းအဆင့်ကပင် ပြည်နယ်အစိုးရ အသီးသီးနှင့် ဒေသန္တရ အာဏာပိုင် အသီးသီးတို့က ကြိုးပမ်းအားထုတ်ရမည်။ နိုင်ငံတော် သမ္မတကလည်း မိမိအနေဖြင့် ထိုသို့သော ဝန်ဆောင်မှုများကို ဆက်လက်၍ ကောင်းမွန်စွာ ပံ့ပိုးပေးနိုင်ရန် မရှိမဖြစ်မဖြစ်လိုအပ်ကြောင်း (သို့မဟုတ်) သင့်တော်သည့် အချက်ဖြစ်ကြောင်းကို လမ်းညွှန်မှုများကို ထုတ်ပြန်ပေးရမည် ဖြစ်သည်။*

***350/B***

*(1) There shall be a Special Officer for linguistic minorities to be appointed by the President.*

*(2) It shall be the duty of the Special Officer to investigate all matters relating to the safeguards provided for linguistic minorities under this Constitution and report to the President upon those matters at such intervals as the President may direct, and the President shall cause all such reports to be laid before each House of Parliament, and sent to the Governments of the States concerned.]*[၅၉]

***ပုဒ်မ ၃၅၀/ခ***

*(၁) လူနည်းစုများ၏ ဘာသာစကားဆိုင်ရာ အထူးအရာရှိတစ်ဦးကို သမ္မတမှ ခန့်အပ်ပေးရမည်။*

*(၂) အထူးအရာရှိ၏ တာဝန်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေအတွင်း၌ လူနည်းစု လူမျိုးများ အကာအကွယ်ပေးရေးနှင့် သက်ဆိုင်သော အကြောင်းအရာများကို စုံစမ်းရန်ဖြစ်သည်။ ထို့အပြင် သမ္မတ၏ သတ်မှတ်ကာလ ညွှန်ကြားချက်အတိုင်း အဆိုပါအကြောင်းအရာများကို တင်ပြရမည်။ အဆိုပါ တင်ပြချက်များကို သမ္မတမှ လွှတ်တော် အသီးသီးသို့ တင်သွင်းမည်ဖြစ်ပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရ အသီးသီးသို့လည်း ပေးပို့တင်သွင်းရမည်။*

---

၅၇ The Constitution of India, Part-XVII Official Language: Chapter II- Regional Languages (Article-347) http://www.constitution.org/cons/india/p17347.html (Accessed on November, 21, 2017).

၅၈ The Constitution of India, Part-XVII Official Language: Chapter IV- Special Directives (Article-350-A) http://www.constitution.org/cons/india/p17350a.html (Accessed on November, 21, 2017).

၅၉ The Constitution of India, Part-XVII Official Language: Chapter IV- Special Directives (Article-350-B) http://www.constitution.org/cons/india/p17350b.html (Accessed on November, 21, 2017).

## ၇.၂.၂. အိန္ဒိယပညာရေးစနစ်

အိန္ဒိယအစိုးရသည် ပညာရေးကော်မရှင်မှ တင်သွင်းသည့် ဘာသာစကား (၃) မျိုး အသုံးပြုသင်ကြားနည်းစနစ်ကို အသုံးပြုရန် ထောက်ခံချက်ပေးထားသည်။ ၎င်းဘာသာစကား (၃) မျိုးမှာ

**၁ မိခင်ဘာသာစကား (သို့မဟုတ်) ဒေသသုံးဘာသာစကား၊**

**၂ ဟိန္ဒူဘာသာစကားနှင့်**

**၃ အင်္ဂလိပ်ဘာသာစကားတို့ဖြစ်သည်။**

ဘာသာစကား၊ စာပေသင်ကြားခြင်းသည် ပညာရေး အမျိုးအစားအသီးသီးနှင့် ပညာရေး အဆင့်ဆင့်အားလုံး၏ အခြေခံလိုအပ်သည့် အချက်တစ်ချက်ဖြစ်သည်။ မူဝါဒအားဖြင့် ကျောင်းအမျိုးအစား (၃) မျိုးခွဲခြားထားသည်။

(၁) ပြည်နယ်တစ်ခု၏ ဘာသာစကား၊ စာပေသည် ယင်းပြည်နယ်၏ မူလဘာသာစကားဖြစ်သည်။

(၂) လူနည်းစုဘာသာစကားကို သင်ကြားရေးမဏ္ဍိုင်ဘာသာစကားအဖြစ် သင်ယူလိုပါက စာသင်ခန်းတစ်ခန်းလျှင် ကျောင်းသား/သူ အရေအတွက် (၁၀) ဦး အနည်းဆုံးရှိပါက အသုံးပြုသင်ကြားနိုင်သည်။

(၃) လူနည်းစုဘာသာစကား၊ စာပေတစ်ခုသည် ကျောင်းတစ်ကျောင်းလုံးတွင် အဓိကသင်ကြားရေးဘာသာစကားအဖြစ် အသုံးပြုသည်။[၆၀] လူမှုပတ်ဝန်းကျင်၌ ဘာသာစကား၊ စာပေကောင်းမွန်နေပါက အခြားသော ကဏ္ဍများအားလုံးတွင်လည်း ကောင်းမွန် နေမည်ဖြစ်ပြီး၊ ဘာသာစကား၊ စာပေအားနည်းနေပါကလည်း အခြားသောအခန်းကဏ္ဍများတွင် ကျရှုံးနေမည်ဖြစ်သည်။ ထို့ကြောင့်ပင် ဘာသာစကား၊ စာပေသည် လူမှုပတ်ဝန်းကျင်နှင့် တိုက်ရိုက်အချိုးကျ ဆက်စပ်ပတ်သက်နေသည်။[၆၁]

အိန္ဒိယနိုင်ငံ၏ လက်ရှိပညာရေး အခြေအနေသည် မူလတန်းအဆင့်၌ မိခင်ဘာသာစကားဖြင့် သင်ကြားအသုံးပြုမှုသည် ကျောင်းများတွင် ၉၂.၀၇% ရှိနေသည်။ ကျေးလက်ဒေသနှင့် မြို့ပြဒေသ နှိုင်းယှဉ်ချက်များ ဖော်ပြရာ၌ ကျေးလက်ဒေသဧရိယာများရှိ ကျောင်းများတွင် မိခင်ဘာသာစကားဖြင့် ၉၂.၃၉% သင်ကြား အသုံးပြုနေကြောင်း ဖော်ပြထားပြီး၊ မြို့ပြဒေသ ဧရိယာများရှိ ကျောင်းများ၌ မိခင်ဘာသာစကားဖြင့် သင်ကြားအသုံးပြုမှုသည် ၉၀.၃၉% ရှိကြောင်း ဖော်ပြထားသည်။ မူလတန်း (အထက်) အဆင့်၌ မိခင်ဘာသာစကား အသုံးပြုသင်ကြားနေမှုသည် ၉၁.၃၄% ရှိနေပြီး၊ အဆိုပါ ရာခိုင်နှုန်းထဲတွင် ကျေးလက်ဒေသ ဧရိယာများ၌ ၉၂.၇၁%နှင့် မြို့ပြဒေသဧရိယာများ၌ ၈၇.၃၇% ပါဝင်နေသည်။ မူလတန်းအဆင့်၌ ၁၂.၁၄%၊ မူလတန်း (အထက်) အဆင့်၌ ၁၄.၄၇% နှင့် အလယ်တန်းအဆင့်၌ ၁၈.၅၃% အသီးသီးစသည့် အတန်းများတွင် ဘာသာစကား (၂) မျိုး (သို့မဟုတ်) ဘာသာစကား (၂) မျိုးထက်ပိုသော ဘာသာစကားဖြင့် အသုံးပြုသင်ကြား လျက်ရှိသည်။ ထို့အပြင် နိုင်ငံ၏ မူလတန်းအဆင့်ကျောင်းများ၌ ဘာသာစကား (၂) မျိုး (သို့မဟုတ်) ဘာသာစကား (၂) မျိုးထက်ပိုသော ဘာသာစကားဖြင့် ၉၁.၉၅% အသုံးပြုသင်ကြားလျက်ရှိသည်။ မူလတန်း (အထက်) အဆင့်ကျောင်းများတွင် ဘာသာစကား (၃) မျိုး ပုံသေနည်းဖြင့် (၉၀.၆၁%)နှင့် အလယ်တန်းအဆင့်၌ (၈၄.၈၆%) အသုံးပြုသင်ကြားကြောင်း မှတ်တမ်းများအရ သိရသည်။[၆၂]

အိန္ဒိယကျောင်းများတွင် လက်ရှိအချိန်၌ အရေအတွက်အားဖြင့် ဘာသာစကား (၄၇) မျိုး အသုံးပြုနေသော်လည်း၊ အစောပိုင်းကာလများတွင် အဓိကဘာသာစကား (၁၄) မျိုးကို တွင်ကျယ်စွာ အသုံးပြုနေသည်။ ပြည်နယ်တစ်ခု၏ အဓိကဘာသာစကားသည် အချို့သော ကျောင်းသား/သူများအတွက် မိခင်ဘာသာစကား မဟုတ်လျှင်၊ စာသင်ခန်းတစ်ခန်းတွင် အနည်းဆုံးကျောင်းသားဦးရေ အရေအတွက် (၁၀) ဦးရှိပါက အဆိုပါ ကျောင်းသား/သူများအနေဖြင့် မိမိတို့ မိခင်ဘာသာစကားဖြင့် သင်ကြားနိုင်သည်။ ကလေးတစ်ဦး၏ မိခင်ဘာသာစကားသည် အထက်တန်းအဆင့် အတန်းများတွင် သင်ကြားရေးမဏ္ဍိုင်ဘာသာစကားအနေဖြင့် (Medium of Instruction) အသုံးမပြုပေ။ ကျောင်းသား/သူတစ်ဦးသည် အတန်းပညာ သင်ကြားနေစဉ်အတောအတွင်း နိုင်ငံတော်မှ တရားဝင် အသိအမှတ်ပြုထားသည့် တရားဝင်ဘာသာစကားနှင့် အခြားသော ဘာသာစကားကိုလည်း လေ့လာသင်ယူရန် လိုအပ်သည်။[၆၃]

၆၀ Kamal K. Sridhar, Language in Education: Minorities and Multilingualism in India (Springer, 1996), 337, http://www.jstor.org/stable/3444906 ( accessed on November, 22, 2017).

၆၁ Part II: Language Education in India p-37.

၆၂ Subhash, Three Language Education Formula in Multilingual India: Problems and Prospects, vol. 1 Issue 4: 2306-7063 (India: International J. Educational Research, 2013), 152.

၆၃ Part II: Language Education in India p-37.

ဒုတိယဘာသာစကားဖြစ်သည့် အင်္ဂလိပ်ဘာသာစကားနှင့် ဟိန္ဒူဘာသာစကား သို့မဟုတ် အခြား မည့်သည့်ခေတ်သစ် အိန္ဒိယဘာသာစကား၊ စာပေများသည် အိန္ဒိယကျောင်းများတွင် ယေဘုယျအားဖြင့် အရေးကြီးသော အခြေအနေတွင် ရှိနေသည်။ ကျောင်းများတွင် ဒုတိယဘာသာစကား သင်ကြားရခြင်း အဓိကရည်ရွယ်ချက်မှာ အမျိုးသား စည်းလုံးညီညွတ်ရေးအတွက် လိုအပ်ချက်အနေဖြင့် ထည့်သွင်းစဉ်းစားခြင်းဖြစ်သည်။ ဟိန္ဒူဘာသာစကား ပြောဆိုသည့် ပြည်နယ်များတွင် ကျောင်းသား/သူများအတွက် ဟိန္ဒူဘာသာစကားသည် ၎င်းတို့အတွက် ပထမဘာသာစကား (သို့မဟုတ်) ဒုတိယဘာသာစကားအဖြစ် သင်ယူခွင့်ရရှိသည်။ ထို့အပြင် အခြားသော ဘာသာစကားတစ်ခုခုကို တတိယဘာသာစကားအဖြစ် သင်ယူခွင့် ရရှိနေပြန်သည်။ ဟိန္ဒူဘာသာ စကားပြောဆိုသည့် ပြည်နယ်များတွင် ဟိန္ဒူဘာသာစကား ပြောဆိုခြင်းမရှိသည့် ကျောင်းသား/သူများအတွက် ဟိန္ဒူဘာသာစကားကို တတိယဘာသာစကားအဖြစ် လေ့လာသင်ယူရသည်။ ဤအခြေအနေ ကြည့်ခြင်းဖြင့် အိန္ဒိယနိုင်ငံသည် ပြည်နယ်အခြေခံထားခြင်းဟု မဆိုနိုင်ပေ။ ပြည်နယ်အခြေခံထားလျှင်၊ ဟိန္ဒူဘာသာစကားသည် သင်ကြားရေးမဏ္ဍိုင်ဘာသာစကား (Medium of Instruction) ဖြစ်နေမည်ဖြစ်သည်။ ထို့နောက်၊ ဟိန္ဒူဘာသာစကားပြောဆိုသည့် ကျောင်းသား/သူ အများစုသည် အခြားသော ဘာသာစကားကို မယူမနေရ တတိယဘာသာစကားတစ်ခုအဖြစ် လေ့လာသင်ယူရန် ရွေးချယ်ခွင့်ပေးထားသည်။ သို့ရာတွင် ယေဘုယျအားဖြင့် အင်္ဂလိပ်ဘာသာစကားသည် မယူမနေရ ပထမ (သို့မဟုတ်) ဒုတိယဘာသာစကားအဖြစ် သင်ပေးနိုင်ခြင်းမရှိသည့် နေရာများတွင် မယူမနေရ တတိယဘာသာစကားအဖြစ် လေ့လာနေရသည်။ ထို့ကြောင့် ယေဘုယျအားဖြင့် ဟိန္ဒူ (သို့မဟုတ်) အင်္ဂလိပ်ဘာသာ စကားတစ်ခုခုသည် တတိယဘာသာစကားအဖြစ် သင်ကြားနေရသည်။ ပထမဘာသာစကားနှင့် ဒုတိယဘာသာစကား နှစ်ခုစလုံး မိတ်ဆက်သင်ကြားခြင်းပြီးမှသာ တတိယဘာသာစကားကို သင်ကြားခွင့်ရရှိသည်။ တတိယဘာသာစကားသည် တစ်ပတ်လျှင် စာသင်ချိန် အနည်းငယ်သာ သင်ကြားရသည်။ အချို့သော နေရာများတွင် တတိယဘာသာစကား အောင်မြင်ခြင်းကို အတန်းတစ်ခုသို့ မြှင့်တင်ရန်အတွက် လိုအပ်ချက်အနေဖြင့် စဉ်းစားပေးသည် မဟုတ်ပေ။ သို့ရာတွင် ကျောင်းသား/သူတစ်ဦးသည် တတိယဘာသာစကားတစ်ခု ကျရှုံးသော်လည်း၊ အခြားသော ဘာသာရပ်အားလုံး စာမေးပွဲအောင်မြင်နေပါက နောက်ထပ်အတန်းတစ်တန်းသို့ တက်ရောက်ခွင့်ရှိသည်။ ထို့ကြောင့် ယေဘုယျအားဖြင့် တတိယဘာသာစကား သင်ကြားခြင်းသည် အလွန်အရေးကြီးသည် ဟု စဉ်းစားခြင်း မဟုတ်ပေ။[၆၄] အိန္ဒိယနိုင်ငံ၏ ပညာရေးမူဝါဒ၊ အခန်း (၄) တွင် ဘာသာစကား (၃) မျိုး ပုံသေနည်းကို ဖော်ပြထားသည်။

## ဘာသာစကား (၃) မျိုး ပုံသေနည်းအရ (Three Languages Formula)

**၁။ ဟိန္ဒူဘာသာစကားပြောဆိုသည့် ဒေသများတွင်**

(က) ဟိန္ဒူဘာသာစကား
(ဂ) အိန္ဒိယခေတ်သုံးဘာသာစကား
(ခ) အင်္ဂလိပ်ဘာသာစကား
(အိန္ဒိယတောင်ပိုင်းဘာသာစကား အသုံးပြုနိုင်)

**၂။ ဟိန္ဒူဘာသာစကားမပြောဆိုသည့် ဒေသများတွင်**

(က) ဒေသသုံးဘာသာစကား
(ခ) ဟိန္ဒူဘာသာစကား
(ဂ) အင်္ဂလိပ်ဘာသာစကား စသည်တို့ဖြစ်သည်။[၆၅]

အိန္ဒိယပညာရေးစနစ်သည် အနိမ့်ဆုံးမူလတန်းအဆင့်၌ပင် မိခင်ဘာသာစကားအခြေပြု ပညာရေးစနစ်ကို ကျောင်းများတွင် သင်ကြားရေးမဏ္ဍိုင်ဘာသာစကားအဖြစ် အသုံးပြုရန် ဖွဲ့စည်းပုံအခြေခံဥပဒေမှ အတိအလင်း ပြဋ္ဌာန်းသတ်မှတ်ထားသည်။ မိခင်ဘာသာစကားအသုံးဝင်မှု (သို့မဟုတ်) အသုံးပြုမှုသည် ပညာရေးနှင့် သက်ဆိုင်သော နယ်ပယ်များသာမက လူမှုရေးနှင့်သက်ဆိုင်သော ယဉ်ကျေးမှုနယ်ပယ်များတွင်လည်း အသုံးပြုနေခြင်းဖြစ်သည်။ ယူနက်စကိုလ်မှလည်း ပညာရေးတွင် မိခင်ဘာသာစကား အခန်းကဏ္ဍပါဝင်မှုသည် အရေးကြီးသော အခန်းကဏ္ဍတစ်ခု ဖြစ်သည့်အပြင်၊ ပညာသင်ကြားရာ၌ ကျောင်းသား/ ကျောင်းသူများအတွက် အကောင်းဆုံးနှင့် အထိရောက်ဆုံးဖြစ်သော (Medium of Instruction) သင်ကြားရေးမဏ္ဍိုင်ဘာသာစကား တစ်ခုအဖြစ် အသိအမှတ်ပြုထားသည်။ သင်ကြားရေးမဏ္ဍိုင်ဘာသာစကားအဖြစ် မိခင်ဘာသာစကား ရွေးချယ်မှုသည် နိုင်ငံ၏ လူဦးရေ (၇၅%) ခန့် လွှမ်းခြုံနေသည်။ နိုင်ငံ၏ ဘာသာစကား (၃) မျိုး ပုံသေနည်းကို အောက်ပါဇယား၌ ဖော်ပြထားသည်။

---

၆၄ Part II: Language Education in India p-43.

၆၅ Chaper Four: Education policy in India, p-146 http://shodhganga.inflibnet.ac.in/bitstream/10603/11248/11/11_chapter%204.pdf (Accessed on November, 21, 2017).

### ဘာသာစကား (၃) မျိုး ပုံသေနည်းကို ပြုပြင်မွမ်းမံထားခြင်းနှင့် ပညာရေးဆိုင်ရာအဆင့် အမျိုးအစားများ

| ပညာရေးဆိုင်ရာ အဆင့်အမျိုးအစားများ | သင်ကြားရေးဆိုင်ရာ ဘာသာစကားများ (Languages as Subjcects of Study) |
|---|---|
| **မူလတန်း (အောက်) အဆင့် (Grades I-IV)** | မိခင်ဘာသာစကား (ဒေသသုံးဘာသာစကား) |
| **မူလတန်း (အထက်) အဆင့်** | (၁) မိခင်ဘာသာစကား (ဒေသသုံးဘာသာစကား)<br>(၂) အင်္ဂလိပ် |
| **အလယ်တန်း (အောက်) အဆင့်** | (၁) မိခင်ဘာသာစကား (ဒေသသုံးဘာသာစကား)<br>(၂) ဟိန္ဒူဘာသာမဟုတ်သော နယ်မြေများတွင် ဟိန္ဒူဘာသာစကားနှင့် ဟိန္ဒူနယ်မြေတွင် ခေတ်သစ် (modern) ဘာသာစကားတစ်မျိုး<br>(၃) အင်္ဂလိပ် |
| အလယ်တန်း (အထက်) အဆင့် (က) | (၁) မိခင်ဘာသာစကား (ဒေသသုံးဘာသာစကား)<br>(၂) ဟိန္ဒူဘာသာမဟုတ်သော နယ်မြေများတွင် ဟိန္ဒူဘာသာ စကားနှင့် ဟိန္ဒူနယ်မြေတွင် ခေတ်သစ် (modern) ဘာသာစကားတစ်မျိုး<br>(၃) အင်္ဂလိပ် |
| အလယ်တန်း (အထက်) အဆင့် (ခ) | (၁) ခေတ်သစ် (modern) အိန္ဒိယဘာသာ စကား တစ်မျိုး<br>(၂) ခေတ်သစ်(modern) နိုင်ငံခြားဘာသာစကား တစ်မျိုး<br>(၃) ရှေးကျသော ဘာသာစကားတစ်မျိုး၊ အိန္ဒိယ (ဝါ) နိုင်ငံခြားဘာသာစကား |
| တက္ကသိုလ်အဆင့် | No Language compulsory |

ဘာသာစကား (၃) မျိုးအသုံးပြုသင်ကြားသည့် ပုံသေနည်းအား ပြည်နယ်အားလုံး၌ အသုံးပြုနိုင်ခြင်း မရှိသေးသော်လည်း၊ လက်တွေ့အသုံးပြုနေသည့် ပြည်နယ်နေရာဒေသများတွင် အကျိုးရလဒ်များသည် ကောင်းမွန်နေသည်။ တမီးလ်နဒူ (Tamil Nadu) ဒေသမှလွဲ၍၊ ကျန်ရှိသော အိန္ဒိယနိုင်ငံ တောင်ပိုင်းပြည်နယ်များတွင် ဘာသာစကား (၃) မျိုး အသုံးပြုသင်ကြားသည့် ပုံသေနည်းကို အသုံးပြုနေသည်။ အိန္ဒိယနိုင်ငံ မြောက်ပိုင်းပြည်နယ်များတွင် မတူညီကွဲပြားသော ပုံစံဖြင့် ဘာသာစကား (၃) မျိုး ပုံသေနည်းကို အသုံးပြုနေပြီး ဖြစ်သည်။ နိုင်ငံမြောက်ပိုင်းဒေသများတွင် အခြေခံအားဖြင့် ဘာသာစကား (၃) မျိုးဖြစ်သည့် အင်္ဂလိပ်၊ ဟိန္ဒူနှင့် ဆန်ခရစ် (Sanskrit) (သို့မဟုတ်) ယူဒူ (Urdu) စသည်တို့ဖြင့် သင်ကြားပေးသည်။ အယူအဆပိုင်းဆိုင်ရာ အဆင့်အတန်းတွင် ဘာသာစကား (၃) မျိုး ပုံသေနည်းသည် ဘာသာစကားမျိုးစုံ ပြောဆိုအသုံးပြုသည့် လူထုအကြား၌ ကောင်းမွန်သော မူဝါဒအခြေအနေ တစ်ရပ်ဖြစ်သည်။

## ၇.၂.၃. မီဇိုရမ်ပြည်နယ် ပညာရေး

မီဇိုရမ်ပြည်နယ် ပညာရေးသည် (၁၀+၂) ပုံစံဖြင့် ကျင့်သုံးခြင်းဖြစ်သည်။ မူလတန်းအဆင့်မှ အလယ်တန်းအထိ သင်ကြားရေးမဏ္ဍိုင်ဘာသာစကား (Medium of Instruction) ဒေသသုံးဘာသာစကား (သို့မဟုတ်) ပြည်နယ်၏ တရားဝင် အသိအမှတ်ပြု သတ်မှတ်ထားသော မီဇို (Mizo) ဘာသာစကားဖြင့် သင်ကြားခြင်းဖြစ်သည်။ နဝမတန်းအဆင့်နှင့် အထက်အတန်းပညာများကို အင်္ဂလိပ်ဘာသာစကားဖြင့် သင်ကြားခြင်းဖြစ်သည်။ အင်္ဂလိပ်ဘာသာစကားအသုံးပြု သင်ကြားခြင်းကို နဝမတန်းအဆင့်မှ သင်ကြားခြင်းထက် အလယ်တန်းအဆင့်မှ စတင်သင်ကြားခြင်းအား အကြံပြုမှုများလည်းရှိသည်။ အဘယ်ကြောင့်ဆိုသော်၊ ပုဂ္ဂလိကကျောင်းများ၌ အင်္ဂလိပ်ဘာသာစကားဖြင့် သင်ကြားခြင်းနှင့် သင်ယူခြင်းသည် လူသိများခြင်း (သို့မဟုတ်) လူကြိုက်များသော သင်ကြားရေးဖြစ်နေသည်။ ထို့အပြင်၊ အိန္ဒိယ

နိုင်ငံ၏ ပူးတွဲရုံးသုံး ဘာသာစကားအဖြစ် အင်္ဂလိပ် ဘာသာစကားကိုပါ တရားဝင် အသိအမှတ်ပြု ပြဋ္ဌာန်းထားသည်။

ပြည်နယ် ပညာရေးစနစ်ကို ပြည်နယ်အစိုးရမှ ဝင်ရောက်စွက်ဖက်ခြင်း မပြုလုပ်ဘဲ (Mizoram Board of School Education) သီးသန့်ဖြစ်သော ပညာရေးဘုတ်အဖွဲ့ကို ဖွဲ့စည်းစေ၍၊ အဆိုပါ ဘုတ်အဖွဲ့အစည်းမှ ပညာရေးနှင့်သက်ဆိုင်သော သင်ရိုးညွှန်းတမ်းများ၊ စာမေးပွဲစစ်ဆေးခြင်းများကို လုပ်ပိုင်ခွင့် အပြည့်အဝပေးထားသည်။ ထို့အပြင် ပြည်နယ် ပညာရေးစနစ်တွင် ဗဟိုအစိုးရ၏ သင်ရိုးညွှန်းတမ်းများကို ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ လွတ်လပ်စွာ ရွေးချယ်ခွင့်ရှိသည်။ ဗဟိုပညာရေး ဝန်ကြီးဌာနမှ လိုအပ်သော နည်းပညာအထောက်အပံ့ကိုသာ ပံ့ပိုးကူညီပေးသော အဆင့်၌သာ တည်ရှိနေသည်။ ပြည်နယ်လွှတ်တော်သည် ဥပဒေပြုရေး အခန်းကဏ္ဍတွင် တည်ရှိနေပြီး၊ ပညာရေးနှင့် သက်ဆိုင်သော မူဝါဒများကို ပြည်နယ်လွှတ်တော် ဆုံးဖြတ်ချက်ဖြင့် အတည်ပြုစေပြီး၊ ပြည်နယ်အစိုးရမှ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။ ဟိန္ဒူဘာသာစကားကို ပဥ္စမတန်းနှင့် အဌမတန်းများတွင် ဘာသာရပ်တစ်ခုအနေဖြင့် သင်ကြားသည်။ အဆိုပါ ဟိန္ဒူဘာသာရပ်အား သင်ကြားလိုသူများအနေဖြင့် လွတ်လပ်စွာ သင်ကြားခွင့်ပြုထားသည်။

**Mizoram ပြည်နယ်ပညာရေးအကြောင်းကို သိရှိနားလည်သူ ဦးဇမာန်းထန်သုန်းမှ**

"ပြည်နယ်ပညာရေး အကြောင်း ပြောကြားရာတွင် သူငယ်တန်းကနေ ၁၂ တန်းအထိ ပြဋ္ဌာန်းပိုင်ခွင့်ရှိသည်။ သီးသန့်အားဖြင့် Lai Autonomos District Council နှင့် Mara Autonomous District Council နှစ်ရပ်ရှိသည်။ ပညာသင်ကြားရာ၌ ဒေသသုံး ဘာသာစကားများ ကို (၈) တန်းအထိ သင်ကြားခွင့်ရှိသည်။ သို့သော်လည်း မီဇိုး၊ အင်္ဂလိပ်နှင့် ဟိန္ဒူအပါအဝင်စသော ဘာသာစကားများကို ရှစ်တန်းအထိ သင်ရသည်။ Mizoram Board of School Education မှ စစ်ဆေးသော စာမေးပွဲများကို ၈ တန်း၊ ၁၀ တန်းနှင့် ၁၂ တန်းတွေကတော့ စာမေးပွဲဖြေရသည်။ Compulsory မှာတော့ အင်္ဂလိပ်၊ သင်္ချာ၊ သိပ္ပံနှင့် လူမှုရေးဘာသာရပ်များ ဖြစ်ပါ တယ်။ (၈) တန်းကျော်လျှင် ဘာသာရပ် အကုန်လုံးအား အင်္ဂလိပ်ဘာသာစကားဖြင့် သင်ကြားသည်။ (၈) တန်းအောက် အဆင့်အတန်းများကို မိမိတို့ ဘာသာစကားဖြင့် သင်ကြားခွင့်ရသည်။ သို့သော်လည်း အများအားဖြင် အင်္ဂလိပ်ဘာသာစကားဖြင့် သင်ကြသည်။ အဘယ်ကြောင့်ဆိုသော် Medium of Instruction ကို အင်္ဂလိပ်လို သင်တာ ကြိုက်ကြတယ်။ မီဇိုးရမ်ပြည်နယ်၌ ပြည်နယ်လွှတ်တော်ရှိသည်။ ပြည်နယ်လွှတ်တော်တွင် အမတ် (၄၀) ဦးရှိသည်။ အဆိုပါလွှတ်တော်သည် ဥပဒေပြုလွှတ်တော်သာဖြစ်သည့်အတွက် ဥပဒေသာ ပြုနိုင်သည်။ မီဇိုရမ်ပြည်နယ် အစိုးရအဖွဲ့၌ ပြည်နယ်ပညာရေးဝန်ကြီးထားရှိသည်။ ပြည်နယ်ပညာရေးဝန်ကြီးဌာန လက်အောက်၌ အပိုင်း (၂) ပိုင်းဖြင့် ခွဲခြားထားသည်။ အခြေခံပညာရေးစနစ်နှင့် အဆင့်မြင့်ပညာရေးစနစ်ဟူ၍ သတ်မှတ်ထားသည်။ အဆင့်မြင့် ပညာရေးစနစ် (၂) မျိုးလုံးကို Mizoram ပြည်နယ်အစိုးရမှ ပံ့ပိုးကူညီပေးသည်။"[၆၆]

၆၆ ဇမာန်းထန်သုန်း၊ မီဇိုရမ်ပြည်နယ် ပညာရေးအကြောင်း သိရှိနားလည်သူ၊ အင်တာဗျူးသူ တိုင်းရင်းသား လူမျိုးများရေးရာစင်တာ (သုတေသနအဖွဲ့)၊ (ဖေဖော်ဝါရီလ ၁၃ရက်၊၂၀၁၈)။

# ၇.၃. ဆွစ်ဇာလန်နိုင်ငံ




ဆွစ်ဇာလန်နိုင်ငံသည် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု အသွင်ဖြင့် အုပ်ချုပ်နေခြင်းဖြစ်၍ ပြည်နယ် (၂၆) ပြည်နယ်ကို အခြေပြု၍ ပြည်ထောင်စုအသွင်ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။ သို့ရာတွင် အုပ်ချုပ်ရေးလည်ပတ်မှု ပုံစံသည် အခြားသော နိုင်ငံများထက် ကွဲလွဲနေခြင်းမှာ အထက်မှ အောက်သို့ စနစ်ဖြင့် (Top-down System) အုပ်ချုပ်ခြင်း ဖြစ်သည်။ ဆွစ်ဇာလန်နိုင်ငံသည် အာဏာခွဲဝေ ကျင့်သုံးနည်းကို (Division of Power) ကျင့်သုံးခြင်းဖြစ်သည်။ ဖက်ဒရယ်အစိုးရ၌ ထားရှိရမည့် လုပ်ပိုင်ခွင့်အခွင့်အာဏာနှင့် ပြည်နယ်အစိုးရတွင် ထားရှိရမည့်လုပ်ပိုင်ခွင့် အခွင့်အာဏာများကို ခွဲဝေကျင့်သုံးခြင်းဖြစ်သည်။ ယင်းအပြင် ပြည်နယ်အဆင့် လက်အောက်တွင် ခရိုင်အဆင့်နှင့် ဒေသန္တရ အုပ်ချုပ်ရေးနယ်မြေ အသီးသီးဖြင့် ဖွဲ့စည်းထားသည် သာမက၊ အဆိုပါခရိုင်အဆင့်နှင့် ဒေသန္တရအုပ်ချုပ်ရေး နယ်မြေများကို လုပ်ပိုင်ခွင့် အခွင့်အာဏာများကို ထားရှိသည်။

၂၀၀၂ ခုနှစ် အမျိုးသားလူဦးရေသန်းခေါင်စာရင်း စစ်တမ်းအရ၊ ဆွစ်ဇာလန်နိုင်ငံသားများသည် ဂျာမန်ဘာသာစကားကို (၃/၅)၊ ပြင်သစ်ဘာသာစကား (၁/၅ အထက်)၊ အီတလီနှင့် Romansh ဘာသာစကား (၁/၁၀ အနည်းငယ်) အမျိုးအစားအသီးသီး ပြောဆိုကျင့်သုံးသည်။ နိုင်ငံ၏ စတုတ္ထမြောက် ဘာသာစကား (Romansh) နေရာတွင် ပေါ်တူဂီ၊ အာဘေးနီးယန်း (Albanian)၊ ဆားဘီးယား၊ ခရိုအေးရှား၊ စပိန်နှင့် အင်္ဂလိပ်ဘာသာ စကားများမှ အသီးသီး နေရာယူလာသည်။[67]

## ၇.၃.၁. ဖက်ဒရယ်ပြည်ထောင်စုအဆင့်

နိုင်ငံသည် အာဏာခွဲဝေကျင့်သုံး (Divison of Power) သည့်အတွက် ဖက်ဒရယ်အစိုးရတွင် ထားရှိသော လုပ်ပိုင်ခွင့်အခွင့်အာဏာများမှာ - နိုင်ငံခြားရေး၊ ပြည်ထဲရေး (Home Affairs)၊ ဘဏ္ဍာရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်၊ ပို့ဆောင်ရေး၊ စွမ်းအင်နှင့် ဆက်သွယ်ရေးဝန်ကြီးဌာန စသည်တို့ဖြစ်သည်။ ပြည်နယ်အစိုးရ လက်အောက်၌ ပညာရေး၊ သယ်ယူပို့ဆောင်ရေးနှင့် လူမှုရေးဆိုင်ရာ အင်စတီကျူးရှင်း စသည်တို့ကို ထားရှိခြင်းဖြစ်သည်။ ပညာရေးနှင့် တရားစီရင်ရေး စသည်တို့ကို ခရိုင်အဆင့်တာဝန်များအဖြစ် သတ်မှတ်ပေးထားသည်။ ဒေသန္တရအုပ်ချုပ်ရေး နယ်မြေတွင် ဒေသခံဝန်ဆောင်မှု၊[68] သယ်ယူပို့ဆောင်ရေး၊[69] ကျောင်းများနှင့် အခွန်ကောက်ခံခြင်းများ စသောတာဝန်များကို လုပ်ပိုင်ခွင့် အခွင့်အာဏာ ရရှိနေသည်။[70]

---

၆၇ Elzbieta Kuzelewska (University of Bialystok, Poland), language Policy in Switzerland https://www.researchgate.net/publication/305423749_Language_Policy_in_Switzerland (Accessed on January 30, 2018).

၆၈ ဒေသခံဝန်ဆောင်မှုများမှာ လျှပ်စစ်မီး၊ ရေ၊ မီးသတ်တပ်ဖွဲ့နှင့် ပြည်သူ့ရဲတပ်ဖွဲ့စသည်တို့ ဖြစ်သည်။

၆၉ သယ်ယူပို့ဆောင်ရေးမှာ မြို့တွင်းသယ်ယူပို့ဆောင်ရေးကို ဆိုလိုခြင်းဖြစ်သည်။

၇၀ Information about the Administration of Switzerland: Executive Authority, States (Cantons), Districts and Municipalities, , http://www.about.ch/administration/index.html (accessed on January 26, 2018).

## ၇.၃.၂. ပြည်နယ်အဆင့်

ဆွစ်ဇာလန်နိုင်ငံသည် သဘာဝသယံဇာတများ မရှိသည့်အတွက်ကြောင့် နိုင်ငံအနေဖြင့် ပညာရေးနှင့် အသိပညာဗဟုသုတများသည် အရေးပါအရာရောက်သော အရင်းအမြစ်များ ဖြစ်လာသည်။ ထို့ကဲ့သို့ ပညာရေးကို အလေးထားဆောင်ရွက်မှုများကြောင့်ပင် ဆွစ်ဇာလန်နိုင်ငံ၏ ပညာရေးသည် ကမ္ဘာပေါ်တွင် အကောင်းဆုံးသော ပညာရေးစနစ်ဖြစ်ကြောင်းကို သတ်မှတ်ဖော်ပြခြင်းခံရသည်။ ယင်းသို့အားကောင်းလာရခြင်း၏ အဓိကအကြောင်းအရင်းမှာ ပညာရေးဝန်ဆောင်မှုများ[၇၁]ကို ပြည်နယ်များမှ တာဝန်ယူဆောင်ရွက်ပေးခြင်းများကြောင့်ပင်ဖြစ်သည်။ ပြည်နယ်တစ်ခုချင်းစီတိုင်း၌ ကိုယ်ပိုင်ပညာရေးဌာန၊ ကိုယ်ပိုင်ကျောင်းပြက္ခဒိန်၊ ပညာရေးဆိုင်ရာ ဖွဲ့စည်းတည်ဆောက်မှုပုံသဏ္ဌာန်၊ သင်ကြားနည်းနှင့် သင်ရိုးညွှန်းနည်းများ အသီးသီးဆောင်ရွက်ခွင့်ရှိနေသည်။ နိုင်ငံအတွင်းရှိ ပညာရေးအခန်းကဏ္ဍများ၏ ပြည်နယ်များ လုပ်ဆောင်နေမှုများသည် တစ်ခုနှင့် တစ်ခု မတူညီပေ။ ဥပမာ - အချို့သော ပြည်နယ်များ၌ နိုင်ငံခြားဘာသာ စကားရပ်သင်ကြားမှုတွင် စတုတ္ထတန်းအဆင့်၌ သင်ကြားပေးသည့် ပြည်နယ်များ ရှိသကဲ့သို့၊ အချို့သော ပြည်နယ်များရှိ ကျောင်းများတွင် သတ္တမတန်းအဆင့်တွင် စတင်သင်ကြားပေးသည်။ ပြည်နယ်အများစု၌ အနိမ့်ဆုံးအနေဖြင့် အလယ်တန်း အဆင့် စာသင်ကျောင်းတစ်ကျောင်းကို ဖွင့်လှစ်ထားရှိပေးထားသည်။ အစိုးရကျောင်းများ၏ ပညာသင်စရိတ်ကို ကင်းလွတ်ခွင့်သာမက ကျောင်းထောက်ပံ့မှု၊ စာအုပ်များနှင့် ကျောင်းလေ့လာရေးခရီးစဉ်များကို ပံ့ပိုးပေးရန်အတွက် တောင်းဆိုခွင့် (သို့မဟုတ်) အဆိုပြုခွင့်ရှိသည်။ ဆွစ်ဇာလန်နိုင်ငံ၏ ပုဂ္ဂလိကကျောင်းများ၏ ကျောင်းနေစရိတ်မှာ အစိုးရကျောင်းများထက် များပြားနေသည့်အတွက် ကလေးအများစုသည် အစိုးရကျောင်းများကိုသာ[၇၂] ရွေးချယ်တတ် ရောက်ကြသည်။

## ၇.၃.၃. ပညာရေးစနစ်အခြေအနေ

နိုင်ငံ၏ ပညာရေးစနစ်သည် လူမျိုး၊ ယဉ်ကျေးမှုနှင့် ဘာသာစကားပေါင်းစုံအပေါ်တွင် အခြေပြုထားခြင်းဖြစ်၍၊ အထူးသဖြင့် ဘာသာစကား (၂) မျိုး အသုံးပြုသင်ကြားသည့်နည်းကို အခြေခံထားခြင်းဖြစ်သည်။ ဆွစ်ဇာလန်ပညာရေးစနစ်၏ သင်ခန်းစာများသည် သင်ကြားရေးမဏ္ဍိုင်ဘာသာစကားကို ဒေသသုံးဘာသာ[၇၃] စကားအပေါ်တွင် အခြေခံထားခြင်းဖြစ်သည်။ ထို့အပြင် ကျောင်းသား/သူများသည် ကျောင်းပညာသင်နှစ်ကာလအတွင်း တရားဝင်ဖြစ်သော အင်္ဂလိပ်ဘာသာစကားကိုပါ သင်ကြားသည်။ ဆွစ်ဇာလန် ဖက်ဒရယ်ပြည်ထောင်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း (၁) - General Provisions - ပုဒ်မ (၄) နိုင်ငံသုံး ဘာသာစကားများ[၇၄]ကို အတိအလင်းပြဋ္ဌာန်းထားသည်။ ဘာသာစကားအသုံးပြုခွင့်သည်လည်း လွတ်လပ်စွာ အသုံးပြုနိုင်ကြောင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၂)၊ အခန်းငယ် (၁) နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများကို ပုဒ်မ (၁၈)[၇၅]တွင် လွတ်လပ်စွာ အသုံးပြုနိုင်ကြောင်းကို အတိအလင်း အာမခံပေးထားသည်။ ထို့အပြင် ကျောင်းပညာရေးနှင့်ပတ်သတ်၍ ဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း(၂)၊ အခန်းငယ် (၁) နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများ ဆိုင်ရာ ပုဒ်မ (၆၂ - က နှင့် ခ) - ကျောင်းပညာရေးအရ ပြည်နယ်များအားလုံးသည် ကျောင်းပညာရေးဆိုင်ရာစနစ်များအတွက် တာဝန်ဝတ္တရားရှိသည်။ အခြေခံပညာရေးကိစ္စ အားလုံး၏ လိုအပ်ချက်များကို ဖက်ဒရယ်အစိုးရမှ တာဝန်ယူပေးမည်ဟု အတိအလင်းပြဋ္ဌာန်းထားသည်။ ယင်းအပြင် ယဉ်ကျေးမှုနှင့် ဘာသာစကားများဖြင့် ပတ်သတ်လျှင် ပုဒ်မ (၆၉) နှင့် (၇၀) များ၌ အတိအလင်းပြဋ္ဌာန်းထားသည်။[၇၆] အဆိုပါ ပုဒ်မများအရ၊ ပြည်နယ်များ၏ တရားဝင်ဘာသာစကားများကို ၎င်းပြည်နယ်များအပေါ်တွင် တာဝန်များကို အပြည့်အဝအပ်နှင်းထားခြင်းသာမက လူနည်းစုဌာနေတိုင်းရင်းသားများ၏ ဘာသာစကားများကို လေးစားလိုက်နာရန်နှင့် တာဝန်ယူပေးရန်အတွက်ကိုပါ တစ်ပါးတည်း ပြဋ္ဌာန်းပေးထားသည်။ ပညာရေးနှင့်သက်ဆိုင်သော မူဝါဒများ ချမှတ်ရာ၌ ပြည်နယ်တစ်ခု၏ သင်ကြားရေးဆိုင်ရာ ဘာသာစကား (Language of Instruction) သတ်မှတ်ရာတွင် ၎င်းပြည်နယ်မှ ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။ လက်တွေ့အား ဖြင့်ဆိုရသော်၊ ၁၉၆၅ ခုနှစ်၌ ဖက်ဒရယ်တရားရုံးတော်မှ အမိန့်ပြန်တမ်း တစ်ခုအား ထုတ်ပြန်ရာ၌ "ပြည်နယ်များ၌ ပညာရေးနှင့်သက်ဆိုင်သော ဘာသာစကားအသုံးပြုခြင်း အရေးကိစ္စများကို လွတ်လပ်စွာ စီမံခန့်ခွဲပိုင်ခွင့်ပေးထားသည်။"[၇၇] ထို့ကြောင့် ဖက်ဒရယ်

---

၇၁ ပညာရေးဝန်ဆောင်မှုများမှာ မူကြိုအဆင့်၊ ကျောင်းများနှင့် တက္ကသိုလ်အဆင့်များဖြစ်သည်။

၇၂ အစိုးရကျောင်းများတွင် မူလတန်းကျောင်းအဆင့်၊ အလယ်တန်းကျောင်းအဆင့်နှင့် တက္ကသိုလ်အဆင့် စသည်တို့ဖြစ်သည်။

၇၃ ဒေသသုံးဘာသာစကားများတွင် ဂျာမန်၊ ပြင်သစ်၊ အီတလီ(ဝ်) Romansh ဘာသာစကားမှာ ပါဝင်သည်။

၇၄ ဂျာမန်၊ ပြင်သစ်၊ အီတလီနှင့် ရောမဘာသာစကားများကို နိုင်ငံသုံးဘာသာစကားအဖြစ် ပြဋ္ဌာန်း ထားသည်။

၇၅ Art. 18, Freedom to use any language is guaranteed.

၇၆ Federal Constitution of the Swiss Confederation: Title-2 Fundamental Rights, Citizenship and Social Goals (Art.62-1 and 2), (Art.69 and 70), https://www.admin.ch/opc/en/classified-compilation/19995395/201801010000/101.pdf (Accessed on January 29, 2018).

၇၇ Elzbieta Kuzelewska (University of Bialystok, Poland), language Policy in Switzerland https://www.researchgate.net/publication/305423749_Language_Policy_in_Switzerland (Accessed on January 30, 2018).

အစိုးရမှ ပညာရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်သာမက၊ ပြည်နယ်အစိုးရနှင့် ဖက်ဒရယ်အစိုးရအကြား အပြန်အလှန် ချိတ်ဆက်မှုများကို ပြုလုပ်ရန် အစီအစဉ်များ ချမှတ်အကောင်အထည် ဖော်လျက်ရှိသည်။

ကျောင်းနေအရွယ်ကလေးများသည် မူလတန်းအဆင့်အတန်းပညာများကို မသင်မနေရစနစ်ဖြင့် သတ်မှတ်ပြဋ္ဌာန်းထားသည်။ မူလတန်းအဆင့် အောင်မြင်ပြီးဆုံးပါက ကျောင်းသား/သူများသည် အလယ်တန်းအဆင့် သို့မဟုတ် အလုပ်သင်ကျောင်း တစ်ခုခုကို ရွေးချယ်တတ်ရောက်ခွင့်ရှိသည်။ နိုင်ငံ၏ ကျောင်းများကို မတူညီသော အဆင့်များဖြင့် သတ်မှတ်ထားသည့် အကြောင်းအရင်းမှာ ပြည်နယ်များ[၇၈] သည် ပညာရေးစနစ်ကို တာဝန်ယူ၊ တာဝန်ခံထားသည့် အတွက်ကြောင့်ပင်ဖြစ်သည်။

ဘာသာစကား (၂) မျိုး[၇၉] အသုံးပြုသင်ကြားသော ပြည်နယ်များနှင့် ဘာသာစကား (၃) မျိုး[၈၀] အသုံးပြုသင်ကြားသော ပြည်နယ်များလည်းရှိသည်။ ဆွစ်ဇာလန်နိုင်ငံ၏ ပညာရေးစနစ်အရ အင်္ဂလိပ်ဘာသာစကားနှင့် စာပေကို တတိယတန်းအဆင့်၌ စတင်ကျင့်သုံး သင်ကြားလျက်ရှိသည်။ ဘာသာစကား (၄) မျိုးကို တရားဝင် နိုင်ငံသုံးဘာသာစကားများအဖြစ် အသိအမှတ်ပြုထားသော်လည်း၊ နိုင်ငံအတွင်းရှိ ပြည်နယ်များ၏ ပညာရေးစနစ်များနှင့် ပတ်သက်လျှင် ဘာသာစကား (၂) မျိုး အသုံးပြု သင်ကြားနည်းသာ အကောင်းဆုံးသောနည်းဖြစ်ကြောင်းကိုလက်ခံထားသည်။ အဆိုပါ နိုင်ငံသုံးဘာသာစကား (၄) မျိုးအား တန်းတူညီတူ ဘာသာစကားအဖြစ် တရားဝင် ပြဋ္ဌာန်းပေးထားသည်။ ဘာသာစကားဆိုင်ရာမူဝါဒများနှင့်ပတ်သတ်လျှင် ဘာသာစကားများကို မြှင့်တင်ပေးခြင်းနှင့် တန်းတူညီတူ ပေးထားသည့်အတွက် ဆွစ်ဇာလန်နိုင်ငံသည် ပြိုင်ဘက်ကင်းသော နိုင်ငံတစ်ခုအဖြစ် ပေါ်လွင်ထင်ရှားသည်။

## ၇.၃.၄. ဘာသာစကားဆိုင်ရာမူဝါဒ

ဆွစ်ဇာလန်နိုင်ငံသည် လူမျိုး၊ ဘာသာစကားနှင့် စာပေအပါအဝင် ယဉ်ကျေးမှုပေါင်းစုံ ရောယှက်လျက်ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ၊ လူမျိုးနှင့်ဘာသာစကား (၁) မျိုးတည်းအပေါ် အခြေခံတည်ဆောက်ထားသည် မဟုတ်ဘဲ ဘာသာစကား (၄) မျိုးဖြင့် တည်ဆောက်ထားသော ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံ တစ်ခုဖြစ်သည်။ ပြည်နယ် (၂၆) ပြည်နယ်ဖြင့် ဖွဲ့စည်းထားသည်နှင့်အညီ မတူညီသော ပညာရေးဆိုင်ရာ မူဝါဒများသည် (၂၆) မျိုးဖြင့် ရှိနေသည်။ သက်ဆိုင်ရာ ပြည်နယ်အသီးသီး၌ မိမိတို့ဒေသနှင့် ကိုက်ညီနိုင်သော သင်ရိုးညွှန်းမာတိကာများ ရေးဆွဲခြင်း၊ သင်ကြားခြင်းဆိုင်ရာ ရည်ရွယ်ချက်များ၊ ဆရာ/ဆရာမ သင်တန်းပို့ချခြင်း၊ မူလတန်းအဆင့်နှင့်အလယ်တန်းအဆင့်များကို ပညာသင်နှစ်ကာလ သတ်မှတ်ပေးခြင်း စသည်များကို လုပ်ပိုင်ခွင့်ရရှိသည်။ ထူးခြားချက် တစ်ရပ်မှာ ပြည်ထောင်စုအဆင့်၌ ပညာရေးဝန်ကြီးဌာနကို ထားရှိသည် မဟုတ်ဘဲ၊ ပြည်နယ်များဆိုင်ရာ ပညာရေးဝန်ကြီးများ ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီတစ်ရပ် (A Coordinating Committee Comprising the Cantonal Ministers of Education) ကိုသာထားရှိသည်။[၈၁] သို့ရာတွင်၊ လွှတ်တော်အခန်းကဏ္ဍများ၌ ဘာသာစကား (၃) မျိုး[၈၂] ဖြင့် အများဆုံး အသုံးပြုနေသည်။ အစိုးရကျောင်းများတွင် ဘာသာစကား (၂) မျိုးဖြင့် အသုံးပြုသင်ကြားခြင်းဖြစ်သည်။

ဂျာမန်ဘာသာစကားကို နိုင်ငံသူ/သားများမှ အသုံးပြုမှုများသော်လည်း၊ ကျန်ရှိသောဘာသာစကား (၃) မျိုးများကိုပါ တန်းတူညီတူ အခွင့်အရေးပေးထားသည်။ ဘာသာစကား လွတ်လပ်ခွင့်နှင့်ပတ်သတ်လျှင်၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း (၂) - အခြေခံနိုင်ငံသားများဆိုင်ရာ၏ အခွင့်အရေးများ၌[၈၃] အာမခံချက် အပြည့်အဝဖြင့် ပြဋ္ဌာန်းပေးထားသည်။ ပညာရေးဆိုင်ရာ တာဝန်ရှိသူများမှ သင်ကြားရေး ဘာသာစကား သတ်မှတ်ထားသော ဒေသများ၌ ကျောင်းများသို့ တက်ရောက်ရန် အတင်းအကြပ် ဖိအားပေးပိုင်ခွင့် မရှိချေ။ ထို့ကြောင့် နိုင်ငံအတွင်းရှိ ကျောင်းသား/သူများသည် မိမိတို့ နေထိုင်ရာ ဒေသပတ်ဝန်းကျင်၌ လွတ်လပ်စွာ ကျောင်းများကို ရွေးချယ်တက်ရောက်နိုင်သည်။

---

၇၈ ပြည်နယ်များသည် ပညာရေးစနစ်၊ အမည်နာမများ၊ သင်ကြားရမည့် ဘာသာရပ်များ၊ ကျောင်းနေအရွယ် ကလေးများ အသက်အရွယ် သတ်မှတ်ခြင်းနှင့်ပြည်နယ်များအကြား ပညာသင်နှစ် ကာလသတ်မှတ်ခြင်း စသည်တို့ ဖြစ်သည်။

၇၉ ဘာသာစကား (၂) မျိုး အသုံးပြုသင်ကြားသော ဘာသာစကားများမှာ ပြင်သစ်နှင့်ဂျာမန်တို့ဖြစ်သည်။

၈၀ ဘာသာစကား(၃)မျိုးအသုံးပြုသင်ကြားသော ဘာသာစကားများမှာ ဂျာမန်၊ ရောမနှင့် အီတလီတို့ဖြစ်သည်။

၈၁ Claudine Brohy, Trilingual Education in Switzerland: Education Policy http://www.serwis.wsjo.pl/lektor/1783/R18%20Brohy%20Trilingual%20edu%20in%20Switzerland.pdf (Accessed on January 31, 2018).

၈၂ ဘာသာစကား(၃)မျိုးသည် ဂျာမန်၊ ပြင်သစ်နှင့် အီတလီဘာသာစကားများဖြစ်သည်။

၈၃ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ အခန်း (၂) အခြေခံနိုင်ငံသားများဆိုင်ရာ အခွင့်အရေးများမှာ ပုဒ်မ (၁၆/ကနှင့်ခ) - လွတ်လပ်စွာ ဖော်ပြပိုင်ခွင့်၊ ပုဒ်မ (၁၈) နှစ်သက်ရာ ဘာသာစကားကို လွတ်လပ်စွာ အသုံးပြုခွင့်နှင့် ပုဒ်မ (၆၉ နှင့် ၇၀) - ယဉ်ကျေးမှုနှင့် ဘာသာစကားများ အသီးသီး၌ အတိအလင်းပြဋ္ဌာန်း ထားသည်။

### ၇.၃.၅. ပထမနိုင်ငံခြားဘာသာစကား (The First Foreign Language)

ပထမနိုင်ငံခြားဘာသာစကား သင်ကြားခြင်းအစီအစဉ်အား အနိမ့်ဆုံး တတိယတန်းအဆင့်မှသာ စတင် သင်ကြားခြင်း ဖြစ်သည်။ ဒုတိယ နိုင်ငံခြားဘာသာစကားကို ပဉ္စမတန်း အဆင့်တွင် သင်ကြားသည်။ ဆွစ်ဇာလန်နိုင်ငံ၏ ပြင်သစ် ဘာသာစကားပြောဆိုသော နေရာဒေသများတွင် ဂျာမန် ဘာသာစကားသည် ပထမ နိုင်ငံခြားဘာသာစကားအဖြစ် သင်ကြားခြင်းရသည်။ အီတလီဘာသာစကားပြောဆိုသော တီစီနို (Ticino) ဒေသနှင့် ဂျာမန်စကားပြောဆိုသော နိုင်ငံ၏ အနောက်ပိုင်း ပြည်နယ်များတွင် ပြင်သစ်ဘာသာ စကားသည် ပထမနိုင်ငံခြား ဘာသာစကားအဖြစ် သင်ကြား ရသည်။ ဂျာမန်ဘာသာစကား ပြောဆိုသည့် ဂွာဘန်ဒန် (Graubunden) တွင် အီတလီဘာသာစကားသည် ပထမ နိုင်ငံခြားဘာသာစကားဖြစ်သည်။ ဆွစ်ဇာလန်နိုင်ငံ၏ ဂျာမန် ဘာသာစကားကို လူအများစုပြောဆိုသည့် ဗဟိုဒေသနှင့် အရှေ့ပိုင်းဒေသများတွင် အင်္ဂလိပ်ဘာသာစကားသည် ပထမ နိုင်ငံခြားဘာသာစကားအဖြစ် သင်ကြားရသည်။[၉၄] ထို့ကြောင့် အကျိုးဆက်ရလဒ်အနေဖြင့် ဂျာမန်ဘာသာ စကားပြောဆိုသောဒေသများ၌ပြင်သစ်ဘာသာစကားအစား၊ အင်္ဂလိပ်ဘာသာ စကားကို ပိုမိုရွေးချယ် သင်ယူနေခြင်းများ ကြောင့်၊ နိုင်ငံသုံးဘာသာစကားဖြစ်သော ပြင်သစ်ဘာသာ စကားအပေါ် ဝေဖန် သုံးသပ်မှုများ ကျယ်ပြန့်လာခဲ့သည်။

### ၇.၃.၆. ဘာသာစကား (၃) မျိုး အသုံးပြု သင်ကြားနည်း

ဘာသာစကား (၃) မျိုး အသုံးပြု သင်ကြားသောနည်း၌ ဘာသာစကား (၃) မျိုးအား သင်ကြားရေးမဏ္ဍိုင်ဘာသာ စကားများအဖြစ် သတ်မှတ်ခြင်းဖြစ်သည်။ သို့ရာတွင်၊ ဘာသာစကား (၂) မျိုး အသုံးပြု သင်ကြားနည်းကို အခြေခံ ၍ တတိယဘာသာစကားအား ထပ်မံထပ်လောင်းအသုံးပြု သင်ကြားနည်းဖြစ်သည်။ တနိုင်ငံလုံး စံနှုန်းအရ၊ ကျောင်း သား/သူများအားလုံးသည် အဆိုပါတတိယဘာသာစကားကို မသင်မနေရစနစ်အဖြစ် သတ်မှတ်ထားခြင်းဖြစ်သည်။ တတိယဘာသာစကားကို ပြည်နယ်ပညာရေးဌာနမှ မည်သည့် အတန်းအဆင့်၌ စတင်သင်ကြားခြင်းကို မူဝါဒ အားဖြင့် သတ်မှတ်ပေးထားသည်။ ဆွစ်ဇာလန်နိုင်ငံ၏ ဘာသာစကား (၃) မျိုး အသုံးပြုသင်ကြားနည်း လက်တွေ့ အကောင်အထည် ဖော်ဆောင်ရာ၌ ပထမအနေဖြင့် ဘာသာစကား (၂) မျိုး အသုံးပြုသင်ကြားနည်း[၉၅]ကို တတိယဘာသာစကားဖြစ်သည့် အင်္ဂလိပ်ဘာသာစကားကို ပေါင်းစပ်သင်ကြားသော နည်းဖြစ်သည်။

## ၇.၄. ပါပူဝါနယူးဂီနီနိုင်ငံ *Papua New Guinea*

ပါပူဝါနယူးဂီနီနိုင်ငံသည် ပစ္စိဖိတ်သမုဒ္ဒရာ အနောက်တောင် ဘက်ပိုင်း၌ တည်ရှိနေပြီး၊ သီးခြားလွတ်လပ်သော နိုင်ငံ တစ်ခုဖြစ်သည်။ နိုင်ငံအတွင်းတွင် လူမျိုးဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှု ပေါင်းစုံ (၈၀၀) ကျော် ရှိနေသည့် အပြင်၊ အမျိုးသားပညာရေးစနစ်သည်လည်း မိခင်ဘာသာ စကားအခြေပြုပညာရေး ဘာသာစကားစုံပညာရေးစနစ်ကို လက်တွေ့ကျင့်သုံးနေသည်။

ပါပူဝါနယူးဂီနီနိုင်ငံ၏ ပညာရေးဆိုင်ရာ ဘာသာစကားမူဝါဒ သည် စိတ်ဝင်စားစရာ ကောင်းသည့်အပြင်၊ ပညာရေး ကျင့်သုံးမှုအပိုင်းသည် ကမ္ဘာ့နိုင်ငံအသီးသီးအတွက် လေ့လာ ချင်စဖွယ် ပုံစံတစ်ခုဖြစ်နေသည်။ အဘယ်ကြောင့်ဆိုသော်၊ အစိုးရသည် ၁၉၉၅ခုနှစ်၌ မိခင်ဘာသာစကား အခြေပြု ပညာရေးစနစ်၊ ဘာသာစကားနှစ်မျိုးအသုံးပြု၊ သင်ကြား နည်းကို စတင်အသုံးပြုလာခဲ့သည်။ ထိုကဲ့သို့ ကျင့်သုံးမှု၌ လူ့အသိုင်းအဝိုင်း အသုံးပြုသော ဘာသာစကား (Community Language) ကို ဘာဘာရပ်တစ်ခုအနေဖြင့် သင်ကြားပေးသည်သာမက၊ အဆိုပါ ဘာသာစကား (Community Language) ကိုလည်း (၃) နှစ်တာ ကာလ အထိ သင်ကြားမှုအနေဖြင့် အသုံးပြုသည်။ အစောပိုင်း မူလတန်းအဆင့်၌ အင်္ဂလိပ်ဘာသာစကားကို တတိယနှစ် တွင် ဘာသာရပ်တစ်ခုအဖြစ် မိတ်ဆက်သင်ကြားပေးပြီး နောက်ပိုင်းတွင် လူ့အသိုင်းအဝိုင်းအသုံးပြုသော ဘာသာ စကား (Community Language) နှင့် ဘာသာစကား အသုံး ပြုသင်ကြားမှု တစ်ခုဖြစ်လာသည်။ သတ္တမတန်းနှင့် အဋ္ဌမ တန်းအဆင့်များတွင် အင်္ဂလိပ်ဘာသာစကားတစ်ခုသာ

၉၄ Elzbieta Kuzelewska (University of Bialystok, Poland), language Policy in Switzerland https://www.researchgate.net/publication/305423749_Language_Policy_in_Switzerland (Accessed on January 30, 2018).

၉၅ ဘာသာစကား(၂)မျိုးအသုံးပြုသင်ကြားနည်း၌ နိုင်ငံသုံးဘာသာစကားများဖြစ်သော ဂျာမန်နှင့်ပြင်သစ် ဘာသာ စကားကို ဆိုလိုသည်။




သင်ကြားရေးနည်းအဖြစ် အသုံးပြုသည်။ ၂၀၀၀ ခုနှစ် အစောပိုင်းကာလများ၌ ဘာသာစကား အမျိုးအစား (၄၀၀) ကျော်အား ပါပူဝါနယူးဂီနီနိုင်ငံ၏ ပညာရေးစနစ်များတွင် အသုံးပြုလာခဲ့ခြင်းဖြစ်သည်။[၈၆]

နိုင်ငံသည် အခြားသောတိုင်းပြည်များ၏[၈၇] ကိုလိုနီနယ်ချဲ့မှုကို ကြုံတွေ့ခဲ့သည်။ ယင်းကဲ့သို့ ကိုလိုနီလက်အောက်သို့ ကျရောက်ခဲ့ခြင်းနှင့်အတူ ဘာသာရေးအဖွဲ့အစည်းဖြစ်သော ခရစ်ယာန်သာသနာ (Christian Mission) များကြောင့် နိုင်ငံအတွင်းရှိ လူမျိုးနွယ်စုများ၏ စာပေများပေါ်ပေါက်လာခဲ့သည်။ ၁၉၇၅ ခုနှစ် လွတ်လပ်ရေး ရရှိလာပြီးနောက်ပိုင်း၊ အင်္ဂလိပ်ဘာသာစကားသည် နိုင်ငံနှင့် ကျောင်းသုံးတရားဝင်ဘာသာစကားဖြစ်လာသည်သာမက အဓိကကျသော ပြည်သူပိုင်နေရာများ[၈၈] (Major Public Domains) တွင်လည်း အသုံးပြုနေသည်။[၈၉] Motu နှင့် 'Tok Ples' ဘာသာစကားသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ တရားဝင် ရုံးသုံးဘာသာစကားအဖြစ် သတ်မှတ်ထားသည်။ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းတွင် နိုင်ငံသည် ကိုယ်ပိုင်အုပ်ချုပ်သော ပြည်နယ်အစိုးရ (၁၉) ပြည်နယ်များနှင့် အစိုးရရုံးများရုံးစိုက်ရာ မြို့တော် (National Capital District) တည်ဆောက်နိုင်ခဲ့သည်သာမက၊ ဗဟိုထိန်းချုပ်မှု လျှော့ချလာခြင်း ဖြစ်စဉ်သည်လည်း လျှင်မြန်လာခဲ့သည်။ ထို့ကြောင့် ပညာရေးဆိုင်ရာ မူဝါဒများနှင့်ပတ်သက်လျှင် ပါဝင်သင့်ပါဝင်ထိုက်သူများ (Stakeholders) လည်း ပိုမိုပါဝင်နိုင်သော အခွင့်အလမ်းများ ပိုမိုရရှိလာခဲ့သည်။[၉၀]

Tok Pisin ဘာသာစကားသည် အင်္ဂလိပ်ဘာသာစကား အကွဲရာများကို အခြေခံထားသည်။ လူဦးရေ (၄)သန်းခန့် နေထိုင်သော ပါပူဝါနယူးဂီနီနိုင်ငံ၌ ၎င်းဘာသာစကားကို လူဦးရေ (၁၂၀,၀၀၀) ခန့်၏ ပထမဘာသာစကားအဖြစ် ပြောဆိုကျင့်သုံးခြင်းသာမက နိုင်ငံ၏ တရားဝင်ရုံးသုံးဘာသာစကားအဖြစ် အသိအမှတ်ပြုထားသည်။ Tok Pisin ဘာသာစကားကို သတင်းမီဒီယာနှင့် အစိုးရဌာနများ၌ အသုံးပြုနေသည်သာမက ၎င်းဘာသာစကားကို အချို့သော ကျောင်းများတွင် မူလတန်းပညာရေး၏ (၃) နှစ်ကာလအထိ သင်ကြားရေး ဘာသာစကား (Language of Instruction) အဖြစ် အသုံးပြုသည်။[၉၁]

Tok Ples ဘာသာစကားသည် ဒေသသုံး ဘာသာစကား (Local/Community Language) ဖြစ်သည်။ ၂၀၀၆ ခုနှစ် ကောက်ယူရရှိသော အချက်အလက်များအရ၊ မြို့ပြမူလတန်းကျောင်းများသည် Tok Pisin ဘာသာစကားဖြင့် သင်ကြားရေးမဏ္ဍိုင်ဘာသာစကားအဖြစ် အသုံးပြုမှုနှုန်း မြင့်မားနေပြီး၊ ကျေးရွာများနှင့် ရွှေ့ပြောင်းနေထိုင်သူများ၏ မူလတန်းကျောင်းများတွင် သင်ကြားရေးမဏ္ဍိုင်ဘာသာစကားအဖြစ် Tok Ples ဘာသာစကား အသုံးပြုမှုနှုန်းသည် Tok Pisin နှင့် အင်္ဂလိပ်ဘာသာစကားများထက် ပိုမိုမြင့်မားနေသည်။ ထို့ကြောင့် အလုံးစုံသုံးသပ်လျှင် မူလတန်းအဆင့် ကျောင်းများ၌ Tok Ples ဘာသာစကားအသုံးပြုနှုန်းသည် အမြင့်ဆုံးအနေအထား၌ တည်ရှိနေသည်။

၈၆ Susan Malone and Patricia Paraide, Mother tongue-based bilingual education in Papua New Guinea (Since 2011), vol 57 of the International Review of Education ( Springer Science + Business Media B.V.2011), 705.

၈၇ ဂျာမဏီ၊ အင်္ဂလန်၊ ဩစတေးလျနိုင်ငံများနှင့် ကမ္ဘာ့ကုလသမဂ္ဂအမိန့် စသည်တို့ဖြစ်သည်။


၈၈ အဓိကကျသော ပြည်သူပိုင်နေရာများမှာ အစိုးရ၊ ဥပဒေနှင့် တရားမျှတမှု၊ ပညာရေး၊ မီဒီယာ၊ စီးပွားရေးလုပ်ငန်း၊ အကောက်ခွန် စသည်တို့ဖြစ်သည်။

၈၉ Sakarepe Kamene, Willie Juduo and Lucy Nakin, Planning in a Multi-Lingual Country: The Case of Papua New Guinea (      ), p-101.

၉၀ Richard Guy, Policy Maiking and Implementation: Sutdieds form Papua New Guinea " Chaper 8-Formulating and Implementing Education Policy" p-143.

၉၁ Tok Pisin, https://www.omniglot.com/writing/tokpisin.htm (Accessed on April 13, 2018).

**Associations between language used most often in the class room and school location**[၉၂]




## ၇.၄.၁. တိုင်းရင်းသားဘာသာစကား ဆိုင်ရာ ပညာရေး

မူဝါဒများကို လက်တွေ့ကျင့်သုံးရာ၌ အမျိုးသားအဆင့်၊ ပြည်နယ်အဆင့်နှင့် ဒေသခံရပ်ရွာလူထုအဆင့်ဟူ၍ အပိုင်း (၃) ပိုင်းဖြင့် တာဝန်ဝတ္တရားများကို သတ်မှတ်ပေးထားသည်။ အမျိုးသားအဆင့်၌ အများအားဖြင့် ရံပုံငွေရှာဖွေစုဆောင်း ခြင်း၊ အဆင့်မြင့်သင်တန်းများ၊ အစီအစဉ်များကို ထောက်ပံ့ (ဝါ) ကူညီပေးခြင်းနှင့် သုတေသနပြုလုပ်ခြင်း စသော တာဝန်များကို ပြုလုပ်ရသည်။ ပြည်နယ်အဆင့်ဆိုင်ရာ တာဝန်များမှာ နယ်မြေဒေသများကို စီမံခန့်ခွဲခြင်း၊ ရံပုံငွေ ရှာဖွေခြင်း၊ ဆရာ/ဆရာမများအတွက် သင်တန်းပြုလုပ် ပေးခြင်း၊ ရပ်ဝတ္ထုပိုင်းဆိုင်ရာ သင်ထောက်ကူပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် သုတေသန ပြုစုခြင်း စသည်တို့ဖြစ်သည်။ ရပ်ရွာလူထု (Community) များမှ ဘာသာစကား ရွေးချယ် ခြင်း၊ သင်တန်းတက်ရောက်လိုသူများကို ထောက်ခံချက် ပေးခြင်း၊ အဆောက်အဦးများကို ပြင်ဆင်ခြင်း (ဝါ) စီမံ စုဆောင်းထားခြင်းနှင့် ဆရာ/ဆရာမများ၏ လစာများ စီမံခြင်း စသည်ဖြင့် အသီးသီး တာဝန်ယူထားသည်။ မူဝါဒများကို အစီအစဉ် ချမှတ်ခြင်းနှင့် လက်တွေ့ကျင့်သုံးမှုများသည် တဖြေးဖြေးနှင့် ဗဟိုဦးစီးချုပ်ကိုင်မှုများကို လျှော့ချလာခဲ့ သည်။

## ၇.၄.၂. သင်ကြားရေးဆိုင်ရာဘာသာစကား (Medium of Instruction)

အစုးရသည် အတန်းပညာရေးများ၌ အင်္ဂလိပ်ဘာသာစကား အား သင်ကြားရေးမဏ္ဍိုင် ဘာသာစကားအဖြစ် အသုံးပြု သည့်အတွက် ကျောင်းသား/သူများအနေဖြင့် နားမလည်မှု များ ကြုံတွေ့နေရသည်။ အဘယ်ကြောင့်ဆိုသော် ပုံနှိပ် ဖတ်စာအုပ်များတွင်ပြဋ္ဌာန်းထားသော သင်ရိုးညွှန်းတမ်းများ သည် ဒေသနှင့်ကိုက်ညီအောင် ပြုစုထားခြင်းမျိုးမဟုတ်ပေ။ ယင်းအတွက်ကြောင့်ပင်၊ ပြည်သူများမှ သင်ကြားရေး ဘာသာစကားအဖြစ် ‘Tok Ples’ ဘာသာစကားဖြင့် သင်ကြား လာခဲ့သည်။ ထိုဘာသာစကား အသုံးပြုမှုသည် တွင်ကျယ် လာသည့်အတွက်ကြောင့်ပင် အစိုးရအဖွဲ့မှ ဘာသာစကား အားလုံးကို ပံ့ပိုးပေးလာသည်။[၉၃] ထို့ကြောင့်၊ မိခင်ဘာသာ စကားအခြေပြု ပညာရေးစနစ်ကို မူလတန်းအဆင့်မှ ပဉ္စမတန်းအထိတိုင်အောင် လက်တွေ့ကျင့်သုံးလာသည်။ အင်္ဂလိပ်ဘာသာစကား အသုံးပြုမှုကို (၂) နှစ်အထိ (သို့ မဟုတ်) (၂) နှစ်အထက်ထိ (သတ္တမတန်းနှင့် အဋ္ဌမတန်း) အထိ အင်္ဂလိပ်ဘာသာစကားဖြင့် သင်ကြားသည်။ သို့ရာတွင် အခြားသော ဘာသာရပ်များသည် ဒေသသုံးဘာသာစကား ဖြင့်သာ အသုံးပြုသည်။[၉၄] ပြည်သူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အသင်းတော်များနှင့် အစိုးရများမှ ပံ့ပိုးမှုများကြောင့် မိခင်ဘာသာစကားအခြေပြု ပညာရေး

---

၉၂ Australian Governmennt (AusAID), PNG Curriculum Reform Implementation Project: Impact Study 6 (Final Report) P-27.

၉၃ အရေးနှင့်အဖတ် (Written and Oral) ကို ဆိုလိုခြင်းဖြစ်သည်။

၉၄ Language Education Policy Studies: Papua New Guinea http://www.languageeducationpolicy.org/lepbyworldregion/papuanewguinea.html (accessed on February 9, 2018).

စနစ်ကို တိုင်းရင်းသားဘာသာစကားနှင့်ဆိုင်သော ဘာသာစကား အမျိုးအစားပေါင်း (၄၀၀) ကျော်အား ဒေသန္တရ မူလတန်းအဆင့် ကျောင်းများ၌ အသုံးပြုနေပြီ ဖြစ်သည်။[၉၅]

နိုင်ငံတော်အစိုးရသည် အမျိုးသားပညာရေးဆိုင်ရာ ပြုပြင်ပြောင်းရေး (National Education Reform) ကော်မတီကို ၁၉၉၅ ခုနှစ်တွင် စတင်ဖွဲ့စည်းစေခဲ့သည်။ ထိုသို့ ဖွဲ့စည်းပြီး နောက်ပိုင်း၌ ပညာရေးဆိုင်ရာ အဆင့် (၅) ဆင့်ဖြင့် သတ်မှတ်ခဲ့သည်။ ၎င်းတို့မှာ -

**၁) မူလတန်းအဆင့်**
(မူကြိုမှ ၂ တန်းအထိ)

**၂) မူလတန်း (အောက်) အဆင့်**
(၃ တန်းမှ ၅ တန်းအထိ)

**၃) မူလတန်း (အထက်) အဆင့်**
(၆ တန်းမှ ၈ တန်းအထိ)

**၄) အလယ်တန်း (အောက်) အဆင့်**
(၉ တန်းမှ ၁၀ တန်းအထိ)

**၅) အလယ်တန်း (အထက်) အဆင့်**
(၁၁ တန်းမှ ၁၂ တန်းအထိ)

အဆိုပါကော်မတီသည် အတန်းပညာရေးများ၌ တိုင်းရင်းသားဘာသာစကားများကို အသုံးပြုရန်အတွက် အပြည့်အဝထောက်ခံချက်ပေးသည်။ တိုင်းရင်းသားဘာသာစကားများကို မူလတန်းအဆင့် ကျောင်းများတွင် အသုံးပြုရန် မိတ်ဆက်ပေးထားသည်။ ၎င်းစီမံချက်များ လက်အောက်၌ ဒေသခံလူမျိုးများ/ပြည်သူများ (Local Community) ကို မိမိတို့ကိုယ်ပိုင်ကျောင်းများ ဖွံ့ဖြိုးတိုးတက်ရန်နှင့် အစီအစဉ်ရေးဆွဲခြင်းများစသော လုပ်ပိုင်ခွင့်တာဝန်များကို ပေးအပ်ထားမှုများကြောင့်၊ တရားဝင် မှတ်ပုံတင်ထားသော မူလတန်းအဆင့် ကျောင်းများ အရေအတွက်သည် (၁,၄၁၆) ခန့်ရှိနေပြီဖြစ်သည်။ ယင်းကဲ့သို့ တရားဝင်ကျောင်းများ ထူထောင်ခွင့် များပြားလာသည်နှင့်အညီ လိုအပ်သော အရင်းအမြစ်များ[၉၆]လည်း ပိုမိုမြင့်တက်လာသည်။[၉၇]

## ၇.၄.၃. မိခင်ဘာသာစကားအခြေပြုနှင့် ဘာသာစကားနှစ်မျိုး အသုံးပြု သင်ကြားနည်း

ပါပူဝါနယူးဂီနီနိုင်ငံပညာရေးစနစ်၌ မူလတန်း (အောက်) အဆင့်နှင့် မူလတန်း (အထက်) အဆင့်များတွင် မိခင်ဘာသာစကားအခြေပြု ဘာသာစကား (၂) မျိုး ပညာရေးကို အသုံးပြုသင်ကြားသည်။ မူလတန်း (အောက်) အဆင့်များ ဖြစ်သော သူငယ်တန်းအဆင့်၌ ကျောင်းဖတ်စာခြင်းများ၊ အခြေခံဖြစ်သော အရေးနှင့် အဖတ်သာမက ကိန်းဂဏန်း ရေတွက်ခြင်းများကို ဒေသသုံးဘာသာစကားဖြင့်သာ အဓိကထား ဦးတည်သင်ကြားသည်။ ပထမတန်းအဆင့်တွင် လှုပ်ရှားဆောင်ရွက်ရသည့် သင်ယူခြင်းများ၌ မိခင်ဘာသာစကားဖြင့် သင်ကြားသည်။ ထို့အပြင် ဒုတိယအတန်းအထိ မိခင်ဘာသာစကားဖြင့် သင်ကြားပြီး၊ အင်္ဂလိပ်ဘာသာရပ်အား နှုတ်အားဖြင့် မိတ်ဆက်ခြင်း ပြုလုပ်ပေးသည်။

တတိယတန်းအဆင့်၌ အင်္ဂလိပ်စာ ရေးသားနည်းကို မိတ်ဆက်ပေးသည်။ ဒေသသုံးဘာသာစကား အသုံးပြုမှုသည် ၆၀% နှင့် အင်္ဂလိပ်ဘာသာစကား ၄၀% တနည်းအားဖြင့် (၆၀-၄၀) ပုံစံဖြင့် အသုံးပြုသည်။ စတုတ္ထတန်းအဆင့်တွင်လည်း အင်္ဂလိပ်ဘာသာရပ်အား နှုတ်နှင့် ရေးသားနည်းကို ပေါင်းစပ်တည်ဆောက်ပေးသည်။ ထို့နောက် အတန်းပညာများ တဖြည်းဖြည်း မြင့်တက်လာခြင်းနှင့်အတူ သင်ကြားရေးမဏ္ဍိုင်ဘာသာစကားအသုံးပြုမှု (Medium of Instruction) သည် ပြောင်းပြန် အချိုးကျနှုန်းဖြင့် အသုံးပြုလာသည်။ ဥပမာအားဖြင့် ပဉ္စမတန်းမှ အဋ္ဌမတန်းများသို့ မြင့်လာခြင်းနှင့်အတူ Medium of Instruction သည် (၃၀-၇၀၊ ၂၀-၈၀၊ ၁၀-၉၀) ပုံစံများဖြင့် အသုံးပြုခြင်းဖြစ်သည်။[၉၈]

၉၅ The Language of Instruction Controversy in Papua New Guinea https://learningportal.iiep.unesco.org/en/controversy/document-controverse/the-language-of-instruction-controversy-in-papua-new-guinea (accessed on February 9, 2018).

၉၆ လိုအပ်သော အရင်းအမြစ်များသည် ဆရာ/ဆရာမများကို သင်တန်းပေးခြင်း၊ သင်ထောက်ကူပစ္စည်းများ မြှင့် တင်ခြင်း၊ မာတိကာနှင့်သင်ရိုးညွှန်းတမ်းများ ပုံစံရေးဆွဲခြင်း၊ ဘာသာစကားအားလုံးအတွက် စာရေးသားနည်းပုံစံ ရေးဆွဲခြင်း စသည်တို့ဖြစ်သည်။

၉၇ Sakarepe Kamene, Willie Juduo and Lucy Nakin, Planning in a Multi-Lingual Country: The Case of Papua New Guinea (    ), p-104.

၉၈ Susan Malone and Patricia Paraide, Mother tongue-based bilingual education in Papua New Guinea (Since 2011), vol 57 of the International Review of Education ( Springer Science + Business Media B.V.2011), 712.

## ၇.၅. နိုင်ငံတကာဖြစ်ရပ်များအပေါ် ခြုံငုံသုံးသပ်ခြင်း

ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေသော အမေရိကန်၊ ဆွစ်ဇာလန်နှင့် အိန္ဒိယနိုင်ငံများသည် အာဏာခွဲဝေကျင့်သုံးသောနည်း (Division of Power) ကို ကျင့်သုံးသည်။ ပညာရေးအခန်းကဏ္ဍအား ပြည်ထောင်စု (ဗဟို) ဦးစီးချုပ်ကိုင်မှု စနစ်ဖြင့် လုပ်ဆောင်ခြင်းမပြုဘဲ၊ သက်ဆိုင်ရာ ပြည်နယ်အစိုးရ အသီးသီး လက်အောက်၌သာ ထားရှိသည်။ ပြည်နယ်အစိုးရမှလည်း ဒေသန္တရအစိုးရ လက်ထဲသို့ လုပ်ပိုင်ခွင့်အခွင့် အာဏာများကို ပေးထားသည်။ ကျောင်းပညာရေး ကော်မတီမှလည်း သင်ကြားရေးမဏ္ဍိုင်ဘာသာစကား (Medium of Instruction) ကို သတ်မှတ်ပိုင်ခွင့်ရှိနေသည်။ မိဘများမှလည်း မိမိတို့ သား/သမီးအတွက် ကျောင်းများ၌ သင်ကြားရေးမဏ္ဍိုင်ဘာသာစကား (Medium of Instruction) ကို ရွေးချယ်တက်ရောက်ခွင့် ရှိနေသည်။ နယူးမက္ကဆီကိုပြည်နယ် ပညာရေး လက်အောက်၌ (BMEPs) လည်ပတ်နိုင်ရန် သီးသန့်ဌာနတစ်ခု ထားရှိသည့်အပြင်၊ ရံပုံငွေများကိုလည်း ထားရှိပေးထားသည်။ ပါပူဝါနယူးဂီနီနိုင်ငံသည် ဘာသာစကား အမျိုးအစားပေါင်း အရေအတွက်(၈၀၀)ကျော်ရှိနေသော်လည်း၊ ၁၉၉၅ ခုနှစ်မှ စတင်၍ မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံပညာရေးစနစ်ကို လက်ရှိ အချိန်ထိတိုင်အောင် လက်တွေ့ကျင့်သုံးနေသည်။ နိုင်ငံသည် အခြားသော နိုင်ငံ များထက် ဘာသာစကား အမျိုးအစားများစွာ ရှိနေသည့်အတွက် MTB-MLE စနစ် အကောင်အထည်ဖော်ဆောင်လိုသည့် နိုင်ငံများမှလည်း စိတ်ဝင်တစား လေ့လာမှု များ ပြုလုပ်လျက်ရှိသည်။

အထက်ဖော်ပြပါ နိုင်ငံတကာ အတွေ့အကြုံများထဲ၌ MTB-MLE စနစ် ကျင့်သုံးနေ သော နိုင်ငံများ၌ နိုင်ငံသူ/သားများသည် ပညာရေးနှင့် ပတ်သက်လျှင် အောင်မြင်မှု အကျိုးရလဒ်များကို ရရှိခံစားနေသည်။ နိုင်ငံ၏ ပညာရေးစနစ်၌ မိမိတို့၏ မိခင် ဘာသာစကား (သို့မဟုတ်) အိမ်သုံးဘာသာဖြင့် အနိမ့်ဆုံးမူလတန်းအဆင့်မှ ပညာရေးအဆင့်ဆင့်အထိ စတင်သင်ကြားခြင်းကြောင့် မိခင်ဘာသာစကားမှ နိုင်ငံသုံးဘာသာ စကားများ ကူးပြောင်းမှုဖြစ်စဉ်အား များစွာအထောက်အကူပြု နေသည်။ ထို့ကြောင့် အမေရိကန်၊ ဆွစ်ဇာလန်၊ အိန္ဒိယနှင့် ပါပူဝါနယူးဂီနီနိုင်ငံ များသည် MTB-MLE စနစ်ကျင့်သုံးရာ၌ ပြည်နယ်အခြေခံသောနည်း၊ လူမျိုး အခြေခံသောနည်းနှင့် ကျောင်းအခြေခံသောနည်းဟူ၍ လေ့လာတွေ့ရှိသည်။

# မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်းဒေသကြီးများ



## အခန်း (၈)

# ပြည်တွင်းအခြေအနေ

## နိဒါန်း

တိုင်းရင်းသားပြည်နယ်ဒေသများတွင် ဗမာဘာသာစကား နားလည်နိုင်ရန်နှင့် ပြောဆိုနိုင်ရန် စသည့် ဘာသာစကားအခက်အခဲများကြောင့် ပညာရေးတွင် နောင့်နှေးကြန့်ကြာမှုများ ကြုံတွေ့နေရသည်။ အထူးသဖြင့်၊ ပြည်တွင်းစစ်ဖြစ်ပွားသော ဒေသများ၌ မိမိတို့ တိုင်းရင်းသားလူမျိုးများ အနေဖြင့် ပညာရေးတွင် အခက်အခဲ စိန်ခေါ်မှုများစွာ ကြုံတွေ့နေရပါသည်။ ငြိမ်းချမ်းရေး ပြုလုပ်နိုင်ခြင်းမရှိသေးသည့်တိုင်းရင်းသားဒေသများတွင်စာသင်ကျောင်းများသာမက ဒေသလုံခြုံရေးကို အပြည့်အဝ အာမခံချက်မပေးနိုင်သည့် အခြေအနေများကြောင့် ပညာသင်ဆည်းပူးရာတွင် အတန်းပညာများကို ဆုံးခန်းတိုင်အောင် သင်ယူနိုင်ခြင်း မရှိခြေ။ စစ်မက်ဖြစ်ပွားရာဒေသများ၌ စာသင်ကျောင်းများအစား စစ်ဘေးရှောင် ဒုက္ခသည်စခန်းများသည် တဖြည်းဖြည်း ပိုမိုတိုးပွားလာပြီဖြစ်သည်။ ဥပမာ လက်တွေ့အားဖြင့် မြန်မာစစ်တပ်မှ ကချင်လွတ်မြောက်ရေး တပ်မတော်(KIA) ထိန်းချုပ်ရာနယ်မြေများသို့ ၂၀၁၁ ခုနှစ် အချိန်ကတည်းမှ စတင်၍ တကျော့ပြန် ပြန်လည် စစ်ပွဲဆင်နွှဲလာခြင်းကြောင့် ကချင်ပြည်သူလူထုအနေဖြင့် စာသင်ကျောင်းများ ပိတ်ပင်ထားရသည့်အပြင်၊ စစ်ဘေးရှောင် ဒုက္ခသည်စခန်းများရှိ ကျောင်းနေအရွယ်ကလေးများ၏ ပညာရေးသည် ဆက်လက် သင်ယူနိုင်ရန်အတွက် အခက်အခဲ စိန်ခေါ်ချက်များစွာရှိနေသည်။ ထို့ကြောင့် ပညာရေးသည် နိုင်ငံရေး အထူးသဖြင့် ငြိမ်းချမ်းရေးနှင့် ဆက်စပ်ပတ်သက်နေသည်။

## ၈.၁. ပညာရေးနှင့် နိုင်ငံရေး (ငြိမ်းချမ်းရေး) ဆက်နွယ်မှုများ

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုတိုင်းတာရာတွင် ၎င်းနိုင်ငံ၏ ပညာရေးသည်လည်း မရှိမဖြစ် လိုအပ်သော အခန်းကဏ္ဍတစ်ခု၌ ရပ်တည်နေသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ပြည်ထောင်စုအသွင်ဖြင့် ဖွဲ့စည်းတည်ဆောက်ခဲ့သော်လည်း ပြည်တွင်းစစ်ပွဲများကြောင့် နိုင်ငံတည်ဆောက်ရာတွင် နောင့်နှေးကြန့်ကြာမှုများ လက်ရှိအခြေအနေထိတိုင်အောင်ပင် ဖြစ်နေသည်။ တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများသည် စစ်အစိုးရလက်ထက်များတွင် ချုပ်ဆိုခဲ့သော ပြည်တွင်းငြိမ်းချမ်းရေး လက်မှတ်ရေးထိုးရာ၌ မိမိတို့ တိုင်းရင်းသားလူမျိုးများ၏ စာပေ၊ ယဉ်ကျေးမှု မပပျောက်ရန် အဆိုပြုမှုများရှိခဲ့သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အကြားချုပ်ဆိုသော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်၏ အခန်း (၆) ပါ ကြားကာလအတွင်း ဆောင်ရွက်ရမည့် အစီအစဉ်များ၊ အပိုဒ်၂၅/(က) -

(၁) ပြည်သူလူထု၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အခြေခံ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊

(၃) တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းများ” စသည်တို့ကို ဖော်ပြထားသည်။[၉၉]

---

၉၉ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် - အခန်း (၆) - ကြားကာလအတွင်း ဆောင်ရွက်ရမည့် အစီအစဉ်များ၊ မြန်မာ့အလင်း၊ အင်္ဂါ၊ သြဂုတ် ၁၈၊ ၂၀၁၅။

လက်တွေ့အားဖြင့် ကချင်လွတ်လပ်ရေးအဖွဲ့ (KIO)၊ ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့် မွန်ပြည်သစ်ပါတီ (NMSP) စသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် အစိုးရများဖြင့် ပြည်တွင်းအပစ်အခတ် ရပ်စဲရေးစာချုပ်များကို ချုပ်ဆိုခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဖြစ်သည်။ ပြည်တွင်းအပစ်အခတ် ရပ်စဲရေးစာချုပ် ချုပ်ဆိုမှုများ၏ ရလဒ်များနှင့် စာချုပ်များ ပြက်ပျယ်သွားပြီးနောက် ဖြစ်ပေါ်လာသော အကျိုးသက်ရောက်မှုများလည်းရှိသည်။ ဥပမာ - အစိုးရအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား ပညာရေးကို ဗန်းပြအသုံးချပြီး အတင်းအကြပ် အကျပ်ကိုင်သည့် နည်းဖြင့် မဟုတ်ဘဲ အနုနည်း အသွင်သဘောဆောင်သော နည်းလမ်းများကို အသုံးပြုခြင်းဖြင့် လက်မှတ်ရေးထိုးရန်အတွက် အတိတ်သမိုင်း၌သာ လုပ်ဆောင်ခဲ့သည် သာမက လက်ရှိအခြေအနေ ထိတိုင်အောင် ပြုမူလုပ်ဆောင်လျက်ရှိသည်။

## ၈.၁.၁. ကချင်

ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) သည် ၁၉၉၄ ခုနှစ်၌ မြန်မာစစ်အစိုးရနှင့် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုခဲ့သည်။ ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုပြီးနောက်တွင် KIO သည် စစ်ပွဲကြောင့် ခံစားခဲ့ရသော ပဋိပက္ခဇုန် (Conflict Zone) ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများလုပ်ဆောင်နိုင်ခဲ့သည်။ စစ်အစိုးရမှ ဦးဆောင်ကျင်းပသည့် ညောင်နှစ်ပင်အမျိုးသားညီလာခံသို့လည်း တက်ရောက်ပါဝင်ခဲ့သည်။ KIO သည် နိုင်ငံရေးဦးဆောင်ပါတီ ဖြစ်သည်။ ကချင်လွတ်မြောက်ရေး ထိန်းချုပ်နယ်မြေများကို စီမံခန့်ခွဲရန်အတွက် Kachin Independence Council (KIC) ကို ဖွဲ့စည်းထားသည် သာမက KIC လက်အောက်တွင် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးဌာန အစရှိသည့် ဌာနများကို ဖွဲ့စည်းတည်ဆောက်ထားသည်။ KIOသည် ၎င်းကဲ့သို့သော ဌာနများကို ကျယ်ပြန့်စွာ လုပ်ဆောင်နိုင်ရခြင်းမှာ ကချင်တိုင်းရင်းသားပြည်သူများ၏ ထောက်ခံမှုများကြောင့်သာဖြစ်သည်။

ကေအိုင်အို ပညာရေးဌာနအား ၁၉၇၈-၇၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၁၉၉၂ ခုနှစ်၌ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် ကေအိုင်အို လက်အောက်ခံ ကျောင်းပေါင်း (၁၈၀) ရှိသည်။ အထက်တန်းကျောင်း (၄) ကျောင်း၊ အလယ်တန်းကျောင်း (၂၅) ကျောင်း ပါဝင်သည်။ ကျောင်းသား/သူ (၂၆,၈၇၉) ဦးရေရှိပြီး၊ ဆရာဦးရေ (၁,၅၉၁) ရှိသည်။ ကေအိုင်အို ပညာရေးဌာနသည် ဆရာအတတ်သင်ကျောင်းအား (၁၉၉၇) ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် တဖန်မွမ်းမံပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။ ကေအိုင်အိုကျောင်းများတွင် အစိုးရသင်ရိုး ပုံနှိပ်ဖတ်စာအုပ်များကို အသုံးပြုနေပြီး ကချင်ဘာသာနှင့် ယဉ်ကျေးမှုကို နောက်တိုး ဘာသာရပ်အဖြစ် ထည့်သွင်းသင်ကြားလျက်ရှိသည်။ ၁၉၉၃-၂၀၁၁ ခုနှစ်အထိ ကေအိုင်အို အထက်တန်းကျောင်းဆင်းကျောင်းသား/သူများကို အစိုးရကျောင်းများတွင် တက္ကသိုလ်ဝင်ခွင့် စာမေးပွဲကိုလည်း ဖြေဆိုခွင့် ပေးခဲ့သည်။

၂၀၁၁ ခုနှစ်တွင် တကျော့ပြန်စစ်ပွဲများဖြစ်ပွားပြီးနောက်ပိုင်းတွင် ကေအိုင်အို ကျောင်းသား/သူများကို ဖြေဆိုခွင့်များ မပြုတော့ချေ။ ယင်းအချက်များကြောင့် ကေအိုင်အိုအဖွဲ့သည် ၎င်းတို့ ကျောင်းများတွင် သင်ကြားပြဌာန်းနေသော အစိုးရ သင်ရိုးများကို အသုံးမပြုတော့ဘဲ ကချင်ဘာသာစကား (ဂျိမ်းဖော့) နှင့် အင်္ဂလိပ်ဘာသာစကား အသုံးပြုမှုကို ဦးစားပေးလာပြီး ဗမာဘာသာ သင်ကြားမှုကို လျှော့ချလာခဲ့သည်။ ကေအိုင်အိုကျောင်းများတွင် အစိုးရသင်ရိုးဖြင့် သင်ကြားရာတွင် ဆရာများအတွက် ဘာသာပြန် သင်ကြားမှု အခက်အခဲ အဟန့်အတားဖြစ်စေသည်သာမက ကျောင်းသား/သူများသည် သင်ခန်းစာများကို သဘောပေါက်နိုင်ရန် နေလင့်ကစား နားလည်နိုင်ရန် ခက်ခဲသော စိန်ခေါ်မှုများ ရှိနေသည်။ ကျောင်းသား/သူများအနေဖြင့် သင်ခန်းစာများကို ဖြေဆိုရာတွင်လည်း ဗမာစာဖြင့် ရေးသားအသုံးပြုသည့် အခါ၌ ကျောင်းသား/သူ အများစုများသည် ဗမာစကား နားလည်မှု အခက်အခဲများ ဖြစ်ပေါ်စေသည်။ ၂၀၁၁ ခုနှစ် ဇွန်လပိုင်းတွင် မြန်မာအစိုးရ၏ တပ်မတော်မှ ထိုးစစ်ဆင်မှုများကြောင့် (၁၉၉၄) ခုနှစ်တွင် ချုပ်ဆိုခဲ့သော ငြိမ်းချမ်းရေးစာချုပ်မှာ လုံးလုံးလျားလျား ပျက်ပြယ်မှုကြောင့် (KIO) အထက်တန်းကျောင်းဆင်း အယောက် (၇၀၀) ခန့်ကို အစိုးရတက္ကသိုလ် ပညာရေးဌာနများမှ ထုတ်ပယ်သည့် အဆင့်အထိ ပြုလုပ်မှုများကြောင့် ကချင်လူမျိုးများအတွက် တိုင်းရင်းသားပညာရေး၌ သီးသန့်ရပ်တည်လာစေသည့် သဘောများသို့ တွန်းပို့လာခဲ့သည်။

၁၀၀ အက်ရှ်လေဆောက်သ်နှင့် မာရီလော၊ ကျောင်းပညာရေးနှင့် ပဋိပက္ခ - မြန်မာနိုင်ငံ၏တိုင်းရင်းသား ပညာရေးနှင့် မိခင်ဘာသာစကားအခြေပြု သင်ကြားရေး အခြေအနေ (အာရှဖောင်ဒေးရှင်း၊ ဖေဖော်ဝါရီ - ၂၀၁၆)၊ စာမျက်နှာ - ၆၊ ၇ နှင့် ၈။

## ၈.၁.၂. ကရင်

ကရင်အမျိုးသားအစည်းအရုံး (KNU) ထိန်းချုပ်ရာ နယ်မြေများတွင် ၁၉၅၀ ခုနှစ် ကျော်များမှ စပြီး ကျောင်းများ စတင်ဖွင့်ခဲ့သည်။ ၁၉၇၀ ခုနှစ်တွင် ပညာရေးဌာန တည်ထောင်ခဲ့သည်။ နောက်ပိုင်းနှစ်များတွင် KNU ပညာရေးဌာနကို ကရင်ပညာရေးနှင့် ယဉ်ကျေးမှုဌာနဟု သုံးနှုန်းများရှိသည်။ အနီးစပ်ဆုံးတွင် KED ကရင်ပညာရေးဌာနဟု သုံးနှုန်းလျက်ရှိသည်။[၁၀၁] ကရင်ပညာရေးဌာန (KED)[၁၀၂] မှ ဖွင့်လှစ်သော ကျောင်းများတွင် ကရင်အမျိုးသားကျောင်းပညာရေးစနစ်သည် အင်္ဂလိပ်နှင့် စကောကရင် ဘာသာစကားတို့ကိုသာ အဓိကသင်ကြားသည်။ သင်ရိုးညွှန်းတမ်းများကို စကောကရင်ဘာသာစကားဖြင့် ပြုစုထားခြင်းဖြစ်သည်။ ကရင်ပညာရေးဌာန လက်အောက်ရှိ ကျောင်းများသည် နိုင်ငံတော်အစိုးရမှ အသိအမှတ်ပြုထားခြင်း မဟုတ်ပေ။[၁၀၃]

ကရင်အမျိုးသားကျောင်း ပညာရေးစနစ်၏ သင်ရိုးညွှန်းတမ်းဖြစ်သည့် ကမ္ဘာ့အသိအမှတ်ပြု သင်္ချာနှင့် သိပ္ပံဘာသာရပ်များသည် အားလုံးဆင်တူသည်။ သို့ရာတွင် အဆိုပါဘာသာရပ်များသည် KED သင်ရိုး ညွှန်းတမ်းများထက် အဆင့်မြင့်နေသည့်အတွက် ၎င်းတို့အနေဖြင့် ဆက်လက်လုပ်ဆောင်နေသည့် အဆင့်၌ သာတည်ရှိနေပြီး၊ ပုံမှန်အခြေအနေဖြင့် လည်ပတ်နိုင်မှု မပြုနိုင်သေးပေ။

၂၀၁၅ ခုနှစ် အောက်တိုဘာလ (၁၅) ရက်နေ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ကို ချုပ်ဆိုပြီးနောက်ပိုင်း၌ ပုဒ်မ (၁၈/၁) မတရားအသင်းအဖြစ်မှ ပယ်ဖျက်ပေးခဲ့သည်။ အပစ်အခတ်ရပ်စဲရေးစာချုပ် ချုပ်ဆိုထားသော်လည်း သင်ရိုးညွှန်းတမ်း အစိတ်အပိုင်းများ ပြုပြင်ပြောင်းလဲရန် အစီအစဉ်မရှိသေးချေ။ သင်ကြားရေးဘာသာစကားမှာ ကရင်ဘာသာစကားဖြင့်သာ သင်ကြားပြီး၊ ဗမာဘာသာစကားကို သင်ကြားရေးမဏ္ဍိုင်ဘာသာစကား (Medium of Instruction) ဖြင့် မဟုတ်ဘဲ၊ ဘာသာရပ်တစ်ခုအဖြစ်သာ သင်ကြားပေးသည်။ မိခင်ဘာသာစကားအခြေပြုပညာရေးစနစ်ကိုမူလတန်း(၄)တန်းအဆင့်ထိသာ သင်ကြားပြီး၊ (၅) တန်းအဆင့်၌ ဗမာဘာသာစကားကို မိတ်ဆက်သင်ကြား ပြုလုပ်ပေးပြီးနောက်၊ အထက်တန်းအဆင့်၌ ဗမာဘာသာစကားသည် သင်ကြားရေးဘာသာစကားဖြစ်လာမည်ဖြစ်သည်။ ကရင်ပညာရေးဌာနသည် ပညာရေး ပြုပြင်ပြောင်းလဲရာတွင် ဖက်ဒရယ်ပညာရေးစနစ်ကို လိုလားခြင်းဖြစ်သည်။[၁၀၄]

ဗမာဘာသာစကားသည် အတန်းပညာသင်ကြားရာ၌ အဓိကဦးစားပေး ဘာသာစကား မဟုတ်သည့်အတွက်ကြောင့်၊ ကရင်အမျိုးသားကျောင်းများမှ အောင်မြင်သော ကျောင်းသား/သူများသည် အစိုးရပညာရေးနှင့် ချိတ်ဆက်ရာတွင် အခက်အခဲ (သို့မဟုတ်) စိန်ခေါ်ချက်များ ဖြစ်ပေါ်စေသည်။ ထို့အပြင်၊ ကရင်ပညာရေးဌာနမှ အသုံးပြုသင်ကြားနေသော သင်ရိုးညွှန်းတမ်းများသည် အစိုးရသင်ရိုးများနှင့် ကွဲလွဲချက်များစွာရှိနေသည်။ ကရင်အမျိုးသား အထက်တန်းကျောင်းဆင်းသော ကျောင်းသား/သူများ၏ အားနည်းချက်မှာ ဗမာစကားတတ်ကျွမ်းမှု အားနည်းခြင်းဖြစ်သည်။ ယင်းသို့ အားနည်းချက်ကြောင့် အနာဂတ်မြန်မာအစိုးရ၏ အဆင့်မြင့်ပညာရေး တက်ရောက်ရာတွင် စိန်ခေါ်ချက်များစွာ ရှိနေသည်။

## ၈.၁.၃. ကရင်နီ

၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၄) ရက်တွင် မြန်မာနိုင်ငံသည် ဗြိတိသျှထံမှ လွတ်လပ်ရေး ရရှိလာပြီးနောက်ပိုင်း၊ မြန်မာအစိုးရသည် ကရင်နီပြည်နယ်ကို စစ်ကြေညာခဲ့သည်။ ပြည်တွင်းစစ်ပွဲ ဖြစ်ပေါ်ခဲ့သောကြောင့် ကရင်နီပြည်သူများသည် စစ်ပွဲဒဏ်ကို ခံစားခဲ့ရသည်။ ၁၉၈၉ ခုနှစ်တွင် ထိုင်းနိုင်ငံဘက်သို့ ထွက်ပြေးတိမ်းရှောင်နေခဲ့ရသည်။ ၁၉၉၀ - ၁၉၉၂ ခုနှစ်အတွင်း၊ ကရင်နီဒုက္ခသည်များ စခန်း၌ မူလတန်းကျောင်း (၃) ကျောင်း၊ အလယ်တန်းကျောင်း (၁) ကျောင်းနှင့် အထက်တန်းကျောင်း (၁) ကျောင်း အသီးသီးရှိသည်။ အဆိုပါ ကျောင်းများကို ကရင်နီအမျိုးသားတိုးတက်ရေးပါတီမှ ဖွဲ့စည်းပေးထားသော ကရင်နီပညာရေးဌာန (KnED) မှ ပံ့ပိုးကူညီမှုဖြင့် လည်ပတ်နေခဲ့ခြင်းဖြစ်သည်။

---

၁၀၁ အက်ရှ်လေဆောက်သ်နှင့် မာရီလော၊ ကျောင်းပညာရေးနှင့် ပဋိပက္ခ - မြန်မာနိုင်ငံ၏တိုင်းရင်းသား ပညာရေးနှင့် မိခင်ဘာသာစကားအခြေပြုသင်ကြားရေး အခြေအနေ (အာရှဖောင်ဒေးရှင်း၊ ဖေဖော်ဝါရီ - ၂၀၁၆)၊ စာမျက်နှာ - ၅။

၁၀၂ ကရင်အမျိုးသားအစည်းအရုံး လက်အောက်ရှိ ကရင်ပညာရေးဌာန(KED)သည် ၁၉၇၀ ခုနှစ်တွင် ဖွဲ့စည်းသည်။

၁၀၃ Polina Lenkova, Conflict Sensity in Education Provision in Karen State: Education Providers and Systems in Karen State (Myanmar: Thabyay Education Foundation, December 2015), 18.

၁၀၄ Samantha Michaels / The Irrawaddy, September 23, 2014, They Know Nothing About Ethnic Education, http://www.burmalink.org/know-nothing-ethnic-education/ (accessed on March 16, 2018).

၁၉၉၇ နှင့် ၂၀၀၃ ခုနှစ်အကြားတွင် ဒုက္ခသည် စခန်းပေါင်း အရေအတွက် (၅) ခု ဖြစ်လာခဲ့သည်။ ၎င်းဒုက္ခသည် စခန်းများရှိ အမျိုးသားကျောင်းများကို ကရင်နီ ပညာရေးဌာနနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်း JRS မှ ပံ့ပိုးကူညီပေးသည်။ ကရင်နီ အမျိုးသားကျောင်း အရေအတွက်မှာ မူလတန်းကျောင်း (၁၁) ကျောင်း၊ အလယ်တန်းကျောင်း (၅) ကျောင်း၊ အထက် တန်းကျောင်း (၂) ကျောင်းနှင့် Post-ten ကျောင်းများ အချို့ရှိလာခဲ့သည်။[၁၀၅]

"ကရင်နီ အမျိုးသားကျောင်းများသည် ၁၉၉၀ ခုနှစ် အစောပိုင်းကာလများတွင် မူလတန်းအဆင့်မှ အလယ်တန်းအဆင့်ဖြစ်သော သတ္တမတန်းအဆင့်ထိသာ ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့သည်။ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) အနေဖြင့် တော်လှန်ရေး ပြုလုပ်နေရခြင်းဖြစ်သည့်အတွက် အခက်အခဲများစွာ ရှိနေခြင်းနှင့် အတန်းပညာသင်ကြားပေးမည့် ပညာတတ်များစွာ လိုအပ်ခြင်းများကြောင့်ဖြစ်သည်။ ကျောင်းသား/သူများသည် သတ္တမတန်းအဆင့် အောင်မြင်ပြီးဆုံးပါက ကော့သူလေး (KNU) မှ ဖွင့်လှစ်ထားသည့် ကျောင်းများသို့ တက်ရောက် ပညာသင်ကြားရသည်။ KNU ကျောင်းများသည် ဒသမတန်းအဆင့်အထိ သာမက ဖက်ဒရယ်တက္ကသိုလ်အဆင့်အထိ ဖွင့်လှစ်သင်ကြားပေးနိုင်သည်။ ၁၉၈၈ ခုနှစ်၊ (၈.၈.၈၈) အရေးအခင်းပြီးသည့်နောက်ပိုင်းကာလတွင် ကရင်နီလူငယ်များ ပေါ်ထွက်လာပြီး၊ အဆိုပါလူငယ်များထဲ၌ ပညာတတ်သူများတွင် ဘွဲ့ရပြီးသူများနှင့် ဘွဲ့တစ်ပိုင်းတစ်စအစရှိသောလူငယ်ပညာတတ်များ ပါဝင်လာခဲ့သည်။ ၁၉၉၂ ခုနှစ်မှ စတင်၍ ကရင်နီ အမျိုးသားကျောင်းများကို အထက်တန်းအဆင့်အထိ တိုးချဲ့လာနိုင်ခဲ့သည်။ ၁၉၉၅ ခုနှစ်၌ ဆယ်တန်းလွန် ပညာရေးကျောင်း (Post-ten) ကို ပြည်ပမှ နိုင်ငံခြားသားများနှင့် ရှိနေပြီးသော ဆရာ/မများဖြင့် ဖွင့်လှစ်သင်ကြားပေခဲ့သည် သာမက၊ ယနေ့အချိန်၌ ဆယ်တန်းလွန် ပညာရေးကျောင်း (Post-ten) အရေအတွက် (၃) ကျောင်းအထိ[၁၀၆] ဖွင့်လှစ်ထားနေပြီဖြစ်သည်။ နယ်စပ်ဒေသတွင် ကရင်နီအမျိုးသား ကျောင်းစုစုပေါင်း (မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း အပါအဝင်) (၁၅) ကျောင်း ဖွင့်လှစ်သင်ကြားနေပြီဖြစ်သည်။ နယ်စပ်ဒေသရှိ ကျောင်းများတွင် ပညာသင်ကြားနေသည့် ကျောင်းသား/သူ အရေအတွက် (၃,၅၈၀) ဦးရှေ၊ ဆရာ/မ အင်အား (၁၉၉) ဦးရှေနှင့် ရုံးဝန်ထမ်းအင်အားမှာ (၇၁) ဦး အသီးသီးရှိသည်။ ပညာရေးအပိုင်းတွင် JRS (Jesuit Refugee Service) မှ ၁၉၉၂ ခုနှစ်မှ ယနေ့အချိန် ထိတိုင်အောင် အဓိကအားပေးထောက်ပံ့ကူညီပေးနေသည့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်သည်။ ၂၀၀၀ ခုနှစ် နောက်ပိုင်းကာလတွင် Inside Education Program ဟူ၍ တိုးချဲ့လာနိုင်ခဲ့သည်။ ၎င်း Inside Program အားဖြင့် ကျောင်းပေါင်း (၁၀၀) ကျော်၊ ဆရာ/မ အင်အား (၄၀၀) ကျော်ဖြင့် သင်ကြားပေးနေခြင်းဖြစ်သည်။

ကရင်နီအမျိုးသားကျောင်းများ၌ မိမိတို့ကိုယ်ပိုင် သင်ရိုးညွှန်းတမ်းဖြင့် သင်ကြားနေခြင်းဖြစ်သည်။ အင်္ဂလိပ်ဘာသာရပ်အား စင်ကာပူနှင့် အင်္ဂလန်တို့မှ မှီငြမ်းထားသည်။ မြန်မာသမိုင်းဘာသာရပ်ကို မသင်ကြားဘဲ ကရင်နီသမိုင်းဘာသာရပ်ကိုသာ သင်ကြားသည်။ ကရင်နီသမိုင်း ဘာသာရပ်အား အလယ်တန်း အဆင့်ထိသာ ပြုစုထားခြင်းဖြစ်၍၊ အထက်တန်းအဆင့်နှင့် ဆယ်တန်းလွန် ပညာရေးကျောင်း (Post-ten) ၌ သင်ကြားခြင်းမပြုပေ။ မူလတန်းအဆင့်တွင် အဓိကအားဖြင့် မိခင်ဘာသာစကားဖြင့်သာ သင်ကြားပေးပြီး၊ အင်္ဂလိပ် ဘာသာရပ်သင်ကြားရာ၌ ဘာသာစကား (၂) မျိုး ပြောဆိုသင်ကြားသည့် နည်းဖြင့် သင်ကြားပေးသည်။ ထို့ကြောင့် မူလတန်းအဆင့်တွင် မိခင်ဘာသာစကားဖြင့် သာမက ဘာသာစကား (၂) မျိုးပြောဆို သင်ကြားသည့်နည်း (Bilingual Education System) ကိုပါ အသုံးပြု သင်ကြားနေခြင်းဖြစ်သည်။[၁၀၇]

၂၀၁၂ ခုနှစ်၌ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) သည် သမ္မတဦးသိန်းစိန် အစိုးရနှင့် ပြည်နယ်အဆင့် သာမက ပြည်ထောင်စုအဆင့်အထိတိုင်အောင် အပစ်အခတ်ရပ်စဲရေးစာချုပ်ကို ချုပ်ဆိုခဲ့သည့် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းတစ်ခုဖြစ်သည်။ လက်မှတ်ရေးထိုးပြီးနောက်ပိုင်း၌ ကရင်နီအမျိုးသား အထက်တန်းကျောင်းများတွင် သိပ္ပံဘာသာရပ်နှင့် သင်္ချာဘာသာရပ်များသည် အစိုးရသင်ရိုး ညွှန်တမ်းနှင့် မိမိတို့ ကရင်နီ သင်ရိုးညွှန်းတမ်းတို့ကို ရောနှောပေါင်းစပ် သင်ကြားပေးသည်။ ထို့နောက် ဗဟိုအစိုးရ (နေပြည်တော်)နှင့် ပြည်နယ်အစိုးရ (ကယား) တို့ဖြင့် တွေ့ဆုံရာတွင် ပညာရေးအခန်းကဏ္ဍနှင့်ပတ်သက်၍ ဆရာအောင်ဆန်းမြင့်မှ ဆွေးနွေးရာ၌ "ကရင်နီအမျိုးသားကျောင်းမှ ဆယ်တန်းအောင်မြင်သည့် ကျောင်းသား/သူများကို အစိုးရမှ မည်သို့လက်ခံပေးနိုင်မလဲ၊ ထို့နောက် မူလတန်း၊ အလယ်တန်း ကျောင်းသား/သူများကို ဘယ်လိုပေါင်းစပ်ပေးနိုင်မလဲ" ဟူ၍ ဆွေးနွေးခဲ့သော်လည်း အစိုးရဘက်မှ အဆိုပါအချက်များနှင့်ပတ်သတ်ပြီး မူဝါဒများ ချမှတ်ထားခြင်း မရှိခဲ့ပေ။ ထို့မျှသာမက ယနေ့အချိန်အထိတိုင်အောင်ပင် မရှိသေးချေ။[၁၀၈]

---

၁၀၅ Byar Reh, Margaret and Han Tin, Karenni Refugee Camp-1: Education Situtation https://sdcthailand.files.wordpress.com/2014/11/sdc-publication-november-14-report.pdf (accessed on April 13, 2018).

၁၀၆ Karenni National College, Karenni Futrher Education Program and Karenni Social Development Center တို့ဖြစ်သည်။

၁၀၇ အောင်ဆန်းမြင့် (ကရင်နီအမျိုးသားပညာရေးဌာန တာဝန်ခံ(ငြိမ်း)၊ အင်တာဗျူးသူ တိုင်းရင်းသားလူမျိုးများ ရေးရာစင်တာ သုတေသနအဖွဲ့၊ ချင်းမိုင်မြို့၊ နိုဝင်ဘာလ ၉ ရက်၊ ၂၀၁၇။

၁၀၈ အောင်ဆန်းမြင့် (ကရင်နီအမျိုးသားပညာရေးဌာနတာဝန်ခံ(ငြိမ်း)၊ အင်တာဗျူးသူ တိုင်းရင်းသားလူမျိုးများ ရေးရာစင်တာ (ပြည်ထောင်စုမြန်မာနိုင်ငံ) သုတေသနအဖွဲ့၊ ချင်းမိုင်မြို့၊ နိုဝင်ဘာလ ၉ ရက်၊ ၂၀၁၇။

## ၈.၁.၄. ရှမ်း

ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) မှ ရှမ်းအမျိုးသားကျောင်းကို ၂၀၀၀ ခုနှစ်တွင် လွိုင်တိုင်းလျန်းဌာနချုပ်၌ စတင်ဖွင့်လှစ်ခဲ့သည်။ ထိုမှတဆင့် ထိုင်း-မြန်မာနယ်စပ်တလျှောက်တွင် ကျောင်းပေါင်း (၄) ကျောင်းကို ထပ်မံ တည်ဆောက်လာခဲ့သည်။ ထိုင်း - မြန်မာနယ်စပ်တလျှောက်တွင် အထက်တန်းကျောင်း (၁) ကျောင်း၊ အလယ်တန်းကျောင်း (၁) ကျောင်းနှင့် မူလတန်းကျောင်း (၃) ကျောင်းရှိသည်။ ထိုမှတဆင့် ၂၀၁၂ ခုနှစ်တွင် ဒေသခံပြည်သူများ၏ တောင်းဆိုမှုအရသော်လည်းကောင်း၊ ကလေးများ၏ ပညာသင်ကြားခွင့်ကို ဖြည့်ဆည်းပေးရန် ရည်ရွယ်၍ အမျိုးသားကျောင်းများကို ရှမ်းပြည်နယ်ရှိ (RCSS) လှုပ်ရှားသွားလာသော နယ်မြေအတွင်း တိုးချဲ့တည်ဆောက်လာခဲ့သည်။ (RCSS) မှ ဖွင့်လှစ်သော ကျောင်းများသည် မူလတန်းအဆင့်တွင် မိမိတို့၏ ကိုယ်ပိုင်သင်ရိုးညွှန်းတမ်းကို အသုံးပြု၍ အလယ်တန်းနှင့် အထက်တန်းအဆင့်တွင် မြန်မာနှင့် ထိုင်း သင်ရိုးညွှန်းတမ်းများကို ရောနှောအသုံးပြုလျက်ရှိသည်။ ယခုအခါတွင် သင်ရိုးညွှန်းတမ်းကို ဆက်လက်၍ မြှင့်တင်ရန် လုပ်ဆောင်လျက်ရှိသည်။

ယခုအခါ RCSS မှ အပြည့်အဝသော်လည်းကောင်း၊ အစိတ်အပိုင်းတစ်ခု သော်လည်းကောင်း ထောက်ပံ့ပေးသော ကျောင်းစုစုပေါင်း (၃၀၀) ကျော်နှင့် ဝန်ထမ်း (၅၀၀) ခန့်ရှိသည်။ ကျောင်းများတွင် အမျိုးသားကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ အစိုးရနှင့် တွဲဖက်သင်ကြားသောကျောင်းနှင့် ကိုယ်ထူကိုယ်ထကျောင်းများဟူ၍ ခွဲခြားတွေ့ရှိနိုင်သည်။ အစိုးရကျောင်းနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများတွင် ရှမ်းဘာသာသင်ကြားရန် ဆရာ၊ ဆရာမ စေလွှတ်ပေးခြင်းများကို လုပ်ဆောင်လျက်ရှိသည်။ ကျောင်းသား/သူအရေအတွက်မှာ (၁၀,၀၀၀) ခန့်ရှိသည်။ ဆရာ၊ ဆရာမနှင့် ဝန်ထမ်းလစာများကို RCSS နှင့် ဒေသခံပြည်သူများမှတာဝန်ယူ ပံ့ပိုးပေး ခြင်းဖြစ်သည်။ အမျိုးသားကျောင်းများတွင် ကြားခံဘာသာစကား (Medium of Instruction) သည် ရှမ်းဘာသာ စကားဖြစ်ပြီး မိခင်ဘာသာစကားအခြေပြုသော ပညာရေးကို အကောင်အထည်ဖော်လုပ်ဆောင်လျက်ရှိသည်။ အခြား တိုင်းရင်းသားများပါဝင်နေထိုင်သော ဒေသများတွင် ဒေသခံ ဘာသာစကား တတ်ကျွမ်းသော ဆရာများကို ခန့်ထားသည်။

### စိန်ခေါ်မှု

RCSS သည် NCA လက်မှတ်ရေးထိုးရာတွင် ပါဝင်သော်လည်း ဒေသတွင်း အစိုးရတပ်မတော်မှ နယ်မြေရှင်းလင်းမှုများ လုပ်ဆောင်လျက်ရှိရာ စစ်ဆေးမေးမြန်းမှုများ ပြုလုပ်သောကြောင့် ဒေသခံများကို စိုးရိမ်စေသည်။ ဒေသခံများမှ အမျိုးသားကျောင်းဆရာ၊ ဆရာမများအား ရှောင်တိမ်းပေးရန် တောင်းဆိုလေ့ရှိသည်။ ထို့အပြင် ကျောင်းများတွင် ဝင်ရောက်၍ စစ်ဆေးမေးမြန်းမှုများပြုလုပ်ခြင်း၊ အမျိုးသားကျောင်းဆရာ/မများကို ဆင့်ခေါ်၍ RCSS သတင်းထောက်ဟု စွပ်စွဲခြင်း၊ NCA လက်မှတ်ထိုးပြီးနောက်ပိုင်း သွားလာခြင်းများ အနည်းငယ်လွယ်ကူသော်လည်း စစ်ဆေးရေးဂိတ်များတွင် RCSS နှင့် ဆက်နွယ်သည့် သက်သေအထောက်အထားများကြောင့် အခြေစိုက်စခန်းတွင် တစ်ညတာ စစ်ဆေးမေးမြန်းမှု ပြုလုပ်မှုများသည် ဆရာ/ဆရာမများအတွက် လုံခြုံမှုမရှိပေ။ ကျောင်းသင်ထောက်ကူ ပစ္စည်းများ လုံလောက်မှုမရှိခြင်း၊ လစာနည်းခြင်း၊ ဆရာ၊ ဆရာမ အင်အားနည်းပါးခြင်း၊ အမျိုးသားကျောင်းများကို အသိအမှတ်မပြုခြင်း။ အစိုးရမှ ရပ်ရွာလူထုကို စည်းရုံး၍ ကျောင်းများတိုးချဲ့ကာ အမျိုးသားကျောင်းဆရာ/ ဆရာမများကို ပညာရေးဌာနမှ သတ်မှတ်ထားသော စံနှုန်းနှင့် မညီသည့် ဆရာ၊ဆရာမများကို ထုတ်ပစ်ခြင်း စသည်များကို ရင်ဆိုင်နေရသည်။

## ၈.၁.၅. မွန်

မွန်အမျိုးသားပညာရေးစနစ်သည် ၁၉၇၂ ခုနှစ်တွင် မွန်ပြည်သစ်ပါတီမှစတင်လာခဲ့သည့် ပညာရေးစနစ်ဖြစ်သည်။ ၁၉၉၅ ခုနှစ်၌ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအစိုးရဖြင့် အပစ်အခတ်ရပ်စဲရေးစာချုပ် ချုပ်ဆိုခဲ့သည်။ ထို့အပြင် ၂၀၁၂ ခုနှစ်တွင်လည်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် (ဦးသိန်းစိန်) အစိုးရလက်ထက်တွင်လည်း ပြည်နယ်အဆင့် သာမက ပြည်ထောင်စုအဆင့်အထိ အပစ်အခတ်ရပ်စဲရေး စာချုပ်ချုပ်ဆိုခဲ့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းဖြစ်သည်။ မွန်အမျိုးသားကျောင်းများသည် မွန်ပြည် သစ်ပါတီထိန်းချုပ်ရာ နယ်မြေများ၌သာမက[၁၁၀] အစိုးရထိန်းချုပ်ရာနယ်မြေများတွင်လည်း ဖွင့်လှစ်သင်ကြားပေးနေသည့် ကျောင်းဖြစ်သည်။

၁၀၉ Nang Mwe Hkur, Independent Researcher (Education policy and administration), interviewed by ENAC Reasearch Department, Chiang Mai, Februbary, 25 2018.

၁၁၀ မွန်ပြည်သစ်ပါတီ ထိန်းချုပ်နယ်မြေ ဆိုသည်မှာ ၁၉၉၅ ခုနှစ် SLORC နှင့် NMSP သဘောတူညီချက်အရ အစိုးရဘက်က သတ်မှတ်ပေးသော နယ်မြေများ၊ ၂၀၁၂ ခုနှစ် Bilateral သဘောတူညီချက်အရ မွန်ပြည်သစ်ပါတီ တပ်စခန်းချရာ နေရာများအား ရည်ညွှန်းပါသည်။

မွန်အမျိုးသားပညာရေးစနစ်သည် ဝေးလံခေါင်ဖျားသည့် မွန်လူမျိုးများ နေထိုင်ရာဒေသများအတွက် ရည်ရွယ်ချက်ဖြင့် စတင်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် တဖြည်းဖြည်းချင်း အရှိန်ရလာခြင်းအပြင် မွန်ရပ်ရွာလူထုမှ တောင်းဆိုချက်များကြောင့် မွန်အမျိုးသားကျောင်းများကို ပိုမိုဖွင့်လှစ်နိုင်ခဲ့သည်။ သို့ရာတွင် နိုင်ငံရေးအင်အား ချိန်ခွင်လျှာ မညီမျှမှုများကြောင့် မွန်အမျိုးသားကျောင်း အများစုမှာ ဖွင့်နိုင်ခဲ့ခြင်း မရှိချေ။ မွန်အမျိုးသားပညာရေးစနစ်နှင့် ကျောင်းများ အကြောင်းကို (၈.၂) ၌ အသေးစိတ်တင်ပြထားပါသည်။

## ၈.၂. မွန်အမျိုးသားကျောင်း ပညာရေးစနစ် ကွင်းဆင်းလေ့လာခြင်း





***Source:***
*Mon National Education Committee (MNEC)*

မြန်မာနိုင်ငံရှိ တိုင်းရင်းသားပြည်နယ်များ၌ အမျိုးသား ကျောင်းများ ဖွင့်လှစ်သင်ကြားပေးနေမှုများ ရှိနေသော်လည်း၊ ၁၉၇၂ ခုနှစ်၌ မွန်ပြည်သစ်ပါတီမှ မွန်အမျိုးသားကျောင်း ပညာရေးစနစ်အား လက်ရှိအချိန်အထိတိုင်အောင် စိန်ခေါ်ချက်များဖြင့် ဆက်လက်ရပ်တည် ဖွင့်လှစ်နေခြင်းဖြစ်သည်။ မွန်အမျိုးသားကျောင်းပညာရေးစနစ်သည် တိုင်းရင်းသားလူမျိုးများအတွက် အတုယူဖွယ်ကောင်းသည့် ပညာရေးစနစ်တစ်ခု ဖြစ်နေခြင်းမှာ အခြေခံပညာရေး အဆင့်များတွင် ၎င်းတို့၏ (အမျိုးသားလက္ခဏာရပ်) ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှုများကို အခြေပြုကာ မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံ ပညာရေးစနစ်ဖြင့် သင်ကြားနေခြင်းဖြစ်သည်။ ယင်းအပြင် အစိုးရကျောင်းများနှင့် အပြန်အလှန် ချိတ်ဆက်ထားသည့်အတွက် ပေါင်းကူး ပညာရေးစနစ် တစ်ခုဖြစ်သည်။ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ(ဆယ်တန်း) ဖြေဆိုခွင့် ရှိနေသည့်အပြင်၊ အဆိုပါစာမေးပွဲ အောင်မြင်ပါက တက္ကသိုလ်၊ ကောလိပ်များတွင်လည်း ဆက်လက်တက်ရောက်ခွင့်ရှိနေသည်။ ထို့ကြောင့် မွန်အမျိုးသားကျောင်းပညာရေးစနစ်မှာ အများနှင့်မတူ တမူထူးခြားနေသည့်အတွက် မွန်အမျိုးသား ကျောင်းပညာရေးစနစ်ကို အသေးစိတ်လေ့လာရခြင်း (In-depth Analysis) ဖြစ်သည်။ ဤအခန်း (၈.၂) ၌ မွန်အမျိုးသားကျောင်း ပညာရေးစနစ်နှင့် သက်ဆိုင်သော လေ့လာတွေ့ရှိချက်များကို ခေါင်းစဉ်ခွဲ (၁၀) ခုဖြင့် တင်ပြထားပါသည်။ MNEC တာဝန်ရှိသူ တစ်ဦးမှ ပြောကြားရာတွင် “မွန်အမျိုးသား (အခြေခံပညာကျောင်း) စုစုပေါင်းအရေအတွက် (၁၃၂) ကျောင်းဖွင့်လှစ်သင်ကြားပေးနေသည်။ အဆိုပါအရေအတွက်များမှာ မူလတန်းနှင့် မူလတန်းလွန်ကျောင်း (၁၁၃) ကျောင်း၊ အလယ်တန်းကျောင်း (၁၆) ကျောင်း၊ အထက်တန်း ကျောင်း (၃) ကျောင်းနှင့် (BHEEP - Bop Htaw Empowerment and Education Program) Post-ten ကျောင်း (၁) ကျောင်း စသည်တို့ဖြစ်သည်။ မွန်အမျိုးသားကျောင်း အများစုကို မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး စသောနေရာများ၌ တည်ရှိသည်။ ယင်းအပြင်၊ အစိုးရကျောင်းများနှင့် MNEC ကျောင်းများ အတူတကွပူးတွဲ ဖွင့်လှစ်ထားသော Mix School (၉၂) ကျောင်းဖွင့်လှစ်ထားရှိသည်။”[၁၁၁]

[၁၁၁] မွန်အမျိုးသားပညာရေးကော်မတီ(မော်လမြိုင်)၊ အင်တာဗျူးသူ တိုင်းရင်းသားလူမျိုးများရေးရာစင်တာ သုတေ သနအဖွဲ့၊ မော်လမြိုင်မြို့၊ ဩဂုတ်လ ၂၀ရက်၊ ၂၀၁၇ခုနှစ်။

## မွန်အမျိုးသားကျောင်းများတည်ရှိရာ တည်နေရာပြမြေပုံ




ကျောင်းများ၏ တည်နေရာပြမြေပုံသည် ပထဝီဝင်ဆိုင်ရာ အချက်အလက်များဖြင့် အတိအကျရေးဆွဲခြင်း မဟုတ်ပဲ၊ အနီးစပ်ဆုံး ခန့်မှန်းရေးဆွဲထားသော မြေပုံဖြစ်ပါသည်။

## ၈.၂.၁. မွန်အမျိုးသားကျောင်း ဖြစ်ပေါ်လာပုံ (နောက်ခံသမိုင်း)

**"မွန်အမျိုးသားကျောင်းအစ မွန်ပြည်သစ်ပါတီက"** ဟု ဆိုသည့် အတိုင်းပင် မွန်အမျိုးသားကျောင်းများသည် အစိုးရ ကျောင်းများ မဖွင့်လှစ်နိုင်သည့် ဝေးလံခေါင်ဖျားသော ဒေသများနှင့် နယ်စပ်ဒေသများတွင် မိမိတို့ မွန်လူမျိုးများ စာတတ်မြောက်ရေးနှင့် ပညာတတ်မြောက်ရေးအတွက် ရည်ရွယ်၍ မွန်ပြည်သစ်ပါတီမှ ၁၉၇၂ ခုနှစ်မှ စတင်တည် ထောင်ခဲ့သည့် မွန်အမျိုးသားကျောင်း ပညာရေးစနစ် ဖြစ်သည်။ ၁၉၇၂ ခုနှစ်တွင် မွန်ပြည်သစ်ပါတီသည် အရေးကြီးသည့် မွန်ပညာရေးဌာနကို စတင်ဖွဲ့စည်းပြီး၊ ၁၉၉၂ ခုနှစ်တွင် မွန်အမျိုးသား ပညာရေးကော်မတီကို ထပ်မံဖွဲ့စည်းပေးသည်။ ထို့နောက် ၂၀၁၄ ခုနှစ်၊ မေလ (၁) ရက်နေ့တွင် ကျယ်ပြန့်သော မွန်အမျိုးသား ပညာရေး ကော်မတီ (EMNEC) ကို ထပ်မံဖွဲ့စည်းခဲ့သည်။ ကျယ်ပြန့်သော မွန်အမျိုးသားပညာရေး ကော်မတီ (EMNEC)ကို ထပ်မံဖွဲ့စည်းရသည့် ရည်ရွယ်ချက်မှာ မွန်ပြည်နယ်အတွင်း သက်သက်သာမဟုတ်ဘဲ မွန်လူမျိုးများနေထိုင်ရာဒေသများ၊ အခြားသော ပြည်တွင်းနှင့် ပြည်ပသို့ ရောက်ရှိနေသော ဒေသများအထိ ကွန်ယက်သဖွယ် ချိတ်ဆက်နိုင်စေရန် အတွက် ဖွဲ့စည်းခြင်းဖြစ်သည်။ ထို့ကြောင့် MNEC ဖြင့်သာ သက်ဆိုင်ခြင်းသာ မဟုတ်ဘဲ မွန်တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် MNEC ဖြစ်လိုသည့် အတွေးအခေါ်မျိုးဖြင့် EMNEC (Extended Mon National Education Committee) ကို ဖွဲ့စည်းရခြင်းဖြစ်သည်။[၁၁၂]

အတိတ်ကာလများတွင် ပဋိပက္ခဖြစ်ပွားနေသော တိုင်းရင်း သားဒေသများ၌ အစိုးရကျောင်းများ ဖွင့်လှစ်သင်ကြား ပေးမှုများမှာ အင်မတန်ပင် နည်းပါးလှသည်။ ယင်းကဲ့သို့ အစိုးရကျောင်းများ ရှိသည့်တိုင်အောင် သင်ကြားပေးမည့် ဆရာ/ဆရာမများမှာ ဒေသ၏ လိုအပ်ချက်နှင့် စိန်ခေါ်မှုများ ကြောင့် တာဝန်ထမ်းဆောင်ရန်အတွက် ပြုလုပ်နိုင်ခြင်း မရှိ ခဲ့ချေ။ ထို့အတွက်ကြောင့်ပင်လျှင် မွန်လူထုအနေဖြင့် မိမိတို့ ကလေးများကို ပညာသင်ကြားနိုင်ရန်အတွက် ကိုယ်ထူ ကိုယ်ထစနစ်ဖြင့် ကျေးရွာများ၌ စာသင်ပေးမည့် ကျောင်း ဆရာ/ဆရာမများကို ငှားရမ်းခြင်းဖြင့်ကလေးများကို ပညာ သင်ကြားစေခြင်းအားဖြင့် အစပြုခဲ့ခြင်းဖြစ်သည်။ ၁၉၇၂ ခုနှစ်၌ မွန်ပြည်သစ်ပါတီ၏ ဦးစီးဆောင်ရွက်ပေးမှုများ ကြောင့် မွန်အမျိုးသားကျောင်းများသည် ပိုမိုစနစ်တကျ ဖြစ်လာခဲ့သည်။ မွန်အမျိုးသားကျောင်းများကို မွန်ပြည်နယ် ရှိ မွန်ပြည်သစ်ပါတီ ထိန်းချုပ်သော နယ်မြေများ အပါအဝင် အစိုးရထိန်းချုပ်နယ်မြေများတွင်လည်း ဖွင့်လှစ်ထားလျက်ရှိ သည်။ ထို့အပြင် မွန်လူမျိုးအများစု နေထိုင်ကြသည့် ကရင် ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်နှင့် တနင်္သာရီတိုင်း၊ ရေဖြူမြို့နယ်၌လည်း မွန်အမျိုးသားကျောင်းများကို ဖွင့်လှစ် ထားသည်။

**မွန်ပြည်သစ်ပါတီ၏ (ဒုတိယ-ဥက္ကဌ) နိုင်ဟံသာမှ မွန်အမျိုးသားကျောင်းများစတင် ဖြစ်ပေါ်လာသည့် နောက်ခံ သမိုင်းနှင့်ဆက်စပ်၍ တွေ့ဆုံမေးမြန်းမှုကို ဖြေကြားရာ၌**

"ဘာပဲဖြစ်ဖြစ် ကိုယ့်စာကို သင်ကြားခွင့်ရှိရင် ကိုယ့်လူမျိုး ရေရှည်ရပ်တည်နိုင်ဖို့အတွက် ထိန်းသိမ်းမှုမှာ တော်တော်လေး အဓိကကျတယ်လို့ တို့မြင်တယ်။ သင်ကြားခွင့်မရှိလို့ ၁၉၇၂ ခုနှစ်မှာ ကျနော်တို့က ကိုယ့်တော်လှန်ရေး ဂွင်နယ်မြေထဲမှာ ဒီနောက်တန်းတွေကိုပေါ့ဗျာ၊ တော်လှန်ရေး မိသားစုရဲ့ သားသမီးတွေ စာတတ်ဖို့၊ အစိုးရအုပ်ချုပ်မှုနဲ့ ဝေးပြီးတော့ အစိုးရကျောင်းမရှိတဲ့ ရွာငယ်လေးတွေမှာ ဖွံ့ဖြိုးရေးနှင့် ပညာရေးမှာ လိုတယ်ဆိုပြီးတော့မှ အဲဒီလိုကျောင်းဖွင့်ဖို့ စီစဉ်လိုက်တယ်။ ၁၉၇၂ ခုနှစ်မှာ မူလတန်းအဆင့်နှင့် စတင်ခဲ့သည်။ မူလတန်းအဆင့်ကနေစပြီး ကျောင်းတွေ၊ ကလေးတွေက တဖြည်းဖြည်းများ လာတာပေါ့။ ပါတီကပဲ ကျောင်းတွေ ဆောက်ပေး၊ ထောက်ပံ့ပေးလာရတယ်။ နောက်ဆုံးတော့ အဲလို လုပ်လာရင်းနဲ့ ကလေးတွေက လေးတန်းအောင် တော့ ဆက်သွားမယ့် အနေအထားမရှိတော့ လိုအပ်မှုအရ အလယ်တန်းကျောင်းတွေ ပြန်ဖော်လာရတယ်။ အဓိကအားဖြင့် တို့ရဲဘော်တွေထဲမှာ အသက်ကြီးတဲ့သူတွေ တချို့ကျန်းမာရေး သိပ်မကောင်းတဲ့သူတွေကို ကျောင်းဆရာခန့်အပ်တယ်။

................................................................................

၁၁၂ မွန်အမျိုးသားပညာရေးကော်မတီ(မော်လမြိုင်)၊ အင်တာဗျူးသူ တိုင်းရင်းသားလူမျိုးများရေးရာစင်တာ သုတေ သနအဖွဲ့၊ မော်လမြိုင်မြို့၊ ဩဂုတ်လ ၂၀ရက်၊ ၂၀၁၇ခုနှစ်။

၁၁၃ နိုင်ဟံသာ၊ ဒုတိယ-ဥက္ကဌ မွန်ပြည်သစ်ပါတီ၊ အင်တာဗျူးသူ တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (သုတေသနအဖွဲ့)၊ ချင်းမိုင်၊ စက်တင်ဘာလ ၁၂ ရက်၊ ၂၀၁၇ခုနှစ်။

များသော အားဖြင့်၊ ယောကျ်ားတွေပဲ တာဝန်ယူကြတာပေါ့၊ တော်လှန်ရေးမှာက ယောကျ်ားတွေများတာပေါ့ဗျာ မိန်းကလေးတွေက နည်းတာကိုး။ ယောက်ျားတွေက ကျောင်းအုပ်ကြီးတွေလုပ်ရတော့ မဖြဲဘူးဗျ။ ဝါသနာ အလျောက်လည်း သိပ်ဆန္ဒမရှိကြဘူးဗျ။ ၁၉၉၀ ခုနှစ်နှင့် (၁၉၉၂ - ၉၃) နောက်ပိုင်းကျတော့ တို့ဆီမှာ ပညာတတ် အမျိုးသမီးတွေ တက္ကသိုလ်က ဘွဲ့ရကျောင်းဆင်းအမျိုးသမီးတွေ တော်လှန်ရေးအဖွဲ့အစည်းထဲ ရောက်လာ တယ်ဗျ။ အခု မိဆာဒါတို့အပါအဝင် သူတို့ အုပ်စုတွေ (၄ - ၅) ဦးလောက် ဘွဲ့ရတွေ ရောက်လာတယ်ဗျ။ တို့က သူတို့ကို ပညာရေးဌာနမှာ တာဝန်ပေးလိုက်တယ်၊ ဆရာခန့်လိုက်တယ်၊ သူတို့ကနေ ဦးဆောင်ရင်းနဲ့၊ သူတို့က မြဲမြဲလုပ်ဆောင်နိုင်တာပေါ့။"[၁၃၃]

၁၉၇၂ ခုနှစ်အချိန်မှ စတင်ခဲ့သည့် မွန်အမျိုးသားကျောင်းများသည် ယနေ့အချိန် ထိတိုင်အောင် ဆက်လက် ရှင်သန်နေဆဲပင်ဖြစ်သည်။ ဆရာနိုင်ဟံသာ၏ ဖြေကြားမှုများကို ကြည့်ခြင်းအားဖြင့် စာပေသည် လူမျိုးတစ်မျိုးအတွက် အသက်တမျှပင် မည်မျှလောက် အရေးကြီးနေကြောင်းကို ထင်ဟပ်ပေါ်လွင်စေသည်။

## ၈.၂.၂။ မွန်တိုင်းရင်းသား စာပေ လှုပ်ရှားမှုများ

ဘာသာစကားနှင့် စာပေယဉ်ကျေးမှုသည် မွန်လူထုအတွက် ပိုမိုအရေးကြီးလာသောကြောင့် ၁၉၉၅ ခုနှစ်တွင် မွန်ပြည်သစ်ပါတီနှင့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အစိုးရတို့အကြား အပစ်အခတ်ရပ်စဲရေး စာချုပ်ချုပ်ဆိုရာတွင် မွန်ဘာသာစကား၊ စာပေသင်ကြားခွင့်ကို ထည့်သွင်းချုပ်ဆိုပေးရန် အဆိုပြုခဲ့သည်။ ထို့ကြောင့် မွန်ပြည်သစ်ပါတီသည် မွန်လူထုကို ကိုယ်စားပြုသည့်နှင့်အညီ စာချုပ်ချုပ်ဆိုရာတွင် အောက်ပါအချက်များကို ထည့်သွင်းချုပ်ဆိုခဲ့သည်။

(၁) မွန်ပြည်နယ်အတွင်းရှိ အစိုးရကျောင်းများတွင် မွန်ဘာသာစကား၊ စာပေသင်ကြားခြင်းကို Minor ဘာသာရပ်အဖြစ် ခွင့်ပြုရန်။
(၂) မွန်ပြည်နယ်တွင် အစိုးရကျောင်းများကိုတိုးချဲ့ ဖွင့်လှစ်ရန်နှင့် မွန်ကျေးရွာများတွင် အဆင့်အမျိုးမျိုးနှင့် ပညာရေးကို မြှင့်တင်ရန်နှင့် ၎င်းကျောင်း၌ လက်ထောက်များထားရှိပေးရန်။
(၃) မွန်ပြည်နယ်ရှိ ဖွံ့ဖြိုးမှုမရှိသေးသော နယ်မြေများတွင် မွန်အမျိုးသား အထက်တန်းကျောင်း တည်ဆောက်ရာတွင် ကူညီထောက်ပံ့ရန်။
(၄) မွန်ဘုန်းတော်ကြီးများကိုအစိုးရ အထောက်အပံ့ဖြင့် ဗုဒ္ဓဘာသာစာပေ စာမေးပွဲကို မွန်ဘာသာစကားဖြင့် မေးမြန်းဖြေဆိုခွင့်ပြုရန် စသည့်အချက်များ ပါဝင်သည်။[၁၃၄]

၎င်းအဆိုပြုမှုများအပေါ်တွင် အစိုးရမှ ခွင့်ပြုပေးခဲ့သည်။ ယင်းသို့ ခွင့်ပြုရာတွင်လည်း၊ မွန်စာပေသင်ကြားခြင်းကို ကျောင်းသင်ခန်းစာသင်ချိန်များ ပြီးဆုံးသည့် ပြင်ပအချိန်၌ သာသင်ကြားခွင့်ပြုသည်။ ထို့အပြင် သဘောတူညီချက် (၄) ချက်မြောက်ကိုလည်း လက်တွေ့အကောင်အထည် ဖော်ဆောင်ပေးရန် သဘောတူညီခဲ့သည်။ အဆိုပါ သဘောတူညီမှု အကျိုးရလဒ်များအရ လက်တွေ့၌ မွန်စာပေသင်ကြားမှုသည် တဖြည်းဖြည်း အားကောင်းလာခဲ့သည့် နောက်ပိုင်းတွင်၊ အပစ်အခတ်ရပ်စဲရေး စာချုပ်ချုပ်ဆိုပြီး (၃) နှစ်အကြာ ကာလနောက်ပိုင်းတွင် အစိုးရဘက်မှ အစိုးရကျောင်းများ၌ မွန်စာပေသင်ကြားခြင်းကို ဖိအားပေးလာခဲ့သည်သာမက အစိုးရ ထိန်းချုပ်နယ်မြေများတွင် ရှိနေသည့် မွန်အမျိုးသားကျောင်းများကို ပိတ်ပစ်သည် အထိ ဖိအားပေး အကျပ်ကိုင်လာမှုများ ရှိခဲ့သည်။ အစိုးရ၏ အကြောင်းပြချက်မှာ အမျိုးသားစည်းလုံးညီညွတ်ရေး (သို့မဟုတ်) ၎င်းတို့၏ ဗမာမှုပြုသည့်ဝါဒ ပျက်ပြားမည်ကို စိုးရိမ်သည့် ပုံစံဖြင့် အကြောင်းပြကာ ဖိအားပေးလာခဲ့သည်။ အစိုးရမှ ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည့် အကြောင်းအရာများမှာ "နိုင်ငံတော် အစိုးရသည် မည်သည့် နေရာဒေသများနှင့် ကျေးရွာများတွင်မဆို တရားမဝင် မှတ်ပုံတင်ထားခြင်းမရှိသည့် ကျောင်းများနှင့် အဆိုပါ ကျောင်းများတွင် စာသင်ကြားနေမှုများကို ခွင့်ပြုမည် မဟုတ်ပေ။ ဤအမိန့်ပါ ပြဋ္ဌာန်း ချက်များကို လိုက်နာခြင်းမရှိသည့် ဆန့်ကျင်သူများကို အရေးယူဆောင်ရွက်မည်။ ကျောင်းဆရာ/မများ၊ ကျောင်းသားများနှင့် ထောက်ပံ့ပေးနေသူများ၊ ဥပဒေများနှင့် အမိန့်များကို ဆန့်ကျင်ရန် အစီအစဉ်ရေးဆွဲနေသူများနှင့် လက်တွေ့ကျင့်သုံး အကောင်အထည် ဖော်ဆောင်နေသူများ အရေးယူခြင်းခံရမည်။ ဤအရေးပေါ် အက်ဥပဒေအရ ဖော်ပြပါ ကျူးလွန်သူများသည် အလုံးစုံ အရေးယူဆောင် ရွက်ခြင်းခံရမည်" ဟု ဖော်ပြထားသည်။[၁၃၅]

---

၁၃၄ Pon Nya Mon, Ph.D., Identity, Image and Ethnic Conflict in Burma: A Case Study of Mon People (Dorctral Dissertation, Washington State University, 2010).

၁၃၅ Pon Nya Mon, Identity, "Image and Ethnic Conflict in Burma: A Case Study of Mon People" (Dissertation, Washington State University, 2010).



မွန်အမျိုးသား မူလတန်းလွန်ကျောင်း (ကမာဝက်) စာသင်ကြားနေမှု
Photo by ENAC

၁၉၉၈ ခုနှစ်တွင် မွန်စာပေသင်ကြားသည့် ကျောင်းပေါင်း (၁၇၀) ပိတ်သိမ်းခြင်း ခံရသည့်အပြင် ကျောင်းသား/သူဦးရေ (၁၀,၀၀၀) ကျော်မှာလည်း ၎င်းတို့၏ မွန်စာပေ သင်ယူခြင်း အခွင့်အရေးများ ဆုံးရှုံးနစ်နာမှုများ ဖြစ်ခဲ့သည်။[၁၁၆] ထိုကဲ့သို့သော ဖိအားပေး အကျပ်ကိုင်မှုများသည် မွန်တိုင်းရင်းသား လူမျိုးများအတွက် ကြီးမားသည့် ဆုံးရှုံးနစ်နာမှုဖြစ်ခြင်းကြောင့် မွန်အမျိုးကျောင်းများ၏ အရည်အသွေးနှင့် အရေအတွက်မှာ ကျဆင်းမှုများ ဖြစ်လာခဲ့သည်။ ၂၀၀၈ -၂၀၀၉ ပညာသင်နှစ်တွင် မွန်အမျိုးသားကျောင်းရှိသည့် အရေအတွက်သည် (၁၄၀) ကျောင်းမှ ၂၀၀၀ ခုနှစ်၌ (၂၆၈) ကျောင်းအရေအတွက်သို့ လျော့ကျခဲ့သည်။ ထို့အပြင် ၂၀၀၀ ခုနှစ်တွင် အမည်စာရင်းသွင်း ကျောင်းသား/သူဦးရေသည် (၄၆,၂၀၂) မှ (၁၅,၀၀၀) ဦးရေသို့ ကျဆင်းခဲ့သည်။[၁၁၇]

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ၌ မွန်ပြည်သစ်ပါတီသည် သမ္မတဦးသိန်းစိန်အစိုးရနှင့် ပြည်နယ်အဆင့် သာမက ပြည်ထောင်စုအဆင့်အထိ အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ကို ချုပ်ဆိုခဲ့သည့် အချိန်တွင်လည်း အစိုးရကျောင်းများ၌ တဖန်ပြည်လည်၍ မွန်စာပေသင်ကြားမှုကို တရားဝင်အနေဖြင့် ခွင့်ပြုရန် အဆိုပြုခဲ့သည်။ ကျေးလက်ဒေသများနှင့် မွန်ပြည်သစ်ပါတီ ထိန်းချုပ်ရာ နယ်မြေများ၌ အစိုးရ၏ ဖိနှိပ်အကျပ်အကိုင်မှုများနှင့် တင်းကြပ်မှုများ ကြုံတွေ့နေရသော်လည်း မွန်လူမျိုးများ၏ မွန်စာပေသင်ကြားမှု ဆက်လက်၍ အားကောင်းနေဆဲပင်ဖြစ်သည်။ အချို့သော မွန်အမျိုးသားကျောင်းများသည် ရပ်ရွာလူထု၏ အကူအညီ၊ အထောက်အပံ့များဖြင့် ဆက်လက်ရှင်သန်နေသည်။ ယင်းသို့ အားကောင်းနေရသည့် အကြောင်းအရင်းသည် ပညာသင်ကြားရာတွင် မိခင်ဘာသာစကားအခြေပြုသည့် ပညာရေးစနစ်ဖြစ်သည့်အလျောက် မွန်ပြည်သစ်ပါတီ၏ စစ်မှန်ကောင်းမွန်သည့် လူထုအခြေပြု မူဝါဒလမ်းစဉ်များကြောင့် ဖြစ်သည်။ အသစ်ရွေးချယ် တင်မြှောက်ခြင်းခံရသည့် မွန်အမျိုးသား ပညာရေးကော်မတီ အဖွဲ့ဝင်များသည် မွန်ပြည်သစ်ပါတီ အဖွဲ့ဝင်များနှင့် အရပ်သားများကို အခြေပြု၍ ပေါင်းစပ်ဖွဲ့စည်းခဲ့သည်။

၁၁၆ Pon Nya Mon, Identity, “Image and Ethnic Conflict in Burma: A Case Study of Mon People” (Dissertation, Washington State University, 2010).

၁၁၇ Pon Nya Mon, Identity, “Image and Ethnic Conflict in Burma: A Case Study of Mon People” (Dissertation, Washington State University, 2010).

မွန်စာပေ ဆက်လက်ရပ်တည်နိုင်ရေးအတွက် နွေရာသီကျောင်းပိတ် အားလပ်ရက်များတွင် အထူးသဖြင့် မြို့၊ ရွာများတွင် ဘုန်းတော်ကြီးကျောင်းများ၌ မွန်စာပေချစ်မြတ်နိုးသူများမှ ဦးဆောင်၍ မွန်စာပေသင်ကြားခြင်း အစီအစဉ်များကို ပြုလုပ်လျက်ရှိသည်။ မွန်ပြည်သစ်ပါတီမှ ဒုဥက္ကဌဖြစ်သည့် နိုင်ဟံသာမှ မွန်စာပေလှုပ်ရှားမှုများအကြောင်း ပြောကြားရာတွင် "အစိုးရထိန်းချုပ်ထားတဲ့ ရွာတွေ၊ မြို့တွေမှာ နွေရာသီကျောင်းပိတ်ရက်ဆိုရင် ဘုန်းကြီးတွေ၊ တက္ကသိုလ်ကျောင်းသားတွေ ဦးဆောင်ပြီးတော့ အနည်းဆုံး တစ်လ၊ တစ်လခွဲလောက် မွန်စာသင်ကြားရေး အစီအစဉ်တွေ လုပ်တယ်။ ကျယ်ကျယ်ပြန့်ပြန့်ပဲ ရွာတိုင်း လိုလိုသင်ကြားပေးတယ်။ စာသင်ချိန်ပြီးဆုံးတဲ့ အချိန်မှာ စာမေးပွဲလုပ်ပေးပြီး၊ ဆုတွေဘာတွေ ပေးပြီးတော့ စိတ်ဓာတ်မြှင့်တင်ပေးတယ်။ အဲလိုနည်းနဲ့ စာပေကို ထိန်းသိမ်းတယ်။"[၁၁၈]

ယင်းကဲ့သို့သော မွန်စာပေတည်တံ့ရေး လှုပ်ရှားဆောင်ရွက်မှုများတွင် ဘုန်းတော်ကြီးကျောင်းမှ ရဟန်း၊ သံဃာတော်များလည်း အားတက်သရောဖြင့် ပါဝင်ဆောင်ရွက်ပေးနေသည်။

## ၈.၂.၃. မွန်အမျိုးသားကျောင်း ပညာရေးစနစ်

မွန်အမျိုးသား ပညာရေးစနစ်သည် မိခင်ဘာသာစကား အခြေပြုသည့် ပညာရေးစနစ် တစ်ရပ်ဖြစ်သည်။ လက်ရှိအချိန်၌ မူကြိုကျောင်းအဆင့် ဖွင့်လှစ်သင်ကြားပေးနိုင်ရန် အစီအစဉ်များ ချမှတ်ရေးဆွဲ အကောင်အထည် ဖော်ဆောင်မှုများရှိနေသည်။ အချို့သောဒေသများတွင် မူကြိုကျောင်းများကို ဖွင့်လှစ်သင်ကြားပေးနေသော ကျောင်းများ ရှိနေပြီဖြစ်သည်။ အဆိုပါ မူကြိုကျောင်းအဆင့်၌လည်း မိခင်ဘာသာစကားအခြေပြု သင်ကြားသည့် နည်းစနစ်ကို အသုံးပြုလျက်ရှိသည်။ မွန်အမျိုးသားကျောင်း ပညာရေးစနစ်သည် မူလတန်းအဆင့်၌ မိခင်ဘာသာစကား အခြေပြုသည့် ပညာရေးစနစ်ဖြစ်သည်။ မူလတန်းအဆင့် ပညာရေး သင်ရိုးညွှန်းတမ်းဖတ်စာ အများစုကို မွန်အမျိုးသားပညာရေးကော်မတီမှ မွန်ပြည်နယ်ဒေသနှင့် ကိုက်ညီအောင် (သို့မဟုတ်) လိုက်လျောညီထွေအောင် ပြုစုရေးဆွဲသည့် ဖတ်စာများဖြစ်သည်။ အထူးသဖြင့် မွန်ဖတ်စာနှင့် မွန်သမိုင်းဖတ်စာအုပ်များဖြစ်သည်။ သင်္ချာဘာသာရပ်သည် မြန်မာဘာသာမှ မွန်ဘာသာသို့ ပြန်ဆိုထား၍၊ မွန်စကားဖြင့် သင်ကြားခြင်းဖြစ်သည်။ မွန်အမျိုးသားပညာရေးကော်မတီတာဝန်ရှိ သူတစ်ဦးမှ ဖြေကြားခြင်း၌ "သူငယ်တန်းမှ လေးတန်းအထိ မွန်စကားနှင့် မွန်စာဖြင့်သာ သင်ကြားပေးသည်။ မွန်အမျိုးသားကျောင်းများရှိ မူလတန်းအဆင့် သင်ရိုးညွှန်းတမ်းများကို မိမိတို့ မွန်စာ သင်ရိုးညွှန်းတမ်းဖြင့်သာ သင်ကြားပေးသည်။ မွန်အမျိုးသားကျောင်းများရှိ မူလတန်း (အောက်) အဆင့်တွင် မွန်စာ၊ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ်များကို သင်ကြားပေးသည်။ မူလတန်း (အထက်) အဆင့် သင်ရိုးညွှန်းတမ်းများမှာ မွန်ဖတ်စာ၊ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံ၊ ပထဝီနှင့် သမိုင်းဘာသာရပ်များဖြစ်သည်။ ထို့နောက် မူလတန်း (အထက်) အဆင့်တွင် ပထဝီနှင့် မွန်သမိုင်းဘာသာရပ်များကို မွန်ဘာသာဖြင့် သင်ကြားသည်။ ပထဝီဘာသာရပ် သင်ရိုးညွှန်းတမ်းသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ခေတ်တုန်း၌ မွန်ဘာသာသို့ ပြန်ဆိုထားပြီး သင်ကြားခြင်းဖြစ်သည်"[၁၁၉] ဟု ပြောဆိုသည်။

အလယ်တန်းအဆင့်တွင် ပညာရေးဝန်ကြီး ဌာနမှ သတ်မှတ်ထားသည့် အစိုးရ သင်ရိုးညွှန်းတမ်းကို အဓိက အသုံးပြုထားသည်။ သို့ရာတွင် မြန်မာ့သမိုင်း ဖတ်စာကို သင်ကြားခြင်းမပြုသည့်အပြင် စာမေးပွဲဖြေဆိုခြင်းလည်း မရှိကြောင်းတွေ့ရသည်။ ၎င်းအစား မွန်သမိုင်းဖတ်စာကို သင်ကြားဖြေဆိုစေသည့် စနစ်ကို ကျင့်သုံးသည်။ အလယ်တန်းအဆင့်၌ ဘာသာစကား နှစ်မျိုးအသုံးပြုခြင်း (Bilingual Education) ဖြင့် သင်ကြားသည့် စနစ်ဖြစ်သည်။ မွန်အမျိုးသားပညာရေးစနစ်၏ အလယ်တန်းအဆင့်တွင် သင်ရိုးညွှန်းတမ်းအများစုသည် မြန်မာဘာသာစကားဖြင့် ရေးသားပုံနှိပ်ထားသော်လည်း စကားလုံးများ၏ အဓိပ္ပါယ်ဝေါဟာရများ နားမလည်နိုင်သည့် အချိန်အခါများတွင် မွန်မိခင်ဘာသာစကားဖြင့် ပြန်လည်ရှင်းပြ သင်ကြားပေးသည်။ ထို့ကြောင့် မြန်မာဘာသာစကားသည် ပထမဦးစားပေး နေရာ၌ တည်ရှိ၍၊ မိခင်ဘာသာစကားသည် ဒုတိယဘာသာစကား နေရာတွင်တည်ရှိသည်။

အထက်တန်းအဆင့်၌ အစိုးရသင်ရိုးညွှန်းတမ်း အလုံးစုံကိုသာ သင်ကြားပေးသည်။ ရံဖန်ရံခါ အချိန်မျိုးတွင်လည်း မိခင်ဘာသာစကားဖြင့် အသုံးပြု သင်ကြားပေးခြင်းများလည်း ရှိနေပြန်သည်။ ထို့ကြောင့် မွန်အမျိုးသားကျောင်းများရှိ ဆရာ/မများသည် ဘာသာစကား (၃) မျိုး သင်ကြားသည့် နည်းစနစ်ဖြင့် သင်ပေးခြင်းနှင့် ဘာသာစကား (၂) မျိုး သင်ကြား၊ သင်ယူသည့် (Bilingual Education) စနစ်ကို

၁၁၈ နိုင်ဟံသာ၊ ဒုတိယ ဥက္ကဌ မွန်ပြည်သစ်ပါတီ၊ အင်တာဗျူးသူ တိုင်းရင်းသားလူမျိုးများရေးရာစင်တာ သုတေသနအဖွဲ့၊ ချင်းမိုင်မြို့၊ ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁၂ ရက်။

၁၁၉ မွန်အမျိုးသားပညာရေးကော်မတီဗဟို၊ အင်တာဗျူးသူ တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (သုတေသန အဖွဲ့)၊ မော်လမြိုင်၊ ၂၀၁၇ခုနှစ် ဩဂုတ်လ၊ ၂၀ ရက်။

ကျင့်သုံးသည်။ အထက်တန်းအဆင့်၌ မွန်သမိုင်းနှင့် မွန်ဖတ်စာကို မသင်ကြားစေတော့ဘဲ အစိုးရ သင်ရိုးညွှန်းတမ်း အားလုံးကိုသာ အခြေပြုသင်ကြားသည်။ အဘယ်ကြောင့်ဆိုသော် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုရာတွင် ပညာရေးဝန်ကြီးဌာန၏ စာမေးပွဲမေးခွန်းလွှာကို ဖြေဆိုရသည့် အတွက်ကြောင့်ပင်ဖြစ်သည်။ ထို့ကြောင့် "မွန်အမျိုးသားပညာရေးစနစ်သည် မူလတန်းအဆင့်တွင် မိခင်ဘာသာစကားအခြေပြု ပညာရေးစနစ်ကျင့်သုံးပြီး၊ အလယ်တန်းအဆင့်၌ ဘာသာစကား (၂) မျိုးပြောဆို သင်ကြား၊ သင်ယူသည့် နည်းစနစ် (Bilingual Education) အသုံးပြုခြင်းဖြစ်သည်။ မိခင်ဘာသာစကား သင်ကြားသည့် နည်းကို တဖြေးဖြေး လျှော့ချရသည့် အကြောင်းအရင်းမှာ ဗမာစကားသည် နိုင်ငံသုံးစကားဖြစ်သည့် အားလျော်စွာ အသုံးပြုနေရခြင်းဖြစ်သည်။ အထက်တန်းအဆင့်၌ ဗမာစကားကို အဓိကထား အသုံးပြုသင်ကြားသော်လည်း ရံဖန်ရံခါအချိန်များတွင် ကျောင်းသား/သူများ စကားလုံး၏ ဝေါဟာရ အဓိပ္ပါယ်များ နားမလည်နိုင်သည့် အခါမျိုးတွင် မွန်စကားဖြင့်လည်း သင်ကြားပေးသည်။"[၁၂၀]



**မွန်အမျိုးသားပညာရေးကော်မတီမှ ရေးဆွဲထားသော သင်ရိုးညွှန်းတမ်း ဖတ်စာအုပ်များ**
***Photo by ENAC***




**အစိုးရပုံနှိပ်ဖတ်စာအုပ်နှင့် မွန်စာပေဖြင့် ပြုလုပ်ထားသည် ပုံနှိပ်ဖတ်စာအုပ်များ**
***Photo by ENAC***

၁၂၀ မွန်အမျိုးသားပညာရေးကော်မတီဗဟို၊ တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (သုတေသနအဖွဲ့)၊ မော်လမြိုင်၊ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၀ ရက်။

## ၈.၂.၄. စာမေးပွဲဖြေဆိုသည့် စနစ်

မွန်အမျိုးသားကျောင်းများ၏ စာမေးပွဲဖြေဆိုသည့် စနစ်သည် အစိုးရကျောင်းများ၏ ဖြေဆိုသည့်စနစ်နှင့် ဆင်တူသည်။ စတုတ္ထတန်း စာမေးပွဲဖြေဆိုရာတွင် မွန်အမျိုးသားကျောင်းများသည် အစိုးရစစ် (မြို့နယ်အဆင့်) မေးခွန်းလွှာကို ဖြေကြားခြင်းမရှိဘဲ မိမိတို့ကိုယ်ပိုင် မေးခွန်းလွှာဖြင့် ဖြေဆိုခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်၊ မူလတန်းအဆင့်၌ မွန်တိုင်းရင်းသား မိခင်ဘာသာစကားအခြေပြု ပညာရေးစနစ် (Mother Tongue Based Education System) သင်ကြားသည့်အတွက်ကြောင့်ပင် ဖြစ်သည်။ MNEC တာဝန်ရှိသူများမှ "သို့သော်လည်း အစိုးရအနေဖြင့် စတုတ္ထတန်း မေးခွန်းလွှာကို မွန်ဘာသာဖြင့် ဖြေဆိုခွင့်ရပါက ဖြေဆိုနိုင်သည်" ဟု ပြောကြားသည်။[၁၂၁] အလယ်တန်းအဆင့် အဌမတန်း စာမေးပွဲဖြေဆိုရာတွင် မြန်မာ့သမိုင်းဘာသာရပ်ကို ဖြေဆိုခြင်းမပြုဘဲ၊ ၎င်းအစား မွန်သမိုင်းဘာသာရပ်ကို ဖြေဆိုစေခြင်းဖြစ်သည်။ ကျောင်းသား/သူများ၏ အောင် (သို့မဟုတ်) ရှုံးရလဒ်များကို သတ်မှတ်ရာတွင် မွန်ဖတ်စာ အောင်မြင်မှသာ အောင်မြင်မည် ဖြစ်သည်။

တစ်ဖက်တွင်လည်း အဌမတန်း ကျောင်းသား/သူများသည် ခရိုင်အဆင့် အစိုးရစစ် စာမေးပွဲကို ဝင်ရောက်ဖြေဆိုခြင်း မပြုပါက၊ နဝမတန်းအဆင့်၌ ပြင်ပကျောင်းသား အဖြစ်သို့ ရောက်ရှိ သွားမည်ဖြစ်သည်။ ၎င်းပြင်ပ ကျောင်းသား/သူ အဖြစ်သို့ ရောက်ရှိသွားပါက စာမေးပွဲဖြေဆိုရာ၌ အခြားသော ကျောင်းသား/သူများနည်းတူ ဖေဖော်ဝါရီလတွင် ဖြေဆိုရမည့်အစား မေလ၌သာ ဖြေဆိုရမည်ဖြစ်သည်။ ထို့ကြောင့် မွန်အမျိုးသားပညာရေး ကော်မတီသည် ၎င်းအခက်အခဲများကို ပြေလည်စေရန်အတွက် မွန်ပြည်နယ်အဆင့် ပညာရေးတာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်း အဖြေရှာခဲ့သည်။ မွန်အမျိုးသားကျောင်းရှိ အဌမတန်း အစိုးရစစ် စာမေးပွဲကို ဖြေဆိုထားပါက နဝမတန်းစာမေးပွဲကို အစိုးရကျောင်းများတွင် သွားရောက်ဖြေဆိုခြင်း မလိုအပ်ပေ။ မွန်အမျိုးသားပညာရေး ကော်မတီမှ ကျင်းပသည့် တက္ကသိုလ်ဝင်တန်း စာမေးပွဲပုံစံကိုလည်း ဖြေဆိုရသည်။ ထို့အပြင် အစိုးရမှ ကျင်းပပြုလုပ်သည့် တက္ကသိုလ်ဝင်တန်း စာမေးပွဲကို မွန်ပြည်နယ်၊ ရေးမြို့နယ်နှင့် ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့ရှိ ကျောင်းများတွင် ဖြေဆိုသည်။



မွန်အမျိုးသားကျောင်းမှ ကျောင်းသား/သူများ စာသင်ကြားနေမှု
*Photo by ENAC*

---

၁၂၁ မွန်အမျိုးသားပညာရေးကော်မတီဗဟို၊ အင်တာဗျူးသူ တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (သုတေသန အဖွဲ့)၊ မော်လမြိုင်၊ ဩဂုတ်လ၊ ၂၀ရက် ၂၀၁၇ခုနှစ်။

## ၈.၂.၅. မွန်အမျိုးသားကျောင်း အုပ်ချုပ်/ စီမံခန့်ခွဲမှု

မွန်အမျိုးသားကျောင်းများကို မွန်အမျိုးသားပညာရေးကော်မတီဗဟိုမှ မူဝါဒများကို ရေးဆွဲပေးပြီး၊ မွန်ပညာရေးဌာနမှ ခရိုင်၊ မြို့နယ်အဆင့်ဆင့်ဖြင့် လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ပေးသည်။

မွန်အမျိုးသားပညာရေးကော်မတီသည် ဗဟိုဦးစီးချုပ်ကိုင်သည့်စနစ်ကို အဓိကထား ဦးတည်ထားခြင်းမဟုတ်ဘဲ ဒေသဆိုင်ရာရပ်ရွာလူထုကို ဦးစီးစေသည့်စနစ်ကို ကျင့်သုံးသည်။ သက်ဆိုင်ရာ မြို့နယ်များအလိုက် မြို့နယ်အဆင့် ပညာရေးကော်မတီကို ဖွဲ့စည်းထားသည့်အပြင် ဆရာ/ဆရာမ အဖွဲ့ကိုလည်း ဖွဲ့စည်းထားသည်။ ကျေးလက်ဒေသအဆင့်၌ မွန်အမျိုးသားကျောင်းပညာရေးကို စိတ်ပါဝင်စားမှုရှိသည့် ရပ်ရွာလူထုများမှ ကျောင်းအကျိုးတော်ဆောင်အနေဖြင့် ပါဝင်သည်။ ပညာရေးဆိုင်ရာ အဆောက်အဦးများကို ပညာရေးကော်မတီ ဗဟိုအနေဖြင့် မွန်အမျိုးသားပညာရေးဌာနနှင့် ဆက်သွယ်၍ ကျောင်းသုံးပစ္စည်း လိုအပ်နေသည့် ကျောင်းများကို သွားရောက်အကူအညီပေးနေသည်။ ငွေပမာဏ အများကြီးမဟုတ်သည့် တိုင်အောင် (၁၀) သိန်းဝန်းကျင် အကူအညီပေးပြီး၊ မွန်ရပ်ရွာလူထုမှလည်း တတ်နိုင်သလောက် (၁) သိန်း၊ (၅) သိန်း စသည်ဖြင့် ပါဝင်အားဖြည့် ကူညီပေးကြသည်။ အချို့သော ကျောင်းများ၏ လိုအပ်ချက်များကို အွန်လိုင်း (Internet) ပေါ်တွင် တင်ပြထားပြီး၊ အချို့သော ပြည်တွင်းနှင့် ပြည်ပရှိ မွန်လူမျိုးများမှ ပါဝင်လှူဒါန်း ပေးကြသည်။ မြို့နယ်အဆင့်များတွင် ဝင်ရောက်သည့် ငွေကြေးများကို စာရင်းဇယားဖြင့်လည်း ထားရှိကြသည်။ ၎င်းစာရင်းများသည် မွန်အမျိုးသားပညာရေး ကော်မတီဗဟိုအဆင့်သို့ မရောက်ရှိနိုင်ပေ။[၁၂၂] ကျောင်းအကျိုးတော်ဆောင်များအနေဖြင့် ဆရာ/ဆရာမများ၏ လစာကူညီထောက်ပံ့ရေးအတွက် လုပ်ဆောင်ပေးသည်။ ကျောင်းအဆောက်အဦးများ၏ လိုအပ်ချက်များ၊ ပြုပြင်ခြင်းများအတွက် တာဝန်ယူထားသည်။

## ၈.၂.၆. ငွေကြေး

မွန်အမျိုးသားကျောင်းနှင့် ပညာရေးဌာနတစ်ခုလုံး လည်ပတ်နိုင်သည်မှာ NGOs နှင့် INGOs များမှ လှူဒါန်းမှု ၆၅% နှင့် မွန်အမျိုးသား ရပ်ရွာလူထုထံမှ ၃၅% (၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ Seminar ထုတ်ပြန်ချက်အရ) ဖြစ်သည်။ ရွာတိုင်းထံမှ ထောက်ပံ့ပေးနေမှုများရှိသည်။ သို့သော်လည်း စာရင်းဇယားအရ အကုန်လုံးကို ကောက်ယူနိုင်ခြင်းမရှိပေ။ ရံပုံငွေကို ကျယ်ပြန့်သော ပညာရေးကော်မတီ (EMNEC) မှ ပြည်တွင်းနှင့် ပြည်ပအထိ တာဝန်ယူ ဆောင်ရွက်ပေးနေသည်။ ပြည်တွင်း၌ စီးပွားရေး ကုမ္ပဏီများနှင့် ဝင့်ဝါဝါထွန်း[၁၂၃] (ပc) ကျေးရွာရှိ မွန်အမျိုးသား အလယ်တန်းကျောင်းကို အသစ်ဆောက်လုပ်ပေးသည်။ ကျန်ရှိသော ပြည်တွင်း၌ ရှိသော စီးပွားရေးလုပ်ငန်းများမှ တတ်နိုင်သလောက် အသီးသီးပါဝင်လှူဒါန်းသည်။ အချို့သော လှူဒါန်းငွေများသည် ကျောင်းများသို့ တိုက်ရိုက်ရောက်ရှိပြီး၊ အချို့သော ငွေများသည် မွန်အမျိုးသားပညာရေးကော်မတီသို့ ရောက်ရှိသည်။ EMNEC ဗဟိုအဆင့်ရှိသော ပညာရေးရံပုံငွေသည် ကျောင်းဆရာ/မများ ပံ့ပိုးပေးနိုင်ရန်အတွက် သီးသန့်ထားရှိခြင်းဖြစ်သည်။

မွန်ပြည်သစ်ပါတီတစ်ခုလုံး၏ ဝင်ငွေ ၂% ကို မွန်အမျိုးသားပညာရေးကော်မတီအား ပံ့ပိုးပေးရန် ဆုံးဖြတ်ချက်ချထားပြီး၊ အဆိုပါ ၂% ဘတ်ဂျက်အား မွန်အမျိုးသားပညာရေးကော်မတီဗဟို၌သာ စုဆောင်းထားရှိသည်။ ဥပမာအားဖြင့် ကျောင်းဆရာ/မလစာအား MNEC ဗဟိုအဆင့်မှ တစ်ဦးလျှင် (၄၀,၀၀၀)ကျပ်သာ ပေးနိုင်သည်ဆိုပါက (၂၅)ဦးပါ ပညာရေးကော်မတီသည် အစည်းအဝေး ထိုင်ဆုံးဖြတ်ပြီး၊ ဒီ (ဝါ) ယခုနှစ် ဆရာတစ်ဦးလျှင် အနည်းဆုံး (၇၀,၀၀၀) ကျပ်နှုန်းပြည့်အောင်ပေးမည်ဟူသော ဆုံးဖြတ်ချက် ချထားသည်။ ယင်းသို့ ပြည့်မီအောင် ပေးနိုင်ရန်အတွက် ဘတ်ဂျက်မှာ အလုံအလောက်မရှိချေ။ လတ်တလောအနေဖြင့် (၃၀,၀၀၀) ကျပ် အထိသာပေးနိုင်သောကြောင့် မြို့နယ်အဆင့်မှ လိုအပ်သော (၄၀,၀၀၀) ကျပ်ကို မြို့နယ် ရံပုံငွေမှ ထပ်မံဖြည့်ဆည်းပေးသည်။ ရံပုံငွေများကို ကျောင်းဆရာတွေအတွက်ထောက်ပံ့ပေးရန်အတွက်စုဆောင်းထားမှုများရှိသည်။ ဥပမာ - သိန်း (၁၀၀) ရာလို့ရရှိလျှင် ၂၀% ကို ထာဝရရံပုံငွေအနေဖြင့် ဘဏ်ထဲတွင် ထားရှိသည်။ ကျန်သော ၈၀% သာ အသုံးပြုသည်ဟု ဆိုသော်လည်း အနည်းငယ်သာ အသုံးပြုသေးသည်။ အဘယ်ကြောင့်ဆိုသော် "ကျမတို့ အလှူရှင်များထံမှ ရရှိပါက ၎င်း ၈၀% ငွေများကို အသုံးမပြုသေးဘဲ ထားရှိခြင်းဖြစ်သည်။ အလှူရှင်များထံမှ မရရှိနိုင်တော့မှသာလျှင် အသုံးပြုသည်"ဟု မွန်အမျိုးသားပညာရေး ကော်မတီဗဟို (မော်လမြိုင်) တာဝန်ရှိသူများမှ ပြောကြားသည်။ မွန်အမျိုးသားပညာရေးဗဟို ဘတ်ဂျက်တွင် အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs) များထံမှ ရရှိ

၁၂၂ မွန်အမျိုးသားပညာရေးကော်မတီဗဟို၊ အင်တာဗျူးသူ တိုင်းရင်းသားလူမျိုးများရေးရာစင်တာ သုတေသနအဖွဲ့၊ မော်လမြိုင်မြို့၊ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၀ ရက်။

၁၂၃ ဝင်းဝါဝါထွန်းသည် စင်ကာပူနိုင်ငံ၌ နေထိုင်လျက်ရှိနေပြီး၊ (ပc) ကျေးရွာ မွန်အမျိုးသား အလယ်တန်းကျောင်းကို ကမကထပြု မတည်ဆောက်လုပ် လှူဒါန်းသူဖြစ်သည်။

သော အလှူငွေများသာမက EMNEC မှ ကောက်ခံရရှိသသော အလှူငွေများလည်း ပါဝင်သည်။ ထာဝရရံပုံငွေအား ဖယ်ထုတ်ထားပြီး ကျန်ရှိသော ငွေများသည် မွန်အမျိုးသား ပညာရေး ကော်မတီဗဟိုဘတ်ဂျက် ဖြစ်လာသည်။

မြို့နယ်အဆင့်တွင် မြို့နယ်အဆင့်ရံပုံငွေကော်မတီတစ်ရပ် ထားရှိသည်။ MNEC အနေဖြင့် ဆရာ/မ ဝန်ထမ်းလစာ အင်အား (၈၀၇) ဦးအတွက် စဉ်းစားပေးနေရသည်။ တရားဝင်သည့် အခြားသော နည်းလမ်းများဖြင့် ဝင်ငွေရရှိရန် စီးပွား ရေးရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ထားရှိသည်။ သံဖြူဇရပ်မြို့နယ်တွင် ရာမညဟံသာ အိမ်ဆောက်ပစ္စည်းဆိုင်ကို ဖွင့်လှစ်ထားသည့်အပြင် အချို့သောစီးပွားရေး လုပ်ငန်းများတွင် အစုရှယ်ယာများဖြင့် ပါဝင်ထားသည်။ ၎င်းရင်းနှီးထည့်ဝင်ထားသော ငွေများသည် ရံပုံငွေရှာထားခြင်းမှ ၈၀% ဖြစ်သည်။ ရရှိလာသော အကျိုးအမြတ်များကို ဘဏ်တွင် ပြန်လည်ထည့်ဝင်ထားသည်။[၁၂၄]

ကျေးရွာအဆင့်ထောက်ပံ့မှုတွင် မွန်အမျိုးသားကျောင်း အကျိုးဆောင်ကော်မတီများမှ မိမိတို့သက်ဆိုင်ရာ ကျေးရွာများတွင် တာဝန်ယူထားသည်။ ပျိုးပင်အဖွဲ့အစည်းမှ မွန်အမျိုးသားကျောင်းများအတွက် မတည်ငွေ (၂၀၀) သိန်းကျပ်ကို ပေးထားပြီး၊ ငွေတိုးချေးခြင်း လုပ်ငန်းကို ဆောင်ရွက်ထားသည်။ ရရှိလာသည့် အကျိုးအမြတ်များထဲမှ ၇၀% သည် ဆရာ/ဆရာမများ၏ လစာကို တာဝန်ယူထားပေးသည်။ ကျန်ရှိသော ၃၀% နှင့် အရင်းပေါင်းငွေကို ပြန်လည် အတိုးပြန်ချသည်။ "အန်ဒင်ကျေးရွာတွင် အိမ်ထောင်စု တစ်စုလျှင် မွန်အမျိုးသားကျောင်း ရံပုံငွေအတွက် တစ်လလျှင် ငွေ (၅၀၀) ကျပ်နှုန်းဖြင့် သတ်မှတ်ထားပြီး လိုက်လံကောက်ခံလျက်ရှိသည်"ဟု အန်ဒင်ကျေးရွာ အုပ်ချုပ်ရေးမှူးမှ ပြောကြားသည်။ အန်ဒင်ကျေးရွာတွင် နေထိုင်သော အိမ်ထောင်စုအားလုံးမှ ကောက်ခံရရှိမှုသည် တစ်နှစ်လျှင် စုစုပေါင်း (၂,၀၀၀,၀၀၀) ကျပ်ဝန်းကျင် ကောက်ခံရရှိသည်။ အဆိုပါ ကောက်ခံရရှိမှုများထဲမှ ငွေများကို စုဆောင်းထားရှိပြီး ဆရာ/ဆရာမများအတွက် ပြန်လည်အသုံးပြုသည်။ ဆရာ/ဆရာမ ဝန်ထမ်းတစ်ဦးကို တစ်လလျှင် ငွေ (၃၀,၀၀၀) ကျပ်နှုန်းဖြင့် ပြန်လည်ပေးသည်။ ထို့ကြောင့် မွန်အမျိုးသားပညာရေးကော်မတီ ဗဟိုမှ ဆရာ/ဆရာမ တစ်ဦးလျှင် တစ်လ (၄၅,၀၀၀) ကျပ်ဝန်းကျင်ပေးပြီး၊ ကျေးရွာမှ (၃၀,၀၀၀) ကျပ် အပါအဝင် စုစုပေါင်း (၇၅,၀၀၀) ကျပ် ရရှိနေသည်။ အန်ဒင်ကျေးရွာရှိ မွန်အမျိုးသားကျောင်း ဆရာ/ဆရာမ ဝန်ထမ်းများအတွက် အဆိုပါကျေးရွာမှ တစ်နှစ်လျှင် စပါး (၁၀၀) တင်းကို ပုံမှန်တာဝန်ယူပေးသည်။ ၎င်းစပါးများကို ဆရာ/ဆရာမအင်အား (၁၈) ဦးဖြင့် အချိုးကျ ပြန်လည်ခွဲဝေပေးသည်။"[၁၂၅]




မွန်အမျိုးသားကျောင်းပညာရေးရံပုံငွေအတွက် ဖွင့်လှစ်ရောင်းချလျက်ရှိသော အိမ်ဆောက်ပစ္စည်းဆိုင်
Photo by ENAC

၁၂၄ မွန်အမျိုးသားပညာရေးကော်မတီဗဟို၊ အင်တာဗျူးသူ တိုင်းရင်းသားလူမျိုးများရေးရာစင်တာ သုတေသနအဖွဲ့၊ မော်လမြိုင်မြို့၊ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၀ ရက်။
၁၂၅ မွန်အမျိုးသားပညာရေးကျောင်းအကျိုးတော်ဆောင်ကော်မတီ (အန်ဒင်)၊ အင်တာဗျူးသူ တိုင်းရင်းသားလူမျိုးများရေးရာစင်တာ သုတေသနအဖွဲ့၊ အင်ဒင်ကျေးရွာ၊ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၄ ရက်။

## ၈.၂.၇. ဆရာ/မများ အရည်အသွေး စီစစ်ခြင်းနှင့် ခန့်အပ်ခြင်းများ

မွန်အမျိုးသားကျောင်းများတွင် သင်ကြားပေးမည့် ဆရာ/မများကို လက်ခံရာတွင် အပိုင်း (၂) ပိုင်း ရှိသည်။ ပထမအပိုင်းတွင် အစိုးရနှင့် ငြိမ်းချမ်းရေးစာချုပ် မချုပ်ဆိုမီကာလ၌ အစည်းအဝေး ဆုံးဖြတ်ချက်များအရ၊ (၈) တန်းနှင့် (၉) တန်းအဆင့်အထိ ကျောင်းတက်ရောက်ဖူးသည့် သူများကို ဝန်ထမ်း (ဆရာ/မ) များအဖြစ် လက်ခံခဲ့သည်။ ဒုတိယအပိုင်းတွင် ၁၉၉၅ ခုနှစ်၌ မွန်ပြည်သစ်ပါတီသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင် အပစ်အခတ်ရပ်စဲရေးစာချုပ် ချုပ်ဆိုခဲ့သည်။ ၎င်းအပစ်အခတ်ရပ်စဲရေး စာချုပ်ချုပ်ဆိုပြီး နောက်ပိုင်းကာလတွင် မူလတန်းအဆင့်၌ အနိမ့်ဆုံး (၁၀) တန်းအဆင့်နှင့် (၁၀) တန်းအောင်/ဘွဲ့ရ ဖြစ်ရမည်ဟု သတ်မှတ်ချက်ထားရှိသည်။ Capacity Building အပိုင်းတွင် MNEC မှပေးသော သင်တန်းများလည်းရှိသည်။

ထို့အပြင် ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း တက်ရောက်သော သင်တန်းများရှိသည်။ MNEC မှ ပေးသောသင်တန်းများသည် (Trainner) သင်တန်းပေးနိုင်သူများကို မွေးထုတ်သည်။ ၎င်းမွေးထုတ် ပေးလိုက်သည့် Trainer မှ တဆင့်ထပ်ဆင့်၍ (Multiplier) များကို ပြန်လည်မွေးထုတ်ပေးသည်။ နောက်ထပ် TOT သင်တန်းရှိပါကလည်း စေလွှတ်သည်။ တာဝန်ထမ်းဆောင်နေကြသည့် ဆရာ/မများကို CCA (Child Center Approach) သာမက RWTC သင်တန်းပေးနေမှုများလည်းရှိသည်။ ၎င်းအပြင် အင်္ဂလိပ်ဘာသာရပ် သင်ကြားမှု နည်းစနစ်ကိုလည်းပေးသည်။ ကျောင်းအုပ်ဆရာ/မများကို သီးသန့်သင်တန်းပေးနေမှုများရှိသည်။ တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ်သာ ပေးနိုင်သေးသည်။ အလှူရှင် (Donor) ရှိပါက တစ်နှစ်လျှင် (၂) ကြိမ်နှင့် (၃) ကြိမ်အထိလည်း သင်တန်းများပေးသည်။ ၂၀၁၇ ခုနှစ်တွင် CCA အား သင်တန်းကြာချိန် တစ်လနှင့် RWTC ကို (၃) လပေးနိုင်ရန် စဉ်းစားစီစဉ်ထားသည်။ လွန်ခဲ့သော (၃ - ၄) နှစ်ခန့် အချိန်တွင် မြို့နယ်များ၌ သုံးလတစ်ကြိမ် review meeting ပြုလုပ်ပြီး၊ သင်နည်းစနစ်ပြောင်းလဲသွားပုံများကို ဆွေးနွေးခဲ့သည်။ အချို့သော မြို့နယ်များတွင် ဆက်လက်ပြုလုပ်နေဆဲ ဖြစ်သော်လည်း အခြားသော နေရာများတွင် ဆက်လက်အကောင်အထည် မဖော်ဆောင်နိုင်တော့ပေ။ နောက်တစ်ခုအနေဖြင့် ၂၀၁၇ ခုနှစ်တွင် သီးခြား Competency Servicing ပြန်လည်ပြုလုပ်နေသည်။ လွန်ခဲ့သော ၂၀၁၆ ခုနှစ်နှင့် ယခု ၂၀၁၇ ခုနှစ်များတွင် ဆရာ/ဆရာမဝန်ထမ်းများအနေဖြင့် မိမိတို့ သက်ဆိုင်ရာ လုပ်ငန်းခွင်၌ မည်မျှလောက် အတိုင်းအတာထိ ဆောင်ရွက်နေမှုများကို (Monitoring) စောင့်ကြည့် စစ်ဆေးသွားရင်းနှင့် (Observing) လေ့လာမှု ပြုလုပ်နိုင်ခဲ့သည်။ UNICEF (The Whole Project Mon State) အထောက်အပံ့အားဖြင့် မွန်ပြည်နယ်အဆင့်၌ KG နှင့် Grade-I အဆင့် သင်တန်းကို မွန်ကျောင်းဆရာ/ ဆရာမများသည် အစိုးရကျောင်းဆရာ/မများနှင့် အတူတကွ ပါဝင်တက်ရောက်ခဲ့သည်။ UNICEF သည် ၂၀၁၂ ခုနှစ်တွင် မွန်ပြည်နယ်သို့ စတင်ဝင်ရောက် လာခဲ့ပြီး၊ JICA မှ TOT သင်တန်းပေးသော အချိန်များတွင် အစိုးရနှင့် MNEC တို့သည် အထက်တန်းကျောင်းများနှင့် ပတ်သက်ပြီး ၂၀၁၀ ခုနှစ်အချိန်ကတည်းက သင်တန်း အတူတူတက်ခဲ့သည်။ အစိုးရမှဖွင့်လှစ်ထားသည့် မွန်ပြည်နယ်အစိုးရ ပညာရေးကောလိပ်မှ သင်တန်းပေးသူများ၊ အမှတ် (၁) အခြေခံပညာ ဦးစီးဌာန (ရန်ကုန်) သင်တန်းပေးသူများမှ ပို့ချပေးသော ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းများကို အစိုးရကျောင်းအုပ်များနှင့်သာမက MNEC ကျောင်းအုပ်များအနေဖြင့်လည်း ဖိတ်ကြားခံရပြီး၊ အတူတကွပါဝင် တက်ရောက်ခဲ့သည်။

ဆရာ/ဆရာမများ၏ လစာအနေအထားများသည် တစ်နေနှင့် တစ်နေရာ မတူညီနိုင်သောကြောင့် ပုံသေရရှိနိုင်သည့် နှုန်းထားဖြင့်ဖော်ပြရန် ခက်ခဲလှသည်။ သို့ရာတွင် မွန်အမျိုးသားပညာရေးကော်မတီမှ သတ်မှတ်ပေးထားသည့် လစာ နှုန်းထားများရှိသည်။ မွန်အမျိုးသားကျောင်းတွင် သင်ကြားပေးနေသည့် ဆရာ/မ လစာများသည် အပြောင်းအလဲ မရှိပေသို့မဟုတ် ရာထူးအပေါ်မူတည်၍လည်း ကွာခြားမှု မရှိပေ။ နေရာဒေသ အပေါ်မူတည်၍ ကွာခြားမှုရှိနိုင်သည်။ အဘယ်ကြောင့်ဆိုသော် အလှူရှင်များအပေါ်တွင် မှီခိုပေးနေရခြင်းဖြစ်နေသောကြောင့် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်များအပါအဝင် ကျောင်းအုပ်အဆင့်အထိ လစာပေးရမည်ဟု သတ်မှတ်ပြဋ္ဌာန်းထားခြင်း မရှိသော်လည်း အားလုံးနီးပါး တပြေးညီဖြင့် ပေးနေခြင်းဖြစ်သည်။ လွန်ခဲ့သည့် ၂၀၁၆ ခုနှစ်မှ စတင်၍ ဆရာ/မများကို (၇၀,၀၀၀) ကျပ်နှုန်းထားဖြင့် ပေးရန်ဆုံးဖြတ်ထားပြီး၊ ကျောင်းအုပ်ဆရာ/မများအတွက် အနည်းငယ်ပိုပေးရန်ဆုံး ဖြတ်ခဲ့သည်။ ၁၉၉၅ ခုနှစ်၊ အပစ်အခတ်ရပ်စဲရေးစာချုပ် မချုပ်ဆိုမီ အစောပိုင်း ကာလများတွင် ဆရာ/မများကို ထိုခေတ်အချိန်အခါတွင် လုည်းတစ်စီးစာ စပါး (၂၅ တင်း)၊ (၁,၂၀၀) ကျပ်နှုန်းဖြင့် ပေးနိုင်ခဲ့သည်။ ၎င်းနှုန်းထားသည် စာသင်နှစ် တစ်နှစ်လုံးစာဖြစ်သည်။ ငြိမ်းချမ်းရေး စာချုပ်ချုပ်ဆိုပြီး ကာလနောက်ပိုင်း ၁၉၉၆ ခုနှစ်မှ စတင်၍ (၁၇၀၀) ကျပ်ဖြင့် ပေးချေပြီး၊ နောက်ပိုင်း တစ်နှစ်အလိုက် (၁,၀၀၀) ကျပ်နှုန်းဖြင့် တိုးလာခဲ့သည်။ ယင်းအချိန်ကာလတွင် ရပ်ရွာလူထုမှ ပင်ပန်းနွမ်းနယ်လာသဖြင့် စပါးကို ပေးခြင်းမပြုတော့ပေ။ ထို့အပြင် ၎င်းခေတ် ကာလအချိန်မျိုးတွင် မွန်အမျိုးသား ကျောင်းဆရာ/မများ၏ လစာသည် အစိုးရကျောင်း ဆရာ/မများ ရရှိနေသော လစာနှုန်းထားထက် ပိုမိုများပြားနေသည်။

ထို့နောက် အစိုးရကျောင်းများမှ ဆရာ/မများ၏ လစာများကို နိုင်ငံတော်အစိုးရမှ တိုးမြှင့်ပေးပြီး နောက်ပိုင်းတွင် မွန်အမျိုးသား ပညာရေးကော်မတီသည်လည်း မွန်အမျိုးသားကျောင်း ဆရာ/မများ၏ လစာများကို ပိုမိုတိုးမြှင့်မပေးနိုင်သည့် နောက်ပိုင်းတွင် စိန်ခေါ်ချက်များ ရှိလာသည်။ (၂၀၁၅ - ၁၆) ပညာသင်နှစ်မှ စတင်ကာ မွန်အမျိုးသားပညာရေး ကော်မတီသည် (၅၀,၀၀၀) ကျပ် အဆင့်ထိ ပေးလာခဲ့သည်။ ဒေသခံပြည်သူများမှ ပူးပေါင်းပါဝင်ပေးမှသာ အခြေခံအားဖြင့် (၇၀,၀၀၀) ကျပ် ရရှိသည်။ အဆင်ပြေတတ်နိုင်သည့် ဒေသများ ရှိသကဲ့သို့ အခက်အခဲရှိသော ဒေသများလည်း ရှိနေပြန်သည်။ ထို့ကြောင့် နေရာဒေသအလိုက်မူတည်၍ ကွဲပြားမှုများ ရှိနိုင်သော်လည်း ကြီးကြီးမားမား ကွာဟချက် မရှိနိုင်ပေ။[၁၂၆]

မွန်အမျိုးသားကျောင်းများတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ၏ လုပ်သက် သက်တမ်းမှာ အချိန်ကာလ အနေအထားအား ကိန်းဂဏန်းဖြင့် ဖော်ပြရန်မှာ မလွယ်ကူပေ။ အချို့သော ဝန်ထမ်းများသည် နှစ် (၃၀) အထိ လုပ်ဆောင်နေသူများလည်းရှိသည်။ သို့သော်လည်း၊ နေရာဒေသအပေါ်မူတည်၍ ကွဲပြားမှုရှိနေသည်။ ဥပမာအားဖြင့် ဘုရားသုံးဆူနယ်စပ်ဒေသတဝိုက်တွင် (၂)နှစ်၊ (၃) နှစ်မှ (၂၅) နှစ်အထိ တာဝန်ထမ်းဆောင်နေသူများလည်း ရှိနေသည်။ နယ်စပ်ဒေသရှိ ဆရာ/မများ၏ လစာနှုန်းထားသည် ထိုင်း (ဘတ်) ငွေဖြင့် တွက်ချက်ပါက အလွန်နည်းပါးနေခြင်းကြောင့် အလုပ်မှ အထွက်များခြင်း (သို့မဟုတ်) ဝန်ထမ်း မတည်ငြိမ်မှုများ လည်းရှိသည်။ အနိမ့်ဆုံး လုပ်သက်ကာလ အနေဖြင့် တစ်နှစ်ရှိသည်။ အများစုအားဖြင့် (၅) နှစ်နှင့် (၁၀) နှစ်အကြားတွင် တည်ရှိသည်။ အမှန်တကယ် မတတ်နိုင်တော့သည့် အခြေအနေရောက်မှသာ ထွက်ကြသည်။ လူလွတ် (အိမ်ထောင်မပြုသေးသည့်) ဆရာ/ဆရာမများသည် မိမိတို့မိဘအိမ်တွင် နေထိုင်ကာ၊ အိမ်မှတဆင့် ကျောင်းသို့ အလုပ်ဆင်းနေသော သူများလည်းရှိသည်။ စားသောက်ရေး၊ နေထိုင်ရေးအတွက် မိဘများက တာဝန်ယူပေးထားသည့် အခြေအနေများလည်းရှိသည်။ ထို့အပြင် Post-ten ကျောင်းပြီးသော သူများကို မွန်အမျိုးသားကျောင်းများ၌ မသင်မနေရစနစ်ဖြင့် အနည်းဆုံး (၂) နှစ် တာဝန်ထမ်းဆောင်ရန် သတ်မှတ်ပြဋ္ဌာန်းထားသည်။[၁၂၇]



မွန်လူမျိုးများ၏ အမျိုးသားယူနီဖေါင်းများနှင့် သင်ကြား/သင်ယူနေမှု
*Photo by ENAC*

၁၂၆ မွန်အမျိုးသားပညာရေးကော်မတီဗဟို၊ အင်တာဗျူးသူ တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (သုတေသနအဖွဲ့)၊ မော်လမြိုင်၊ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၀ ရက်။
၁၂၇ မွန်အမျိုးသားပညာရေးကော်မတီဗဟို၊ အင်တာဗျူးသူ တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (သုတေသနအဖွဲ့)၊ မော်လမြိုင်၊ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၀ရက်။

## ၈.၂.၈. သင်ရိုးညွှန်းတမ်းနှင့် သင်ကြားမှု နည်းစနစ်များ

မူလတန်းအဆင့်၌ မြန်မာဘာသာနှင့် သိပ္ပံဘာသာရပ်များကို ဗမာစကားဖြင့် သင်ကြားသည့်အပြင် အင်္ဂလိပ်ဘာသာရပ် ကို အင်္ဂလိပ်စကားဖြင့် သင်ကြားပေးနေသည်။ ကျန်ရှိသော ဘာသာရပ်များကို မွန်စာ၊ မွန်စကားဖြင့် သင်ကြားပေးသည်။ (Kindergarten) မူလတန်းကြို ကျောင်းအတန်းကို မွန်ဘာသာစကားဖြင့် သင်ကြားပေးသည် သာမက မူလတန်းအဆင့်ဖြစ်သည့် လေးတန်းအထိ မွန်စကားနှင့် မွန်စာဖြင့်သာ သင်ကြားပေးသည်။ မွန်အမျိုးသားကျောင်းများရှိ မူလတန်း (အောက်) အဆင့် သင်ရိုးညွှန်းတမ်းများကို မိမိတို့ မွန်အမျိုးသား စာပေသင်ရိုးညွှန်းတမ်းဖြင့်သာ သင်ကြားသည်။ မွန်အမျိုးသားကျောင်းများရှိ သင်ရိုးညွှန်းတမ်းများမှာ မွန်ဖတ်စာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ မြန်မာစာနှင့် သိပ္ပံတို့ဖြစ်သည်။ ထို့နောက် မူလတန်း (အထက်) အဆင့်တွင် ပထဝီနှင့် မွန်သမိုင်းဘာသာရပ်များကို မွန်ဘာသာဖြင့် သင်ကြားသည်။ ပထဝီဝင်ဘာသာရပ် သင်ရိုးညွှန်းတမ်းသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်အစိုးရခေတ်၌ မွန်ဘာသာသို့ ပြန်ဆိုထားပြီး သင်ကြားခြင်းဖြစ်သည်။

အလယ်တန်းအဆင့်၌ မွန်သမိုင်းနှင့် မွန်ဖတ်စာဘာသာရပ်များကို မွန်ဘာသာဖြင့် သင်ကြားပေးပြီး ကျန်ရှိသော ဘာသာရပ်များကို အစိုးရ သင်ရိုးညွှန်းတမ်းအတိုင်း သင်ကြားနေခြင်းဖြစ်သည်။ သို့ရာတွင် မြန်မာ့သမိုင်းအစား မွန်သမိုင်းဘာသာရပ်ဖြင့် အစားထိုးသင်ကြားနေသည်။ မွန်အမျိုးသားကျောင်းများရှိ ဆရာ/မများသည် ဘာသာစကား (၃) မျိုး အသုံးပြုသင်ကြားသည့် နည်းစနစ်ဖြင့် သင်ပေးခြင်းနှင့် ဘာသာစကား (၂) မျိုး အသုံးပြု သင်ကြားသည့် (Bilingual Education) စနစ်ကို ကျင့်သုံးသည်။ မြန်မာစာဘာသာရပ်ကို မွန်ဘာသာစကားဖြင့် အဓိပ္ပါယ် ပြန်ဆိုပေး၍၊ စာမေးပွဲ ဖြေဆိုရာတွင် မြန်မာဘာသာစကားဖြင့် ဖြေဆိုခြင်းဖြစ်သည်။ အပစ်အခတ် ရပ်စဲရေးစာချုပ် မချုပ်ဆိုမီ ကာလတွင် အလယ်တန်းအဆင့် သင်ရိုးညွှန်းတမ်း ဘာသာရပ်များကို မွန်ဘာသာသို့ ပြန်ဆိုခဲ့ပြီး၊ မွန်စကားဖြင့် သင်ပေးခဲ့သည်။ အပစ်အခတ်ရပ်စဲရေးစာချုပ်ချုပ်ဆိုပြီး နောက်ပိုင်းတွင် မွန်ဘာသာပြန်ဆိုထားသည်များကို အသုံးမပြုတော့ဘဲ အစိုးရသင်ရိုးညွှန်းတမ်း ကိုသာ အသုံးပြုလာသည်။ အထက်တန်းအဆင့်များ၌ အစိုးရ၏ သင်ရိုးညွှန်တမ်းများဖြင့် သင်ကြားပေးသည်။ ထို့ကြောင့် မွန်အမျိုးသားကျောင်းပညာရေးစနစ်သည် မူလတန်းအဆင့်တွင် မိခင်ဘာသာစကားအခြေပြု ပညာရေးစနစ်ကျင့်သုံးပြီး၊ အလယ်တန်းအဆင့်၌ ဘာသာစကား (၂) မျိုးပြောဆို သင်ကြားသည့်နည်းစနစ် (Bilingual Education) အသုံးပြုခြင်းဖြစ်သည်။ မိခင်ဘာသာစကား သင်ကြားသည့်နည်းကို တဖြေးဖြေးလျှော့ချရသည့် အကြောင်းအရင်းမှာ ဗမာစကားသည် နိုင်ငံသုံးစကားဖြစ်သည့်အားလျော်စွာ အသုံးပြုနေရခြင်းဖြစ်သည်။ အထက်တန်းအဆင့်၌ ဗမာစကားကို အဓိကထား အသုံးပြုသင်ကြားသော်လည်း ရံဖန်ရံခါအချိန်များ၌ ကျောင်းသား/သူများသည် စကားလုံး၏ ဝေါဟာရအဓိပ္ပါယ်များ နားမလည်နိုင်သည့်အခါမျိုးတွင် မွန်စကားဖြင့်လည်း သင်ကြားပေးသည်။[၁၂၈]

ဆယ်တန်းလွန်ပညာရေး (Post-ten) ဘောက်ထော် ပညာရေးအစီအစဉ်တစ်ခုကို OSI ပညာရေး ထောက်ပံ့မှုဖြင့် ၂၀၀၁ - ၀၂ ပညာသင်နှစ် အချိန်မှ စတင်ဖွင့်လှစ်ခဲ့သည်။ အချိန်ကာလ (၃) နှစ် ကြာမြင့်ချိန်တွင် ရံပုံငွေအင်အား မရရှိနိုင်တော့သည့် အခြေအနေ၌ ခေတ္တခဏ ရပ်ဆိုင်းထားခဲ့ရသည်။ သို့ရာတွင် ၂၀၀၅ - ၀၆ ပညာသင်နှစ်အချိန်တွင် AJWS ထံမှ အသစ်တဖန် အကူအညီရရှိပြီး နောက်ပိုင်းတွင် ပြန်လည်စတင်ခဲ့ပြန်သည်။ ၂၀၀၈ ခုနှစ်အချိန်မှ ယခု အချိန်ကာလအထိ ထိုင်းနိုင်ငံ အခြေစိုက် World Education အဖွဲ့အစည်းမှ ကူညီထောက်ပံ့နေခြင်းဖြစ်သည်။ မွန်အမျိုးသား ပညာရေးကော်မတီသည် မွန်လူမျိုးများအနေဖြင့် အစိုးရ ပညာရေးတက္ကသိုလ်ကျောင်းများကို တက်ရောက်နိုင်ခြင်း မရှိသော မွန်လူငယ်လူထုအတွက် ရည်ရွယ်ချက်ဖြင့် ပညာရေးကို ဆက်လက်သင်ယူနိုင်ရန်အတွက် Post-ten ကျောင်း ပညာရေးစနစ်ကို လက်တွေ့အကောင်အထည် ဖော်ကျင့်သုံးလျက်ရှိသည်။ မွန်အမျိုးသားကျောင်းမှ ဆယ်တန်းအောင်မြင်သော သူများနှင့်

---

၁၂၈ မွန်အမျိုးသားပညာရေးကော်မတီဗဟို၊ အင်တာဗျူးသူ တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (သုတေသနအဖွဲ့)၊ မော်လမြိုင်၊ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၀ ရက်။



မွန်အမျိုးသား ကျောင်းဆရာမတဦးမှ မူလတန်းကျောင်းသား/သူများကို စာသင်ကြားနေမှု
*Photo by ENAC*

အစိုးရကျောင်းမှ တက္ကသိုလ်ဝင်တန်း (ဆယ်တန်း) အောင်မြင်သော သူများသည် Post-ten ဝင်ခွင့် စာမေးပွဲဖြေဆိုမှု အောင်မြင်မှသာ တက်ရောက်ခွင့်ရှိသည်။ သင်ကြားပေးသည့် ဘာသာရပ်များတွင် English (4) Skills ကို ၇၀% အဓိကထား သင်ကြားပေးသည် သာမက ကွန်ပျူတာ၊ ပရောဂျက် စီမံခန့်ခွဲမှုနှင့် လူမှုရေးသိပ္ပံ ဘာသာရပ်များကိုလည်း သင်ကြားပေးသည်။

နိုင်ဟံသာမှ Post-ten ကျောင်းနှင့် ပတ်သက်၍ ပြောကြားရာတွင်



"တို့က Post-ten ဆိုပြီးတော့ ဆယ်တန်းအောင်ပြီးသား အင်္ဂလိပ်စာကို အထူးပြုတဲ့ ကျောင်းတွေကိုလည်း တို့ဖွင့်ထားတယ်။ အဲဒါကိုလည်းတို့က အင်္ဂလိပ်စာကိုလည်း (၂) နှစ် သင်တယ်။ အဓိက အင်္ဂလိပ်စာပဲ။ ပထမနှစ်မှာ မွန်ကျောင်းဆရာတွေနဲ့ သင်တာပေါ့ဗျာ။ ဒုတိယနှစ်ကျတော့ နိုင်ငံခြားက ဆရာတွေကိုရှာပြီး၊ ငှားရမ်းတာလည်း မဟုတ်ဘူးပေါ့ဗျာ၊ အကူအညီ တောင်းပြီးတော့ အဲဒီမှာ သူတို့ကလာပြီး သင်ပေးတယ်။ ကွန်ပျူတာ၊ အင်္ဂလိပ်စာ/စကားတွေ သင်ပေးတယ်။ အဲဒီကလေးတွေကနေပြီးတော့မှ အရည်အချင်းမီရင် တခြား Scholarship တွေ လျှောက်ပြီးတော့မှ တခြား နိုင်ငံခြားတွေ ရောက်ကုန်ပြီ။ တို့ကတော့ အမြင့်ဆုံး Post-ten ပဲ ဒီကနေ့ထိလုပ်နိုင်တာ။ တို့လည်း သတ်မှတ်ချက်ချထားတာရှိတယ်ဗျ။ အဲဒီ Post-ten ထိကို တို့ကတာဝန်ယူထားတယ်။ ကုန်ကျစရိတ်တွေ၊ နိုင်ငံတကာကလည်း အကူအညီတောင်းလို့ရတဲ့နေရာကလည်း တောင်းပေါ့ဗျာ။ Post-ten ဆင်း ကျောင်းသား/သူ တွေဆိုရင် တို့ဆီမှာ ကျောင်းဆရာအဖြစ် အနည်းဆုံး (၂) နှစ် ကျောင်းတွေမှာ တာဝန်ယူပေးရတယ်။ သတ်မှတ်ချက်အနေနဲ့ တာဝန်ပေါ့ဗျာ မလုပ်မနေရ ပုံစံမျိုးနဲ့ ချုပ်ကိုင်ထားတယ်။ ဘာကြောင့်လဲ ဆိုတော့ သူတို့ကို တဖက်က အများကြီးအထောက်အကူပေးထားရတာကိုးဗျ။ သူတို့ကိုလည်း ပြန်ပြီး တာဝန် ပေးတယ်။ အဲဒီပုံစံမျိုး လုပ်ထားရတာကိုးဗျ"

ဟု ရှင်းပြပေးသည်။[၁၂၉]

၁၂၉ နိုင်ဟံသာ၊ ဒုတိယ-ဥက္ကဌ မွန်ပြည်သစ်ပါတီ၊ အင်တာဗျူးသူ တိုင်းရင်းသားလူမျိုးများရေးရာစင်တာ သုတေသနဌာန၊ ချင်းမိုင်၊ ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁၂ ရက်။



ဆယ်တန်းလွန်ပညာရေးအစီအစဉ် (Post-ten) ဘောက်ထော် (ပထမနှစ်) စာသင်ကြားနေမှု မြင်ကွင်း
*Photo by ENAC*

မွန်အမျိုးသားကျောင်းများတွင် ဆယ်တန်းအောင်မြင်ပြီး လက်ရှိတာဝန် ထမ်းဆောင်နေသည့် ဆရာ/မ လုပ်သက် သက်တမ်း အနည်းဆုံး (၃) နှစ်ရှိသူများကို တက်ရောက်နိုင်သည့် အခွင့်အလမ်းကိုလည်း ပေးထားပြန်သေးသည်။ ၎င်းသင်တန်းပြီးဆုံးပါက မွန်အမျိုးသားကျောင်းများတွင် အနည်းဆုံး (၂) နှစ် မသင်မနေရစနစ်ဖြင့် ကျင့်သုံးလျက်ရှိသည်။ ထိုအလုပ်သင် သင်တန်းဆင်းကာလ ပြီးဆုံးပါက ပညာရေးကို ဆက်လက်သင်ယူချင်သူများသည် အိမ်နီးချင်းနိုင်ငံများတွင် ကျောင်းဝင်ခွင့် လျှောက်ထားနိုင်သည်။ လက်ရှိ မွန်အမျိုးသားကျောင်းများသည် ရပ်ရွာလူထုကို အခြေပြုထားသည့် စနစ်ဖြစ်သည်နှင့်အညီ ဒေသန္တရအဖွဲ့အစည်းပိုင် ကျောင်းအနေဖြင့်သာ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်။

မွန်လူမျိုးများနေထိုင်သည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်များတွင် အစိုးရကျောင်းများနှင့် ပူးတွဲ၍ ဖွင့်လှစ်ထားသည့် ပူးတွဲကျောင်း (Mixed Schools) များလည်းရှိသည်။ အဆိုပါ ကျောင်းများတွင် မွန်သမိုင်းနှင့် မွန်ဖတ်စာကို မွန်အမျိုးသားပညာရေးကော်မတီမှ မွန်ဆရာ/ဆရာမများမှ သင်ကြားပေးသည်။ မွန်သမိုင်းနှင့် မွန်ဖတ်စာကို သင်ကြားပေးသည့် ဆရာ/ဆရာမများအတွက် မွန်အမျိုးသားပညာရေးကော်မတီနှင့် အစိုးရပညာရေး ကော်မတီတို့မှ သင်တင့်လျောက်ပတ်သော လစာနှုန်းထားကို ပံ့ပိုးကူညီပေးထားသည်။ လစာရရှိသော နှုန်းထားသည် အစိုးရကျောင်းမှ ဆရာ/ဆရာမများကဲ့သို့ အပြည့်အဝရရှိခြင်းမျိုး မဟုတ်ဘဲ မွန်အမျိုးသားကျောင်းများတွင် ဆရာ/ဆရာမများ ရရှိနေသော လစာနှုန်းထားနှင့် မတိမ်းမယိမ်းပင်ဖြစ်သည်။

**အစိုးရကျောင်းနှင့် မွန်အမျိုးသားကျောင်း အတူတကွ ပူးတွဲဖွင့်လှစ်ထားရှိခြင်း**

*Photo by ENAC*





မွန်အမျိုးသားကျောင်းသူတစ်ဦးသည် မြန်မာဖတ်စာအုပ်မှ
ဝေါဟာရအဓိပ္ပါယ်နားမလည်ခြင်းကြောင့် မွန်ဘာသာသို့ ပြန်လည်ရေးသားနေခြင်း
*Photo by ENAC*



မွန်အမျိုးသားကျောင်းတွင် စာသင်ကြားနေပုံ
*Photo by ENAC*

## ၈.၂.၉. ကျောင်းအဆောက်အအုံ

မွန်အမျိုးသားကျောင်းအဆောက်အအုံများကို ပြည်တွင်းရှိ မွန်ဒေသခံပြည်သူများ၊ ရပ်ရွာလူထုနှင့် ပြည်ပသို့ရောက်ရှိနေကြသည့် မွန်တိုင်းရင်းသားများအပြင် ပြည်တွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ ပါဝင်ပေးနေသည်။ မွန်အမျိုးသားကျောင်းအဆောက်အအုံ ထိန်းသိမ်းပြုပြင်မှုများထဲတွင် ရပ်ရွာလူထုများမှ တတ်နိုင်သမျှ ပါဝင်ဆောင်ရွက်ပေးလျက်ရှိသည်။ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ် (ပင) ကျေးရွာရှိ မွန်အမျိုးသားအလယ်တန်းကျောင်းကို စင်ကာပူနိုင်ငံတွင် ရောက်ရှိနေသည့် မွန်အမျိုးသမီးတစ်ဦးဖြစ်သော ဝင်းဝါဝါထွန်းမှ မတည်၍ ဆောက်လုပ်လှူဒါန်း ပေးထားခြင်းဖြစ်သည်။ အဆိုပါ မွန်အမျိုးသားကျောင်းကို ဆောက်လုပ်ရာတွင် လှူဒါန်းသူအနေဖြင့် မြေအားဖြင့် ပါဝင်နိုင်ခြင်း မရှိသော်လည်း၊ ရှိပြီးသော မြေပေါ်တွင်[၁၂၀] ကျောင်းစာသင်ဆောင် (နှစ်ထပ်)ကို ဆောက်လုပ်လှူဒါန်းခြင်း ဖြစ်သည်။ မလေးရှား၊ ဩစတြေးလျ၊ ဖင်လန်ရှိ မွန်အသင်းများမှ လှူဒါန်းသည့် ငွေကြေးများကို စုစည်းကာ ဆောက်လုပ်သည်။ ၂၀၁၄ ခုနှစ် မတ်လတွင် အုတ်မြစ်ချ၍၊ မေလ (ဒုတိယအပတ်) တွင် အပြီးသတ် ဆောက်လုပ်ရန်လျာထားချက်အတိုင်း အပြီးဆောက်လုပ်ခဲ့သည်။ သံဖြူဇရပ်မြို့နယ်၊ မုဒုံမြို့နယ် နှင့် အခြားသော နယ်များမှ အယောက် (၃၀) ဦးရေခန့် ပါဝင်လှူဒါန်းပေးသည်။ လဝီမန်ဆောက်လုပ်ရေး ကုမ္ပဏီမှလည်း ဆောက်လုပ်ရေး အခကြေးငွေကို တစ်ပြားတစ်ချပ်မှ မယူဘဲ မေတ္တာစေတနာဖြင့် ဆောက်လုပ်ပေးပြန်သည်။

မတည်လှူဒါန်းငွေသည် ငွေ ၂၅,၀၀၀,၀၀၀ ကျပ်လောက်ဖြင့် စတင်ခဲ့ပြီး၊ ဝိုင်းဝန်းလှူဒါန်းငွေသည် (၁၃,၀၀၀,၀၀၀) ကျပ်ခန့်ရှိသည်။ ရပ်ရွာမှ ဝိုင်းဝန်းလှူဒါန်းမှုများလည်း ရှိသေးသည်။ ဆောက်လုပ်ရေး အဖိုးအခ (၁၅%) အပါအဝင် ကျောင်း၏ စုစုပေါင်း ကုန်ကျစရိတ်မှာ ကျပ်သိန်းပေါင်း (၅၀၀ နှင့် ၅၅၀) အကြားတွင် ရှိနိုင်သည်။ သို့သော်လည်း ဆောက်လုပ်ရေး အဖိုးအခ (၁၅%) တန်ဖိုးကို ပြန်လည်နှုတ်ယူလိုက်ပါက ဆောက်လုပ်ရေးကုန်ကျစရိတ်သည် ကျပ်ငွေသိန်း (၃၅၀) ကျော်ကျော်လေးဖြင့် ဆောက်လုပ်ပြီးစီးခြင်းဖြစ်သည်။ ပငကျေးရွာရှိ မွန်အမျိုးသား အလယ်တန်းကျောင်းကို ကျောင်းသား/သူများသာမက ဆရာ/မများ အပါအဝင်၊ MNEC ၏ စံပြကျောင်း တစ်ကျောင်းအနေဖြင့် ဖြစ်စေချင်သည်ဟု မတည်လှူဒါန်းသူမှ ပြောကြားသည်။ ပငကျေးရွာရှိ ရွာသူ/သားများနှင့် ကျောင်းအကျိုးတော်ဆောင်ကော်မတီများအနေဖြင့် တတ်နိုင်သည့် အဘက်ဘက်မှ ပူးပေါင်းပါဝင်ပေးခြင်းဖြစ်သည်ဟု ထည့်သွင်းပြောကြားသည်။

---

၁၂၀ အဆိုပါကျောင်းဆောက်ထားသည့် မြေနေရာသည် ဘုန်းတော်ကြီးပိုင်မြေဖြစ်နေသည်။

၁၂၁ ဝင်းဝါဝါထွန်း၊ ပင-မွန်အမျိုးသားအလယ်တန်းကျောင်း မတည်လှူဒါန်းသူ၊ အင်တာဗျူးသူ တိုင်းရင်းသားလူမျိုးများရေးရာစင်တာ သုတေသနအဖွဲ့၊ ချင်းမိုင်၊ ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၃ ရက်။






ပင - မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ (ပင) ကျေးရွာရှိ မွန်အမျိုးသား
အလယ်တန်းကျောင်းအား စင်ကာပူနိုင်ငံမှ ပုဂ္ဂလိက အလှူရှင်တစ်ဦးမှ
မတည်ထားသည့် ကျောင်း။
Photo by ENAC




လမိုင်း မွန်အမျိုးသားအလယ်တန်းကျောင်းအား တွေ့ရစဉ်။
*Photo by ENAC*



အန်ဒင်ကျေးရွာရှိ မွန်အမျိုးသားအထက်တန်းကျောင်းအား တွေ့ရစဉ်
*Photo by ENAC*

## ၈.၂.၁၀.မွန်အမျိုးသား ပညာရေးစနစ်၏ အားသာချက်နှင့် အားနည်းချက်များ

မွန်အမျိုးသားပညာရေးစနစ်၏ အားသာချက်များထဲ၌ မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံ ပညာရေးစနစ်ဖြစ်သည်။ အထူးသဖြင့် တိုင်းရင်းသား မွန်လူမျိုးများ၏ ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှုများသည် တစ်ခုတည်းတည်ရှိနေခြင်းက အားသာချက်ဖြစ်နေသည်။ ထို့အပြင် မူလတန်းအဆင့် ပညာရေး သင်ရိုးညွှန်းတမ်းတွင် မွန်အမျိုးသားသင်ရိုးညွှန်းတမ်း ရေးဆွဲရေးကော်မတီမှ ကိုယ်တိုင်ကိုယ်ကျပြုစုရေးဆွဲထားသည့် သင်ရိုးညွှန်းတမ်းဖတ်စာအုပ်များဖြင့် သင်ကြားပေးသည်။ အထူးသဖြင့် မွန်ဖတ်စာ၊ မွန်သမိုင်းမှာ အဓိက ဖြစ်နေသည်။ အဆိုပါဖတ်စာအုပ်များကို မူလတန်း (အထက်) အဆင့်၌သာမက အလယ်တန်းအထိတိုင်အောင် သင်ကြားပေးနိုင်သည်။ မွန်အမျိုးသားပညာရေးစနစ်သည် ပေါင်းကူးပညာရေးစနစ် ကျင့်သုံးထားသည်။ မွန်အမျိုးသားကျောင်းများမှ အစိုးရကျောင်းများသို့ ကူးပြောင်းရာတွင် အခက်အခဲမရှိစေဘဲ အပြန်အလှန်အားဖြင့် ပညာသင်ကြားနိုင်သည့် အခွင့်အလမ်းကိုလည်း အတူတကွ ဖော်ဆောင်ထားသည်။ ဤသည်မှာ မွန်အမျိုးသားကျောင်း ပညာရေးစနစ်၏ တမူထူးခြားချက် တစ်ရပ်ပင် ဖြစ်သည်။ မွန်အမျိုးသားကျောင်းများတည်ရှိသော နေရာဒေသများတွင် ရပ်ရွာရပ်မိရပ်ဖ၊ မိဘများအနေဖြင့် မိမိတို့၏ သား/သမီးများကို နှစ်သက်ရာကျောင်းများတွင် ပညာရေးကို လွတ်လပ်စွာ ရွေးချယ်တက်ရောက်နိုင်ခွင့်ရှိသည်။ အချို့သော ကျောင်းကော်မတီဝင်များသည် မွန်အမျိုးသားကျောင်းများ၌ သာမက အစိုးရကျောင်းများတွင် ပူးတွဲပါဝင်ကြသည်။ အကျိုးဆက်ရလဒ်အနေဖြင့် ကျောင်းသား/သူများကျောင်း ပြောင်းရွှေ့ရာ၌ အဆင်ပြေ ချောမွေ့စေသည်။ မိခင်ဘာသာ စကားအခြေပြု ပညာရေးစနစ်ကို မူလတန်းအဆင့်၌ ၈၀% အသုံးပြု သင်ကြားပေးရုံသာမက ဘာသာစကား (၂) မျိုး သင်ကြားသော (Bilingual Education) စနစ်ကိုလည်း အသုံးပြုသည်။ ရံဖန်ရံခါ အချိန်များတွင် ကျောင်းသား/သူများ၏ လိုအပ်ချက်အရ ဘာသာစကား (၃) မျိုး[၁၃၂] သင်ကြားသည့်နည်းစနစ်ကိုလည်း အသုံးပြုရသည်။ အစိုးရကျောင်းများ၏ လစာနှင့် အကျိုးခံစားခွင့် နှုန်းထားနှင့် နှိုင်းစာပါက နည်းပါးလှသော်လည်း မွန်အမျိုးသားကျောင်းများတွင် ပေးဆပ်ပါဝင်ပေးနေကြသည့် (Commitment and Scracifice) မွန်အမျိုးသားနှင့် မွန်အမျိုးသမီးများ၏ စိတ်ဓာတ်မှာ အမျိုးသားရေး အရင်းခံအသိစိတ်ဓာတ်ဖြင့်[၁၃၃] ပါဝင်နိုင်သည့် မျိုးချစ်စိတ်ဓာတ်မှာ အင်မတန်ပင် လေးစားစရာ ကောင်းလှသည်။ ဆရာ/ဆရာမများ အသုံးပြုသည့် သင်ကြားနည်းစနစ်တွင်လည်း ကလေးဗဟိုပြုနည်း စနစ်ကိုသာ အဓိကထား ဦးတည်သင်ကြားပေးသည်။ ၎င်းပညာရေးစနစ်သည် ကလေးများကို မိမိတို့ ကိုယ်ပိုင်စဉ်းစားဆင်ခြင်၊ သုံးသပ်ပေးနိုင်သည့် စနစ်ကိုလည်း အားပေးသည့် ကျောင်းများဖြစ်သည်။

Post-ten ကျောင်းဆင်းသည့် ကျောင်းသား/သူများကို မွန်အမျိုးသားပညာရေးကျောင်းများတွင် အလုပ်သင်အဖြစ် အနည်းဆုံး (၂) နှစ် တာဝန်ထမ်းဆောင်မှုပြုရာတွင် အထူးသဖြင့် အင်္ဂလိပ်စာဘာသာရပ် သင်ကြားပေးမှု အပိုင်းတွင် အစိုးရကျောင်းများထက် မွန်အမျိုးသားကျောင်း ကလေးများသည် သင်ယူလက်ခံမှု အပိုင်းတွင် များစွာ သိသာပိုမိုထင်ရှားသည်။ မွန်အမျိုးသားကျောင်းမှ ကျောင်းသား/သူများအနေဖြင့် အစိုးရကျောင်းမှ ဆရာ/ဆရာမများကို တွေ့ဆုံကြုံကြိုက်သည့် အချိန်အခါမျိုးတွင်လည်း ယဉ်ကျေးပျူငှာစွာ ဆက်ဆံတတ်စေရန် သင်ကြားပေးသည်။ ထို့ကြောင့် မွန်အမျိုးသားကျောင်းများမှ ကျောင်းသား/သူများကို ပညာသင်ပေးရာ၌ အတတ်ပညာတစ်ခုတည်းကိုသာ ဦးစားပေးသင်ကြားပေးသည်သာမက အသိပညာရပ်များကိုပါ တစုတပေါင်းတည်း သင်ကြားပေးလျက်ရှိသည်။ မွန်ရပ်ရွာလူထုမှလည်း ကျောင်းအကျိုးတော်ဆောင်ကော်မတီ အသီးသီးဖွဲ့စည်းထားသည့်အပြင် ဗုဒ္ဓဘာသာဝင် မွန်ဘုန်းတော်ကြီးများမှလည်း အားတက်သရောဖြင့် မွန်အမျိုးသားကျောင်းများ ရေရှည်တည်တံ့ရေးအတွက် ကျရာအခန်းကဏ္ဍအလိုက် တာဝန်များကို တတ်နိုင်သည့် ဘက်မှ ပါဝင်လှုပ်ရှားဆောင်ရွက်လျက်ရှိသည်။ ဤသည်မှာ မွန်အမျိုးသားပညာရေးစနစ်၏ မွန်လူမျိုးများအပေါ် ထားရှိသည့် စစ်မှန်သောစေတနာ၊ စိတ်ရင်းအမှန်များ၏ အကျိုးရလဒ်ပင်ဖြစ်သည်။

အားနည်းချက်များစွာ ရှိသည့်အနက်မှ မွန်အမျိုးသားပညာရေးစနစ်သည် နိုင်ငံတော်အစိုးရ၏ ပညာရေးဝန်ကြီးဌာနမှ မွန်အမျိုးသားကျောင်းများကို တရားဝင် အသိအမှတ်ပြုမခံရမှုကြောင့် စိန်ခေါ်ချက်ပေါင်းများစွာကို ရင်ဆိုင်နေလျက်ရှိသည်။ အစိုးရထံမှ ကူညီထောက်ပံ့မှုများ မရရှိခြင်းကြောင့် မွန်အမျိုးသား ပညာရေးကျောင်းများ စနစ်သည် ပြည်တွင်း/ပြည်ပနှင့် အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့အစည်းများအပေါ်တွင် များစွာမှီခိုနေရသည်။ ယင်းအချက်သည် မွန်အမျိုးသားကျောင်းများ ဆက်လက်ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် ကြီးမားသော စိန်ခေါ်ချက်တစ်ရပ်ဖြစ်နေသည်။ တခါတရံအချိန်မျိုး၌ ဆရာ/ဆရာမများ၏ လစာကို အချိန်မီပေးနိုင်မှု မရှိခြင်း၊ အစိုးရကျောင်း

၁၃၂ ဘာသာစကား(၃)မျိုးသည် (မွန်) မိခင်ဘာသာစကား၊ ဗမာဘာသာစကားနှင့် အင်္ဂလိပ်ဘာသာစကားများကို ဆိုလိုသည်။
၁၃၃ အမျိုးသားရေး အရင်းခံစိတ်ဓာတ်မှာ မိမိတို့ မွန်တစ်မျိုးသားလုံးကို ဆိုလိုသည်။

များ၌ ဆရာ/ဆရာမရရှိနေသည့် လစာထက် နည်းပါးနေခြင်း၊ အခြေခံအဆောက်အဦးများနှင့်[၁၃၄] ကျောင်းသုံးသင်ထောက်ကူပစ္စည်းများကို အလုံအလောက် မရနိုင်ခြင်းစသည့် အချက်များသာမက ဝန်ထမ်းလစာသည်လည်း တစ်နှစ်ပတ်လုံး အပြည့်အဝ ပေးချေနိုင်မှုမရှိဘဲ၊ ပညာသင်နှစ်တစ်နှစ်ကာလတွင် (၉) လကိုသာ ပေးနိုင်သည်။ အစိုးရဝန်ထမ်းများ၏ လစာနှင့် နှိုင်းယှဉ်ပါက လစာနည်းပါးသည့်အတွက်ကြောင့် ရေရှည်၌ ဝန်ထမ်းမတည်ငြိမ်မှုများ ကြုံတွေ့နေရသည်။



ကမာဝက် မူလတန်းလွန်ကျောင်း၏ စာသင်ကြားနေမှု
*Photo by ENAC*

၁၃၄ အခြေခံအဆောက်အအုံများတွင် ကျောင်းအဆောက်အဦးများ၊ သန့်ရှင်းသော ရေလုံအိမ်သာများနှင့် သောက်သုံးရေများ စသည့် အရာများပါဝင်သည်။



# နိဂုံး

မွန်အမျိုးသား ပညာရေးစနစ်မှ လူမျိုးတစ်မျိုး၏ အမျိုးသား လက္ခဏာရပ်ကို ၎င်းလူမျိုး၏ စာပေမှ မည်ကဲ့သို့ ထိန်းသိမ်းထားနိုင်ကြောင်း၊ လက်ရှိ မြန်မာနိုင်ငံ၏ ပညာရေးစနစ်ကျင့်သုံးမှုဖြစ်စဉ်တွင် မွန်အမျိုးသား ပညာရေးစနစ်သည်သာ ကောင်းမွန်သော သက်သေသာဓကပင် ဖြစ်သည်။ မွန်အမျိုးသားပညာရေးစနစ်သည် ရပ်ရွာလူထုကို အခြေပြုတည်ဆောက်ပုံဖော်ထားသည့် ပညာရေးစနစ်ဖြစ်သည်နှင့်အညီ မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံပညာရေးစနစ်ဖြင့် သင်ကြားပေးနေသော အမျိုးသားကျောင်းတစ်ရပ် ဖြစ်သည်။ မူလတန်းအဆင့်၌ မိခင်ဘာသာစကား အခြေပြု ပညာရေးစနစ်ဖြင့် ၈၀% သင်ကြားပေးပြီး၊ အလယ်တန်းအဆင့်တွင် မိခင်ဘာသာစကားကို တဖြည်းဖြည်းချင်း လျှော့ချကာ နိုင်ငံသုံးဗမာဘာသာစကားကို အသုံးပြုလာသည်။ မွန်အမျိုးသား ပညာရေးစနစ်တွင် အစိုးရသင်ရိုးညွှန်းတမ်းကိုသာ အသုံးပြုသင်ကြားပေးသည်သာမကပဲ မွန်အမျိုးသား ပညာရေးကော်မတီမှ ရေးသားပြုစုထားသည့် မွန်သမိုင်းနှင့် မွန်ဖတ်စာကို ဘာသာရပ်အနေဖြင့် သင်ကြားပေးသည်။ အဆိုပါဘာသာရပ် (၂) ခုသည် စာမေးပွဲဖြေဆိုခြင်း ပြုလုပ်ရခြင်းကြောင့် အောင်မြင်ခြင်း (သို့မဟုတ်) ကျရှုံးမှုလည်းရှိသည်။ ယင်းသို့ ပြုလုပ်ခြင်းဖြင့် မိမိတို့၏ စာပေ၊ ယဉ်ကျေးမှုများကို ထိန်းသိမ်းကာကွယ်ရာရောက်သကဲ့သို့ သာမက ထမ်မံမြှင့်တင်နေသကဲ့သို ဖြစ်နေသည်။ အထက်တန်းအဆင့်၌ အစိုးရသင်ရိုးညွှန်းတမ်းဖြင့် အလုံးစုံ သင်ကြားပေးနေသည်။ မွန်အမျိုးသား ပညာရေးစနစ်သည် ယူနက်စကိုမှ သတ်မှတ်ဖော်ပြထားသည့် စံချိန်စံညွှန်းအတိုင်း မိခင်ဘာသာစကား အခြေပြု ဘာသာစကားစုံပညာရေးစနစ် သင်ကြားပေးသည့် နည်းစနစ်ကို အသုံးပြုသင်ကြားပေး လျက်ရှိနေကြောင်း လေ့လာတွေ့ရှိသည်။

မွန်အမျိုးသားကျောင်း ကျောင်းသား/သူများမှ
မွန်အမျိုးသားအလံကို အလေးပြုနေခြင်း
*Photo by ENAC*




မွန်ပြည်နယ်၊ ရေးမြို့၌ မွန်အမျိုးသားအလယ်ကျောင်းဝင်ပေါက်ရှေ့၌ ကျောင်းသားများတွေ့ရစဉ်
Photo by ENAC

# အခန်း (၉)

# စဉ်းစားချက်များ

လက်ရှိမြန်မာနိုင်ငံပညာရေးစနစ်၌ မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံ ပညာရေးစနစ် ကျင့်သုံးရန်မှာ မဖြစ်နိုင်သေးကြောင်း ပြောဆိုမှုများရှိသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံသည် မတူကွဲပြားသော တိုင်းရင်းသားလူမျိုးပေါင်းစုံ (သို့မဟုတ်) ဘာသာစကားပေါင်းစုံဖြင့် ရှိနေသည့်အတွက်ဟူသော အကြောင်းပြချက်ဖြင့် ခုခံပြောဆိုမှုများ ရှိနေသည်။ ENAC မှ မွန်ပြည်နယ်အစိုးရ ပညာရေးဌာန တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းချိန်တွင် အဆိုပါ MTB-MLE စနစ်အား (မူ) အရ လက်ခံပေးနိုင်သော်လည်း၊ လက်တွေ့ဖော်ဆောင်ရာတွင် ခက်ခဲကြောင်း ပြောဆိုသည်။ သို့ရာတွင် NNER၊ ဒေါက်တာသိန်းလွင် ပြောပြချက်များအရ လက်ရှိမြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးဘာသာစကားပေါင်းစုံ ရှိနေသော်လည်း၊ လက်တွေ့အကောင်အထည်ဖော်မှုအပိုင်း၌ "လက်တွေ့ အကောင်အထည်ဖော်နေတာကနေ လက်တွေ့ ပြဿနာ ဘယ်လိုရှင်းမလဲဆိုတာ နည်းလမ်းတွေ ရသွားတယ်။ ဘာသာစကား (၁၃၅) မျိုးက (၁၃၅) မျိုးစလုံး သင်ဖို့မှ မလိုတာ။ အဓိကအကြံပေးတာက ကလေးရဲ့ မိခင်ဘာသာစကား အထူးသဖြင့် ကလေးကျွမ်းကျင်တဲ့ စကားပေ့ါ။ သူကျောင်းနေတဲ့အခါမှာ သူကျွမ်းကျင်တဲ့ စကားနဲ့ သင်ဖို့ အဓိက အဲဒီအချက်ပဲ"[၁၃၅] ဟု ထောက်ခံပြောဆိုသည်။

ENAC သုတေသနရှာဖွေ တွေ့ရှိချက်များအရ၊ တိုင်းရင်းသားလူမျိုးများဖြင့် ဖွဲ့စည်းထားသော မြန်မာနိုင်ငံတွင် MTB-MLE စနစ်ကို လက်တွေ့ကျင့်သုံးနိုင်သည်။ ဥပမာအားဖြင့် Papua New Ginea နိုင်ငံသည် ဘာသာစကား အမျိုးအစားပေါင်း (၈၀၀) ကျော် ရှိနေသော်လည်း၊ ၁၉၉၅ ခုနှစ် အချိန်မှစတင်၍ လက်ရှိအချိန်ရှိတိုင်အောင် အစိုးရမှ MTB-MLE စနစ်ကို လက်တွေ့ကျင့်သုံးနေသည်။ ယင်းအပြင် စာပေ မဖွံ့ဖြိုးသေးသော လူမျိုးနွယ်စုများကိုလည်း စာပေဖွံ့ဖြိုးလာစေရန် နိုင်ငံတကာ ဘာသာစကားဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းကာ လုပ်ဆောင်နေသည်။

မြန်မာနိုင်ငံရှိ တိုင်းရင်းသားပြည်နယ်ဒေသများတွင် (MNEC) မွန်အမျိုးသား ပညာရေးကျောင်းများ၊ ကချင်ပြည်နယ် (KIO) မှ ဖွင့်လှစ်သော အမျိုးသားကျောင်းများ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ရှိ RCSS မှ ဖွင့်လှစ်ထားသော ရှမ်းအမျိုးသားကျောင်းများ၊ KED မှ ဖွင့်လှစ်ထားသော ကရင်အမျိုးသားကျောင်းများနှင့် KnED မှ ဖွင့်လှစ်ထားသော ကရင်နီအမျိုးသားကျောင်းများမှာ MTB-MLE စနစ်ကို လက်တွေ့ကျင့်သုံးနေသည်။ အဆိုပါစနစ်သည် တစ်နိုင်ငံလုံး အတိုင်းအတာ ရေတိုအားဖြင့် လက်တွေ့အကောင်အထည်ဖော်ရန် မလွယ်ကူသော်လည်း၊ ရေရှည်စီမံကိန်းဖြင့် ဖော်ဆောင်ပါက ဖြစ်နိုင်သည်။ ထို့ကြောင့် ENAC အနေဖြင့် MTB-MLE စနစ်ကို လက်တွေ့ကျင့်သုံးရန် နည်း (၃) နည်းဖြင့် တင်ပြထားသည်။ အဆိုပါ နည်းများသည် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျင့်သုံးရန်မှာ မလွယ်ကူသော်လည်း၊ နေရာဒေသအလိုက် မူတည်၍ ကျင့်သုံးနိုင်ပါသည်။

၁၃၅ ဒေါက်တာသိန်းလွင်၊ Thinking Class Rooms၊ တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (သုတေသနအဖွဲ့)၊ ချင်းမိုင်၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်။

## ၄.၁. ပြည်နယ်အခြေခံသောနည်း

ဘာသာစကား (၁) မျိုးတည်း ပြောဆိုကျင့်သုံးသော တိုင်းရင်းသားပြည်နယ်များ၌ မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံပညာရေးစနစ်ကို ကျင့်သုံးနိုင်သည်။ ဥပမာအားဖြင့် မွန်ပြည်နယ်တွင် တွင်ကျယ်စွာ လက်တွေ့ကျင့်သုံးနိုင်သည်။ အဘယ်ကြောင့်ဆိုသော် မွန်လူမျိုးတို့၏ ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှု စသည်တို့သည် တူညီနေသည့်အတွက်ကြောင့်ပင် ဖြစ်သည်။ ထို့အပြင် မွန်ပြည်သစ်ပါတီမှ ဖွင့်လှစ်ထားသော မွန်အမျိုးသားကျောင်း ပညာရေးစနစ်သည် မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံပညာရေးစနစ်ကို နည်းစနစ်ကျကျ လက်တွေ့အကောင်အထည်ဖော် ကျင့်သုံးလျက်ရှိသည်။ ခြွင်းချက်အနေဖြင့်၊ NNER ဥက္ကဋ္ဌဖြစ်သော ဒေါက်တာသိန်းလွင် ပြောပြချက်များအရ ကချင်ပြည်နယ်၌ အဆိုပါစနစ်ကို ကျင့်သုံးနိုင်ကြောင်း ပြောဆိုသည်။ အများအားဖြင့် ကချင်လူမျိုးများ၏ ဂျိမ်းဖော ဘာသာစကားသည် အဓိကဘာသာစကားအဖြစ် လက်ခံထားသည့်အတွက် ကျင့်သုံးရန်မှာလည်း လွယ်ကူခြင်းနှင့် အသင့်ဖြစ်နေသော အခြေအနေ၌ ရှိနေသည်။

နိုင်ငံတကာဖြစ်ရပ် လေ့လာတွေ့ရှိချက်များမှ အိန္ဒိယနှင့် ဆွစ်ဇာလန်နိုင်ငံများသည် ပြည်နယ်အခြေခံသော နည်းအား ကျင့်သုံးလျက်ရှိသည်။ ဥပမာအားဖြင့် အိန္ဒိယနိုင်ငံသည် ဘာသာစကား (၃) မျိုးပုံစံ လက်တွေ့ကျင့်သုံးနေသည်။ ထို့ကြောင့် ပထမ (ဒေသသုံး) ဘာသာစကားသည် ၎င်းပြည်နယ်၏ တရားဝင်ဘာသာစကား ဖြစ်လာခြင်း၊ ဒုတိယ ဘာသာစကား (ဟိန္ဒူ) နှင့် တတိယဘာသာစကား (အင်္ဂလိပ်) ပြည်နယ်၏ တရားဝင် ရုံးသုံးဘာသာစကား အဖြစ် လက်ခံကျင့်သုံးလျက်ရှိသည်။ အဆိုပါနည်း ကျင့်သုံးရန်အတွက် မည်သည့် ဘာသာစကားအား ပြည်နယ်၏ တရားဝင် ဘာသာစကားအဖြစ် ဆုံးဖြတ်သတ်မှတ်ရန် လိုအပ်သည်။ ယင်းသို့ သတ်မှတ်ရာ၌ ပြည်ထောင်စု အစိုးရမှ ဝင်ရောက်စွက်ဖက်ခြင်း မပြုရန်မှာ အရေးကြီးသည်။ ထို့နောက် သတ်မှတ်ချက်များအရ၊ ပြည်နယ်၏ တရားဝင် ရုံးသုံးဘာသာစကားမှာ သင်ကြားရေးမဏ္ဍိုင်ဘာသာစကား (Medium of Instruction) ဖြစ်လာမည်။

## ၄.၂. လူမျိုးအခြေခံသောနည်း

လူမျိုးအခြေခံသော မိခင်ဘာသာစကား အခြေပြုဘာသာစကားစုံပညာရေးစနစ်သည် ရိုးရှင်းသောနည်းဖြစ်သည်။ မွန်ပြည်နယ်ရှိ မွန်အမျိုးသားကျောင်း ပညာရေးစနစ်သည် ဥပမာကောင်းတစ်ရပ်သာမက အတန်းပညာအဆင့်များ အလိုက် ဘာသာစကား (၃) မျိုး အသုံးပြု သင်ကြားနေခြင်း ဖြစ်သည်။ မွန်အမျိုးသား ပညာရေးစနစ်သည် ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှု စသည်တို့သည် တစ်ခုတည်းဖြစ်သည်နှင့်အညီ မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံ ပညာရေးစနစ်ကို လက်တွေ့ကျင့်သုံး အကောင်အထည်ဖော်ဆောင်ရာတွင် လွယ်ကူစေသည်။ လူမျိုးအလိုက် အခြေခံသော နည်းသည် တိုင်းရင်းသားလူမျိုး တစ်ခုချင်းစီ အလိုက် လက်တွေ့ အကောင်အထည်ဖော်ဆောင်ပါက အကျိုးအမြတ်များစွာ ရရှိခံစားစေမည်ဖြစ်သည်။ သို့ရာတွင်၊ တိုင်းရင်းသားလူမျိုးများ ရောနှောနေထိုင်သည့် ဧရိယာများ၌ အဆိုပါစနစ်ကို ကျင့်သုံးရန် စိန်ခေါ်ချက်အနည်းအများ ရှိနေနိုင်သည်။ ကချင်ပြည်နယ်၏ ကဲ့သို့ပင် အခြားသော ပြည်နယ်များ၏ သင်ကြားရေးဆိုင်ရာမဏ္ဍိုင်ဘာသာစကား (Medium of Instruction) သတ်မှတ်ခြင်းနှင့် လက်တွေ့အသုံးပြုခြင်းများကို ပြည်ထောင်စု (ဗဟို) အစိုးရမှ သတ်မှတ်ပေးခြင်းထက် ပြည်နယ်အတွင်းရှိ သက်ဆိုင်ရာ လူမျိုးများမှ ဆုံးဖြတ်ပိုင်ခွင့် ရရှိရန်ဖြစ်သည်။

ဘာသာစကား (၁) မျိုးထက်ပြောဆိုသော ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ဘာသာစကား (၃) မျိုး ပြောဆို သင်ကြားသည့် နည်းလမ်းကို အသုံးပြုရန်ဖြစ်သည်။ ဥပမာအားဖြင့် မွန်ပြည်နယ်၌ မွန်၊ ကရင်နှင့် ပအိုဝ်းလူမျိုးများ အတူယှဉ်တွဲ နေထိုင်ကြသည့်အလျောက်၊ အဆိုပါ လူမျိုးများအတွက် ကျောင်းများကို သီးသန့်အနေဖြင့် ပြင်ဆင်ထားပေးခြင်း (သို့မဟုတ်) စာသင်ခန်း နေရာချထားခြင်း (Class Setting) စသည်တို့ဖြင့် ဆောင်ရွက်နိုင်သည်။ ၎င်းဒေသများ၌ သင်ကြားပေးမည့် ဆရာ/ဆရာမများ အနိမ့်ဆုံးအနေဖြင့် ဘာသာစကား (၂) မျိုး တတ်ကျွမ်းရန် လိုအပ်သည့်အတွက် အင်မတန်ပင် အရေးကြီးသည်။

## ၉.၃. ကျောင်းအခြေခံသောနည်း

ကျောင်းအခြေခံသောနည်းသည် တစ်နိုင်ငံလုံး အတိုင်း အတာဖြင့် လက်တွေ့ဆောင်ရွက်နိုင်သည်။ အမေရိကန် ပြည်ထောင်စု၏ နယူးမက္ကဆီကိုပြည်နယ် ပညာရေးပုံစံသည် ကျောင်းကို အခြေခံသော နည်းဖြစ်သည်။ ကျောင်း ကော်မတီဝင်များမှ သင်ကြားရေးမဏ္ဍိုင်ဘာသာစကား (Medium of Instruction) ကို အရောင်အလိုက် ခွဲခြား သတ်မှတ်ထားသည်။ ယင်းအပြင် ကျောင်းကော်မတီဝင်များမှ လည်း ကျောင်းသား/သူများကို ကျောင်းဝင်ခွင့်လက်ခံရာ၌ မိဘများအနေဖြင့် မိမိတို့နှစ်သက်ရာ ဘာသာစကား၊ စာပေဖြင့် သင်ကြားနိုင်ရန်အတွက် ရွေးချယ်ခွင့်ပေးထားရန် လိုအပ်ပေသည်။ တိုင်းရင်းသားလူမျိုးများ ရောနှောနေထိုင် သည့် ဧရိယာများတွင် လက်တွေ့ကျင့်သုံးရန်မှာ စိန်ခေါ်ချက် များစွာရှိနေမည်ဖြစ်သည်။ ကျောင်းကို အခြေခံသောနည်း ကျင့်သုံးရာတွင် မတူညီကွဲပြားသော တိုင်းရင်းသားအဖွဲ့များ ၏ တောင်းဆိုချက်များကြောင့် လိုက်လျောညီထွေမှု ဖြစ်စေ ရန်အတွက် ကုန်ကျစရိတ်မှာ ကြီးမားနေမည်ဖြစ်သည်။

## ၉.၄. ခြုံငုံသုံးသပ်ခြင်း

အထက်ဖော်ပြပါ စဉ်းစားချက် နည်းများသည် နိုင်ငံတစ်ခုလုံး အပေါ်တွင် လွှမ်းခြုံနိုင်သော နည်းများ မဟုတ်သော်လည်း၊ နိုင်ငံအတွင်းရှိ ဒေသများ၏ ရေခံမြေခံ အနေအထားအပေါ် တွင် မူတည်၍ အသုံးပြုနိုင်သည်။ အကယ်၍ ပြည်နယ် အခြေခံသောနည်းကို ကျင့်သုံးလျှင်၊ လူအများစု ပြောဆို သည့် ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှုများသည် တိုင်းရင်းသားပြည်နယ်များ၏ တရားဝင် ရုံးသုံးဘာသာစကား ဖြစ်လာခြင်းနှင့် ပြည်နယ် အမျိုးသားလက္ခဏာပုံဖော်ရာတွင် များစွာ ပိုမို အထောက်အကူပြုပေးနိုင်မည် ဖြစ်သည်။ စိန်ခေါ်ချက်အနေဖြင့် ပြည်နယ်အတွင်း နေထိုင်သည့် အခြားသော တိုင်းရင်းသားများသည် ၎င်းတို့၏ မိခင်ဘာသာ စကား၊ စာပေဖြင့် သင်ကြားခွင့် ဆုံးရှုံးနိုင်သည်။ နိုင်ငံတကာ လေ့လာချက်များအရ အိန္ဒိယနှင့် ဆွစ်ဇာလန်နိုင်ငံများ၏ ကျင့်သုံးသော ပုံစံနည်းလမ်း (Models) များသည် ပြည်နယ် အခြေခံသော နည်းဖြစ်သည်။

လူမျိုးနှင့်ကျောင်း အခြေခံသော မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံပညာရေးစနစ်ကို ကျင့်သုံးရာ၌ ဒေသခံ ပြည်သူများ၏ အများဆန္ဒ သဘောထားများကို စစ်တမ်း ကောက်ယူ၍ သင်ကြားရေးမဏ္ဍိုင်ဘာသာစကား (Medium of Instruction) ဆုံးဖြတ်နိုင်သည်။ အထူးသဖြင့်၊ အဆိုပါ ပုံစံသည် တိုင်းရင်းသားလူမျိုးများ အစဉ်အမြဲ နေထိုင်လာ သော နယ်မြေဒေသများ၌ လက်တွေ့ကျင့်သုံးနိုင်သည်။ ဥပမာ - မွန်လူမျိုးများ နေထိုင်သော ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးများ၌ လူမျိုးနှင့် ကျောင်းအခြေခံသောနည်းကို လက်တွေ့ ကျင့်သုံး နိုင်သည်။ လူမျိုးအခြေခံသောနည်း ဖော်ဆောင်ရာတွင် တိုင်းရင်းသားလူမျိုးများ ရောနှောနေပါက ကျောင်းအခြေခံ သောနည်းဖြင့် အသုံးပြုနိုင်သည်။ ကျောင်းအခြေခံသော နည်း၌ သင်ကြားရေးမဏ္ဍိုင်ဘာသာစကား (Medium of Instruction) သတ်မှတ်ရာတွင် ကျောင်းကော်မတီများမှ သတ်မှတ်ချက် ပြုလုပ်နိုင်သည်။ ထို့အပြင် ကျောင်းသား/ သူများကို သင်ကြားရေးမဏ္ဍိုင်ဘာသာစကား (Medium of Instruction) ကို ရွေးချယ်ခွင့် ပေးထားရန်ဖြစ်သည်။

ထို့ကြောင့် ကလေးသူငယ်များအနေဖြင့် အနိမ့်ဆုံး မူလတန်း အဆင့်မှ စတင်၍ ၎င်းတို့၏ မိခင်ဘာသာစကားဖြင့် သင်ကြားလျှင် ဘာသာစကားတစ်ခုမှ တစ်ခုသို့ ကူးပြောင်းမှု ဖြစ်စဉ်အပေါ် အထောက်အကူဖြစ်စေသည့်အတွက် နိုင်ငံ သုံးဘာသာစကား (National language) နားလည် တတ် မြောက်မှုကိုလည်း အထောက်အကူဖြစ်စေသည်။ ယင်းအပြင် ကိုယ်ပိုင်စဉ်းစား၊ ဆင်ခြင်သုံးသပ်နိုင်စွမ်းအား အထောက် အကူဖြစ်စေရုံသာမက ပိုမိုတိုးတက်စေသည်။ MTB-MLE စနစ်ကြောင့် ကျောင်းနေအရွယ် ကလေးသူငယ် များ၏ ကျောင်းတက်ရာခိုင်နှုန်း သိသာမြင့်တက်လာခြင်းအပြင် ကျား-မရေးရာ တန်းတူမညီမျှမှု ကွာဟချက် လျော့နည်းစေ မည်ဖြစ်သည်။ ထို့အပြင် မိဘများကိုယ်တိုင် ပညာရေး အခန်း ကဏ္ဍအပေါ် စိတ်ဝင်စားမှု ပိုမိုရှိလာခြင်း၊ MTB-MLE စနစ်အပေါ် ယုံကြည်မှု ပိုမိုခိုင်မာလာမှုကြောင့် သား/သမီး များကို ပညာရေး ပိုမိုအားပေးလာစေခြင်း စသောအချက် များက အကျိုးရလဒ် ဖော်ဆောင်စေသည်။ အမျိုးသမီး များ ပါဝင်မှု အခန်းကဏ္ဍ ကျယ်ပြန့်လာမှုကြောင့် ကိုယ်ပိုင် စဉ်းစားနိုင်စွမ်း မြင့်မားလာမည့်အပြင်၊ ဆုံးဖြတ်ချက်ပြုသူ များ (Decision Makers)၊ လူမှုပတ်ဝန်းကျင် အသိုင်းအဝိုင်း မှ အမျိုးသမီးများအပေါ် ရှုမြင်ထားသော အမြင်များ ပြောင်း လဲလာခြင်းစသော အကျိုးအမြတ်များကိုဖြစ်ထွန်းစေသည်။ အထက်ပါ တင်ပြချက် နိုင်ငံတကာဥပဒေများ အခန်းတွင် လည်း ဘာသာစကားဆိုင်ရာ အခွင့်အရေး နိုင်ငံတကာ ဥပဒေများ (သို့မဟုတ်) ပဋိညာဉ်များမှ ပညာသင်ကြားရာ တွင် လူသားတိုင်း၏ အခြေခံလူ့အခွင့်အရေး တစ်ရပ်ဖြစ် သည်။



ဒေါက်တာ ပညာမွန် (ENAC ဒု-အမှုဆောင် ဒါရိုက်တာ) မှ ကျောင်းသား ကျောင်းသူများကို တွေ့ဆုံအားပေးနေပုံ
*Photo by ENAC*

# အခန်း (၁၀)

# မူဝါဒပိုင်းဆိုင်ရာ ဆွေးနွေးချက်များ

ပညာရေးအခန်းကဏ္ဍသည် သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ လက်အောက်၌သာ ထားရှိခြင်း တနည်းအားဖြင့် အာဏာခွဲဝေကျင့်သုံးသည့်စနစ် (Division of Power) ထားရှိရန်ဖြစ်သည်။ သို့မှသာ ပြည်နယ်အတွင်းရှိ ပညာရေးဆိုင်ရာ လိုအပ်ချက်များကို ပိုမိုသိရှိနိုင်မည်ဖြစ်သည်။ ပြည်နယ်အစိုးရ (အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့်)နှင့် ပြည်နယ်လွှတ်တော်လက်ထဲ၌ ဥပဒေပြုရေး စသောလုပ်ပိုင်ခွင့်များ ထားရှိခြင်းအားဖြင့် ပိုမိုထိရောက်သော ပညာရေးစနစ်ကို လုပ်ဆောင်နိုင်မည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တိုင်းရင်းသားပြည်နယ်များနှင့် တိုင်းဒေသကြီးများရှိ မြေပြင်ပညာရေးအခြေအနေကို ပြည်ထောင်စု ပညာရေးဝန်ကြီးဌာနထက် ပိုမိုသိရှိနေသည့်အတွက်ကြောင့်ပင် ဖြစ်သည်။

ထို့အပြင် ဒေသန္တရအစိုးရအဖွဲ့လက်ထဲသို့ စီမံအုပ်ချုပ်ခန့်ခွဲပိုင်ခွင့် ပေးထားရန်မှာ ပိုမိုလိုအပ်ပေသည်။ ပြည်ထောင်စု (ဗဟို) အစိုးရမှ လိုအပ်သော နည်းပညာပိုင်းဆိုင်ရာ အထောက်အကူများကို ကူညီပံ့ပိုးပေးရန်သာ ဖြစ်သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ လွှတ်တော်များသည် ပညာရေးနှင့် သက်ဆိုင်သော မူဝါဒများကို ချမှတ်ပိုင်ခွင့် အခွင့်အာဏာရှိစေရန်မှာ အရေးကြီးသည်။ ထို့ကြောင့် ပြည်နယ်အစိုးရသာ တိုင်းရင်းသားပြည်သူလူထု၏ လိုလားချက်နှင့် ကိုက်ညီနိုင်သော MTB-MLE ပညာရေးစနစ်ကို ဖော်ဆောင်ပေးနိုင်သည့် အတွက်ကြောင့်ပင်ဖြစ်သည်။

တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှုများကို ထိန်းသိမ်းခြင်းနှင့် မြှင့်တင်ပေးနေသကဲ့သို့ ဖြစ်နေမည်။ ထို့ကြောင့်ပင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ တိုင်းရင်းသား အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ တိုင်းရင်းသား နိုင်ငံရေးပါတီများနှင့် ENAC ပညာရေးမူဝါဒအကြံပြုချက်များတွင် အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရာတွင် အခြေခံသင့်သော ကဏ္ဍအလိုက်မူဝါဒ အကြံပြုချက်များ (မူကြမ်းများ) ၌ မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံပညာရေးစနစ်မှာ တစ်ခု အပါအဝင်ဖြစ်သည်။ EAOs များမှ ဖွင့်လှစ်သော အမျိုးသားကျောင်းများနှင့် နိုင်ငံတော်အစိုးရကျောင်းများအကြား ပေါင်းကူးပညာရေးစနစ် ကျင့်သုံးခြင်း၌ အဆိုပါ ပညာရေးစနစ်သည် လွယ်ကူအဆင်ပြေ ချောမွေ့စေသည်။ တဆက်တည်း၌ လက်ရှိမြန်မာနိုင်ငံ၏ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှ အစဉ်တစိုက်အားထုတ်ကြိုးပမ်းနေသော အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ရင်ကြားစေ့ရေး (ငြိမ်းချမ်းရေး) ဖြစ်စဉ် တည်ဆောက်ရာတွင် ကောင်းမွန်သော အကျိုးရလဒ်များစွာ အထောက်အကူဖြစ်စေသည်။

အခန်း (၁၁)

# MTB-MLE စနစ်ကို အခြေခံသင့်သော မူဝါဒ အကြံပြုချက်များ

သင်ကြားရေးဆိုင်ရာမဏ္ဍိုင် ဘာသာစကား (Medium of Instruction) တိုင်းရင်းသားလူမျိုးများ၏

၁။ မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံပညာရေးစနစ် လက်တွေ့ကျင့်သုံးရန် အဆင်သင့်ဖြစ်နေသော တိုင်းရင်းသားလူမျိုးများ ပြည်နယ်ဒေသများနှင့် လူနည်းစုများ နေထိုင်သော တိုင်းဒေသကြီးများတွင် လက်တွေ့ကျင့်သုံးခွင့်ပြုရန်။

၂။ မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံပညာရေးစနစ် အဆင်သင့် မဖြစ်သေးသော တိုင်းရင်းသားလူမျိုးများကို ပြည်ထောင်စုအစိုးရနှင့် သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး အစိုးရ အသီးသီးမှ ပံ့ပိုးကူညီအားပေးရန်။

၃။ လက်ရှိတိုင်းရင်းသားများမှ MTB-MLE စနစ်ဖြင့် ဖွင့်လှစ်ထားသော အမျိုးသားကျောင်းများကို နိုင်ငံတော်မှ အသိအမှတ်ပြုပေးရန်နှင့် ကူညီပံ့ပိုးရန် စသည့်အချက်များပင်ဖြစ်သည်။

၄။ MTB-MLE စနစ်ကို ပံ့ပိုးကူညီရန် ဖက်ဒရယ်အစိုးရ (သို့မဟုတ်) ပြည်နယ်အစိုးရသည် မိခင်ဘာသာစကားအခြေပြု (MTB) သီးသန့်ဌာနတစ်ခုကို ဖွဲ့စည်းပေးသင့်သည်။ အဆိုပါဌာနသည် သင်ရိုးညွှန်းတမ်းအဆင့် မြှင့်တင်ခြင်း၊ ဆရာ/ဆရာမ သင်တန်းပေးခြင်းနှင့် ဘာသာစကားဆိုင်ရာ သင်တန်းပေးခြင်း အပါအဝင် MTB အစီအစဉ်များ လည်ပတ်နိုင်စေရန် စီစဉ်ပေးရန်ဖြစ်သည်။ ဥပမာ - အမေရိကန်နိုင်ငံ၊ နယူးမက္ကဆီကိုပြည်နယ်၏ BMEPs ကဲ့သို့ပင် ဖြစ်သည်။

## ၁၁.၁. MTB-MLE စနစ်ကို အောင်မြင်စေနိုင်သော ကိရိယာတန်ဆာပလာများ

၁။ မိခင်ဘာသာစကား၏ အကျိုးအမြတ်များကို ပညာရေးအခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေသူများ (Stakeholders) အား အသိပညာပေးရေး လုပ်ငန်းများ ဆောင်ရွက်ရန်။

၂။ ရပ်ရွာဒေသနှင့် မိဘများ၏ ကူညီပံ့ပိုးမှုများ။

၃။ အစိုးရ၏ ကူညီပံ့ပိုးမှုများ။

၄။ အလှူရှင်များ၏ ကူညီပံ့ပိုးမှုများ။

၅။ ဒေသခံများမှ ဖွဲ့စည်းထားသော ယဉ်ကျေးမှုနှင့် ဘာသာစကား အသင်းအဖွဲ့များ၏ အားပေးကူညီပံ့ပိုးမှုများ။

၆။ ဒေသခံဘာသာစကားနှင့် နိုင်ငံသုံးဘာသာစကား နှစ်ခုအကြားကောင်းမွန်သည့် ပေါင်ကူးတံတားစနစ် လိုအပ်ခြင်း၊ ထို့ကြောင့် ကျောင်းသား/သူများကို နိုင်ငံသုံး ဘာသာစကားဆိုင်ရာ ကျွမ်းကျင်မှုများနှင့် အသိပညာဗဟုသုတများကို စိတ်အား ထက်သန်အောင် ကောင်းမွန်စွာ ယှဉ်ပြိုင်စေခြင်း။ ဥပမာ - မွန်အမျိုးသားကျောင်း ပညာရေး၏မိခင်ဘာသာစကားအခြေပြုပညာရေးစနစ်သည် ဒေသသုံးဘာသာ စကား (မွန်) နှင့် နိုင်ငံသုံး ဘာသာစကား (မြန်မာ) အကြား ကောင်းမွန်သော ပေါင်းကူးတံတား ပညာရေးစနစ်ဖြစ်သည်။

၇။ စမ်းသပ်စီမံကိန်း (pilot project) ဖြင့် စတင်ရန်နှင့် အဆိုပါစီမံကိန်းကို အဆောတလျင် မပြုလုပ်မိစေဘဲ၊ လက်တွေ့အကောင်အထည်ဖော်ဆောင်ရာ တွင် ဖြည်းဖြည်းမှန်မှန်နှင့် ထိထိရောက်ရောက်ဖြင့် လုပ်ဆောင်ရန်၊ လုံလောက် သော ပံ့ပိုးမှုများ (ကျောင်းသုံးပစ္စည်းများနှင့် ဆရာ/ဆရာမ သင်တန်းများ) ကို သေချာအောင် အစီအစဉ်များ (သို့မဟုတ်) ကျောင်းများတွင် ဖြန့်ကျက်ထားရန်။

၈။ မိခင်ဘာသာစကား အခြေပြု ပညာရေးစနစ်ကို မိတ်ဆက်ရာတွင် ဆရာ/ ဆရာမ (သို့မဟုတ်) အုပ်ချုပ်ရေး ဆိုင်ရာတာဝန်ရှိသူများ လက်လှမ်းမီစေရန် အတွက် အလွယ်တကူ လိုက်နာဆောင်ရွက်နိုင်ရန် အစီအစဉ်များ ချမှတ် ပြင်ဆင်ထားခြင်း။

၉။ ဒေသခံ ရပ်ရွာအသိုင်းအဝိုင်းခေါင်းဆောင်များထံမှ ထောက်ခံမှုများ၊ ကူညီ ပံ့ပိုးမှုများ လိုအပ်ခြင်း။

၁၀။ ဥပဒေပြု ရေးဆွဲသူများနှင့် အစိုးရတာဝန်ရှိသူများတို့တွင် ဖြစ်မြောက်စေလိုသော အရင်းခံဆန္ဒရှိဖို့ လိုအပ်ခြင်း။

၁၁။ ဘာသာစကားနှင့် ပညာရေးမူဝါဒများဆိုင်ရာ ခိုင်မာမှုနှင့် ထောက်ခံမှုများ လိုအပ်ခြင်း။

၁၂။ တိုင်းရင်းသားဘာသာစကားအားလုံးအား အစိုးရမှ လက်ခံအားပေးမှုများ။

၁၃။ စာလုံးပေါင်းသတ်ပုံ မှန်အောင်ရေးနည်း (orthography) တိုးတက်စေရန် ကူညီပံ့ပိုးမှုများ လိုအပ်ခြင်း။ စာပေ မတိုးတက်သေးသော တိုင်းရင်းသားများကို တိုးတက်စေရန် နိုင်ငံတကာအလှူရှင်များနှင့် ဘာသာစကားဆိုင်ရာ ကျွမ်းကျင် သူများထံမှ အကူအညီ တောင်းခံရန် (ဥပမာ - SIL သည် ပါပူဝါနယူးဂီနီနိုင်ငံတွင် စာလုံးသတ်ပုံ တိုးတက်စေရန် ကူညီပံ့ပိုးပေးခြင်း)။

# အခန်း (၁၂)

# နိဂုံး

မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံပညာရေးစနစ် ဖော်ဆောင်ရာ၌ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် စာသင်ကြားခြင်းနှင့် သင်ယူခြင်းစသည့် သင်ကြားရေးမဏ္ဍိုင်ဘာသာစကား (Medium of Instruction) အသုံးပြုခြင်းတွင် ဒေသခံပြည်သူများမှ ဆုံးဖြတ်ပိုင်ခွင့်နှင့် ကျောင်းအလိုက် ဆုံးဖြတ်ပိုင်ခွင့် ရရှိရန်လိုအပ်သည်။ ဥပမာအားဖြင့် အမေရိကန်ပြည်ထောင်စု၏ နယူးမက္ကဆီကိုပြည်နယ် ပညာရေးဌာနတွင် မိဘများအနေဖြင့် မိမိတို့ကလေးများကို သင်ကြားရေးမဏ္ဍိုင် ဘာသာစကား အင်္ဂလိပ်စကား (သို့မဟုတ်) စပိန်ဘာသာစကားကို ကျောင်းဝင်ခွင့်လျှောက်လွှာပုံစံ ဖြည့်သွင်းရာ၌ ရွေးချယ်ခွင့်ပေးထားသည်။ ထို့ကြောင့် ပညာရေးဝန်ကြီးဌာန (ဗဟို) မှ ချုပ်ကိုင်ထားခြင်းထက် ပညာရေးဆောင်ရွက်နေသော သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်နှင့် ဒေသန္တရအဆင့်တိုင်း၌ ပညာရေးနှင့်ပတ်သက်သော လုပ်ပိုင်ခွင့် အခွင့်အာဏာကို ပေးအပ်ရန်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ပညာရေးလိုအပ်ချက်နှင့် မြေပြင်အခြေအနေအား ပြည်ထောင်စု ပညာရေးဝန်ကြီးဌာနထက် ပြည်နယ်အစိုးရနှင့် တိုင်းဒေသကြီးအစိုးရများက ပိုမိုသိရှိနေသည့်အတွက်ပင် ဖြစ်သည်။

မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံပညာရေးစနစ်သည် လက်ရှိပြည်ထောင်စု မြန်မာနိုင်ငံတွင် နေထိုင်ကြသည့် ဗမာမဟုတ်သော တိုင်းရင်းသားများအတွက်သာမက ဗမာလူမျိုးများအတွက်ပါ နှစ်ဦးနှစ်ဖက် အကျိုးရလဒ်ဖြစ်ထွန်းစေမည့် နည်းလမ်းတစ်ခုဖြစ်ပါလိမ့်မည်။ လက်ရှိမြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ရင်ကြားစေ့ရေး (ငြိမ်းချမ်းရေး) ဖြစ်စဉ်ကိုလည်း များစွာအထောက်အကူ ဖြစ်စေမည်ဖြစ်သည်။ အဆိုပါစနစ်ကို ဖော်ဆောင်ခြင်းဖြင့် တိုင်းရင်းသားလူမျိုးများသည် မိမိတို့ကိုယ်ပိုင် စဉ်းစားနိုင်စွမ်းနှင့် လက်တွေ့လုပ်ဆောင်နိုင်မှုစွမ်းရည်မှာလည်း များစွာတိုးတက်လာမည်ဖြစ်မည်။ ထိုသို့ တိုးတက်လာမှုများသည် ပြည်နယ်အသီးသီးအတွက်သာမက ဖက်ဒရယ်ပြည်ထောင်စုကြီးအတွက်လည်း ပိုမိုအားကောင်းလာစေမည်ဖြစ်သည်။ တိုင်းရင်းသားများ၏ (အမျိုးသား လက္ခဏာ) ကိုယ်ပိုင်ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှုများကို အတန်းပညာရေးများ၌ လက်တွေ့ကျင့်သုံးလာခြင်းများကြောင့် အခိုင်အမာရှိနှင့်နေပြီးသော ဘာသာစကား၊ စာပေများလည်း ပိုမိုအားကောင်းလာမည့်အပြင်၊ ဘာသာစကား၊ စာပေအားနည်းနေသော မျိုးနွယ်စုများကို အားပေးသကဲ့သို့ သက်ရောက်နေမည့်အပြင်၊ စာပေမရှိသေးသော မျိုးနွယ်စုများကိုလည်း စာပေများ ဖြစ်ပေါ်လာစေရန် နှိုးဆော်လှုံ့ဆော်နေသည့် အသွင် (သို့မဟုတ်) သဘောသို့ ရောက်နေမည်ဖြစ်သည်။ ယင်းအပြင် ကျောင်းထွက် ရာခိုင်နှုန်းလျော့ကျစေမည့်အပြင်၊ အဆိုပါစနစ်ကြောင့် လူမှုအသိုင်းအဝိုင်း၌ ဖြစ်ပေါ်နေသည့် ကျား-မရေးရာ တန်းတူညီမျှမှု ကွာဟချက်မှာ သိသာစွာ လျော့ကျလာမည်ဖြစ်သည်။ ဆရာနိုင်ဟံသာပြောဆိုသည့်အတိုင်းပင် "လူမျိုးတစ်မျိုး၏ ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှုများကို စာပေမှ အများကြီး ထိန်းသိမ်းပေးနေသည်" ဆိုသော စကားမှာ အင်မတန်ပင် မှန်ကန်နေသည်။

နိုင်ငံတကာ လေ့လာချက်များအရ၊ ဘာသာစကား နှစ်မျိုး တတ်ကျွမ်းသော ကျောင်းသား/သူများ (သို့မဟုတ်) ကလေးများအကြား ပညာရေးတွင် မိခင်ဘာသာစကား အခြေပြုပညာရေးစနစ်အသုံးပြုသော ကလေးများနှင့် မိခင်ဘာသာစကားအခြေပြုပညာရေး စနစ်အသုံးမပြုဘဲ သင်ကြားခံနေရသော ကလေးများ၏ ပညာရေးရလဒ် ကွာခြားချက်များကို နှိုင်းယှဉ်ဖော်ပြထားသည်။ သုတေသနစာတမ်း လေ့လာတွေ့ရှိချက်များအရ မိခင်ဘာသာစကား အခြေပြုသည့် ပညာရေးစနစ်ဖြင့် သင်ကြားခံရသော ကျောင်းသား/သူများသည် မိခင်ဘာသာစကား အခြေပြုပညာရေးစနစ် အသုံးမပြုသော ကျောင်းသား/သူများထက် အတန်းပညာ အရည်အချင်း ထူးချွန်ရုံသာမက

ကလေးများ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာများသည်လည်း များစွာ ကွာခြားမှု ရှိနေကြောင်း ဖော်ပြထားသည်။ ထို့ကြောင့် မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံပညာရေးစနစ်သည် (MTB-MLE) မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများအတွက် တန်းတူရည်တူအခွင့်အရေးဖြင့် ပညာရေးကို သင်ကြားရာ၌ လက်တွေ့ကျကျ စီစဉ်ဆောင်ရွက်ပေးနိုင်သော နည်းစနစ် တစ်ခုဖြစ်သည်။ ထို့အပြင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်နှင့်အညီ တိုင်းရင်းသားလူမျိုးများအနေဖြင့် ပညာသင်ကြားရာတွင် မိမိတို့မိခင်ဘာသာစကားဖြင့် သင်ကြားခြင်းသည် တိုင်းရင်းသားလူမျိုးများအတွက် သာမက ပြည်ထောင်စုကြီးအတွက်လည်း ကောင်းမွန်သော အကျိုးသက်ရောက်မှုများ ဖြစ်စေမည်ဖြစ်သည်။ နိုင်ငံတကာဘာသာစကား၊ စာပေဆိုင်ရာ အခွင့်အရေး ပဋိညာဉ်စာချုပ်များအရ၊ လူသားတိုင်းသည် အတန်းပညာသင်ကြားခြင်း၌ မိမိတို့၏ မိခင်ဘာသာစကားဖြင့် အတန်းပညာများကို သင်ကြားခြင်းနှင့် သင်ယူပိုင်ခွင့်ရှိနေကြောင်း အတိအလင်းဖော်ပြထားသည်။ UNESCO မှလည်း MTB-MLE စနစ်ကို လက်တွေ့ကျင့်သုံးအသုံးပြုရန်အတွက် အားပေးထောက်ခံမှုများ ပြုလုပ်လျက်ရှိသည်။

ထို့ကြောင့် မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံပညာရေး (MTB-MLE) စနစ်ဖြင့် သင်ကြားပါက ရရှိလာသော အကျိုးကျေးဇူးများထဲတွင် တိုင်းရင်းသား ပြည်သူလူထုအနေဖြင့် အတန်းပညာများကို ကောင်းမွန်စွာ လေ့လာသင်ကြားနိုင်ရုံသာမက ကျောင်းသား/သူများအနေဖြင့် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ အပါအဝင် များစွာတိုးတက်လာနိုင်ပြီး ကျောင်းထွက် ရာခိုင်နှုန်းအနေဖြင့်လည်း သိသာစွာ လျော့ကျစေနိုင်ပါသည်။ မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို တရားဝင်ထိန်းသိမ်းကာကွယ်ခြင်းနှင့် ကျောင်းသင်ခန်းစာများတွင် ထည့်သွင်းသင်ကြားခြင်းသည် အားပေးအားမြှောက်ပြုသည့် အပြုသဘောဆောင်သော အရာတစ်ခုဖြစ်သည်။ အဆိုပါ MTB-MLE စနစ်ဖြင့် လက်တွေ့အသုံးပြု သင်ကြားခြင်းဖြင့် တိုင်းရင်းသားပြည်နယ်များအကြား၊ ပြည်နယ်များနှင့် တိုင်းဒေသကြီးများအကြားနှင့် တိုင်းဒေသကြီး အချင်းချင်းအကြား ကူးလူးပေါင်းသင်းဆက်ဆံရာတွင်လည်း များစွာအထောက်အကူပြုစေရုံသာမက ပြည်ထောင်စုအဆင့်၌လည်း ပိုမိုခိုင်မာစေနိုင်ပါသည်။ ပညာရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်သည်လည်း အထူးဆက်စပ် နီးနွယ်လျက်ရှိပါသည်။ ပဋိပက္ခဖြစ်ပွားနေသော တိုင်းရင်းသား ပြည်နယ်များတွင် မိခင်ဘာသာစကားဖြင့် အတန်းပညာ သင်ကြားခြင်းကို အကောင်အထည်ဖော်ဆောင်ပါက လက်ရှိငြိမ်းချမ်းရေး တည်ဆောက်နေဆဲ ကြားကာလတွင် တစ်ဖက်နှင့် တစ်ဖက်အကြား ယုံကြည်မှုများစွာ အထောက်အကူဖြစ်စေပါသည်။ ယင်းအပြင် MTB-MLE စနစ်ဖြင့် အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရာတွင် များစွာ အထောက်အကူပြုစေမည်ဖြစ်သည်။

...

၁၃၆ တစ်နိုင်ငံလုံးကို ငြိမ်းချမ်းရေးဖြစ်စဉ်မှတစ်ဆင့် ပြည်ထောင်စုငြိမ်းချမ်းရေးစာချုပ် (National Peace Accord) ရေးထိုးပြီးသည့်နောက် အခြေခံဥပဒေပြင်ဆင်ရေးဆွဲကာ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုနိုင်ငံအဖြစ်သို့ ကူးပြောင်းပြီးသည့် အချိန်ကာလကို ဆိုလိုသည်။

# ကိုးကားသည့် အရင်းအမြစ်များ


ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (၁၉၄၇ ခုနှစ်) - အခန်း(၁၃) အရပ်ရပ်ဆိုင်ရာ ပြဋ္ဌာန်းချက်များ ပုဒ်မ-၂၁၆။

ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (၁၉၄၇ ခုနှစ်) - အခန်း(၉)

သန်းဦး၊ ဦး။ မြန်မာနိုင်ငံ ပညာရေးဌာနသမိုင်း:လွတ်လပ်ရေးရပြီးကာလ၊ ပထမပိုင်း (၁၉၄၈ - ၁၉၅၂ ခုနှစ်)၊ ရန်ကုန်မြို့ - ပညာရိပ်စာစဉ်၊ ၂၀၁၄ ခုနှစ်။

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့၊ [၁၉၆၆ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ အခြေခံပညာရေး ဥပဒေအမှတ် ၂] ၁၉၆၆ ခုနှစ် ဧပြီလ ၂၈ ရက်။

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ အခြေခံပညာရေးဥပဒေ အမှတ် ၁၄ - အခန်း (၅) အခြေခံပညာရေး စီမံခန့်ခွဲမှု၊ ရန်ကုန်မြို့ - ၁၉၇၃ ခုနှစ် အောက်တိုဘာ ၂၉ ရက်။

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) - အခန်း(၁၅) အထွေထွေ ပြဋ္ဌာန်းချက်များ၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ၂၀၀၈ ခုနှစ်။

"အမျိုးသားပညာရေး"၊ အမျိုးသားဥပဒေကို ပြင်ဆင်သည့် ဥပဒေ - ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် ၃၈၊ နေပြည်တော် - ပြည်ထောင်စုလွှတ်တော်၊ ၂၀၁၅ ခုနှစ် ဇွန်လ ၂၅ ရက်။

ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေး နိုင်ငံရေးဆိုင်ရာ ကွန်ရက် *(NNER)*၊ ပြည်သူလူထုထံမှ ဆင်းသက်သော အမျိုးသားပညာရေးမူဝါဒ၊ ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၂၇။

လင်းသက်နိုင်။ မကွေးတိုင်းအတွင်းရှိ အရှိချင်းတိုင်းရင်းသား စာသင်ဆရာများကို နေ့စားလပေး အစိုးရဝန်ထမ်းအဖြစ် ခန့်အပ်မည်။ *http://www.7daydaily.com/story/109057 (Assessed: October 5, 2017).*

ငြိမ်းဖောင်ဒေးရှင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ မူလတန်းအဆင့် ပညာသင်ကြားရေးတွင် အသုံးပြုသင့်သော ဘာသာစကားနှင့် ပတ်သက်သည့် ပညာရေးမူဝါဒစာတမ်း (၂၀၁၂ ခုနှစ် မတ်လ)။ *http://www.nyeinfoundation.org/books (Assessed: December 5, 2017).*

ယူနက်စကို *(UNESCO)*၊ ကမ္ဘာ့ဘာသာစကားဆိုင်ရာအခွင့်အရေးညီလာခံ၊ အပြည်ပြည်ဆိုင်ရာ ဘာသာစကား အခွင့်အရေး ကြေညာစာတမ်း - အပိုင်း(၂)၊ ပညာရေး (ဘာစီလိုနာ၊ စပိန် - ယူနက်စကို၊ ၁၉၉၆)၊ စာမျက်နှာ-၉။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း: အပိုဒ်(၂)။ *http://www.ohchr.org/EN/UDHR/Documents/UDHR_Translations/bms.pdf (Assessed: November 2, 2017).*

Unicef Myanmar, ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ် - အပိုဒ် ၃၀ နှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ်အကျဉ်းချုပ် - အခန်း ၃၀။ *https://www.facebook.com/unicefmyanmar (Assessed: February 20, 2018).*

ချင်းလူ့အခွင့်အရေးအဖွဲ့ *(CHRO)* ဘာသာပြန်ဆိုထားခြင်း၊ ဌာနေတိုင်းရင်းသားလူမျိုးများ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ကြေညာစာတမ်း၊ မြန်မာနိုင်ငံ၊ ရန်ကုန် - ချင်းလူ့အခွင့်အရေးအဖွဲ့၊ ၂၀၁၇)။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း *http://www.ohchr.org/EN/UDHR/Documents/UDHR_Translations/bms.pdf (Assessed: March 7, 2018)*။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်: အခန်း(၆) - ကြားကာလအတွင်း ဆောင်ရွက်ရမည့် အစီ အစဉ်များ၊ မြန်မာ့အလင်း၊ အင်္ဂါ၊ ၂၀၁၅ ခုနှစ် ဩဂုတ် ၁၈ရက်။

ဆောက်သ်၊ အက်ရှ်လေ နှင့် မာရီလော၊ ကျောင်းပညာရေးနှင့် ပဋိပက္ခ - မြန်မာနိုင်ငံ၏ တိုင်းရင်းသား ပညာရေးနှင့် မိခင်ဘာသာစကားအခြေပြုသင်ကြားရေး အခြေအနေ၊ အာရှဖောင်ဒေးရှင်း၊ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ။

ထန်သွန်း၊ ဇမန်း။ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်တွင် နေထိုင်သူ၊ အင်တာဗျူးသူ တိုင်းရင်းသားလူမျိုးများရေးရာ စင်တာ (သုတေသနအဖွဲ့)။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၃ရက်။

*Tin Tin Nyo. President of Women's League of Burma (WLB), interviewed by ENAC. Yangon, March 8, 2018.*

စေးဖ၊ အယ်နာမေ။ တိတ်ဆိတ်မှုကို ဖြိုခွင်းခြင်း - ဩဇာအာဏာ၊ ကျား-မ လူမှုရေးရာနှင့် အကြမ်းဖက်ခြင်း (မြန်မာနိုင်ငံ ဓမ္မတက္ကသိုလ် - ရန်ကုန်မြို့၊ အမျိုးသမီးများအပေါ် ခွဲခြားဖိနှိပ်မှုပုံစံအားလုံး အဆုံးသတ် ပပျောက်စေရေး ကွန်ဗင်းရှင်း - အပိုင်း (၃)။

အောင်ဆန်းမြင့်၊ (ကရင်နီအမျိုးသားပညာရေးဌာန တာဝန်ခံ (ငြိမ်း) နှင့် ပါတီ အထွေထွေအတွင်းရေးမှူး (ဟောင်း)၊ အင်တာဗျူးသူ တိုင်းရင်းသားလူမျိုးများရေးရာစင်တာ သုတေသနအဖွဲ့။ ချင်းမိုင်မြို့၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၉ ရက်။

မွန်အမျိုးသားပညာရေးကော်မတီ (မော်လမြိုင်)၊ အင်တာဗျူး မေးမြန်းသူ တိုင်းရင်းသားလူမျိုးများ ရေးရာစင်တာ (သုတေသနအဖွဲ့)၊ မော်လမြိုင်မြို့၊ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၀ ရက်။

မွန်အမျိုးသားပညာရေး ကျောင်းအကျိုးတော်ဆောင်ကော်မတီ (အန်ဒင်)၊ အင်တာဗျူးမေးမြန်းသူ တိုင်းရင်းသား လူမျိုးများရေးရာစင်တာ (သုတေသနအဖွဲ့)၊ အန်ဒင်ကျေးရွာ၊ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၄ ရက်။

ဝင်းဝါဝါထွန်း၊ ပင-မွန်အမျိုးသားအလယ်တန်းကျောင်း မတည်လှုဒါန်းသူ၊ အင်တာဗျူးမေးမြန်းသူ တိုင်းရင်းသားလူ မျိုးများရေးရာစင်တာ (သုတေသနအဖွဲ့)၊ ချင်းမိုင်၊ ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၃ ရက်။

သိန်းလွင်၊ ဒေါက်တာ။ *Thinking Class Rooms*၊ အင်တာဗျူးမေးမြန်းသူ တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (သုတေသနအဖွဲ့)၊ ချင်းမိုင်၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၂၃ရက်။

*Australian Governmennt (AusAID), PNG Curriculum Reform Implementation Project: Impact Study 6 (Final Report).*

*Benson, Carol. Advocacy Brief on Mother Tongue-based Teaching and Education for Girls. Bangkok: UNESCO Bangkok, 2005.*

*Brohy, Claudine. Trilingual Education in Switzerland: Education Policy http://www.serwis.wsjo.pl/lektor/1783/R18%20Brohy%20Trilingual%20edu%20in%20Switzerland.pdf (Assessed: January 31, 2018).*

*Cervantes, Icela Pelayo, Elisabeth Vanlenzuela, and Marilynm Newton-Wright, "Instructional Program Models", New Mexico Bilingual Multicultural Education and Title III Programs: Technical Assistance Manual SY 2013-2014. New Mexico State: Bilingual Multicultural Education Bureau New Mexico Public Education Department.*

*Chaper Four: Education policy in India. http://shodhganga.inflibnet.ac.in/bitstream/10603/11248/11/11_chapter%204.pdf (Assessed: November 21, 2017).*

*Cornman, Stephen Q. and Lei Zhou, Revenues and Expenditures for Public Elementary and Secondary Educaation: School Year 2014-15 (Fiscal Year 2015). Washington, DC 20202: U.S Department of Education, 2018.*

*Federal Constitution of the Swiss Confederation: Title-2 Fundamental Rights, Citizenship and Social Goals (Art.62-1 and 2), (Art.69 and 70). https://www.admin.ch/opc/en/classified-compilation/19995395/201801010000/101.pdf (Assessed: January 29, 2018).*

*Freeman, Yvonne S., David E. Freeman, and Sandra P. Mercuri, Bilingual/Dual Language Education: Q&A 4. https://apps.ksbe.edu/olelo/sites/apps.ksbe.edu.olelo/files/08-02%20Dual%20Language%20Models.pdf (Assessed: November 6, 2017).*

*Guy, Richard. Policy Maiking and Implementation: Sutdieds form Papua New Guinea " Chaper 8-Formulating and Implementing Education Policy".*

*Htet Naing Zaw. The Irrawaddy, Education: We will create an All-Inclusive Education System, September 8, 2014. https://www.irrawaddy.org/interview/will-create-inclusive-education-system.html (Assessed: October 19, 2017).*

*https://www.britannica.com/biography/George-Abraham-Grierson (Assessed: November 24, 2017).*

*Information about the Administration of Switzerland: Executive Authority, States(Cantons), Districts and Municipalities. http://www.about.ch/administration/index.html (Assessed: January 26, 2018).*

*International Covenant on Civil and Political Rights (ICCPR): Article-27. https://treaties.un.org/doc/publication/unts/volume%20999/volume-999-i-14668-english.pdf (Assessed: November 2, 2017).*

*Kamene, Sakarepe, Willie Juduo and Lucy Nakin. Planning in a Multi-Lingual Country: The Case of Papua New Guinea ( ).*

*Kuzelewska, Elzbieta. (University of Bialystok, Poland), language Policy in Switzerland. https://www.researchgate.net/publication/305423749_Language_Policy_in_Switzerland (Assessed: January 30, 2018).*

*Kuzelewska, Elzbieta. (University of Bialystok, Poland), language Policy in Switzerland. https://www.researchgate.net/publication/305423749_Language_Policy_in_Switzerland (Assessed: January 30, 2018).*

*Language Education Policy Studies: Papua New Guinea http://www.languageeducationpolicy.org/lepbyworldregion/papuanewguinea.html (Assessed: February 9, 2018).*

*Lawi Weng. The Irrawaddy, July 23, 2012, Shan Push for Native Language. http://www.irrawaddy.org/z_on/shans-push-for-native-language.html (Assessed: October 8, 2017).*

*Lenkova, Polina. Conflict Sensity in Education Provision in Karen State: Education Providers and Systems in Karen State. Myanmar: Thabyay Education Foundation, December 2015.*

*Malone, Susan and Patricia Paraide. Mother tongue-based bilingual education in Papua New Guinea (Since 2011), vol 57 of the International Review of Education (Springer Science + Business Media B.V.2011).*

*Malone, Susan and Patricia Paraide. Mother tongue-based bilingual education in Papua New Guinea (Since 2011), vol 57 of the International Review of Education. Springer Science + Business Media B.V.2011.*

*Michaels, Samantha , The Irrawaddy, September 23, 2014. They Know Nothing About Ethnic Education, http://www.burmalink.org/know-nothing-ethnic-education/ (Assessed: March 16, 2018).*

*Nang Mwe Hkur. Independent Researcher (Education policy and administration). interview by ENAC Research Department. Chiang Mai, 25 Februbary 2018.*

*New Mexico Public Education Department. Bilingual Multicultural Education Annuanl Report for School Year 2015-2016 (January 2017).https://webnew.ped.state.nm.us/wp-content/uploads/2017/12/BMEP_Annual_Report_2015-2016_FINAL.01.31.2017.pdf (Assessed: March 8, 2018).*

*Ngai Sak, David. CLD's Democratic opinion and perspective on current National Education Law. https://www.youtube.com/watch?v=R2eZjqHSpmY (Assessed: October 24, 2017).*

*Part II: Language Education in India p-37.*

*Part II: Language Education in India p-43.*

*Pon Nya Mon. "Education Reform and National Reconciliation in Burma ." Western Conference Association for Asian Studies, Arizona State University, 2014.*

*Pon Nya Mon. Identity, Image and Ethnic Conflict in Burma: A Case Study of Mon People." Dissertation, Washington State University, 2010, http://www.burmalibrary.org/docs11/Mon_wsu-PonNyaMon.pdf-red.pdf (Assessed: October 14, 2017).*

*Sridhar, Kamal K. Language in Education: Minorities and Multilingualism in India (--------: Springer, 1996). http://www.jstor.org/stable/3444906 (Assessed: November 22, 2017).*

*Stull, Ginger C. Language, Borders and Education: Language Policy and The Making of New Mexico and Arizona. United State of America; University of Pennsylvania.*

*Subhash, Three Language Education Formula in Multilingual India: Problems and Prospects, vol. 1 Issue 4: 2306-7063. India: International J. Educational Research, 2013.*

*The Center For Public Justice., How are the Local, State and Federal Governments involved in Education? Is this involvement just? https://www.cpjustice.org/public/page/content/cie_faq_levels_of_government (Assessed: December 4, 2017).*

*The Constitution of India, Part-XVII Official Language: Chapter I- Language of the Union (Article-343). http://www.constitution.org/cons/india/p17.html (Assessed: November 21, 2017).*

*The Constitution of India, Part-XVII Official Language: Chapter II- Regional Languages (Article-345). http://www.constitution.org/cons/india/p17345.html (Assessed: November 21, 2017).*

*The Constitution of India, Part-XVII Official Language: Chapter II- Regional Languages (Article-346). http://www.constitution.org/cons/india/p17346.html (Assessed: November 21, 2017).*

*The Constitution of India, Part-XVII Official Language: Chapter II- Regional Languages (Article-347). http://www.constitution.org/cons/india/p17347.html (Assessed: November 21, 2017).*

*The Constitution of India, Part-XVII Official Language: Chapter IV- Special Directives (Article-350-A). http://www.constitution.org/cons/india/p17350a.html (Assessed: November 21, 2017).*

*The Constitution of India, Part-XVII Official Language: Chapter IV- Special Directives (Article-350-B). http://www.constitution.org/cons/india/p17350b.html (Assessed: November 21, 2017).*

*The Constitution of the State of New Mexico.: "Education" (Article XII: Section (8 and 10). http://www.sos.state.nm.us/nmconst2017.pdf (Assessed: January 22, 2018).*

*The Constitution of the United States, Amendment 10. https://www.law.cornell.edu/constitution/tenth_amendment (Assessed: November 7, 2017).*

*The Language of Instruction Controversy in Papua New Guinea https://learningportal.iiep.unesco.org/en/controversy/document-controverse/the-language-of-instruction-controversy-in-papua-new-guinea (Assessed: February 9, 2018).*

*The United Nations Convention on the Rights of the Child: Article-30. http://www.ohchr.org/EN/ProfessionalInterest/Pages/CRC.aspx (Assessed: October 24, 2017).*

*United Nations Development Program, Sustainable Development Goals: Article-(5), Gender Equality. http://www.un.org/sustainabledevelopment/gender-equality/ (Assessed: March 7, 2018).*

## အချပ်ပို(၁)

# ပညာရေးမူဝါဒများ (မူကြမ်း)

အရင်းအမြစ် - တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (ENAC) မှ ထုတ်ဝေသော "ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရာတွင် အခြေခံသင့်သော ကဏ္ဍအလိုက် မူဝါဒအကြံပြုချက်များ (မူကြမ်းများ)" စာအုပ် (ဒုတိယအကြိမ်)၊ စာမျက်နှာ ၁၉ - ၂၃

## ဦးတည်ချက်

ပညာရေးသည် လူသားတိုင်း၏ အခြေခံလူ့အခွင့်အရေးတစ်ရပ်ဖြစ်သောကြောင့်၊ တိုင်းရင်းသားလူမျိုး အသီးသီး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုနှင့် နောက်ခံသမိုင်းတို့ကို ထိန်းသိမ်းကာကွယ်နိုင်ရန်နှင့် အမျိုးသားလူမှုဘဝ မြင့်မားတိုးတက်ရန်၊ လွတ်လပ်စွာ ကိုယ်ပိုင်တွေးခေါ်မျှော်မြင်မှုများ ရှင်သန်ရပ်တည်ရေးကို အာမခံပေးပြီး နိုင်ငံတကာပညာရေးနှင့် ရင်ဘောင်တန်းနိုင်မည့် အမျိုးသားပညာရေးစနစ်တစ်ရပ်ကို ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုစနစ်နှင့်အညီ ဖော်ဆောင်ရန်။

## အခြေခံလမ်းညွှန်မှုများ

၁။ လူ့အခွင့်အရေးကို အခြေခံသည့် ဖက်ဒရယ်ဒီမိုကရေစီ ပညာရေးစနစ် ဖြစ်ရမည်။

၂။ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားပညာရေးကျောင်းများနှင့် ပုဂ္ဂလိကကျောင်းများ တရားဝင် ရပ်တည်ခွင့်ရှိရမည်။

၃။ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားလူမျိုးအသီးသီး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းများကို မပျက်ယွင်းအောင် ထိန်းသိမ်းစောင့်ရှောက်သည့်အပြင်၊ ပိုမိုတိုးတက် ကောင်းမွန်အောင် ဖော်ဆောင်ရမည်။

၄။ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်တံ့ခိုင်မြဲရေးကို ဖော်ဆောင်သော ပညာရေးစနစ် ဖြစ်ရမည်။

## မူဝါဒအကြံပြုချက်များ

၁။ ကြားကာလတွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများ၏ ပညာရေးအဖွဲ့အစည်းများက အကောင်အထည်ဖော်လျက်ရှိသော ပညာရေးစနစ်နှင့် ပညာရေးဝန်ထမ်းများအား တရားဝင် အသိအမှတ်ပြု၍ ပညာရေးရံပုံငွေချပေးခြင်းနှင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရမည်။

၂။ ကြားကာလတွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး ပညာရေးအဖွဲ့အစည်းများမှ ရေးဆွဲထားသော သင်ရိုးညွှန်းတမ်းသည် ပြည်နယ်၊ ဒေသအစိုးရ၏ ဖက်ဒရယ်ဒီမိုကရေစီ အမျိုးသားပညာရေး သင်ရိုးစံနှုန်းနှင့် ချိတ်ဆက်ထားရမည်။

၃။ ကြားကာလတွင် တိုင်းရင်းသားဒေသများတွင်း နိုင်ငံတကာပညာရေးဆိုင်ရာ အကူအညီကိစ္စများ ကူညီထောက်ပံ့ရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများနှင့် အရပ်ဖက်လူ့အဖွဲ့အစည်းများနှင့် တိုက်ရိုက်ဆက်သွယ် ညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်ရမည်။

၄။ ကြားကာလတွင် နိုင်ငံမဲ့ဖြစ်နေသော ကလေးသူငယ်မြန်မာနိုင်ငံသားများအား ပညာရေးသင်ကြားခွင့် ရရှိရေး ဆောင်ရွက်ပေးရမည်။

## အထွေထွေမူဝါဒများ

၅။ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ပညာရေးစနစ်တွင် ပြည်နယ်အစိုးရ၊ ပြည်နယ်လွှတ်တော်များမှ ပညာရေးကဏ္ဍ၌ ဥပဒေပြုခွင့်၊ အုပ်ချုပ်ခွင့်၊ စီမံခန့်ခွဲခွင့်နှင့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခွင့်များ ရှိရမည်။

၆။ ပြည်နယ်များတွင် ပြည်နယ်သူ/သားများကို ကိုယ်စားပြုသည့် ပညာရေးဘုတ်အဖွဲ့အစည်းက ၎င်းပြည်နယ်၏ ပညာရေးကို ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ပညာရေးစံနှုန်းများနှင့်အညီ လွတ်လပ်စွာ ပြဋ္ဌာန်းခွင့် အကောင်အထည်ဖော်ခွင့် ရှိရမည်။

၇။ ပညာရေးဆိုင်ရာ အခွင့်အာဏာကို သက်ဆိုင်ရာ ပြည်နယ်အလိုက်၊ ဒေသအလိုက်၊ ကျောင်းအလိုက် လွတ်လပ်စွာ စီမံအုပ်ချုပ်ပိုင်ခွင့် ရှိရမည်။

၉။ တိုင်းရင်းသား ဘာသာစကားများကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်ခြင်းကို ပြည်နယ်အစိုးရ၊ ဒေသဆိုင်ရာအစိုးရ၊ ၎င်းပြည်နယ်တွင်းရှိ ဆိုင်ရာတိုင်းရင်းသားပညာရေး အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာပညာရေး အဖွဲ့အစည်းတို့မှ ပူးပေါင်းဆောင်ရွက်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိရမည်ဖြစ်ပြီး လိုအပ်ချက်များကို ဖက်ဒရယ်ပြည်ထောင်စု အစိုးရမှ ကူညီထောက်ပံ့မှုများ ပြုရမည်။

၁၀။ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားပညာရေးကျောင်းများကို မိမိတို့၏ အမျိုးသားပြည်နယ်များတွင် သာမက သက်ဆိုင်ရာ တိုင်းရင်းသားများ နေထိုင်သော အခြားဒေသများတွင်လည်း လွတ်လပ်စွာ ဖွင့်လှစ်ခွင့်ရှိရမည်။

၁၁။ ပြည်နယ်တစ်ခုနှင့် တစ်ခုအကြား ကျောင်းပြောင်းသင်ကြားနိုင်ရေးအတွက် ပြည်နယ်များပူးပေါင်း ညှိနှိုင်းပြီး စံနှုန်းတူ ပညာရေးစနစ်ကို အသိအမှတ်ပြု ကျင့်သုံးရမည်။

၁၂။ တိုင်းရင်းသားစာပေ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြည်နယ်အစိုးရရုံးများတွင် သက်ဆိုင်ရာ တိုင်းရင်းသားစာကို ပူးတွဲရုံးသုံးစာအဖြစ် ထားရှိရမည်။

၁၃။ မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံပညာရေး (Mother Tongue Based Multilingual Education) စနစ်ကို မူလတန်းအဆင့်မှ စတင်၍ အဆင့်ဆင့်တိုးချဲ့ပြီး အဆင့်မြင့်ဒီဂရီ (Advanced Degree) များ သင်ကြားပေးနိုင်ရေး အတွက် သက်ဆိုင်ရာပြည်နယ်အစိုးရမှ ပြဋ္ဌာန်းပေးပိုင်ခွင့် ရှိရမည်။

၁၄။ တက္ကသိုလ်များနှင့် ကောလိပ်များတွင် တိုင်းရင်းသားဘာသာစာပေနှင့် တိုင်းရင်းသားလေ့လာရေး (Ethnic Social Study) တို့ကို အထူးပြုသင်ယူနိုင်သော ဌာနများထားရှိရမည်။

၁၅။ ကျောင်းပညာရေးစနစ်အပြင် အသက်မွေးဝမ်းကျောင်းပညာရေး (Vocational Education) များကို တိုင်းရင်းသား ဒေသ အလုပ်အကိုင်များနှင့်ဆက်စပ်၍ အခြားဘာသာရပ်များနည်းတူ အဆင့်မြင့်ပညာ (Higher Education) ထိ သင်ကြားပေးနိုင်သည့် ပညာသင်ဌာနများ ဖွင့်လှစ်ထားရှိရမည်။

၁၆။ မူကြိုပညာရေးစနစ်ကို အခြေခံပညာရေးနည်းတူ မသင်မနေရ အခမဲ့ပညာရေးစနစ်အဖြစ် ပညာရေးဝန်ကြီးဌာန လက်အောက်တွင် ထားရှိရမည်။

၁၇။ အခြေခံပညာရေးကို မူလတန်းမှ အထက်တန်းအောက်အဆင့်[၁၃၇] (Junior Secondary) အထိ အခမဲ့မသင်မနေရ (Free and Compulsory) ပညာရေးစနစ်နှင့် အထက်တန်းအထက်အဆင့်[၁၃၈] (Senior Secondary) ကို အခမဲ့ ပညာရေးစနစ်ဖြစ်ရမည်။

၁၈။ မသန်စွမ်းသူများ၊ ဆင်းရဲနွမ်းပါးသူများ၊ ပညာရေးလက်လှမ်းမမီသူများ၊ သင်ယူမှု အခက်အခဲရှိသူများ (Learning Disability) အတွက် လူတိုင်းအကျုံးဝင် (Inclusive) ပညာရေးမူဝါဒများကို ချမှတ်ကျင့်သုံးရမည်။

၁၉။ အသက်အရွယ်ကန့်သတ်ထားခြင်းမရှိဘဲ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးမှုများ ပြုလုပ်နိုင်သည့် ဘဝတစ်သက်တာ စဉ်ဆက်မပြတ်လေ့လာနိုင်ခြင်း (Lifelong Learning) ပညာရေးစနစ်ကို ထားရှိရမည်။

၂၀။ နိုင်ငံသားတိုင်း ကျောင်းပြင်ပပညာရေး (Non-formal Education) နှင့် ကျောင်းတွင်းပညာရေး (Formal Education) အကြား တရားဝင် ကူးပြောင်းပညာသင်ခွင့် ရရှိနိုင်ရေးအတွက် ဥပဒေပြဋ္ဌာန်းပေးရမည်။

၂၁။ ကာယ/ဉာဏ လုပ်သားများအတွက် ပညာသင်ကြားနိုင်ရေး အခွင့်အလမ်းများကို လုပ်သားကောလိပ်များ (Community/Labor College) ဖွင့်လှစ်ပေးရမည်။

၂၂။ ဝေးလံဒေသများနှင့် အထူးလိုအပ်ချက်ရှိသော ဒေသများရှိ ပညာရေးနယ်ပယ်များတွင် အထူးစီမံချက်များ လုပ်ဆောင် ပေး၍ ပညာရေးရံပုံငွေများ ပိုမိုတိုးမြှင့်ပေးရမည်။

---

၁၃၇ အထက်တန်းအောက်အဆင့်များတွင် တက္ကသိုလ်ဝင်တန်းမတိုင်မီ အတန်းအောက်အဆင့်နှင့် အခြေခံမူလတန်းများအကြားတွင် ရှိသည့် အတန်းများပါဝင်သည်။

၁၃၈ အထက်တန်းအထက်အဆင့်တွင် တက္ကသိုလ်ဝင်တန်းမတိုင်မီအတန်းများနှင့် တက္ကသိုလ်ဝင်တန်းများ ပါဝင်သည်။

၂၃။ အစာအဟာရကျွေးမွေးရေး အစီအစဉ်များအပါအဝင် ကျောင်းကျန်းမာရေးလုပ်ငန်းများ အကောင်အထည်ဖော်ရန် ကျောင်းအုပ်ချုပ်ရေးကောင်စီ၊ ပြည်နယ်ကျန်းမာရေးဌာနများနှင့် ပြည်ထောင်စု ကျန်းမာရေးဌာနများ ညှိနှိုင်းဖော်ဆောင်ရမည်။

၂၄။ ပညာရေးနယ်ပယ်တွင် မူးယစ်ဆေးဝါးများ၊ အဂတိလိုက်စားမှုနှင့် ခွဲခြားဆက်ဆံမှုများ ကင်းရှင်းရေးအတွက် အထူးမူဝါဒများ ချမှတ်ရမည့်အပြင် ပညာရေးဝန်ထမ်းများ ကျောင်းသူ/သားများ၏ လုံခြုံရေးဆိုင်ရာ မူဝါဒများကို ရေးဆွဲရမည်။

၂၅။ သင်ရိုးညွှန်းတမ်းများပြုစုရာတွင် ဖက်ဒရယ်ဒီမိုကရေစီ အမျိုးသားပညာရေးသင်ရိုးညွှန်းတမ်းစံနှုန်း အညွှန်းဘောင်နှင့် ချိတ်ဆက်ပြီး သက်ဆိုင်ရာပြည်နယ်အစိုးရနှင့် ပညာရေးဘုတ်အဖွဲ့တို့ ပူးပေါင်းရေးဆွဲနိုင်ရေးအတွက် လိုအပ်သည့် ငွေကြေးနှင့် နည်းပညာများကို ဖက်ဒရယ်ပြည်ထောင်စုအစိုးရ (Federal Government) မှ ကူညီပံ့ပိုးရမည်။

၂၆။ သင်ရိုးညွှန်းတမ်းတွင် တိုင်းရင်းသားလူမျိုးအသီးသီး၏ သမိုင်း၊ စာပေယဉ်ကျေးမှု၊ ဘာသာစကား၊ ဓလေ့ထုံးတမ်း အပါအဝင် အခြေခံ ကျန်းမာရေး၊ အားကစား၊ ကာယပညာ၊ လူမှုပေါင်းသင်းဆက်ဆံရေး၊ အနုရသပညာ၊ ပြည်သူ့နီတိ၊ နိုင်ငံရေးသိပ္ပံ၊ လူ့အခွင့်အရေး၊ စဉ်းစားတွေးခေါ်မှု စွမ်းရည်၊ ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် အသိပညာဘာသာရပ်များကို ထည့်သွင်းသင်ကြားပေးရမည်။

၂၇။ ဒေသလိုအပ်ချက်နှင့် ကိုက်ညီသည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မည့် အသိပညာများကို သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းသင်ကြားပေးရမည်။

၂၈။ ရှေးဦးသင် (မူကြို) ပညာရေး၊ အခြေခံကျောင်းပညာရေးနှင့် အဆင့်မြင့်ပညာရေးစနစ်သည် ကျောင်းသား/သူများကို ဗဟိုပြု၍ လွတ်လပ်သော ပညာရေးဆိုင်ရာ သုတေသနပြုမှုများကို အားပေးမြှင့်တင်ရမည်။

၂၉။ စဉ်ဆက်မပြတ်ဘက်စုံစစ်ဆေးအကဲဖြတ်ခြင်း (Continuous and Comprehensive Assignment)၊ ကလေးဗဟိုပြု စစ်ဆေးအကဲဖြတ်ခြင်း (Student-centred Assessment)၊ သင်ယူမှုကို မြှင့်တင်သော စစ်ဆေးအကဲဖြတ်ခြင်း (Formative Assessment) များကို ကျင့်သုံးရမည်။

၃၀။ သင်ယူမှုကို ထိရောက်စေရန် ကျောင်းသားနှင့် ဆရာအချိုးကို ကျောင်းသား - ၂၅ လျှင် ဆရာ - ၁ ဖြင့်ထားရှိရမည်။

၃၁။ ပညာသင်ဆုနှင့် ပညာသင် ထောက်ပံ့ကြေးများကို ပညာရေးအဆင့်တိုင်း[၁၃၉]တွင် ထားရှိရမည်။

၃၂။ ပညာရေးဝန်ထမ်းများ ခန့်အပ်ရာတွင် အရည်အချင်း ပြည့်မီသည့် ဒေသခံတိုင်းရင်းသားများအား ဦးစားပေး ခန့်အပ်ရမည်။

၃၃။ ဆရာ၊ဆရာမများ၏ ဂုဏ်သိက္ခာနှင့်အညီ ဘဝရပ်တည်မှုနှင့် စွမ်းရည်မြှင့်တင်မှုများကို စဉ်ဆက်မပြတ် လုပ်ဆောင်ပေးရမည်။ အထူးလိုအပ်ချက်ရှိနေသော ဒေသများတွင် တာဝန်ထမ်းဆောင်နေသော ပညာရေးဝန်ထမ်းများကို အထူးအကျိုးခံစားခွင့်ရှိစေရမည်။

၃၄။ ကျောင်းသား/သူများ၊ ဆရာ/မများသည် အသင်းအဖွဲ့များ၊ သမဂ္ဂများ လွတ်လပ်စွာ ဖွဲ့စည်းခွင့်ပြုပေးရမည်။

၃၅။ ပညာရေးဝန်ကြီးဌာနသည် သီးခြားဆောင်ရွက်နိုင်သော ဌာနဖြစ်ရမည်။


၃၆။ ဘာသာရေးအရ လွှမ်းမိုးမှု၊ ချုပ်ခြယ်မှု မရှိစေရ။

၃၇။ အမှတ်အပေါ် မဟုတ်ဘဲ မိမိကြိုက်နှစ်သက်သော ဘာသာရပ်ကို ရွေးချယ်သင်ယူခွင့် ရှိရမည်။

၃၈။ အထက်တန်းနှင့် တက္ကသိုလ်တွင် တိုင်းရင်းသား တစ်ဘာသာ ကျင့်သုံးရန်နှင့် ကျောင်းသားများ (optional/elective subjects) အဖြစ် အခြားဘာသာရပ်ကိုလည်း ရွေးချယ်သင်ကြားနိုင်သည်။

---

၁၃၉ အခြေခံပညာ၊ အသက်မွေးဝမ်းကြောင်းပညာနှင့် အဆင့်မြင့်ပညာများပါဝင်သည်။



ဆက်သွယ်ရန်
P.O.Box 5
Chang Puak, A. Mueang
Chiang Mai 50302
Thailand

Email: info@burmaenac.org
Website: www.burmaenac.org